
www.burmeseclassic.com



www.burmeseclassic.com

1 0 MAR 2

# လမင်းမိုမို

## ထားခဲ့ရမှာ
## စိုးတယ်

စီစဉ်သူ
မောင်ကျော်လှိုင်

ဓေတာနှာစာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


# လမင်းမိုမို

## ထားခဲ့ရမှာ စိုးတယ်

၂၀၁၃ ခုနှစ်၊ မတ်လ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၊၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset

ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။

လမင်းမိုမို ၈၉၅.၈၃

ထားခဲ့ရမှာ စိုးတယ်၊ လမင်းမိုမို၊ ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၃

၂၈၈-စာ၊ ၅ × ၇

(၁) ထားခဲ့ရမှာ စိုးတယ်၊


BURMESE CLASSIC .com



ဟိုး ... ကောင်းကင်ပေါ်က ...

ကြယ်ကလေးတွေကို ကြည့်လိုက်စမ်းပါ အစ်ကို ...

အဲဒီကြယ်ကလေးတွေကိုကြည့်ရင်း ...

တစ်ခုခုကို အစ်ကိုမတွေးမိဘူးလား ...

ဒီဘက်က တည်တည်ငြိမ်ငြိမ် လင်းလက်တောက်ပနေတဲ့ ကြယ်က ...

အစ်ကို့မျက်နှာ ကြည်ကြည်လင်လင် ပြုံးနေတဲ့ အနိုက်နဲ့ တူတယ် ...

ဟိုးဘက်က မှိတ်တုတ်မှိတ်တုတ် ဖြစ်နေတဲ့ ကြယ်လေးကို မြင်လား

အဲဒီကြယ်လေးက စိတ်ဓာတ်ကျ ဝမ်းနည်းနေတဲ့ အစ်ကို့လေ ...



www.burmeseclassic.com

www.burmeseclassic.com



ဟော … ကြည့်စမ်း …
မိုတ်တုတ်မိုတ်တုတ် ကြယ်ကလေး ကြွေကျသွားပြီ …
ဒီဘက်က တောက်ပနေတဲ့ ကြယ်လေးကတော့ …
လင်းလက်မြဲ လက်နေလျက်ပဲ …

စိတ်မညစ်ပါနဲ့ အစ်ကို …
စိတ်ဓာတ်လည်း မကျပါနဲ့နော် …
အစ်ကို မြန်မြန်ကြွေသက်မှာစိုးတယ် …။





## ၁

ချပ်ခနဲ တံခါးဖွင့်သံ …။

အခန်းငယ်ထဲမှာ ရှိနေသော လူစုတက်စုက ပွင့်ဟသွားတဲ့ တံခါးချပ်အဝမှာ ခပ်တောင့်တောင့် ရပ်နေတဲ့ "ရိုးရာ"ကို ထိတ်လန့်တုန်လှုပ်စွာ လှည့်ကြည့်လိုက်ကြပါသည်။ ရိုးရာရဲ့တစ်ကိုယ်လုံးက တောင့်တင်းနေသည်။ မျက်နှာပြင်က ရေခဲတုံးတစ်တုံးကဲ့သို့။ မျက်လုံးအစုံက ပြူးကျယ်ဝိုင်းစက်ကာ မျက်နှာတစ်ခုလုံးက သွေးဆုတ်ဖြူလျော်နေသည်။

"ရိုးရာ"

ပထမဆုံး အသံထွက်သူမှာ မမစပယ်။ မေမေသည် တသိမ့်သိမ့် ငိုရှိုက်နေသော မျက်နှာတစ်ခုလုံးကို ရိုးရာမမြင်အောင် နောက်ခိုင်းငုံ့ဖယ်ကာ စပယ့်ပခုံး၌ မျက်နှာအပ်ထား၍ စပယ်က မေမေ့ကို ထွေးဖက်ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သား"

ဒုတိယအသံက ဖေဖေ့ထံမှ ...။

"ရိုးရာ ... ညီလေး"

ရိုးရာနောက်မှ ပါလာကာ ခုထိလည်း ရိုးရာနောက်ဘက်မှာ ရပ်နေလျက်ရှိသော ကိုရဲထံက တတိယခေါ်သံနှင့်အတူ ရိုးရာပခုံးနှစ်ဖက်ကို နောက်မှ ဆုပ်ကိုင်လိုက်သည်။

"ရိုးရာ ... ညီလေး လာ၊ ကားပေါ်သွားထိုင်နေရအောင်"

"........"

"လာပါ ညီလေးရာ"

ရိုးရာက ပခုံးကိုရုန်းခါပြီး ကိုရဲရဲ့ချုပ်နှောင်မှုမှ ဖယ်ထွက်လိုက်သည်။ ရှေ့ကို ခြေတစ်လှမ်းတိုးလိုက်ရင်း ...

"ဆရာကြီး ... ဆရာကြီး အခုပြောတာ အမှန်ပဲလား"

"........"

ရိုးရာအသံက တုန်ယင်နေသည်။ မျက်မှန်အောက်က ရင့်ကျက်တည်ငြိမ်သော မျက်လုံးများဖြင့် ဆရာဝန်ကြီးက ရိုးရာကို တည့်တည့်စိုက်ကြည့်ရင်း ...

"သား ... မောင်ရိုးရာ၊ ဆရာတို့ အဆိုးထဲကနေ အကောင်းဆုံးအနေအထားတစ်ခုရအောင် ကြိုးစားကြတာပေါ့။ ဆရာတို့ ဆေးပညာဘက်ကရော မိသားစုဘက်ကရော မင်းကိုယ်





တိုင်ကပါ အကောင်းဆုံး အခြေအနေဖြစ်အောင် ဆုံးဖြတ်နေထိုင်သွားရမယ်၊ သား သိပ်ပြီးတော့လည်း စိတ်မထိခိုက်ပါနဲ့၊ ညှိနှိုင်းတိုင်ပင်ကြသေးတာပေါ့"

"ကျွန်တော် သိချင်တာ တစ်ခုတည်းပါ ဆရာကြီး၊ ဆရာကြီး ခုန ဖေဖေနဲ့ မေမေနဲ့ မမကို ပြောနေခဲ့တဲ့ စကားက တကယ်လား၊ ကျွန်တော် ဒါပဲသိချင်တာ"

"........"

"ခွဲစိတ်ဖို့ အန္တရာယ်ကြီးတယ်၊ မခွဲစိတ်ရင် လပိုင်းလောက်ပဲ မျှော်လင့်ချက်ရှိတယ် ဆိုတဲ့စကားက အမှန်လား"

"သား ... ဖေဖေတို့ အေးအေးဆေးဆေးမှ တိုင်ပင်ကြတာပေါ့၊ ခုလောလောဆယ်က သားလည်း သိပ်နေမကောင်းဘူး၊ အားနည်းနေသေးတယ်၊ အနားယူဦး သားရယ်၊ ကဲ ... မောင်ရဲ ရိုးရာကိုခေါ်သွား၊ အိမ်ပြန်ပို့နှင့်"

"ဟုတ်ကဲ့ ဖေဖေ၊ လာ ... ရိုးရာ"

ရိုးရာက ကိုရဲ လာဆွဲတဲ့လက်ကို ရုန်းထွက်လိုက်ပြန်ပါသည်။

"ဆရာကြီး ပြောပါ၊ ကျွန်တော့်ကို ပြောပါ၊ ကျွန်တော့် အသက် နှစ်ဆယ့်သုံးနှစ်ထဲ ဝင်နေပါပြီ၊ အရွယ်ရောက်ပါပြီ၊ ကလေးတစ်ယောက်လည်း မဟုတ်တော့ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အကြောင်းကို ကျွန်တော်ကိုယ်တိုင် သိခွင့်အရှိဆုံးပါ၊ ဖုံးဖိထားရအောင် ကျွန်တော် သူငယ်နုပ်စားလည်း မဟုတ်ဘူး၊ သက်ကြီးရွယ်အိုလည်း မဟုတ်ဘူးဗျ”

ရီးရာအသံက ပြောရင်း ပြောရင်း ပေါက်ကွဲကျယ်လောင် မာဆတ်လာသည်။

“မောင်လေး ... လာပါ မောင်လေးရယ်၊ ကားဆီသွားရအောင်၊ ကိုရဲကလည်းကွာ၊ ဘာဖြစ်လို့ ဒီကို ...”

“ကိုယ် မသိလိုက်ဘူး စပယ်၊ ရီးရာက အရင်ထွက်သွားနှင့်တာ၊ ကိုယ်က နောက်မှလိုက်ရာပြီး နောက်ကလိုက်လာတော့ ဒီနားရောက်နေပြီ”

“မမ ဖယ်ပါဗျာ၊ ကျွန်တော့်ကို အဲသလို မဆက်ဆံနဲ့၊ ကျွန်တော် မကြိုက်ဘူး၊ သူငယ်နှပ်စားလို လာမလုပ်နဲ့၊ ဖယ်ဗျာ”

သူ့ကိုချုပ်ကိုင်တဲ့ လက်များကို ရီးရာရဲ့တွန်းထိုးရုန်းကန်ဖယ်ရှားမှုက ရုန်းရင်းဆန်ခတ်သဘော ဆန်လာရပါသည်။ ရီးရာက ဆရာဝန်ကြီးအခန်းထဲ ခြေနှစ်လှမ်းစာလောက် ထပ်မံရှေ့တိုးဝင်လိုက်ပြီး ...

“ဆရာကြီး ... ကျွန်တော် တောင်းဆိုနေပါတယ်၊ ပြောပါ၊ ကျွန်တော် အရွယ်ရောက်ပြီးတဲ့ ကာယကံရှင်လူနာပါ”





“စိတ်အေးအေးထားပါ မောင်ရီးရာ၊ လာပါ ... ထိုင်ပါဦးသား၊ ဆရာ အေးအေးဆေးဆေး ရှင်းပြပါ့မယ်”

“ကျွန်တော့်အရှည်ကြီးလည်း ရင်ဆိုင်နားထောင်နိုင်စွမ်း ခုချိန်မှာ မရှိပါဘူး ဆရာကြီး၊ ကျေးဇူးပြုပြီး ကျွန်တော် မေးတာကို ဖြေပေးပါ၊ ကျွန်တော် ခုန ကြားလိုက်တာ ကျွန်တော့်အခြေအနေက ခွဲစိတ်ဖို့လည်း အန္တရာယ်ကြီးတယ်၊ ခွဲစိတ်မှုအောင်မြင်ဖို့ chance နည်းတယ်၊ မခွဲစိတ်ပဲထားရင်လည်း အသက်ရှင်နိုင်ဖို့ ကာလသက်တမ်းက လ,ပိုင်းပဲရှိတော့တယ်ဆိုတာ ဟုတ်ပါသလား”

“ဆေးပညာသဘောက ပြောရတာ နူးညံ့သိမ်မွေ့ပါတယ် မောင်ရီးရာ၊ ဒီရောဂါ အဆောက်အဦ ဆင်တူနဲ့ပဲ လူနှစ်ယောက် ဆက်နေနိုင်တဲ့သက်တမ်းချင်း အပ်ချမတ်ချမတူပါဘူး၊ ကာယကံရှင် life style တို့၊ ခန္ဓာကိုယ်တွင်း ဇီဝဖြစ်ပျက်မှု အသေးစိတ်မတူနိုင်သလို ယုတ်စွအဆုံး ကုသိုလ်ကံချင်းလည်း ခြားနားပါသေးတယ် သား၊ အဲဒါကြောင့် ဆရာတို့အနေနဲ့က အတိအကျ ပြောဖို့ဆိုတာတော့ ...”

“အတိအကျ မပြောပါနဲ့ ဆရာကြီး၊ ယေဘုယျပဲပြောပါ၊ ပျမ်းမျှသဘောပဲ ကျွန်တော် သိချင်ပါတယ်၊ ဆရာကြီးခုန ပြောတဲ့စကားက ကျွန်တော့်အခြေအနေမှန်ပဲလား”



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီးက သက်ပြင်းတစ်ချက် ရှူရှိုက်ရင်း ...

“ဟုတ်တယ်သား ... အမှန်ပါ၊ ဒါပေမဲ့ ...”

“.........”

ရိုးရာက သူ့လက်ဝါးနှစ်ဖက်လုံးဖြန့်ကာ၍ ဆရာဝန်ကြီးစကားကို တားလိုက်ပါသည်။ တုန်တုန်ခိုက်ခိုက် ဖြစ်လာသော ခန္ဓာကိုယ်နှင့် ချွေးသီးချွေးပေါက်များစို့သီးလျက် မျက်ရည်လည်း လည်လာကာ ...

“အချိန် ဘယ်လောက်လဲ ဆရာကြီး၊ နောက်ထပ် ကျွန်တော် ဘယ်လောက်ပဲ အသက်ရှင်နိုင်တာလဲ၊ ပွင့်ပွင့်လင်းလင်း ပြောပါ”

“ဒီအခြေအနေမျိုးမှာ တချို့က ရှစ်လ၊ ဆယ်လ ဆိုပေမယ့် တချို့တလေတော့လည်း နှစ်နဲ့ချီသွားတဲ့အထိ”

“သား”

“မောင်လေး”

ဝုန်းခနဲ လှည့်ထွက်ကာ စပယ်နှင့် ကိုရဲကို တိုးတိုက်သွားတဲ့အထိ ကမူးရှူးထိုး ဝရန်းသုန်းကား ထွက်ပြေးသွားသော ရိုးရာနောက်မှ စပယ်ရော ကိုရဲပါ အပြေးအလွှား လိုက်သွားကြပါသည်။ မိခင်ဖြစ်သူ ဒေါ်ယဉ်ယဉ်ရဲ့ ကြွေကြွေကွဲကွဲ ငိုရှိုက်သံက အခန်းထဲမှာ နာကျင်စရာကောင်းအောင် ပျံ့လွင့်ကျန်ရစ်သည်။





“ရိုးရာ”

“မောင်လေး”

နောက်က ခေါ်သံ ပြေးလိုက်သံတွေကို ရိုးရာ အာရုံမရှိ။ သူ့အာရုံထဲမှာတော့ ခြောက်လ ... ရှစ်လ ဆိုတဲ့အသံတွေ ဆူညံပွဲတင်ထပ်နေသည်။ ခေါင်းတစ်ခုလုံး ချာချာလည်ကာ ပေါက်ကွဲထွက်မတတ် ပူလောင်ဆူပွက်နေပြီး မြင်ကွင်းတွေကိုလည်း ရှင်းရှင်းလင်းလင်း မမြင်နိုင်တော့ပါ။ မြင်ကွင်းအားလုံးက ရောထွေး ယိမ်းထိုး ဖရိုဖရဲ ရှုပ်ယှက်ခတ်နေသည်။

သူ့ကိုယ်သူ ပြေးနေတယ်လို့ပင် မထင်နိုင်အောင် လူကပေါ့ပြီး လွင့်နေသလို ဟာတာတာကြီး။ ဘာကြောင့်လဲ။ ဘာဖြစ်လို့လဲ။ ဘာဖြစ်လို့ ဒီအဖြစ်အပျက်က သူ့ကိုမှလဲ ...။ သူ့မှာ ဘာအပြစ် ဘာအမှားအယွင်း ရှိလို့လဲ။ ရက်စက်လိုက်တာ။ ကံတရားက ဘာကြောင့် အဲသလောက် ရက်စက်ရတာလဲ။

ရိုးရာရဲ့ခြေလှမ်းများသည် ဦးတည်ချက်မဲ့ကာ ဆေးရုံဝင်းရဲ့ကားလမ်း၊ မြက်ခင်းစိမ်း၊ ပန်းခြံ အားလုံးကို ပရမ်းပတာ ကျော်ဖြတ်ပြေးလွှားနေသည်။ ရှေ့မှာ မန်းချိုတွေ့လျှင် တစ်ဖက်ချိုးလိုက်သည်။ ရှေ့မှာ သစ်ပင်ငယ်ခံနေလျှင် တစ်ဖက်ကွေ့လိုက်သည်။ ဝင်းတစ်ခုလုံးထဲ ရမ်းသမ်းကာ ဘယ်နေရာကိုရယ်မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



မသိနိုင်အောင် စိတ်တွေတုန်လှုပ်ပေါက်ကွဲ ဝမ်းနည်းချည့်နဲ့ကာ ယူကျုံးမရ။

ဝန်ခံပါသည်။ သူ ကြောက်လည်းကြောက်သည်။ ဝမ်းလည်းနည်းသည်။ ယုံလည်းမယုံချင်။ အကျယ်ကြီး အော်ငိုလိုက်ချင်သည်။ သူ့မှာ လှပတဲ့အနာဂတ်တွေ၊ မျှော်လင့်ချက်တွေနဲ့လေ။ ဘဝမှာ တက်ကြွပျော်ရွှင်နေတာလေ။ ဘာတစ်ခုမှ စိတ်အနှောင့်အယှက် စိတ်ညစ်စရာမရှိတဲ့ ဘဝလေ။

"မောင်လေး ... ရပ်ပါ ... ရပ်ပါ"

နောက်က စပယ့်ရဲ့အော်ဟစ်ခေါ်ငင်သံကလည်း ငိုရှိုက်သံစွက်လျက်။ ကျယ်ဝန်းသော ဤဆေးရုံဝင်းကြီးထဲမှာ ဝိုးချဲကို သူနာပြုကတွန်းကာ လေညင်းခံနေသူ လူနာမျိုးလည်းရှိ နေရိပ်ခုံတန်းလေးမှာ စကားစမြည်ပြောနေသော လူနာတချို့လည်းရှိ၊ လူနာကြည့်ရန် သတင်းမေးရန်လာသော ဧည့်သည်တွေလျှောက်ဝင်လာတာမျိုးလည်းရှိ။ ရှိသမျှလူတွေသည် ရှေ့က ကမူးရှူးထိုးပြေးနေသော ရိုးရာနှင့် နောက်က စိုးရိမ်တကြီး ပြေးလိုက်နေသော စပယ်တို့ဇနီးမောင်နှံကို အံ့အားတသင့် ခေါင်းလှည့်ငေးမောနေကြလေသည်။

"ကိုရဲ ... မီအောင်လိုက်ပါ ... လိုက်ပါ၊ ကားလမ်းမ ထွက်သွားဦးမယ်"





စပယ်က နောက်မှာကျန်နေရစ်ကာ ကိုရဲကတော့ မီလုမီခင်ပါလာသည်။ သို့သော် ဓာဟုန်တစ်ခုကပ်ကာ ရမ်းသမ်းပြေးနေတဲ့ ရိုးရာကို ဆွဲယူဖမ်းချုပ်လောက်အောင်တော့ မမီ။ ရုတ်တရက် ရိုးရာက ဆေးရုံရဲ့ကားအဝင်လမ်းပေါ် ဖျတ်ခနဲပြေးတက်ကာ ဝင်လာနေသောကားတွေနှင့် မျက်နှာချင်းဆိုင် ဖြစ်သွားပါသည်။

ပြေးရှိန်ကတော့ ရပ်မသွား။

❋ ❖ ❋

"မာမီ"

"ပြော သမီးလေး"

"ဒက်ဒီက အလွမ်းမွေးနေ့ကျရင် iphone5 ဝယ်ပေးမယ်လို့ ပြောတယ်"

"ဟုတ်လား ... သမီး ပျော်နေတယ်ပေါ့"

"ဟုတ်ကဲ့ ... အလွမ်း ပျော်ပါတယ်၊ ဒါပေမဲ့ ဒက်ဒီကို မာမီ ပြောပေးပါလား"

"ဘာပြောရမှာလဲ သမီး"

"iphone5 ဝယ်ရင် ကိုးသိန်းလောက်တော့ ပေးရမှာပေါ့၊ ဖုန်းဝယ်မပေးပဲ ကိုးသိန်းပဲ ပေးပါလားလို့"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်နှုနှုငယ်က အလွှမ်းဘက် ငဲ့ကြည့်လိုက်ရင်း ...

"သမီးက ပိုက်ဆံကိုးသိန်း ဘာလုပ်ချင်လို့လဲ"

"အဟင်း ..."

အလွှမ်းက ကားကို ဆေးရုံဝင်းဘက် ချိုးကွေ့လိုက်ပါသည်။

"ပြီးမှပြော သမီးလေးရယ်၊ ဘေးကြည့်မောင်းဦး"

ဆေးရုံဝင်းထဲ အဝင်ကားလမ်းက ဖြူးဖြူးရှင်းရှင်းကြီးမို့ အလွှမ်းက အရှိန်သိပ်မလျှော့ဘဲ မှန်မှန်ပဲ မောင်းဝင်လိုက်ပါသည်။ မာမီ့ကို စကားပြန်ဖို့ ပါးစပ်လေး ဖွင့်ဟရုံရှိသေး အလွှမ်းကားရှေ့ ကားလမ်းပေါ်ကို ဘေးတစ်ဖက် မြက်ခင်းစပ်မှ လွှားခနဲ ပြေးဝင်လာသူကို ရုတ်တရက်မြင်ကာ ...

"အမေ့"

အလွှမ်းက အလန့်တကြား အော်ရင်း ကားကိုဒက်စတော့ နင်းချလိုက်ရပါသည်။ ပြေးဝင်လာသော လူရွယ်သည် အလွှမ်းရဲ့ကားကို ရုတ်တရက်ကြီးမှ မြင်လိုက်ပုံနှင့် လက်နှစ်ဖက် ဆန့်တန်းကာ ယောင်ယမ်း၍ ကားဦးဘောနက်ကို အတွန်း၊ အလွှမ်းကလည်း တီခနဲ အရှိန်အရပ်၊ လူရွယ်က ကားဘောနက်ပေါ် လက်ဆန့်တန်းကာ မှောက်လျက်ကြီးပုံစံနှင့် ငြိမ်သက်သွားလေသည်။





"ဘုရား ... ဘုရား ... ဘုရား"

"မာမီ ... မတိုက်မိဘူးထင်တယ်၊ မတိုက်မိဘူး ထင်တယ်နော်"

"ဟုတ်တယ် ... ဟုတ်တယ်၊ မတိုက်မိပါဘူးထင်တယ်၊ သမီး စိတ်အေးအေးထား၊ မာမီ ဆင်းကြည့်လိုက်မယ်"

"ရိုးရာ ... ရိုးရာ"

ချက်ချင်းပင် နောက်ထပ် အမျိုးသားတစ်ယောက် ကားဆီရောက်လာကာ ဘောနက်ပေါ် မှောက်လျက်ကြီး ငြိမ်နေသော လူရွယ်ကို ဖေးကူဆွဲထူ လှုပ်ယမ်းခေါ်ငင်နေလေသည်။

"ရိုးရာ ... ညီလေး"

အလွှမ်းရဲ့ရင်တွေ တဒိတ်ဒိတ် တုန်လာသည်။ ကားပေါ်က မာမီပြေးဆင်းသွားပြီ ဖြစ်ပေမယ့် အလွှမ်းလည်း ဘယ်လိုမှ ငြိမ်မနေနိုင်ဘဲ ဝုန်းခနဲ တံခါးဖွင့်ဆင်းလိုက်ပါသည်။ ရင်ဘတ်လေးကို လက်နှစ်ဖက်လုံးနှင့်ဖိကာ ...

"ဘာဖြစ်သွားလဲဟင်၊ ဘာဖြစ်သွားလဲဟင်၊ ကျွန်မ မတိုက်မိပါဘူးနော် ... နော်"

"ရိုးရာ"

ကိုရဲက ကားပေါ်က ဆင်းလာသော သားအမိကို မကြည့်အား။ ရိုးရာကိုသာ လှုပ်ယမ်းခေါ်နေပါသည်။

"အား ... ..."



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာကောင်းလောက်အောင် ပေါက်ကွဲသော အသံနက်ကြီးနှင့် အော်ဟစ်လိုက်တဲ့ အသံကြောင့် အလွမ်းမှာ လိပ်ပြာလွင့်မတတ်ပင် လန့်သွားရပါသည်။ ကားနဲ့တိုက်မိမိချင်း တုန်းက ဘာမှမအော်ဟစ်ဘဲ ခုမှထ,အော်လိုက်၍ ဘာလုပ်ရမှန်း မသိအောင်လည်း ထူပူထိတ်လန့်သွားကာ ...

"မာ ... မာမီ"

မာမီက အလွမ်းထံ အပြေးလာကာ အလွမ်းကိုယ် ခန္ဓာလေးကို ဖက်ထားလိုက်ရင်း ထိုလူနှစ်ယောက်ကိုသာ မျက်လုံး အဝိုင်းသား ပါးစပ်အဟောင်းသား ငေးစိုက်ကြည့်နေမိ၏။ အသံ ကျယ်ကြီးနှင့် "အား"ခနဲ ထ,အော်လိုက်တဲ့ ကောင်ကလေးသည် တကယ်တော့ နာကျင်လို့ အော်ဟစ်တာမျိုးမဟုတ်ဘဲ သူ့ဟာသူ ပေါက်ပေါက်ကွဲကွဲ ထ,အော်တာဆိုတာကို နောက်ဆက်တွဲကပ်ပါ လာသော အော်ကြီးဟစ်ကျယ် ငိုကြွေးသံကြောင့် နားလည်လိုက်မိ သလိုရှိသည်။

ဘယ်ယောက်ျား လူရွယ်မှတော့ နာကျင်ဒဏ်ရာ ကြောင့် ဤသို့ပေါက်ကွဲကာ ချုံးပွဲချ ငိုကြွေးမှာ မဟုတ်။ ငိုကြွေး ရင်းက ရိုးရာသည် ကားရဲ့ဘောနက်ကို လက်သီးဆုပ်နှင့် တဗုန်း ဗုန်း ထုနက်လေသည်။

"ရိုးရာ ... ညီလေးရာ၊ အဲသလို မလုပ်ပါနဲ့ကွာ၊ လာ ... လာ ... ကိုယ်တို့အိမ်ပြန်ကြစို့၊ အိမ်မှာ ညီလေး နားလိုက်ပါ"





"ဘာဖြစ်လို့လဲ ... ဘာဖြစ်လို့ ကျွန်တော်က အဲလိုဖြစ်ရ တာလဲ၊ မဖြစ်နိုင်တာ၊ ကျွန်တော်က လူကောင်းကြီးပဲ၊ မယုံဘူး ... လုံးဝမယုံဘူး"

ရိုးရာနှုတ်မှ ပလုံးပထွေး အော်ဟစ်ရေရွတ်သံများ ကို နားထောင်ရင်း အလွမ်းတို့သားအမိ တစ်ယောက်ကို တစ် ယောက် လန့်ရှိန်မပြယ်ဘဲ ဖက်ထားမိကြဆဲပင် ရှိသည်။

"ညီလေး ... ဒါ သူများကားလေ ... နော်၊ လာ ... လာ... ကားဆီ ပြန်ရအောင်"

ကိုရဲက အလွမ်းတို့သားအမိကို ငဲ့ကြည့်ကာ ...

"တောင်းပန်ပါတယ်ဗျာ ... ဆောရီးပါ"

"အို ... ကိစ္စမရှိပါဘူး ... ကိစ္စမရှိပါဘူး၊ သူ ... သူဘာမှ တော့ ဖြစ်မသွားဘူး မဟုတ်လား"

"ကားနဲ့ထိလို့တော့ ဘာမှမဖြစ်ဘူး ထင်ပါတယ်၊ ညီလေး ရိုးရာ၊ ထိခိုက်မိသွားသေးလား"

ရိုးရာသည် ပူလောင်ဆူပွက် ပေါက်ကွဲ ယူကျုံးမရ နေသော သူ့စိတ်ကို ဘယ်လိုမှ အရှိန်သတ်လို့မရ။ ကားဘောနက် ပေါ် အရုပ်ကြိုးပြတ်ကြီးလို မှောက်နေမိရာမှ ဝုန်းခနဲ လက်ထောက် ထ,ရပ်လိုက်ပါသည်။ သူ့နံဘေးက သားအမိနှစ်ယောက်ထံ နီရဲ သောမျက်နှာ မျက်ရည်လည်ရွဲတို့နှင့် ရူးရူးဝါးဝါး ကြည့်လိုက် ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကားမောင်းတာ ဘယ်သူလဲ"

"ကျ ... ကျ ... ကျွန်မ ... ကျွန်မပါ"

"သားရယ် ... ဘာမှမဖြစ်ဘူး မဟုတ်လားဟင်၊ အန်တီ တောင်းပန်ပါတယ်ကွယ်"

"မင်းလား ... ကားမောင်းတာ"

လက်ညှိုးထောင့်ညွှန်မေးလိုက်၍ အလွမ်းက လန့်ဖျပ် ပခုံးလေးကျုံ့သွားရသလို ဒေါ်နုနုငယ်က အလွမ်းကို သူ့ခန္ဓာကိုယ် နောက်သို့ ဆွဲကွယ်ထားလိုက်ပါသည်။

"ဟုတ် ... ဟုတ်"

"မင်း ဘာဖြစ်လို့ အရှိန်နဲ့ဆောင့်တိုက်ပြီး တစ်ခါတည်း သေအောင် မသတ်လိုက်တာလဲ"

"ရှင်"

"ပြောစမ်းပါ၊ ဘာဖြစ်လို့ အသေမတိုက်လိုက်တာလဲ"

"ဟို ... ဟို ... မ ... မတိုက်ရဲလို့ပါ၊ ခုကလည်း မတော် တဆပါ"

"မင်း ငါ့ကို တစ်ခါတည်း ပွဲချင်းပြီးသေအောင် တိုက် သတ်လိုက်ရမှာ သိရဲ့လား၊ မင်း နားလည်လား"

"ဟင့်အင်း ... နား ... နားမလည်ပါဘူး"

"တရိရိနဲ့ နောက်ထပ် လ,ပိုင်းကျရင်သေမယ်၊ သေမယ် ဆိုတာကို သိသိကြီး ထိုင်စောင့်နေရမှာထက်စာရင် ဘာမှ





မသိလိုက်ဘဲ ဝုန်းခနဲ ဒိုင်းခနဲ သေလိုက်ရတာကမှ ပိုကဲ ကောင်းသေးတယ်"

ရိုးရာစကားကြောင့် အလွမ်းတို့သားအမိ တစ်ယောက် မျက်နှာတစ်ယောက် ဖျတ်ခနဲ ကြည့်လိုက်မိပါသည်။ ဒီလိုကိုး။ နောက်မကြာခင် လပိုင်းအတွင်း သေတော့မည့်ရောဂါနှင့် လူနာ တဲ့လား။

"ညီလေးရာ ... စိတ်ကိုထိန်းမှပေါ့ကွာ၊ ဆရာကြီးပြောလိုက် တာကလည်း ကနေ့ နက်ဖြန် သေမှာမှ မဟုတ်တာကွာ၊ အချိန်တွေ ရှိသေးတာပဲ၊ ဒီအချိန်တွေကြားထဲ ငါတို့အများ ကြီး ကုသဖို့ မျှော်လင့်ချက် ရှိပါသေးတယ်ကွာ"

"အပိုတွေ ပြောမနေပါနဲ့ ကိုရဲရာ၊ ခွဲရင်လည်း သေဖို့များ တယ် ပြောတယ်၊ မခွဲရင်လည်း သေကိုသေမှာ အချိန်တန် ရင်၊ ဘာကို ဘယ်လိုကုမှာလဲ၊ ကျွန်တော့်ကို အဲလိုမဟုတ် မှန်း သိသိကြီးနဲ့ ပျားရည်နဲ့ဝမ်းမချပါနဲ့၊ ကျွန်တော် အရူးမဟုတ်ဘူးဗျ"

ကိုရဲက ခပ်ချော့ချော့ ပြောနေသော်လည်း ရိုးရာက တော့ ဒေါသတကြီး ပေါက်ကွဲလျက်ပင်။

"ကောင်းပါပြီ ... ဘာမှမပြောတော့ပါဘူး ရိုးရာ၊ ဒါပေမဲ့ ကားဆီပြန်ကြစို့၊ ဒီကအန်တီတို့လည်း ဘုမသိဘမသိနဲ့ အားနာစရာ၊ လာ ... ညီလေး"



www.burmeseclassic.com

www.burmeseclassic.com



ရှီးရာက ကိုရဲ လှမ်းဆွဲကိုင်လိုက်သော သူ့တံတောင်ဆစ်ကို ဆတ်ခနဲ ဆောင့်ရုန်းပစ်လိုက်ပြီး၊ အလွှမ်းတို့သားအမိဘက် တစ်ချက် ဖျတ်ခနဲ ကြည့်လိုက်ကာ သူ့ပါးပြင်က မျက်ရည်စတွေကို ခပ်ရှက်ရှက် ခပ်ကြမ်းကြမ်း ပွတ်သုတ်လျက် ချာခနဲ ကျောခိုင်းလှည့်ထွက်သွားပါသည်။

"အန်တီ ... ကျွန်တော် ရှတောင်းပန်ပါတယ် ခင်ဗျာ"

"ကိစ္စမရှိပါဘူး သား၊ ရတယ် ... ရတယ် ... နားလည်ပါတယ်၊ ဒါ ... ဒါနဲ့ ... သားက မမယဉ် ... ဒေါ်ယဉ်ယဉ်ရဲ့ သမက်လားဟင်"

"ခင်ဗျာ ... ဟုတ်ပါတယ် အန်တီ"

"ဟင် ... ဒါ ... ဒါဆို ခုနကလေးက မမယဉ်ရဲ့သား လား"

"ဟုတ်ကဲ့ အန်တီ"

"အို ... ဖြစ်မှဖြစ်ရလေကွယ်"

"အန်တီ ... ကျွန်တော့်ကို ခွင့်ပြုပါဦး"

"အေး ... သား၊ သွားပါ ... သွားပါ"

ကိုရဲက ရှီးရာနောက်သို့ အမိပြန်ပြေးလိုက်သွားခဲ့ပါသည်။

❋ ❖ ❋





❋ ၂ ❋

ဂျင်းဂျက်ကက် ဂျင်းပဲင်အပြာလေးနှင့် ကက်ပ်ဦးထုပ်အဖြူလေး ဆောင်းထားသော အလွှမ်းက လေဆိပ်အဆောက်အဦထဲက ဆိုက်ရောက်သူတို့ကို ကြိုဆိုရန် ခုံကလေးတွေမှာထိုင်ရင်းက မှန်ချပ်အတွင်းဘက်ကို လှမ်းမျှော်ကြည့်နေပါသည်။

ဟော ... လေယာဉ်ဆိုက်သွားပြီပဲ။

တဖွဲဖွဲ ဝင်ရောက်လာသော ခရီးသည်တို့ကို လှမ်းငေးကြည့်နေရာက အလွှမ်းက ဆတ်ခနဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားပါသည်။

"ဟော ... ဟော"

ထိုင်ရာက ထရပ်လိုက်ကာ အင်္ဂလိပ်ရေးရှင်းကောင်တာတွေဆီ လှမ်းမြင်ရတဲ့ မှန်ချပ်ကြီး၌ နှာခေါင်းလေးပြားအောင် မျက်နှာဖိကပ်ပြီး အထဲကို စူးစူးရဲရဲ ကြည့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိုးချဲကို တွန်းလာတဲ့ ကိုရဲရဲ့ အရုပ်ရှည်ရှည်ကို လှမ်းတွေ့နေရပြီ။ ဝိုးချဲလ်ပေါ် ပါလာတဲ့ ရိုးရာကတော့ ခပ်ကုန်းကုန်းနှင့် ဒူးပေါ်တံတောင်ထောက်ကာ သူ့လက်ဝါးတစ်ဖက်က သူ့မျက်နှာကို ပြန်အုပ်ပြီး တစ်ဝက်တစ်ပျက် ကွယ်ထားသည်။ ဆွယ်တာဝါးပါး အစိမ်းပုပ်ရောင်လေးနှင့် လူက အနည်းငယ် *ပိုပိန်သွားတာ* သိသာလေသည်။

အသက်တောင် ပါလာရဲ့လား ထင်ရအောင် တုတ်တုတ်မလှုပ် ငြိမ်သက်လျက် ဘေးဘီလည်းမကြည့် ဘယ်မှမကြည့်။ သူ့ပုံကိုကြည့်ရတာ အားလျော့ ဆုတ်နစ်လှပြီ။

"တွေ့ပြီလား ... သမီး"

"ဟုတ် ... မေမေ၊ ဒီဘက်လာ ... ဒီနားကကြည့်"

ဘေးမလှမ်းမကမ်း အသံတချို့ကြောင့် အလွှမ်းက ငဲ့ကြည့်လိုက်ပါသည်။ အန်တီဒေါ်ယဉ်ယဉ်နှင့် မမစပယ်။ ရိုးရာရဲ့မိခင်ဖြစ်သူ ဒေါ်ယဉ်ယဉ်ရဲ့ မျက်နှာသည် ညှိုးချုံးနွမ်းဖတ်နေသည်။ နဂိုဖြူဝင်းစိုပြည်သော အသားအရေပေါ် ပေါင်ဒါကလေးမျှပင် တို့မထားနိုင်အား။ သို့သော် ရှိရင်းစွဲ လှပကျက်သရေရှိမှုကိုတော့ မဖုံးဖိနိုင်ပါ။

"အန်တီ ... မမ"





အလွှမ်းက နေ့ရာနည်းနည်းရွှေ့ဖယ်ပေးလိုက်ရင်း ခေါင်ငဲ့နှုတ်ဆက်သည်။

"ဟော် ... ဩော် ... ညီမလေး"

မစပယ်က အံ့အားတသင့် ပြန်နှုတ်ဆက်ရင်း ...

"မေမေ ... ဒါ အန်တီဒေါ်နုနုငယ် သမီးလေ၊ မှတ်မိတယ်မို့လား"

"ဩော် ... အင်း ... မှတ်မိတာပေါ့၊ ဟိုတလောက နုနုအိမ်လာတော့ သမီးလေးပဲ မောင်းပို့တာပဲဟာ၊ နာမည်လေးက 'အလွှမ်းပြေ'နော်"

"ဟုတ်ကဲ့ပါ အန်တီ"

အလွှမ်းက အပြုံးလေးနှင့် ဖြေလိုက်ပါသည်။

"အန်တီ နေကောင်းတယ်နော်"

"အင်း ... ဒီလိုပါပဲ သမီးလေးရယ်၊ နေကောင်းတယ် မကောင်းဘူး မပြောတတ်တော့ပါဘူး၊ ဒီလိုပါပဲ"

အလွှမ်းက ရင်ထဲ တော်တော်စိတ်မကောင်းဖြစ်ကာ ဒေါ်ယဉ်ယဉ့်လက်တစ်ဖက်ကို ဆုပ်ညှစ်အားပေးလိုက်မိပါသည်။

"သမီး တစ်ယောက်တည်းလား"

"ဟုတ်ကဲ့"

"ဘယ်သူ့လာကြိုတာလဲ သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဟို ... ပြန်လာတဲ့လူတစ်ယောက်ဆီက လူကြုံပစ္စည်း ပါလာမှာကို ယူဖို့ပါ အန်တီ၊ လာကြိုတာ မဟုတ်ပါဘူး"

"ဩော် ... အန်တီတို့က သားတို့ကို လာကြိုတာလေ၊ ဒီနေ့ ပြန်လာမယ်လေ"

"ဟိုမှာ ... ဟိုမှာ မေမေ"

စပယ်က သူ့အမေမြင်ရအောင် လက်ညှိုးညွှန်ပြလိုက်ပါသည်။ ရိုးရာရဲ့ဆေးစစ်ခရီးကို ရိုးရာရဲ့အဖေနှင့်အတူ ယောက်ဖဖြစ်သူ ကိုရဲပါ လိုက်ပါသွားခဲ့တာပါ။ အလွှမ်းက ရိုးရာကို စင်ကာပူဆေးရုံကြီးဆီက ဘာများပြောလိုက်သလဲ၊ သတင်းသိချင်လှသော်လည်း မေးရမှာ အားနာဝန်လေး မမေးရက်သလိုရှိ၍ နှုတ်ခမ်းလေး တင်းတင်းစေ့ပြီး ပါးစပ်ပိတ်ထားလိုက်ပါသည်။

နောက်မှပဲ မာမီ့ကို ဖုန်းဆက်၍ပဲဖြစ်ဖြစ် သတင်းမေးခိုင်းရပါလိမ့်မည်။ ခုတော့ သူတို့ဖြေရမည့်အဖြေက မကောင်းသတင်း ဖြစ်နေခဲ့ရင် (မကောင်းသတင်းပဲဖြစ်ဖို့ကလည်း ရာခိုင်နှုန်းများနေတာမို့ပင်) လူကြားသူကြား သက်သောင့်သက်သာလည်း မရှိလှတဲ့နေရာမှာ အန်တီဒေါ်ယဉ်ယဉ် ဝမ်းနည်းပက်လက် ဖြေနေရဦးမှာကို မလိုလား။

"ငါ့သားလေး ပိန်သွားတယ်"





"အို ... မေမေကလည်း သိပ်မပိန်ပါဘူး၊ ရိုးရာက ကုပ်ကုပ်လေး ထိုင်နေတာမို့လို့ပါ"

"မျက်နှာလေးလည်း ချောင်ကျလို့"

ဒေါ်ယဉ်ယဉ်ကတော့ အပေးက ငေးမောကြည့်ရင်း ဝမ်းပန်းတနည်းပင် မှတ်ချက်တွေ ချနေပါသည်။ အလွှမ်းက ဒေါ်ယဉ်ယဉ့်ကို တစ်ချက်လှည့်ကြည့်ရင်း ...

"အစ်ကိုရိုးရာက အန်တီနဲ့ပိုတူတယ်နော်၊ အန်တီ့လိုပဲချောတယ်၊ မမစပယ်ကတော့ အန်ကယ်နဲ့လည်းတူတယ်"

"ဒါကြောင့် မချောဘူးထင်တယ် ... ဟင်း ဟင်း"

"ဟင့်အင်း ... မဟုတ်ပါဘူး မမ၊ မမက အဖေချောတာလေးရော အမေချောတာလေးရော မျှယူထားတာပါ၊ ကိုရိုးရာကတော့ အန်တီနဲ့ကို ချွတ်စွတ်တူတာ"

"အဟင်းဟင်း ... ငါ့ညီမလေးက စကားတတ်တယ်၊ ဒါနဲ့ ညီမ်လေးလို့ခေါ်တာ ကြိုက်ရဲ့လား အလွှမ်း၊ မကြိုက်ရင် ဆောရီးနော်"

အလွှမ်းက ကက်ပ်ဦးထုပ်လေးရဲ့ ရှေ့ဘက်လျှာစွန်းကို တစ်ချက်ဆွဲငိုက်လိုက်ကာ မေးလေးပင့်၍ အသံမထွက်ဘဲ ရယ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မမစပယ်က အလွမ်းကို Tom boy ထင်နေတာ ထင်တယ်"

"အင်း … ဟုတ်တယ်၊ ဟိုတစ်ခါ အိမ်လာတော့လည်း ဒီလိုလေးပဲလေ၊ ဂျင်းဘောင်းဘီနဲ့ တီရှပ်လက်ရှည်လေးပဲ ဝတ်တာဆိုတော့ ဆံပင်လေးကလည်း ဘိုကေသာသာနဲ့မို့ မမက အဲလိုပဲထင်တာ"

"အဟင်း ဟင်း … မဟုတ်ပါဘူး မမရဲ့၊ မိန်းကလေးစစ်စစ်ပါ … အဟဲ၊ ငယ်ငယ်ကတည်းကလည်း ဘောင်းဘီဝတ်တာ များတာရယ်၊ ပြီးတော့ အလွမ်းက အရမ်းပိန်တော့ မြန်မာဆန်ဆန်လေး ထဘီတွေ ဘာတွေဝတ်ရင် လုံးဝမလှဘူး၊ စာခြောက်ရုပ်နဲ့တူတယ် မမရဲ့၊ အဲဒါကြောင့် နည်းနည်းပိုကြည့်ကောင်းမယ် ထင်သလို ဝတ်တာပါ … အဟီး"

"ဘယ် … မဖြစ်နိုင်ပါဘူး ညီမလေးရယ်၊ မျက်နှာလေးက ဒီလောက် ဝင်းလက်နုငယ်ပြီး ချောတာ၊ ဘာဝတ်ဝတ်ကြည့်ကောင်းမှာပါ"

"အဟင်း … ကျေးဇူးတင်ပါတယ် မမစပယ်၊ ဟော … ဟော … မမ ဟိုမှာ အစ်ကိုရီးရာတို့ ဟိုဘက်ထွက်သွားပြီ၊ လပ်ဂေ့ဂျ်စစ်ပြီးရင် ထွက်လာတော့မယ် ထင်တယ် မမ"





"ဟုတ်ပါရဲ့၊ လာ … မေမေ၊ ထွက်လာမယ့် အပေါက်နားက သွားစောင့်နေရအောင်၊ ညီမလေး … အလွမ်း … မမတို့ သွားဦးမယ်နော်"

"ဟုတ်ကဲ့ မမ … ဟုတ်ကဲ့"

"သွားပြီ သမီး"

"ဟုတ်ကဲ့ပါ အန်တီ၊ အန်တီ နေကောင်းအောင်နေပါနော်"

အလွမ်းက ထွက်ပေါက်ဘက် လျှောက်သွားတဲ့ သားအမိနောက်မှ မယောင်မလည်လေး လိုက်ပါသွားကာ ခပ်လှမ်းလှမ်းရောက်လျှင်တော့ ဆက်မလိုက်တော့ပါ။ ခပ်ကွယ်ကွယ်နေရာ တစ်ခုမှာရပ်လျက် မသိမသာကလေး လှမ်း၍တော့ ချောင်းကြည့်နေမိပါသည်။

ထွက်လာကြတဲ့ ခရီးသည်တွေထဲမှာ များသောအားဖြင့်က ဆွေမျိုး မိတ်သင်္ဂဟမိသားစုတွေ သူငယ်ချင်းတွေနှင့် ပြန်ဆုံတွေ့ရတာမို့ ပျော်ရွှင်အော်ဟစ် ဝမ်းသာနေကြတဲ့ သူတွေကများတာပါ။ ရီးရာ၊ ကိုရဲနှင့် ဦးမြတ်ကိုတို့ သုံးယောက်မှာတော့ မျက်နှာသေတွေနှင့်ပါ။

ထွက်လာတဲ့ သုံးယောက်နှင့် ဆီးကြိုသူနှစ်ယောက်တို့မှာ တစ်ယောက်မျက်နှာကို တစ်ယောက် စေ့စေ့မကြည့်ကြ။ ခပ်ရှမ်းရှမ်းမျှသာ ကြည့်ကြသည်။ ဒေါ်ယဉ်ယဉ်က ရီးရာ့ပေါ်းပြင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကို ငုံ့၍နမ်းလိုက်လေရာ ရိုးရာက ခေါင်းကိုတစ်ဖက်သို့ စောင်းငဲ့ကာ တိမ်းရှောင်လိုက်လေသည်။

ပျက်သွားတဲ့ ဒေါယဉ်ယဉ့်မျက်နှာက ခုပဲငိုချမိတော့မည့်ပုံနှယ်။ အလွမ်း ရင်ထဲနင့်ကာ အန်တီဒေါယဉ်ယဉ်အတွက် အလွန်အမင်း စိတ်မကောင်း ဖြစ်သွားရပါသည်။ သူတို့မိသားစုကို လေဆိပ်ခန်းမထဲက လူအတော်များများက စိတ်ဝင်တစားအာရုံစိုက် အကဲခတ်နေကြပါသည်။ ဗိုးချဲ့နှင့်ထွက်လာတာမို့ လူနာတစ်ဦး ကျန်းမာရေးကိစ္စနှင့် နိုင်ငံရပ်ခြားက ပြန်လာတယ်ဆိုတာကိုလည်း ရိပ်မိ သတိပြုမိကြပါသည်။

"မောင်လေး နည်းနည်း ပင်ပန်းလာတယ် ထင်တယ်၊ မေမေ လာ"

စပယ်က ဒေါယဉ်ယဉ့်လက်ကို အသာအယာ ဆွဲကိုင်တွဲလိုက်ပါသည်။ ရိုးရာက ဘယ်သူ့ကိုမှမကြည့်။ သူ့ကို လူတွေအာရုံစိုက်ပြီး ကြည့်ရှုနေကြတော့ အပေါ်လည်း ကသိကအောက် အနေခက် စိတ်တိုနေပုံရပါသည်။ မျက်နှာတင်းတင်းဟာ နီမြန်း၍ စိတ်အနှောင့်အယှက်နှင့် ခက်ထန်နေသည်။

ရိုးရာရဲ့ခံစားချက်ကို အလွမ်း နားလည်ပါသည်။

သူ့ရဲ့ဘဝဟာ အညွန့်တလူလူတက်လျက် အရှိန်တငြီးငြီး တောက်ပနေသောဘဝ။ စင်ကာပူ NUS တက္ကသိုလ်က





နေ Architecture နှင့် ဘွဲ့ရထားခဲ့တဲ့သူ။ သူ့ဖခင် ဦးမြတ်ကို လုပ်ကိုင်နေတဲ့ ဆောက်လုပ်ရေးလုပ်ငန်းနှင့် တွဲစပ်၍ ကိုယ်တိုင်အလုပ်ဝင်နေပြီ ဖြစ်တာပင် တစ်နှစ်ခန့် ရှိခဲ့ပြီ။ ဘဝကိုပျော်ရွှင်တက်ကြွစွာ လှုပ်ရှားဖြတ်သန်းနေကာ ရွယ်တူသူငယ်ချင်းတွေအကြားမှာလည်း ထင်ပေါ်ကျော်ကြားသူ၊ မိန်းကလေးအသိုင်းအဝိုင်းထဲမှာလည်း မျက်နှာပွင့်လန်းသူ။

သူ့ဘဝမှာ အနုတ်လက္ခဏာဆိုတာ ဘယ်အစိတ်အပိုင်း ဘယ်ကဏ္ဍမှာမှ မကြုံရသေးတဲ့ သူတစ်ယောက်။ ရုတ်တရက် မကြာမကြာ အပြင်းအထန် ခေါင်းကိုက်မှုနှင့် ဆေးစစ်လိုက်တဲ့အခါ ဦးနှောက်မှာ ကျူမာအလုံး။ အလုံးရဲ့တည်ရှိပုံ အနေအထားက ဦးနှောက်ရဲ့ အရေးကြီးအစိတ်အပိုင်းမှာ ဖိကပ်နီးစပ်နေ၍ ခွဲစိတ်ရန် အခက်အခဲရှိခဲ့သည်။

ဒီမှာလက်လျှော့သလို အခြေအနေဖြစ်တော့ စင်ကာပူနိုင်ငံကို ရက်ရှည်ထွက်ကာ ဆေးရုံတက်ပြီး စစ်ဆေးကုသမှု ယူပါသည်။ ရိုးရာ ဦးနှောက်ထဲမှ အစိုင်အခဲဟာ ကိုယ်တွင်းအင်္ဂါတစ်နေရာမှ ပျံ့ပွားလာတဲ့ ဒုတိယဆင့်ကင်ဆာကြိတ်။ တစ်နေရာပြီး တစ်နေရာ နူန်းမြန်မြန်နှင့် ပျံ့နှံ့ကူးစက်ပွားများနေပြီဖြစ်တဲ့ ကင်ဆာဆဲလ်တို့ကြောင့် ထိုအကြိတ်ကို ခွဲစိတ်ဖယ်ရှားဖို့ ဘယ်လိုမှ အခြေအနေမပေးခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့တက်ကြွထက်သန်နေမှုများကို ရိုက်ချိုးလိုက်သလို အခြေက ဆွဲလှဲလိုက်သလို ရောဂါဝေဒနာရဲ့ လျှပ်တစ်ပြက် အလစ်အငိုက် တိုက်ခိုက်ခံလိုက်ရတဲ့အတွက် သူ့ဘဝသူ မယုံကြည်နိုင်လောက်အောင် စိတ်ဓာတ်ကျဆင်း ဆုတ်နစ်သွားရှာရတာပင်။

ရိုးရာရဲ့မျက်စိထဲမှာ မြင်မြင်သမျှဟာ အကျည်းတန်နေသလို အစစအရာရာဟာ မုန်းတီးစက်ဆုပ်စရာတွေလို ရုတ်ခြည်းပြောင်းလဲသွားခဲ့မှာ။ သူ့အခြေအနေမှန်ကို သူကိုယ်တိုင် လက်သင့်မခံချင်ဘဲ အရာအားလုံးအပေါ် ဒေါသတကြီး ပေါက်ကွဲပစ်ဖို့ တာစူနေတဲ့ စိတ်အနေအထားကိုပင် စိတ်ကျန်းမာရေးဆရာဝန်နှင့် တိုင်ပင်ပြသဖို့ လိုအပ်လောက်တဲ့ အနေအထားအထိ ဖြစ်နေတာပါ။

ရိုးရာရဲ့ ပြောင်းလဲခက်ထန်သွားမှုအတွက် အဓိကအမေဖြစ်သူမှာ မျက်ရည်မဆည်နိုင်အောင် တငိုငို တရယ်ရယ် ဖြစ်နေရရှာတာလည်း အလွှမ်း သိထားရပါသည်။ အလွှမ်းရဲ့အမေ ဒေါ်နုနုငယ်နှင့် ရိုးရာရဲ့အမေ ဒေါ်ယဉ်ယဉ်တို့ဟာ ငယ်စဉ်ကအတန်းဖော်တွေ။ ကြီးပြင်းတော့ အလွန်ရင်းရင်းချာချာ မတွဲဖြစ်ကြပေမယ့် နီးစပ်ရာ အသိုင်းအဝိုင်းချင်း ဆက်စပ်မှုကြောင့် တစ်ယောက်နှင့်တစ်ယောက် မကြာမကြာကလေးတော့ အလှူအတန်းပွဲလမ်း စသဖြင့်မှာ ဆုံတွေ့ဖြစ်နေကာ အဆက်အစပ်မပြတ်ကြပါ။





မွေးဇာတိချင်းကလည်း တူကြတဲ့ အမေနှစ်ယောက် "......"မြို့နယ်အသင်းမှာ ဘာလူပ်ရှားမှုပဲရှိရှိ ဆုံတွေ့နေကျလည်း ဖြစ်နေရာ မစပယ်နှင့် ကိုရဲတို့ မင်္ဂလာပွဲကိုလည်း ဒေါ်ယဉ်ယဉ်က ဒေါ်နုနုငယ်ကို ဖိတ်ကြားဖြစ်ခဲ့ပါသေးသည်။ အဲဒီနောက် နှစ်ကြိမ် သုံးကြိမ်လောက် အကြောင်းအမျိုးမျိုးနှင့် ဆုံတွေ့ဖြစ်နေသေးကာ တစ်ယောက်အိမ်တစ်ယောက် ဝင်ထွက်လည်ပတ်တာမျိုးသာ မရှိခဲ့တာဖြစ်လျက် ခင်ခင်မင်မင် မှတ်မှတ်ရရရှိသော မိတ်ဆွေချင်း အဆင့်မှာ ရှိနေကြတာပါ။

ဟိုးတလောက ဆေးရုံဝင်းထဲ အမှတ်မထင် ဆုံမိကြသည်ကစ၍ ရိုးရာရဲ့အဖြစ်အပျက်ကို အလွှမ်းတို့သားအမိ စိတ်မကောင်းခြင်းကြီးစွာ နားလည်ခံစားနိုင်ကာ သူတို့အိမ်ဆီ သတင်းမေး အလည်ရောက်ခဲ့ရပြီးပါပြီ။ အဲဒီတုန်းက ရိုးရာနဲ့တော့ မတွေ့ခဲ့ရ။ သူ့အခန်းထဲကနေ အပြင်မထွက်တဲ့ ရိုးရာဟာ အိမ်ရှိမိသားစုဝင်တွေကိုတောင် နေ့စဉ်နဲ့အမျှ အတွေ့ခံတာမဟုတ်။

သူတို့မိသားစု စင်္ကာပူနိုင်ငံက မိတ်ဆွေအချို့နှင့် ဆက်သွယ်ကာ ရိုးရာကို အပြင်ထွက်ဆေးကုဖို့ မျှော်လင့်ချက်မကုန်ခန်းပဲ ကြိုးစားခဲ့ကြပါသေးသည်၊ ဒါကြောင့်လည်း ဦးမြတ်ကို၊ ကိုရဲနှင့် ရိုးရာတို့ သုံးယောက် ထွက်သွားကြတာ။ မမစပယ်ကတော့ စိတ်ထောင်းကိုယ်ကြေ ဖြစ်နေတဲ့ မိခင်ဖြစ်သူ ဒေါ်ယဉ်ယဉ်ကို စောင့်ရှောက်ရင်း ကျန်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ပြန်လာပြီ။

ဒီကြားထဲ အလွမ်းမေမေ ဒေါ်နုနုငယ် ဖုန်းဆက်သတင်းမေး၍ ဒီနေ့ ပြန်လာကြမည်ဆိုတဲ့ သတင်းအပြင် ဆေးရုံတက် ကုသမှုခံယူခြင်းမပြုဘဲ စင်ကာပူဆေးရုံမှာ MRI ထပ်ရိုက်တာ၊ တခြားလိုအပ်တဲ့ စစ်ဆေးမှုတွေ ထပ်စစ်ဖြစ်တာ၊ ဆရာဝန်နှင့် ဆွေးနွေးရုံမျှ ဆွေးနွေးပြီး ဆေးစစ်မှတ်တမ်းတွေပဲ ယူဆောင်ပြန်လာခဲ့တယ် ဆိုတာတွေတော့ သိထား ကြားထား ပြီးပါပြီ။

ကုသမှု မခံယူခဲ့ဘူး ဆိုကတည်းက ကုသဖို့ အခြေအနေ မပေးတာမျိုး ဖြစ်ဖို့လည်း ရာခိုင်နှုန်းအားဖြင့်တော့ ပါဝင်နေလိမ့်မည်။ စိတ်မကောင်း ဖြစ်ရပါသည် ကိုရီးရာရယ်။ အရင်က လုံးဝမသိ မကျွမ်းခဲ့ဖူးပေမယ့် ဆေးရုံဝင်းထဲ ကိုယ့်ကားရှေ့ကို ဖြတ်ပြေးဝင်လာတဲ့ ပထမဆုံးအကြိမ် အဆုံမှာကတည်းက ဘယ်လိုပြောရမှန်းမသိတဲ့ ကရုဏာတစ်မျိုးနှင့် သူ့အပေါ်သနားကြင်နာမိကာ သံယောဇဉ်ကြိုးကလေးတစ်ပင် တင်းတင်းရစ်ခဲ့ရတာပါ။

သူ့ကို အားပေးချင်တာ။ ဖေးမချင်တာ။

အဲဒါတွေကို ဘယ်လိုပေးရမယ်မသိ။ တစ်လောကလုံးကို ခုချိန်ခါမှာ အမည်းရောင်လွှင်ပြင်ကြီးလို မြင်နေတဲ့ ရီးရာရဲ့ အမြင်အတွေးတွေ ဖြူစင်ကြည်လင်လာအောင် ဘယ်လိုများ ကူညီရပါ့မလဲ။ သက်ရှိသက်မဲ့ အရာအားလုံးကို အမုန်းတရားတွေ ပြည့်နှက်နေတဲ့ သူ့စိတ်တွေကို နူးညံ့နွေးထွေးလာအောင် ဘယ်လိုများ ဆွဲဆောင်စည်းရုံးရပါ့မလဲ။





အလွမ်း အဆောက်အအုံ အပြင်ကို ထွက်လာချိန်မှာတော့ သူတို့အိမ်က ကားဒရိုင်ဘာက သူတို့ရပ်နေတဲ့ရှေ့သို့ လျှောခနဲ ကားထိုးဝင်လာခဲ့ပါပြီ။ သူတို့မိသားစု ကားပေါ်ကိုတက်ကြသည်။ ရီးရာက သူ့ကိုဆွဲကူသူ လက်တွေကို ဖယ်ပစ်ကာ သူ့ဟာသူ ဗိုင်းချဲပေါ်ကထ၍ ကားပေါ်တက်လိုက်ပါသည်။

ဘာပဲဖြစ်ဖြစ် သူ ဗိုင်းချဲပေါ်ကထ,တာ၊ ကားပေါ်တက်တာ စတဲ့ အပြုအမူတွေဟာ နည်းနည်းကလေးတောင် ချည့်နဲ့နေးကွေးနေခြင်းမရှိ။ စိတ်လည်းဆောင် စိတ်လည်းတိုနေတဲ့အတွက် ဆောင့်ဆောင့်အောင့်အောင့်တောင် ဖြစ်နေပါသေးသည်။

ဒီပရက်ရှင် အမျိုးအမည်စုံစုံ ရှိတဲ့ထဲက ရီးရာမှာ ရှိနေတဲ့ ဒီပရက်ရှင်ကတော့ ညှိုးချုံးဆုတ်နစ်သွားတဲ့ ပုံစံမျိုးထက် တစ်လောကလုံးကို မကျေမချမ်း ဒေါသတို့နှင့် တုံ့ပြန်သည့် ဒီပရက်ရှင် အမျိုးအစားဖြစ်သည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



## ※ ၃ ※

"ဟော့ကောင် ရိုးရာ၊ ထ,ကွာ ... ကန်စောင်းသွားရအောင်"

ရိုးရာက ဉာဏကို မှုန်တေတေ ငေးကြည့်လိုက်ကာ ...

"မင်း ရူးနေလား"

"ဟင် ... ကန်စောင်းသွားတာ ရူးတာလား၊ ငါတို့ ဟို အရင်ကလည်း ဒီလိုပဲ သွားခဲ့ကြတာပဲဟာ"

"ဟိုအရင်က ဟိုအရင်လေ၊ အခုကအခု၊ တူလား"

ရိုးရာရဲ့ ခပ်ပြတ်ပြတ်လေသံကြောင့် ဉာဏက သက်ပြင်းတစ်ချက်ချရင်း ...

"ဘာကွာလို့လဲကွာ တူတူပဲဟာ"

"ဟော့ကောင် ဉာဏ၊ ငါ ဒီလိုအခြေအနေနဲ့ ကန်စောင်းကို သွားပျော်နေစရာလား"





"ရိုးရာ ... မင်းအခြေအနေက ဘာဖြစ်နေလို့လဲ၊ ခြေအကောင်း လက်အကောင်း၊ ကောင်းကောင်းလျှောက်နိုင် သွားနိုင်တယ်၊ မသွားနိုင်တဲ့နေရာ မသွားသင့်တဲ့နေရာရယ်လို့ မရှိပါဘူးကွာ၊ မင်း အဲသလိုဖြစ်နေတာ ငါ အရမ်းစိတ်လေတာပဲ"

ဉာဏက ညည်းညူလိုက်ဆဲ အခန်းတံခါးဖွင့်ကာ ခင်းထိုက် ဝင်လာရင်း ...

"အား ... ခုမှ နေသာထိုင်သာ ရှိသွားတယ်"

သူ့ဗိုက်ကို သူပွတ်ရင်းပြောကာ ခပ်လှမ်းလှမ်းက ခေါက်ခုတင်အလွတ်ပေါ် သွားပြီးလဲလျောင်းလိုက်ပါသည်။

"မင်းကိုစောင့်နေရတာ ဗိုက်တောင်အောင့်တယ်ကွာ၊ မင်းလည်း စားသင့်ပြီ ရိုးရာ၊ မနက်က ပေါင်မုန့်လေးတစ်ချပ် အိုဗာတင်းလေးတစ်ခွက်နဲ့ မင်းဗိုက်ထဲ ဘာရှိမှာလဲ၊ အစားစားမှ အားရှိမှာပေါ့၊ မင်းအမေက မင်းစားဖို့ ပြောဦးလို့ မှာလိုက်တယ် ရိုးရာ"

"အားရှိတော့ ငါက ဘာလုပ်ရမှာလဲ"

"ကျွတ် ... မင်းကလည်းကွာ၊ အားရှိတော့ ဘာလုပ်ရမှာလဲ ဆိုတော့ ဘာပြောရမလဲ၊ သက်ရှိသတ္တဝါလေကွာ၊ သက်ရှိသတ္တဝါဆိုတာ အစားစားရမယ်၊ အိပ်ရမယ်၊ ဘာလုပ်ရမှာလဲ ဆိုရင်တော့ ငါလည်း မပြောတတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



“ပြောတတ်ပါတယ် မင်းထိုက်ရာ၊ သတ္တဝါတွေ ဘာကြောင့် အစားစားကြသလဲ၊ ရှင်းရှင်းလေးလေ အသက်ရှင်သန်ဖို့ ပေါ့၊ အသက်ကြာကြာ ဆက်ရှင်သန်ဖို့ လိုအပ်တဲ့ မင်းတို့ စားကြ၊ ငါကတော့ စားလည်းမထူးဘူး မစားဘူးမထူးဘူး၊ မစားချင်လို့ မစားတော့ရော ဘာဖြစ်လဲကွာ”

မင်းထိုက်နှင့် ဉာဏ တစ်ယောက်မျက်နှာတစ်ယောက် စိတ်မာတတ်ကျကျ လှမ်းကြည့်မိကြပါသည်။ စိတ်လည်း မကောင်း ဘာပြန်ပြောရမလဲလည်း မသိပါ။ သူတို့နှစ်ယောက်ဟာ ရီးရာရဲ့အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်။ ရီးရာသတင်းကို သိရချိန်မှာ နှစ်ဦးသား ယူကျုံးမရ စိတ်မကောင်း ဖြစ်ခဲ့ကြပါသည်။

သိက္ခာစ အစောပိုင်းရက်တွေက ရီးရာက သူတို့နှစ်ယောက်ကို အတွေ့မခံပါ။ စင်ကာပူက ပြန်လာပြီးတဲ့နောက် ရီးရာရဲ့မိဘ အစ်မတို့ကလည်း ရီးရာကို ချော့မော့နားချကာ သူတို့ကလည်း ဇွတ်အတင်း လာကြကဲ့အတွက် နောက်ပိုင်းမှာ အတွေ့ခံတာပါ။ ခုတော့ မင်းထိုက်နှင့် ဉာဏသည် ရီးရာအိမ်မှာ ညအိပ်ဖြစ်တဲ့ရက် များပါသည်။ ရီးရာ အနားမှာပဲ အချိန်ပေးရင်း ရီးရာကို အထီးမကျန်အောင် စိတ်ဓာတ်ကျမှု လျော့ပါးအောင် တတ်နိုင်သလောက်တော့ အားပေးအဖော်ပြုနေကြတာပါ။





သို့ပေမဲ့ ရီးရာက သိပ်တော့ပြောင်းလဲတည်ငြိမ်မလာခဲ့ပါ။ ရုတ်တရက်ထပြီး ဒေါသတကြီး ပေါက်ကွဲရင်လည်း ပေါက်ကွဲတတ်သလို စကားပြောဆိုတော့လည်း ဆတ်တီးဆတ်တောက်နှင့် အရာရာကို မကျေမနပ်ပင်။

ရီးရာ ဘာပြောပြော ဘယ်လိုဆက်ဆံဆက်ဆံ သူတို့စိတ်ထဲ ဘယ်လိုမှ ထွေမယူ။ ရံဖန်ရံခါတော့ စိတ်မကောင်းဖြစ်ရသည်။ ဘဝမှာ အချိန်တာတိုတိုပဲ နေရတော့မည်ဆိုတဲ့ သူငယ်ချင်းကို သူ စိတ်ချမ်းသာရင်ပြီးရောဟုသာ ရင်နာနာနှင့် လိုက်လိုက်လျောလျော နေပေးကြပါသည်။

သို့သော် ... သူတို့ဆန္ဒကတော့ ပျော်စေချင်သည်။ ရီးရာကို သူ့အခြေအနေသူ ဓာည်တည်ငြိမ်ငြိမ် ကြည်ကြည်လင်လင် လက်ခံနိုင်ကာ နေရသလောက်အတွင်း ပေါ့ပေါ့ပါးပါး ရွှင်ရွှင်ပျပျ ဖြစ်စေလိုတဲ့ဆန္ဒ ရှိကြပါသည်။

“မင်းလည်း၊ အိမ်ထဲချည်း အနှန်းအောင်းနေနေတာ စိတ်ထွေငြီးစီစီ ဖြစ်နေမှာမို့ ပြောတာလေကွာ၊ နည်းနည်းစိတ်ရွှင်လန်းသွားတာပေါ့”

“ငါမှ မရွှင်လန်းချင်တာ၊ ရွှင်လန်းတော့ရော ဘာလုပ်ရမှာလဲ၊ မင်းတို့ဘာသာ သွားချင်ရင်သွားပေါ့ကွ”

“ငါတို့က မင်းကိုခေါ်ပြီး သွားချင်တာလေ”



www.burmeseclassic.com

www.burmeseclassic.com



"ငါမှ မလိုက်ချင်ဘဲ"

"ပြီးရောကွာ ... ပြီးရော၊ မင်း စိတ်ချမ်းသာသလိုလုပ်"

"ဟော့ကောင် ... အဲဒီစကား မပြောနဲ့ ဉာဏ"

"ဟင် ... ငါဘာပြောမိလို့လဲ"

"စိတ်ချမ်းသာသလိုလုပ် ဆိုတာမျိုး ငါ့ကိုလာမပြောနဲ့"

"ဘာဖြစ်လို့လဲကွာ၊ အဲဒီစကားထဲမှာ ငါ ဘာမှားတာပါသွားလို့လဲ"

"ငါ့ကို စိတ်ချမ်းသာသလိုနေ၊ စိတ်ချမ်းသာသလိုလုပ် ဆိုတာမျိုး ပြောတာက ငါက ကြာကြာနေရတော့မယ့်ကောင် မဟုတ်ဘူး ဆိုတာကို ဆိုလိုတာ၊ နေရသလောက်လေး အတွင်း စိတ်ချမ်းချမ်းသာသာ နေပါကွာဆိုတဲ့ သနားကရုဏာသက်တဲ့လေသံ ထွက်နေတာ ငါ မကြိုက်ဘူး"

ဉာဏနှင့် မင်းထိုက်တို့ ရီးရာကို ခပ်ငေးငေးသာ ကြည့်နေလိုက်မိကြပါသည်။ နည်းနည်းမှ စိတ်မဆိုးပါ။ စိတ်မကောင်းသာ အလွန်ဖြစ်မိပါသည်။ သူ့ခံစားချက်ကို သနားကရုဏာနှင့်သာ စိတ်ထိခိုက်မိပါသည်။

"တူတူ ... တူတူ"

ဉာဏက သူ့ရှေ့စားပွဲခုံက သူ့ဖုန်းကို ကုန်းကာ လှမ်းယူလိုက်ပြီး ...





"ဟယ်လို"

"ဉာဏလား ... ချမ်းပါ"

"သြော် ... အင်း ..."

"အခု ဘယ်မှာလဲဟင်၊ ရီးရာဆီ ရောက်သေးလား"

"သြော် ... ဟုတ်ကဲ့၊ ရောက်ပါတယ် တစ်ခါတလေ"

"တစ်ခါတလေမှ ရောက်တယ်ဆိုတော့ သူက ဉာဏတို့ကိုပါ ရှောင်ရှောင်နေတာလားဟင်"

"သြော် ... ဟို ... ရှောင်နေတာ ဆိုတာ ဘာကိုပြောတာလဲ မသိဘူး"

"ရီးရာက ဖုန်းလည်း 'ပိတ်ထားတယ်လေ၊ သူ့အိမ်ဖုန်း ခေါ်တော့လည်း သူ့အမေက ခေါ်ပေးပါတယ်၊ သူက မပြောတာပါ၊ ချမ်းကို အဲသလိုရှောင်နေသလိုမျိုးပဲ ဉာဏတို့ကိုပါ ရှောင်နေတာလားလို့ မေးတာပါ"

"ဘာအတွက် ရှောင်တယ်လို့ ထင်တာလဲဗျာ၊ ဘာကိုဆိုလိုတာလဲ မသိဘူး"

ဉာဏက ရီးရာကို တစ်ချက်ကြည့်ရင်း ထံ့ရပ်လိုက်သည်။ ရီးရာရဲ့အိပ်ခန်းနှင့် တစ်ဆက်တည်း ဝရန်တာဆီလျှောက်လာခဲ့ပါသည်။ သူပြောဆိုတာတွေကို တတ်နိုင်သလောက် ရီးရာ မကြားစေလိုတာမို့ပင်။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းမြေ့ဆိုတဲ့ ကောင်မလေးဟာ ရိုးရာစိတ်ဝင်စားသော ရိုးရာချစ်သော ရိုးရာဖွင့်ပြောဖို့ နီးနီးကလေးသာ လိုတော့တဲ့ ကောင်မလေး။ ရိုးရာဖွင့်ပြောလျှင်လည်း ချမ်းမြေ့က ခေါင်းညိတ်ဖို့ပဲ သေချာသလောက်ဆိုတာ အပေါင်းအသင်း အသိုင်းအဝိုင်းထဲ နားလည်သိရှိနေကြတာပင်။

"ဦးဏာရယ်... ဝေ့လည်လည် လုပ်မနေပါနဲ့၊ ချမ်း သတင်းတွေ အကုန်ကြားပါတယ်၊ ချမ်းလည်း စိတ်မကောင်းဖြစ်နေတာပါ"

"ဘာသတင်းတွေလဲ မသိဘူး"

"ကျွတ် ... ဦးဏာရယ်၊ ရှင်းရှင်းပြောလိုက်မယ်၊ ရိုးရာဒီမှာ ဆေးရုံတက်တုန်းက သူ့ကိုကြည့်ပေးတဲ့ သမားတော်ကြီးက ချမ်းတို့နဲ့ ဟိုဖက်ဒီဖက် အမျိုးတွေပါ၊ ချမ်းသိပြီးပါပြီ၊ သူ့သတင်းကြားပြီးပါပြီ၊ အရမ်းလည်း စိတ်မကောင်းဖြစ်နေတာပါ"

"........."

"သူက ဟိုတလောက ဘယ်သူ့မှ အတွေ့မခံဘူး၊ သူ့မိသားစုတောင် သူ့အခန်းထဲ ဝင်ခွင့်မပေးဘူး ဆိုတဲ့ထိ ချမ်း သတင်းကြားပါတယ်၊ သူ စင်ကာပူမှာ နောက်တစ်





ကြိမ်သွားထပ် စစ်ဆေးတာလည်း သိပါတယ်၊ ခုလည်း ဖုန်းပိတ်ပြီး အားလုံးကို အဆက်အသွယ် ဖြတ်ထားပေမယ့် ဦးဏာတို့ မင်းထိုက်တို့နဲ့တော့ ဘာပဲဖြစ်ဖြစ် တွေ့ဖြစ်မှာပဲထင်လို့ ဆက်လိုက်တာပါ"

"........."

"ဦးဏာ ... စကားတိုးတိုး,တိုတိုးပဲ ပြောနေပုံထောက်တော့ အခု ရိုးရာတို့အိမ်မှာများ ရောက်နေတာလား၊ ဟုတ်တယ်မို့လားဟင်"

"........."

"အဲဒါဆို ချမ်း သူနဲ့ ခဏဖုန်းပြောပါရစေ"

"........."

"ဦးဏာ ... ခဏပဲ ရိုးရာနဲ့ စကားပြောပါရစေ"

"ချမ်းမြေ့ ... ဟုတ်ပါတယ်၊ ကျွန်တော် မညာဘူး၊ ရိုးရာအိမ် ရောက်နေတယ်၊ ဒါပေမဲ့ ချမ်းမြေ့နဲ့ သူ ဖုန်းပြောမှာမဟုတ်ဘူးဗျ၊ ဘယ်သူနဲ့မှ သူ ဖုန်းမပြောဘူး"

"ဒြော် ... သူ့ကို ချော့မော့တောင်းပန်ပြီး ဖုန်းပြောဖို့ကူပြောပေးပေါ့ ဦးဏာရယ်၊ ချမ်း သတင်းလည်း မေးချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"သတင်းလည်း မမေးနဲ့ဗျ၊ သူ့ကို သတင်းမေးတာ အဲဒီအကြောင်း စကားစပ်ပြီး ဆွေးနွေးပြောဆိုတာ သူ မကြိုက်ဘူး"

"အဲဒါက အမှန်တရားပဲ မဟုတ်လား၊ သူ တည်တည်ငြိမ်ငြိမ် ရင်ဆိုင်နိုင်ရမှာပေါ့"

"ခင်ဗျား ပြောနေတာက သီအိုရီပါဗျာ၊ တည်တည်ငြိမ်ငြိမ်ရင်ဆိုင်လက်ခံနိုင်ရင် ကောင်းမှန်း အားလုံးသိတာပေါ့၊ ဒါပေမဲ့ သူမှ ရင်မဆိုင်နိုင်တာ၊ ခုချိန်မှာ ဘယ်သူဘာပြောပြော သူ တစ်လောကလုံးကိုရော သူ့ဘဝကိုရော နာကြည်းနေတဲ့ အချိန်လေဗျာ"

"ဒါပေမဲ့ ချမ်းကို ပြောမလားလို့လေ"

"ဆောရီးပါ ချမ်းမြေ့ရယ် ... နော်၊ ရိုးရာကို ပုံမှန်ဖြစ်ဖို့ ကျွန်တော်တို့ ကြိုးစားနေပါတယ်၊ သူ နည်းနည်းပုံမှန်လေး စိတ်အနည်ထိုင်လာရင် ချမ်းမြေ့တို့နဲ့လည်း ဆက်သွယ်စကားပြောဖြစ်ဖို့ ကျွန်တော်တို့ ပြောပါ့မယ်၊ အခုက သူက ဘယ်သူ့ကိုမှ စကားမပြောဘူး၊ မဆက်သွယ်ဘူးလို့ သေချာပြောထားလို့ပါ"

"ဒါဆိုရင်လည်း ဒါပဲလေ ဥက္ကာ၊ ချမ်းမြေ့ ဖုန်းဆက်တာ ပြောပေးပါ"





"ဟုတ်ကဲ့"

ဥက္ကာက ဖုန်းပိတ်ကာ ဝရန်တာမှ ပြန်ဝင်လာသည်။

"ချမ်းမြေ့လား"

"အေး"

"ငါမပြောဘူးနော် ... ငါ မင်းတို့ကို သေချာမှာထားပြီးသား"

"အေးပါကွာ၊ အခု ဘယ်မှာခေါ်ပေးလို့လဲ၊ ငါသိပါတယ်"

"ဒေါက် ... ဒေါက်"

တံခါးခေါက်သံ ထွက်လာလေသည်။ ရိုးရာက စိတ်ရှုပ်သလို မျက်မှောင်ကုတ် ရှုံ့မဲ့သွားရင်း စိတ်တိုသံကြီးနှင့် ...

"ဘယ်သူလဲဗျာ"

"ရိုးရာ ... မမပါ"

"မလာနဲ့ဗျာ၊ အလကားနေရင်း လာခေါ်နေတာပဲ၊ ထမင်းမစားဘူး၊ လာမခေါ်နဲ့တော့ဗျာ"

"ခဏလေးပါ ရိုးရာ၊ ထမင်းစားခေါ်ဖို့ မဟုတ်ပါဘူး"

တံခါးက သော့ချပိတ်မထားပေမယ့် မမစပယ်က သူ့ဟာသူ ဖွင့်ဝင်မလာပါ။ အရင်ရက်တွေကတည်းက သူ မလိုလားပဲ ဝင်လာရင် ဒေါသတွေထွက် စိတ်တိုသောင်းကျန်းသော ရိုးရာကို မမစပယ်က လန့်လည်းလန့်ကာ စိတ်အနှောင့်အယှက်လည်း မပေးလိုတာကြောင့်ပါပင်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေး ... ခဏ ဝင်မယ်နော်၊ မင်းအတွက် နာ့စ်လာတယ်"

"အာ ... ဘာနာ့စ်လဲ ... မလိုဘူး"

ဉာဏနှင့် မင်းထိုက်က ရိုးရာကို စိတ်ညစ်ညစ်နှင့် ကြည့်ရင်း ...

"ဟော့ကောင် ရိုးရာ၊ ဆရာဝန်ကြီးက လိုလို့ထားခိုင်းလို့ ဖြစ်မှာပေါ့၊ မင်းကလွှဲည်းကွာ၊ တံခါးဖွင့်လိုက်မယ် ... နော်"

"ဟား ... ရှုပ်ရှုပ်ယှက်ယှက်ကွာ ဘာနာ့စ်လဲ၊ ဘာနာ့စ်မှ ငါ့အတွက် မလိုဘူး၊ ကိုယ့်ဟာကိုယ် နေချင်ပါတယ်ဆိုနေမှ၊ သိပ်စိတ်ရှုပ်ဖို့ ကောင်းတာပဲ"

"ဒါ ... ကျန်းမာရေးကိစ္စလေ ရိုးရာ၊ မင်း ဘာဖြစ်လို့ ခေါင်းသိပ်မာနေတာလဲကွာ၊ လိုအပ်တာလေးတွေတော့ လုပ်ရဦးမှာပေါ့၊ မင်း အသိဉာဏ်ရှိတဲ့ သူတစ်ယောက်ပဲကွာ"

"ဘာထူးမှာမို့လဲ၊ ဟင် ... ပြောစမ်းပါ ဘာထူးမှာမို့လဲကွာ"

"လိုအပ်တဲ့ စောင့်ကြည့်ကုသမှု စောင့်ရှောက်ဖေးမမှုလုပ်သင့်တာပေါ့ကွ"

"လုပ်လည်း တစ်နေ့ သေမှာပဲမို့လား"





ဉာဏနှင့် မင်းထိုက် သက်ပြင်းကြီးတွေသာ ရှိုက်နေမိသည်။ ရိုးရာနှုတ်က "သေ" စကားထွက်လာလျှင် သူတို့ရှေ့ဆက်ပြောဆိုဖို့ အကျပ်ရိုက်သွားကာ စိတ်မကောင်းခြင်းကြီးစွာ အလျှော့ပေး နှုတ်ဆိတ်သွားတော့တာကို ရိုးရာကလည်း ကောင်းကောင်း သိနေသည်။

ဒီကိစ္စနှင့် ပတ်သက်၍ ဒီ "သေ" စကားလုံးကို သူတို့နှုတ်က မထွက်ရက်။ အတုံ့အလှယ် မဆွေးနွေးရက်။

"မောင်လေး ... ရိုးရာ တံခါးဖွင့်မယ်နော်"

"မဖွင့်နဲ့ဗျာ"

မင်းထိုက်က ထိုင်ရာကထကာ ...

"မင်းမလိုချင်လည်း ငြင်းလိုက်ပေါ့ ရိုးရာ,ရာ ... နော်၊ မမစပယ်ကို တံခါးတော့ ဖွင့်ပေးလိုက်မယ်၊ သူဝင်လာရင် မင်း မလိုချင်တာ ပြောလိုက်ပေါ့ ... ဟုတ်လား"

မင်းထိုက်က ပြောလည်းပြော အခန်းတံခါးကိုလည်း သက်ကိုင်ဘုလှည့်ဖွင့်ကာ ဆွဲဟပေးလိုက်ပါသည်။ မင်းထိုက် ဖွင့်ဟလိုက်သော တံခါးမှ မမစပယ် ဝင်လာကာ မမစပယ် နောက်ပါးမှ တစ်စုံတစ်ယောက် ကပ်၍လိုက်လာသည်။ မင်းထိုက်နှင့် ဉာဏက အခန်းရဲ့ဟိုးအတွင်းဘက်ထောင့်က နှစ်ယောက်ထိုင်ဆိုဖာမှာ သွားထိုင်နေလိုက်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေး"

ရိုးရာက မမစပယ်ဘက် ဖျတ်ခနဲ ကြည့်လိုက်ရင်း နောက်က ကောင်မလေးကို အလိုအလျောက် မြင်လိုက်ပါသည်။ ဟင် ... နာ့စ်ဆိုပြီး။ နဂိုက စိတ်မကြည်သာရတဲ့ကြားထဲ ထို ကောင်မလေးပုံစံက တစ်စုံတစ်ရာ အမြီးအမောက် မတည့်သလို သူ့စိတ်ကို ပိုပြီးတိုသွားစေပါသည်။

"သူက ဘာလဲ"

"သူက နာမည်က အလွမ်းတဲ့ မောင်လေး"

ကျွတ် ...။ နာမည်ကိုက စိတ်ပျက်လက်ပျက် ရှိစေလိုက်တာ။ ခုပဲ ချမ်းမြေ့ ဖုန်းဆက်ထား၍ လူက လွမ်းချင်ချင် ဖြစ်နေပါတယ်ဆိုမှ သူက "အလွမ်း"တဲ့။

"ဒါ ... နာ့စ်တဲ့လား"

ရိုးရာက ကောင်မလေးကို ခြေဆုံးခေါင်းဆုံးကြည့်ကာ မနှစ်မမြို့ မေးလိုက်ပါသည်။ ကြည့်ဦးလေ ... လူပုံက။ နာ့စ်ဆိုရင် ထဘီနီလေးနဲ့ဖြစ်စေ ထဘီပြာလေးနဲ့ဖြစ်စေ အပေါ်က ရင်ဖုံးအင်္ကျီဖြူဖြူလေးနဲ့ နာ့စ်ပုံတော့ ထွက်ရမယ် မဟုတ်လား။

ဒီကောင်မလေးကို ကြည့်ပါဦး။

တီရှပ်ဖြူပေါ်မှာ ရှပ်လက်ရှည်နီညိုကွက်လေးကို တံတောင်ဆစ်ထိ လက်ခေါက်ကာ ဝတ်ထားပြီး အောက်က





အရောင်မှိုင်း ဂျင်းဘောင်းဘီနှင့်။ ခေါင်းပေါ်မှာတော့ လူရှည်ချွန် ဦးထုပ်လို့ ခေါ်သံကြားတဲ့ ခပ်ဝိုင်းဝိုင်းလေးမှာ အနားပတ်လည် လက်သုံးလုံးစာလောက် ထွက်နေတဲ့ ဂျီးရောင်ဦးထုပ်လေးနှင့်။ ဆားအိတ်တစ်လုံးကို စလွယ်သိုင်းကာ လွယ်ထားလိုက်သေးသည်။

ဆံပင်က ဘိုကေ။ အသားက ဆွတ်ဆွတ်ဖြူကာ မျက်လုံးဝိုင်းစက်စက်ကလေးနှင့် အလွန်တရာ သွယ်လျ ပိန်ကပ်သော ခန္ဓာကိုယ် မိုးမိုးမတ်မတ်နှင့်။ ဘာလေးနှင့် တူမှန်းမသိ။ သူ့ကို အပြုံးကလေးစွက်၍ မျက်လုံးဝိုင်းလေးတွေနှင့် စိုက်ကြည့်နေပုံက "ဘာမှအားမပေါ်နဲ့ ... ကျွန်မ ကူညီမယ်"ဆိုတဲ့ ရုပ်မျိုး ထွက်နေသည်။

"သူက နာ့စ်ဆိုတာထက် အင်း ... နာ့စ်တော့ မဟုတ်ဘူး"

"နာ့စ်မဟုတ်ရင် ဘာလဲ၊ မမကဘာလို့ နာ့စ်လို့ ပြောသေးလဲ"

"အလွမ်းက ဆေးဝါးကျွမ်းကျင်တက္ကသိုလ်က ဘွဲ့ရထားတာပါ"

"အဲဒီတော့ ဘာဖြစ်လဲ"

"ပြီးတော့ စိတ်ဓာတ်မြှင့်တင်ရေး ပြန်လည်ထူထောင်ရေးနဲ့ ပတ်သက်တဲ့ သင်တန်းတွေ တက်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... အဲဒါတွေက ဘာလုပ်ရမှာလဲ၊ ဘာကြီးတွေလဲ၊ စိတ်ရှုပ်ဖို့ ကောင်းလိုက်တာ၊ မလိုချင်ပါဘူး၊ နာ့စ်လည်း မဟုတ်ဘဲ ဘာကိစ္စ သူ့ကို ခုလိုခေါ်လာတာလဲ၊ အဓိပ္ပာယ် မရှိတာ"

"ကျွန်မ ကိုရိုးရာကို Physically Mantally ပြုစုစောင့်ရှောက်ပေးဖို့ လာခဲ့တာပါ"

တစ်ခွန်းဝင်ပြောလိုက်သော အလွမ်းကို ရိုးရာက မဲ့ရွဲ့၍ကြည့်ကာ ...

"မ ... လို ... ပါဘူး၊ လုံးဝမလိုဘူး၊ ကဲ ... မင်းပြန်လိုက်တော့"

"အခုကတော့ ဒီနေ့အဖို့ အစ်ကိုကို မိတ်ဆက်တဲ့အနေနဲ့ပဲ လာတွေ့တာပါ၊ ဒီတော့ ခဏနေ ကျွန်မ ပြန်မှာပါ၊ အလုပ်သဘောအရ လာမှာက မနက်ဖြန်မှပါ"

"အလုပ်သဘောအရ လာရအောင် မင်းကို ဘယ်သူက အလုပ်ခန့်နေလို့လဲ၊ ဘယ်သူက လက်ခံလို့လဲ၊ မလာနဲ့၊ ဒီနေ့ ဒီကပြန်ရင် အပြီးပဲလို့ သတ်မှတ်ပြီး လုံးဝထပ်မပေါ် မလာနဲ့တော့၊ အိုကေနော်"

အလွမ်းက ပြုံးပြုံးကလေး ခေါင်းယမ်းလိုက်ရင်း ...

"ကျွန်မ နက်ဖြန် အလုပ်ဆင်းမှာပါ"





"မင်းကို ဘယ်သူက အလုပ်ခန့်လို့လဲ"

"အန်တီတို့ ... အန်ကယ်တို့ ... မမစပယ်တို့ ... ကိုရဲတို့ အစ်ကိုရဲ့တစ်မိသားစုလုံးက ကျွန်မကို ဒီအလုပ် လုပ်စေချင်ပါတယ်"

"နေပါဦး ... နေပါဦး၊ မင်းပြောနေတာ တစ်မျိုးပဲ၊ အခုဟာက ဒီလိုလုပ်ဖို့ မင်းက လာကမ်းလှမ်းတာလား၊ ငါ့အမေအမေက မင်းကို လိုက်ရှာငှားတာလား"

"မောင်လေး ... ကောင်းကောင်းပြောပါကွယ်၊ မောင်လေးကလည်း၊ ဖေဖေနဲ့ မေမေရော မမရော အလိုရှိတာပါ၊ အလွမ်းကလည်း မောင်လေးအကြောင်းကြားတော့ ကူညီစောင့်ရှောက်ချင်တယ်"

"ကျွန်တော့်အကြောင်းကြားတော့ ဆိုတာ ဘာအကြောင်းလဲ၊ ဘာကို ပြောတာလဲ မမ၊ နားမလည်ဘူး"

ရိုးရာ ကပ်ဖဲ့တိုက် မေးနေတာကို စပယ်က ဖြေရခက်ကာ မျက်ခုံးလေးတွန့်ပြီး ရှုံ့မဲ့မဲ့လေး ဖြစ်လာသည်။ အလွမ်းက သွားလေးပေါ်ပေါ်အောင် ပြုံးရင်း ...

"အစ်ကို့အကြောင်းဆိုတာ အားလုံးပါ၊ အစ်ကို အခုဖြစ်နေသမျှ အားလုံးပါ၊ အခြေအနေတစ်ခုကို အစ်ကို လက်သင့်မခံနိုင်ဘဲ ဒီအဖြစ်အပျက်ကြီးကို ရန်လုပ်နေတာ၊ ပေါက်ကွဲ



www.burmeseclassic.com

www.burmeseclassic.com



နေတာ၊ မစားမသောက် လူတွေနဲ့မတွေ့ဘဲ နေနေတာ၊ စောစောပိုင်းရက်ကဆို အခန်းထဲ လူဝင်လာရင်တောင် တွေ့ကရာနဲ့ ကောက်ပေါက်တာဆိုတဲ့ အထိ အစ်ကို့စိတ်တွေ ခက်ထန်ကြမ်းတမ်းနေခဲ့တာ၊ အခုကိုပဲ အပြောအဆို အတွေးအမြင်တွေ ဆန့်ကျင်ခွတိုက်နေတာ"

ဉာဏနှင့် မင်းထိုက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ စိတ်မသက်မသာ ဖြစ်လာသည်။ ဒီကောင်မလေးကလည်း ဘာတွေလျှောက်ပြောနေပါလိမ့်။

စပယ်သည်လည်း နီမြန်းလာတဲ့ ရိုးရှာ မျက်နှာကို ကြည့်ကာ အခန်းထဲက မြန်မြန်လစ်ထွက်ပြေးချင်တဲ့ပုံမျိုး ကျဉ်းကျပ် အနေရခက်လာပါသည်။

ရိုးရာနှင့် အလွှမ်းက တစ်ယောက်မျက်နှာ တစ်ယောက်မျက်လုံးများကို တစ်ယောက် စူးစိုက်ကြည့်နေကြပါသည်။ အလွှမ်းက နားလည်ကြင်နာသော အပြုံးစွက်လျက် ညင်ညင်သာသာ နူးနူးညံ့ညံ့။ ရိုးရာက တင်းတင်းမာမာ ခက်ခက်ထန်ထန်။ ခဏတိတ်နေပြီးမှ ရိုးရာက မခိုးမခန့် မထီမဲ့မြင် "ဟွန့်"ခနဲ တစ်ချက်ရယ်သံပြုရင်း ...

"ကဲ ... ဆိုပါဦး ... ဒီတော့၊ ငါက အဲလိုဖြစ်နေတော့ ဘာဖြစ်လဲ"





"အစ်ကို့ကို စိတ်ရောကိုယ်ပါ ပြန်ပြီးဖေးမ ထူထောင်ပေးမှာပါ"

"မင်းက ! ဟာဟာ၊ မင်း အဲလိုဖေးမထူထောင်တော့ ငါက ဘာဖြစ်သွားမှာလဲ"

"အစ်ကို အခြေအနေတစ်ခုကို တည်ငြိမ်ရင့်ကျက်စွာ လက်ခံသွားနိုင်မှာပါ"

"ဟား ... မင်းလို လက်တောက်လောက် မိန်းကလေးက များကွာ၊ အဲဒီတော့ ဘာအကျိုးရှိမလဲ ပြော၊ ငါမသေတော့ဘူးလား"

အလွှမ်းက ရိုးရာကို စိုက်စိုက်လေး ငြိမ်ကြည့်နေရာမှ ...

"သေမယ့်သူက သေမှာပါပဲ အစ်ကို၊ အဲဒီသေခြင်းဆိုတာကို အစ်ကို ခုလို ကြောက်လန့်ဆန့်ကျင်မနေဘဲ ရဲရဲဝံ့ဝံ့ တည်တည်ငြိမ်ငြိမ် လက်ခံရင်ဆိုင်နိုင်အောင် ကျွန်မ အစ်ကို့ကို ကူညီစောင့်ရှောက်မှာပါ"

"ဘာ ..."

ရိုးရာ မျက်နှာက နီရဲခက်ထန်လာပါသည်။

"ငါက သေရမှာ ကြောက်နေတယ် ဟုတ်လား၊ တည်တည်ငြိမ်ငြိမ် ရင်မဆိုင်နိုင်တဲ့ကောင် ဟုတ်လား၊ ဟိတ်ကောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေး … မင်း အခု ထွက်သွား၊ ငါ့အခန်းထဲက အခုထွက်သွားစမ်း၊ ခုချက်ချင်းထွက်”

ရိုးရာ အသံက ခံပြင်းခြင်း ဒေါသထွက်ခြင်းတို့နှင့် တုန်ခတ်နေသည်။ အလွှမ်းက ရိုးရာကို ငေးငေးလေး စိုက်ကြည့်နေမိပါသည်။

❋ ❖ ❋





## ၄

“အလွှမ်း”

“ဟော”

တံခါးကိုတွန်းကာ ချမ်းမြေ့ ဝင်လာသည်။ ချမ်းမြေ့ လက်ထဲမှာလည်း သူ့အိုင်ပက်လေး ပါလာပါသည်။ ခုတင်ပေါ် မှောက်ကာ လက်ပ်တော့တစ်လုံးနှင့် စာကြည့်မျက်မှန်လေးနှင့် အလုပ်များနေသော အလွှမ်းနံဘေး ချမ်းမြေ့က ဝင်ထိုင်လိုက်ရင်း …

“နင် ဘာတွေလုပ်နေတာလဲ”

“ငါ ဂူဂဲလ်မှာ ရောဂါတစ်ခုနဲ့ ပတ်သက်တဲ့ အကြောင်းတွေ ရှာနေတာ ချမ်းရဲ့”

“နင့်ပတ်ဝန်းကျင်က ဘယ်သူ ဘာဖြစ်ပြန်ပြီလဲဟင် အလွှမ်း”

“အဟင်း”



www.burmeseclassic.com

www.burmeseclassic.com



အလွမ်းက စာကြည့်မျက်မှန်လေးကိုဖြုတ်ကာ လူးလဲပြီး ထထိုင်လိုက်ပါသည်။ ချမ်းရဲ့လှပဝင်းစင်သော မျက်နှာလေးကို စေ့စေ့ကြည့်လိုက်ပါသည်။ အဲဒီ ချမ်းမြေ့ဆိုတဲ့ မိန်းကလေးနှင့် အလွမ်းတို့ အိမ်မိုးတစ်ခုအောက် အတူတကွ နေထိုင်ပြီး ကြီးပြင်းခဲ့ကြတာ ဆယ့်ငါးနှစ်ကျော်ခဲ့ပြီ ဖြစ်ပေမယ့် တစ်ယောက်နှင့်တစ်ယောက် အစေးမကပ် ကြည့်မရ မလိုအပ်ဘဲ အခေါ်အပြောမလုပ်ခဲ့ကြတာ အဲဒီဆယ့်ငါးနှစ်လုံးလုံးပါပဲ။

တကယ်တော့ ဘယ်လိုကြီးကြီးမားမား ပဋိပက္ခမှလဲ ရှိခဲ့သည် မဟုတ်ပါ။ သို့ပေမဲ့ ပတ်ဝန်းကျင် နှစ်ဖက်အမျိုးတို့ရဲ့ သွေးထိုးလှုံ့ဆော်မှုတို့က ကလေးအရွယ် လူမမယ် သူတို့နှစ်ဦးနားထဲ နားယောင်အမြစ်တွယ်စေခဲ့တာမို့ မြင်ကတည်းကပင် တစ်ယောက်ကိုတစ်ယောက် အကဲစမ်းစမ်း ခပ်တန်းတန်း ဖြစ်ခဲ့ကြတာပါ။

ချမ်းမြေ့က ဒယ်ဒီ့ဘက်က ပါလာတဲ့သမီး။ အလွမ်းက မာမီ့ဘက်ပါလာတဲ့သမီး။ အသက်အရွယ်ချင်းကလည်း လပိုင်းသာခြားပြီး မတိမ်းမယိမ်း။ သူက ငါ့ကိုကြောမလား စီးမလား ဗိုလ်ကျမလား နိုပ်ကွပ်မလား တိုက်ခိုက်မလားဆိုတဲ့ မလိုလားအပ်သော ကြိုတင်သံသယတွေက ငယ်ရွယ်သူနှစ်ဦးရဲ့ စိတ်နုနုကလေးတွေထဲ လေးပင် ဖိစီးစေခဲ့သည်။





ဒါကြောင့်လည်း မတော်လို့မရတဲ့ ညီအစ်မလို့သာ သတ်မှတ်လိုက်ရပေမယ့် တစ်ယောက်ကိုတစ်ယောက် အမြဲပဲအကဲခတ်ကာ ကြောင့်ကြောင့်ကြကြနှင့် နှစ်နှစ်ကာကာ မရှိနိုင်ခဲ့ကြတာပါ။ ဆယ့်ငါးနှစ်တောင်။ တကယ်တော့ ဆယ့်ငါးနှစ်ဆိုတဲ့ အချိန်ကာလ အရှည်ကြီးဟာ နှမြောတသဖို့ ကောင်းလှပါသည်။

"ဒီမှာ"

"ဘာလဲ ချမ်း"

"ဦးထုပ်လေးတွေ ကြည့်စမ်း၊ Online shopping လုပ်လို့ ရတယ်၊ အိမ်အထိလာပို့မှာ၊ နင်က ဦးထုပ်လေးတွေကြိုက်တတ်တယ် မဟုတ်လား"

အလွမ်းက ချမ်းမြေ့ဖွင့်ထားတဲ့ စာမျက်နှာမှ ဦးထုပ်လေးတွေကို သေချာကြည့်ရင်း ...

"ဟယ် ... နင့်ဟာတွေက အလှစားကြီးတွေ၊ ငါ့ပုံစံနဲ့ ဒီဦးထုပ်တွေ နင်ပဲ စိတ်ကူးထဲမှာ တပ်ကြည့်စမ်းပါဦး ချမ်းရယ် ... ဟီ ဟီ"

ချမ်းမြေ့က အလွမ်းရဲ့ဖြူရှင်းရှင်း မျက်နှာလေးကို ကြည့်လိုက်ပါသည်။

"စိတ်ကူးထဲ တပ်ကြည့်တော့ နင် အရမ်းလှမယ်ထင်တာ၊ ဒါကြောင့်မို့လို့ ငါ လာပြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အလွမ်းက အကြီးကြီးပြုံးရင်း ရုတ်တရက် ချမ်းမြေ့ကို ကျူးဖက်လိုက်သည်။

"ချမ်း"

"........."

အလွမ်း အပြုအမူကြောင့် ချမ်းမြေ့က ရုတ်တရက် ဝမ်းနည်းသလိုလို ငိုချင်သလိုလိုကြီး ဖြစ်သွားပါသည်။

"ငါ အချိန်တွေကို နမြောလိုက်တာဟယ် ... သိလား"

"........."

"နင်ရော မနမြောဘူးလား ချမ်း"

"အင်း"

ချမ်းမြေ့က သူနဲ့အလွမ်း ခုလိုဖက်ရမ်း ချစ်ခင်နေထိုင်ပြမှုရတာမျိုး ထုံးစံအစဉ်အလာ မရှိ၍ အနည်းငယ် ရှက်တက်တက် ဖြစ်လေသည်။

"ဟုတ်တယ်၊ ငါတို့နှစ်ယောက် လွန်ခဲ့တဲ့ ၁၅ နှစ်ကတည်းက ခုလို ချစ်ခဲ့ကြရမှာ၊ ငါ ပြန်စဉ်းစားလိုက်တိုင်း နင်နဲ့ ဒက်ဒီနဲ့ ငါ့အပေါ် ကောင်းခဲ့တာတွေချည်းပဲ စဉ်းစားလို့ရတယ်၊ မကောင်းခဲ့တာ မရှိဘူး၊ ဒါတောင် ငါ အချိန်တွေ ဖြုန်းခဲ့တယ်"





"ငါလည်း အတူတူပဲဟာ အလွမ်းရယ်၊ မာမီက ငါ့အပေါ် အမေရင်းတစ်ယောက်လို ကောင်းတယ် နင်လည်းမကောင်းတာ ဘာမှမလုပ်ခဲ့ဘူး၊ ငါလည်း နင့်အတိုင်းပဲပေါ့၊ ငါတို့ ချင်း အကဲခတ်သွေးတိုးစမ်းနေကြတာ အချိန်တွေပုပ်တယ်"

"ဟုတ်တယ်၊ ငါ အခုလေ အချိန်ဆိုတာဟာ ဆယ်နှစ်မှ မဟုတ်ဘူး၊ တစ်နှစ်ပဲဖြစ်ဖြစ် တစ်လပဲဖြစ်ဖြစ် တစ်ရက်တည်းဖြစ်ဖြစ် အို ... တစ်နာရီလေးပဲဖြစ်ဖြစ်ဟာ အရမ်းတန်ဖိုးရှိတယ်ဆိုတာ လူတွေ သိပ်သိစေချင်တာပဲ သိလား၊ ငါ အခု သတင်းကြားသလောက် ဝေဒနာသည်တွေ လူနာတွေကို သွားပြီးဖေးမနှစ်သိမ့်ပေးချင်နေတာ အဲဒါကြောင့်လေ"

"ကဲပါ အလွမ်းရာ၊ ဒါတွေ ထားလိုက်၊ ဦးထုပ်တွေကြည့်စမ်းပါ၊ နင် ဘယ်ဟာယူမလဲ၊ ငါဝယ်ပေးမလို့"

"တခြားဟာတွေ ရှိသေးလား"

ချမ်းမြေ့က နောက်စာမျက်နှာတစ်ခုကို Click လုပ်ကာ ဖွင့်လိုက်သည်။

"ဒီမှာရော"

"အင်း ... အင်း ... ဒါတွေက တော်သေးတယ်၊ ရိုးရိုးလေးတွေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်ရွေး"

"ဒါလေးရော၊ ဒီဟာလည်း မဆိုးပါဘူး နော်"

"နှစ်ခုယူ"

"အာ ... တစ်ခုပဲတော်ပြီပေါ့၊ နင့်ဦးထုပ်တွေက ဈေးကြီးတယ်၊ တစ်သောင်းကျော် နှစ်သောင်းနားတွေ ကပ်နေတာ၊ ငါ အခုဆောင်းတဲ့ ဦးထုပ်လေးတွေက လေးငါးခြောက်ထောင်လောက်ပဲ ပေးရတာတွေဟ"

"ဈေးနည်းနည်းများလည်း အသုံးတည့်တာပဲဟာ၊ နင်ကြိုက်တာပဲ၊ နင်က အပြင်ထွက်ရင် ဦးထုပ်လေးတွေဆောင်းနေကျပဲဟာ"

"ဒီတစ်ခု ယူမယ်ဟာ၊ အကွက်လေး ... မိုက်တယ်"

"နောက်တစ်ပတ် နင့်မွေးနေ့ရှိတာလေ၊ အဲဒီနေ့တော့ အမိရမှာ မဟုတ်ဘူးဟ၊ သူတို့ကို ငါဆက်သွယ်ပြီး မေးကြည့်တော့ နှစ်ပတ်တော့ အနည်းဆုံး ကြာမယ်တဲ့"

"ဘယ်တော့ ရရပေါ့ဟာ"

"ဒက်ဒီက နင့်ကို iphone5 မဝယ်ပေးသေးဘူးလား ခုထိ"

ဟိုးအရင်က ဆိုရင်တော့ သူ့ကို ဒါဝယ်ပေးတယ်၊ ငါ့ကိုကျ မဝယ်ပေးဘူး ဆိုတာမျိုး၊ သူ့ဟာပိုကောင်းတယ် ငါ့ဟာ သိပ်မလှဘူး ဆိုတာမျိုး၊ အလွမ်းနှင့် ချမ်းမြေ့တို့ ကပ်ကပ်





တွက်တွက် တွေးဖြစ်ကြစမြဲပါ။ နှစ်ဦးအကြားမှာ ဖြူစင်သန့်ရှင်းသော မေတ္တာတရားဆိုတာ ရှိလာတော့လည်း သူတစ်ယောက်တည်းရမှာကိုလည်း မနာလိုမရှိပြန်ပါ။

"ဒက်ဒီကို ပြောထားတယ်၊ iphone5 မဝယ်ပေးပါနဲ့လို့၊ ပေးနိုင်သလောက် မုန့်ဖိုးပိုက်ဆံပဲပေးပါလို့၊ ငါလှူချင်တာလေးတွေ ရှိတယ်ဟ၊ ငါစုထားတဲ့ ပိုက်ဆံက မရှိသလောက်နည်းနေပြီ ... အဟီး၊ လှူလိုက်ရင် ဒက်ဒီလည်း ကုသိုလ်ရတာပေါ့"

"အင်း ... အဲဒါလည်း ကောင်းတာပဲ၊ နင်က စိတ်ကောင်းရှိတယ်"

"အာ ... အဲလိုမပြောပါနဲ့ ချမ်းရာ၊ ရှက်တယ်"

"အဲဒါ ရှက်စရာလားဟဲ့ ... နင်ကလည်း"

အလွမ်းက အပြုံးကလေးနှင့် ချမ်းမြေ့ရဲ့လက်ဖျားလေးကို ဆုပ်ကိုင်ရင်း ...

"အဲလိုမဟုတ်ဘူး ချမ်းရဲ့၊ လောကကြီးမှာ လူတိုင်းလူတိုင်းပဲ အခြေခံစိတ်ကောင်း ရှိကြပါတယ်၊ စိတ်ကောင်းရှိတယ်ဆိုတာ ပြနိုင်ဖို့ သိနိုင်ဖို့ကလည်း အခြေအနေပေးဖို့လိုသေးတယ်၊ တချို့လူတွေကျတော့ ကိုယ်စိတ်ကောင်းရှိမှန်း ကိုယ့်ဟာကိုယ် သိနိုင်ဖို့တောင် အခြေအနေက



www.burmeseclassic.com

www.burmeseclassic.com



မပေးတာ ရှိသေးတယ်၊ စိတ်ပုပ်တတ်တဲ့သူတောင် အမြဲတမ်း စိတ်မပုပ်ဘူး၊ သူဟာ စိတ်ကောင်းရှိပါလားလို့ သောလူက အမြင်ခံရဖို့ အတွက်ကျပြန်တော့လည်း အဲဒီလူမှာ လူခွန်အား စိတ်ခွန်အား ဥစ္စာခွန်အားတွေ လိုသေးတယ်၊ မပေါ်လွင်တာသာရှိတယ်၊ လူတိုင်းစိတ်ကောင်းရှိကြပါတယ်ဟား အနည်းဆုံး ကိုယ့်ဘဝရဲ့အချိန်တော်တော်များများမှာ စိတ်ကောင်းရှိဖူးကြပါတယ်"

ချမ်းမြေ့ကပြုံးကာ အလွမ်းပခုံးကို ဖက်လိုက်ပါသည်။

"နင်က စကားလည်း သိပ်ပြောတတ်တာပဲ၊ ငါဆိုရင်တော့ စကားမပြောတတ်တာနဲ့ပဲ ကိုယ့်ရင်ထဲက ဆိုလိုချင်တာတွေ ပေါ်လွင်တယ်ကို မရှိဘူး၊ ငါ သိပ်သေသေချာချာ မပြောတတ်ပေမယ့် ငါ နင့်ကို ညီအစ်မအရင်းအတိုင်း ချစ်တယ် ဆိုတာတော့ နင်သိနော်"

"အင်း ...၊ ငါလည်း နင့်ကို ပိုးဥတို့ ဘုံဘုံတို့နဲ့ အတူတူ ချစ်တယ်"

ပိုးဥဆိုတဲ့ ညီမလေးနှင့် ဘုံဘုံဆိုတဲ့ မောင်ကလေးတို့ဟာ ဒက်ဒီနှင့် မာမီတို့ရဲ့ ရင်သွေးသစ်လေးများမို့ ချမ်းမြေ့နှင့်ကျတော့ အဖေတူအမေကွဲ၊ အလွမ်းနှင့်ကျတော့ အမေတူအဖေကွဲ မောင်နှမလေးတွေပါ။





"ဟွန့် ... အဲဒါဆို နင် ချစ်တာထက်တောင် ငါကသာသွားပြီ၊ ငါက နင့်ကို ပိုးဥထက်ရော ဘုံဘုံထက်ရော ချစ်တယ် သိရဲ့လား အလွမ်းရဲ့၊ ဟိုနှစ်ကောင်ကိုတော့ မျက်စိနောက်လွန်းလို့ အမြင်ကတ်တယ် ... ဟီဟိ၊ နင်နဲ့ပဲ တည့်တာ"

"သူတို့က ကလေးတွေပဲဟာ ချမ်းရယ်၊ ဘာမှမှ သိပ်နားမလည်တာ၊ ချစ်စရာလေးတွေပါ သနားပါတယ်"

"နင့်လောက် မချစ်ပါဘူး၊ နင့်လောက်လည်း မသနားဘူးဒါပဲ"

အလွမ်းက ပြောင်ချော်ချော်ရုပ်လေးနှင့် မျက်လုံးလေး ထောင့်ကပ်ရင်း ...

"နင် ဒါပေမဲ့ ငါ့ကို နင့်ဘဲလောက်တော့ မချစ်ဘူး မဟုတ်လား"

"ဘုရားရေ ... ဘယ်ကဘဲတုန်း မရှိပါဘူး"

"အဟက် ... အဟက်ဟက်၊ ဟိုးတစ်ခါက နင့်သူငယ်ချင်းတွေ လာလည်ကြတုန်း နင်တို့ပြောတဲ့စကား နားစွန်နားဖျားကြားတာပါဟယ်၊ ဟောလီးဝုဒ်မင်းသား ဂျော့ရှ်ဟာ့ထ်နက်ထ်နဲ့ တူတယ်ဆိုပြီး နင်တို့ ဂျော့ရှ် ... ဂျော့ရှ်နဲ့ ထည့်ပြောနေကြတာလေ"



www.burmeseclassic.com

www.burmeseclassic.com



“ဩော်”

ချမ်းမြေ့ရဲ့အပြုံးလေးက မှေးမှိန်သွားရင်း ...

“အဲဒါ ငါ့ဘဲ မဟုတ်ပါဘူးဟယ်၊ ငါ့ကိုလိုက်နေတာပဲ ရှိပါသေးတယ်၊ ငါ အဖြေမပေးထားပါဘူး”

“ဒါပေမဲ့ နင် ပြောတဲ့ စကားတွေထဲမှာလည်း သံယောဇဉ်တွေ ပါနေပါတယ်ဟာ၊ သူတို့စတာကိုလည်း နင်ကျေနပ်နေတဲ့ပုံ သိသာပါတယ် ချမ်းရာ”

“ဒါပေမဲ့ ... သူနဲ့ငါ မဖြစ်နိုင်ပါဘူးဟာ”

“ဒါဖြင့် နင်ကြိုက်တာ ဘယ်သူလဲ၊ ဒက်ဒီ့သူငယ်ချင်းသားရာဇာ ဆိုတဲ့တစ်ယောက်ကိုလား”

“သူ့ကိုလည်း မကြိုက်ရသေးပါဘူး၊ သူတို့နှစ်ယောက်လုံးကို ငါ စဉ်းစားနေတုန်းပဲ ရှိသေးတာပါ၊ သူများကို လိုက်ပြောနေ၊ နင့်ဘဲကကော ဘယ်သူလဲဟင် အလွမ်း၊ ငါသိချင်လို့၊ ငါ့ကို ပြောပြစမ်းပါ”

အလွမ်းနှင့် ချမ်းမြေ့တို့ရဲ့ ရင်းနှီးချစ်ကြည်မှုကာလဟာ ခုမှ သုံးလေးလမျှသာ ရှိသေးတာဖြစ်တဲ့အတွက် အပြင်လောက အပေါင်းအသင်း သူငယ်ချင်းတွေကြားက အကြောင်းအရာတွေ ရင်ခုန်ဇာတ်လမ်းတွေကို တစ်ယောက်အကြောင်းတစ်ယောက် မသိပါ။





“မရှိဘူး၊ တကယ်မရှိတာပါ ချမ်းရဲ့၊ ရည်းစားတွေဘဲတွေမရှိသလို ငါ့ကိုကြိုက်တဲ့သူတောင် များများစားစား မရှိပါဘူးဟာ၊ ငါက နင့်လို လှလှပပလေးမှ မဟုတ်တာ ချမ်းရဲ့”

“အမယ် ... နင်က အရမ်းချစ်ဖို့ ကောင်းတယ်၊ နင့်ရုပ်လေးက အဆန်းလေး၊ မျက်နှာပေါ်မှာ စကားလုံးတွေ အဓိပ္ပာယ်တွေ အများကြီးရှိနေတဲ့ရုပ်၊ အလွမ်း ဆိုတဲ့အတိုင်း နင့်မျက်လုံးထဲမှာ အလွမ်းတွေ ရှိနေသလို ရုပ်လေးလေ”

“ဟား ဟား ... ရာကြဲချီးကျူးတတ်လိုက်တာ ချမ်းရယ်၊ ငါ့ပါးစပ်က တစ်ချိန်လုံး နားရွက်တက်ချိတ်မလို အမြဲပြုံးနေတာကြီးများ”

“ပြုံးတော့ ပြုံးနေတယ်၊ မျက်လုံးလေးတွေကတော့ လွမ်းနေတယ်”

ချမ်းမြေ့က အလွမ်းဘက်ကို တည့်တည့်လှည့်ကာ စေ့စေ့ကြည့်လိုက်ပါသည်။ အလွမ်းက ထုံးစံအတိုင်း တောက်တောက်ပပလေး ပြုံးနေသည်။

“နင့်ကို ငါ ဟိုးအရင်တုန်းက ခုလို စေ့စေ့တောင် မကြည့်ဖူးဘူး၊ ဒါပေမဲ့ခုတော့ နင့်ကို ကြည့်လိုက်တိုင်း နင့်မျက်လုံးတွေကိုမြင်တိုင်း ငါပါလွမ်းလာတယ် သိလား



www.burmeseclassic.com

www.burmeseclassic.com



အလွှမ်း၊ နင် ပြုံးနေတာကို မြင်နေရပေမယ့် ဘာလို့မှန်း မသိဘူး၊ ငါ အလွှမ်းကို ခံစားရတယ်”

ချမ်းမြေ့က ပြောပြောဆိုဆိုနှင့် အလွှမ်းကို သိုင်းဖက်လိုက်ပါသည်။ သူတို့နှစ်ယောက် ရင်ချင်းအပ်ကာ ကျောပြင်တွေဆီ အပြန်အလှန် သိုင်းဖက်ထားကြလျက် ရင်ထဲမှာ တသိမ့်သိမ့်လှိုက်လှဲ့စွာ ခံစားနေရပါသည်။

ချစ်ခင်စိတ် မွေးမြူလိုက်တဲ့အခါ အကောင်းမြင်မိလာတဲ့အခါ တစ်ဦးအပေါ်တစ်ဦး ထားရှိမိတဲ့ သံယောဇဉ်က ပိုမိုတင်းကျပ်လှိုက်လှဲ့လာခဲ့တာပါ။ ရင်ကို ကြည်နူးပူဆွေးမှု ပေးလာခဲ့တာပါ။ အကြာကြီး ဘာကြောင့် စိမ်းစိမ်းကားကား နေမိခဲ့ကြသလဲဆိုတာ တွေးမိရင် အံ့သြစရာတောင် ကောင်းနေပါသည်။

ကမ္ဘာကြီးက လှပနေသော်လည်း အလှကို ခံစားတတ်ဖို့လိုသည်။ လူတိုင်းမှာ ချစ်စရာကောင်းကွက်တွေ အများအပြား ရှိကြသော်လည်း အချစ်ကို ခံစားတတ်ဖို့လိုသည် မဟုတ်လား။

❋ ❖ ❋





❋ ၅ ❋

“ထွက်သွား”

ရိုးရာက အံကိုကြိတ် သွားကိုစေ့၍ အေးစက်စက်ပြောလိုက်ပါသည်။ တံခါးဝမှာ ရပ်နေဆဲရှိတဲ့ အလွှမ်းရဲ့အမေနှင့် ရိုးရာရဲ့အမေနှင့် အစ်မဟာ အလွှမ်းကို မျက်စိပျက် မျက်နှာပျက်နှင့် စိုးရိမ်မကင်း ကြည့်ကြသည်။

အလွှမ်းက သွားကလေးဖြီးကာ ရယ်ပြရင်း ...

“သမီးကို ထားခဲ့ပါ ... ရတယ်”

အလွှမ်းရဲ့အမေက ရိုးရာရဲ့အမေ ဒေါ်ယဉ်ယဉ်လက်ကို ဆုပ်ကိုင်လိုက်ရင်း ...

“မယဉ် ... ထားခဲ့လိုက်ပါ ရတယ်”

ဒေါ်ယဉ်ယဉ်က စိတ်မဖြောင့် လက်မဖြောင့်ပုံစံနှင့် ဒေါ်နုနုငယ် ဆွဲခေါ်ရာဆီသို့ ပါလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးက ဟိုးငယ်ငယ်ကတည်းက အဲလိုပဲ မယဉ်ရယ်၊ သူလုပ်ချင်ပြီဆိုရင်ကို တားမရတော့ဘူး၊ နုနုကလည်း သူ့ကို အလိုလိုက်ခဲ့တယ်၊ အဖေမရှိရှာဘူးလေ ဆိုပြီးတော့ တစ်ကြောင်း၊ နောက် သူ လုပ်ချင်တာတွေကလည်း မကောင်းတဲ့လုပ်ရပ် တစ်ခုမှမပါဘူးဆိုတော့ ခွင့်ပြုပေးတာချည်းပါပဲ ...

ခုနောက်ပိုင်းတော့ သမီးက အရင်ကထက်တောင်ပိုလာတာပေါ့လေ၊ ခုဆို ,အချိန်ပြည့်လိုပဲ လူမှုရေးတွေ အလှူအတန်းကိစ္စတွေ ကူညီရေးကယ်ဆယ်ရေးတွေ ဒါတွေပဲ လိုက်လုပ်နေတော့တယ်၊ သူ ဝါသနာကိုလည်းပါတာ၊ နောက်ပြီး အခု သူ့ဒက်ဒီကလည်း သူ့ကို နောက်ကပံ့ပိုးတယ်၊ ကားတစ်စီးပေးထားပြီး ငွေရေးကြေးရေးလည်း သူ လုပ်ချင်တာတွေကို ထောက်ပံ့ပေးနေတယ်လေ၊ ဒီတော့ သူ တက်ကြွနေတာပေါ့"

ဒေါ်ယဉ်ယဉ်က ဒေါ်နုနုငယ်ကို ဓေ့စေ့ငေးငေးကြည့်နေပါသည်။ သူ့ရင်ထဲမှာတော့ သားအတွက် ယူကျုံးမရ ပူဆွေးမှုက အချိန်အခါမလပ် မိနစ် စက္ကန့်တိုင်း လောင်မြိုက်နေဆဲမို့ စကားများများ ဖွယ်ဖွယ်ရာရာ မပြောနိုင်ပါ။





ရိုးရာက အဖေ အမေကိုလည်း စကားသေချာမပြောအစ်မနှင့် ယောက်ဖကိုဆို သူ့စိတ်မကြည်ရင် မကြည်သလိုအော်လိုအော် ဟောက်လိုဟောက်။ တသီးတသန့်ကြီးလို နေပစ်လိုက်တာ။ သူ စိတ်ဓာတ်ကျနေတာအပြင် သူချစ်ခင်တဲ့ သူတွေနဲ့ ခွဲခွာရခင်မှာကတည်းက ခွဲခွာရတဲ့အခါ သံယောဇဉ်ဖြတ်နိုင်အောင် ကျင့်နေလေတာလားလို့ ဒေါ်ယဉ်ယဉ် ထင်မိသည်။

အဲသလိုအနေအထားမှာ သား စိတ်ပြေလက်ပျောက်လေး ပြန်ဖြစ်ရင်လည်းဖြစ်လာ၊ အနည်းဆုံး ဒီကောင်မလေးက အဖော်လေးရယ်လို့ပဲရရ ရယ်လို့သာ။

"ကိုရိုးရာကို စိတ်အပြောင်းအလဲလေးဖြစ်အောင် ပုံမှန်လေးပြန်ဖြစ်လာအောင် အလွမ်း ကြိုးစားကူညီချင်လို့ပါ"

အလွမ်းက အဲသလိုပြောတော့ ဒေါ်ယဉ်ယဉ့်စိတ်ထဲ တစ်မျိုးပဲလိုလိုတော့ ဖြစ်မိပေမယ့် စပယ်တို့ ကိုရဲတို့က တိုက်တွန်းကြသည်။

"ခွင့်မပြုစရာ ဘာရှိလဲ မေမေရယ်၊ အလွမ်းအမေကတောင် သူ့သမီး ဒီလိုလာဖေးမချင်တာကို ခွင့်ပြုပေးသေးတာပဲ၊ မောင်လေးမှာ အဖော်လေးပဲရရ၊ အနည်းဆုံးတော့ သူ အလွမ်းကို ဒေါသတွေ ထွက်နေရရင်တောင် အခန်းတံခါး ပိတ်ပြီး တစ်ယောက်တည်း အထီးကျန်တွေးတော ငိုနေလုပ်နေမယ့် အချိန်မျိုးတွေ လျော့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မေမေ၊ သူတို့ချင်း မတိမ်းမယိမ်း ရွယ်တူချင်းလည်းဖြစ်တယ်၊ လူကြီးတွေဆီက မရနိုင်တဲ့ ခံစားချက်မျိုး ရနိုင်တယ်၊ သူ အော်ဟစ်ဆက်ဆံလွှတ်ရင်တောင် သူ့စိတ်ထွက်ပေါက် ရတာပဲ၊ ကောင်မလေးကတော့ ဘာပြောပြော ဖြုံမယ့်ပုံ မရဘူး၊ ပြုံးပြုံးလေးနဲ့ အေးတိအေးစက်ခိုင်မာတယ်နော် မေမေ၊ စိုးရိမ်ချင်းစိုးရိမ် ကောင်မလေးအတွက်ပဲ စိုးရိမ်ရမှာ၊ ရိုးရာအတွက်က ဘာပူစရာရှိလို့လဲ၊ လွှတ်ထားလိုက်ပါ"

ရိုးရာရဲ့အဖေဖြစ်သူ ဦးမြတ်ကိုကတော့ ပထမဆုံးအကြိမ် ဒေါ်နုနုငယ်နှင့် အလွမ်းတို့ရဲ့ ပြောစကား ဆိုစကားတို့ကို နားထောင်ပြီးကတည်းက ...

"သူတို့သားအမိလေး စကားတွေနားထောင်ရတာ ကိုယ့်စိတ်ထဲ တစ်စုံတစ်ရာ ထိခိုက်ခံစားရသလိုပဲ၊ သားကို ဒီကလေးမလေးနဲ့ ခင်မင်စေချင်တယ်"

အဲသလိုပြောပြီးပါပြီ။ ဒေါ်ယဉ်ယဉ်သာ ခုချိန်ထိ သားဖြစ်သူ စိတ်အနှောင့်အယှက် ဖြစ်မလားလို့ တွေးပူနေမိသေးတာ။ သို့ပေမယ့် အလွမ်း ရောက်လာပြီး တစ်စုံတစ်ရာ ပြောဆိုပြီး သွားအရောဝင်နေလို့ သူ့သားလေး ဒေါသတကြီးပဲ အော်ထုတ်နေပါစေဦး သားအခန်းတံခါးသော့ချပြီး ငြိမ်သက်တိတ်ဆိတ်





နေတာထက်တော့ ဒေါ်ယဉ်ယဉ့်စိတ်ထဲ သက်သောင့်သက်သာဖြစ်နိုင်ပါသေးသည်။

ဒီတော့ စိတ်မထင့်တထင့်နဲ့ပဲ သဘောကျသလိုလို မကျသလိုလို စောင့်ကြည့်နေလိုက်ရပါသည်။ ခုဆို အလွမ်းလာတာ သုံးကြိမ်ရှိပြီ။ ပထမတစ်ကြိမ်က အော်ဟစ်မောင်းထုတ်မရတဲ့အဆုံး ရိုးရာက အလွမ်းကို လက်မောင်းမှကိုင်ကာ အခန်းပြင်ဘွန်းလွှတ်ထုတ်ခဲ့သည်။ နဂိုက ရိုးရာဟာ ရိုင်းတဲ့သူတစ်ယောက်မဟုတ်၊ ယဉ်ကျေးမှုရှိတဲ့ လူငယ်တစ်ယောက်မို့ သူ့လုပ်ရပ်ကိုသူ့ဟာသူ ပြန်တွေးပြီး မလုပ်သင့်ကြောင်း နားလည်လေသလားမပြောတတ်။

နောက်တစ်ခေါက်မှာ အလွမ်းကို အတင်းတွန်းထိုးမထုတ်တော့ပါ။

"မယဉ် ကျန်းမာရွှေ ဂရုစိုက်ဦးနော်၊ တရားလေးနဲ့ဖြေသိမ့်လို့ရအောင် ကြိုးစားပါ မယဉ်ရယ်၊ တကယ်တော့ ဖြေသိမ့်လို့ရဖို့ ဘယ်လိုမှ မလွယ်ဘူးဆိုတာ နုနုလည်းနားလည်ပါတယ်၊ ဒါပေမဲ့ မိခင်ဖြစ်တဲ့သူက ပူပြင်းတောက်လောင်နေရင် ဖွင့်မပြောသည့်တိုင်အောင် ကိုယ့်သားသမီးရင်ထဲမှာလည်း အလိုအလျောက် မချမ်းမြေ့နိုင်ဘူး၊ ကူးစက်ပါတယ်၊ သူတို့ ပိုဖိစီးပါတယ် မယဉ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယဉ်ယဉ်က ဒေါ်နုနုငယ် တရားချကာမှ မျက်ရည်တစ်စက် ပေါက်ခနဲ ပြုတ်ကျလာပါသည်။

"ခုချိန်က မယဉ်ချစ်တဲ့ သားအတွက် ဘယ်လိုအရာတွေက အကောင်းဆုံးဖြစ်မလဲဆိုတာ ခေါင်းအေးအေးစဉ်းစားပြီး အစစအရာရာ သူကောင်းဖို့ သူပျော်ဖို့ သူစိတ်အေးချမ်းဖို့ သူစိတ်ချဖို့ သူဖြေသိမ့်နိုင်ဖို့ သူ့အတွက် လမ်းကြောင်းကောင်းဖို့ ဖြောင့်ဖို့ အသိမ်မွေ့ဆုံး အနူးညံ့ဆုံး ကိုယ့်ဘက်က လုပ်ပေးနိုင်သမျှ လုပ်ပေးရမယ့် အချိန်ပဲ မယဉ်"

"ဟုတ်ပါတယ် နုရယ်၊ နုပြောတာတွေ မှန်မှန်းသိပါတယ် ဒါပေမဲ့ ..."

"ရိုးရာစိတ်တွေ နည်းနည်းအေးချမ်းပြီး သူ တည်ငြိမ်လာတဲ့အခါ မယဉ်လည်း ဒီထက်ဖြေသိမ့်လာနိုင်မှာပါ၊ အချိန်တစ်ခုပါပဲ ခဏပါပဲ မယဉ်၊ ရိုးရာလည်း ပညာတတ်တဲ့ အသိဉာဏ်ရှိတဲ့ ကလေးပဲ၊ အခုက သူ့အဖြစ်ကို သူဘယ်လိုမှ လက်မခံချင်ဘဲ ဖြစ်နေသေးတာပါ၊ အမှန်ကိုမြင်တတ်တဲ့ ကလေးမျိုးပါ၊ မယဉ် စိတ်အေးအေးထားပါနော်"

"ကျေးဇူးလည်း တင်ပါတယ်၊ ခုချိန်မှာနုတော့ ယဉ်လည်း ပူထူနေတာပါပဲ နုရယ်"

"နုနု ပြန်လိုက်ဦးမယ်"





"အလွမ်းကို ထားခဲ့မလား အန်တီ"

"သူက ပြန်လိုက်ဦးမှာ မဟုတ်ဘူး၊ ထားခဲ့မယ်၊ အန်တီ ကားမောင်းပြန်လိုက်မယ်၊ ညနေမှဖြစ်ဖြစ် ပြန်လာကြိုမယ်"

"အန်တီ လာမကြိုနဲ့တော့၊ စပယ်နဲ့ ကိုရဲ အလွမ်းပြန်ချင်တဲ့အချိန် သေချာပြန်ပို့ပေးပါ့မယ်"

"အင်း ... အဲလိုလည်း ဖြစ်တာပဲ သမီး၊ သမီးတို့ ကိစ္စ ဝိစ္စရှိလို့ ကားတွေဘာတွေ မအားရင်သာ အန်တီ့ဆီဖုန်းဆက်လိုက်၊ အန်တီက အားနေတာပါ"

"ဟုတ်ကဲ့ အန်တီ"

ဒေါ်နုနုငယ်က ဒေါ်ယဉ်ယဉ်လက်ကို တစ်ချက်ဆုပ်ညှစ် အားပေးရင်း ထိုင်ရာက ထ,ရပ်လိုက်ပါသည်။

❋ ❖ ❋

"မင်း ဘယ်လိုမိန်းကလေးလဲ ... တောက်"

အလွမ်းက ရိုးရာရဲ့ စာကြည့်စားပွဲက စာအုပ်တချို့ ရှုပ်ပွနေတာကို စီထပ်ပေးနေရင်း စကားမပြန်ပါ။

"ဟိတ် ... ငါ မေးနေတယ်လေ၊ မင်း နားမကြားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အဟဲ ... အလွမ်း နားကြားပါတယ် အစ်ကိုရဲ့၊ အစ်ကို့မေးခွန်းက ဖြေရခက်လို့ပါ၊ ဘယ်လိုမိန်းကလေးလဲဆိုတော့ ဘယ်လိုဖြေရမလဲ၊ စိတ်ကောင်းရှိပြီး ကြင်နာတတ်တဲ့ မိန်းကလေးပါလို့ ဖြေရမှာလား၊ သူများကို ပျော်အောင် စိတ်ချမ်းသာအောင် ကူညီချင်တဲ့ မိန်းကလေးလို့ ဖြေရမှာလား၊ သိပ်ကြီး မချောမလှပေမယ့် ချစ်စရာ စိတ်ဝင်စားစရာ ..."

"မင်း ဘာတွေ လျှောက်ပြောနေတာလဲ"

"........"

"အရှုံးမ"

"အဟီးဟီး ... အင်းလေ အဲသလိုမျိုး အဖြေရခက်တယ်လို့ ပြောတာ"

"အလကားနေ ရယ်မနေနဲ့၊ ငါ မရယ်နိုင်တဲ့အချိန်မှာ ငါ့ရှေ့မှာ ရယ်နေတဲ့သူကို မုန်းတီးတယ်"

"မရယ်တာက အစ်ကို့စိတ်ကြိုက် အစ်ကို နေနေတာပဲ၊ အခုချက်ချင်း ပါးစပ်ကိုဖြဲပြီး အဟီးဟီးလို့ ရယ်လိုက်ရင် ရယ်နိုင်တာပဲဟာကို"

"မင်းကို ငါပြောနေတယ်၊ အခုချက်ချင်း မင်းလုပ်နေတာတွေရပ်ပြီး အခန်းထဲကထွက်သွား"





"ထွက်သွားပြီး ဘာသွားယူပေးရမှာလဲ၊ ထမင်းပွဲလား၊ ယူပေးမယ်လေ"

"တောက်"

"အစ်ကို ဒီမနက် ဘာစားပြီးပြီလဲ"

"အဲဒါ မင်းနဲ့ဘာဆိုင်လဲ၊ မင်းအပူလား၊ ပြီးတော့ ငါ့ကို အစ်ကို အစ်ကိုနဲ့ လာခေါ်မနေစမ်းနဲ့ အော်ဂလီဆန်လိုက်တာ၊ ရွံဖို့ကောင်းတယ်"

"ကိုယ်ထက်ကြီးပေမယ့် ဦးလေးအရွယ်လည်း မဟုတ်၊ အစ်ကိုအရွယ်လောက်ပဲရှိလို့ အစ်ကိုလို့ ခေါ်တာပါ၊ တခြား ခေါ်စရာမှ မရှိတာ"

"ငါ့နာမည်ကို 'ကို'တပ်ပြီး ကိုရိုးရာလို့ ရိုးရိုးသားသား ခေါ်လို့ရတယ်"

"အလွမ်း မခေါ်တတ်ဘူး၊ မမစပယ်ယောက်ျားကို ဆိုရင်လည်း ခပ်ကြီးကြီး အစ်ကိုအရွယ်မို့ အစ်ကိုကြီးပဲ ခေါ်လိုက်တယ်၊ အဲဒါ အငယ်အနေနဲ့ ရိုသေသမှုနဲ့ခေါ်တဲ့ နာမ်စားတွေပါ၊ ချွဲပျစ်ခေါ်တာမှ မဟုတ်တာ"

"အစ်ကို ... အစ်ကို ဆိုတာ ချွဲပျစ်ခေါ်တာ မဟုတ်ရင် ဘာက ချွဲပျစ်တာလဲ"

"တကယ်မေးတာလား၊ ဖြေရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ... ဘယ်လိုဟာမှန်းကို မသိဘူး"

"အစ်ကိုဆိုတာ အစ်ကိုတစ်ယောက်လို့ သဘောထားပြီး ခေါ်တာပေါ့၊ ချွဲပျစ်ခေါ်ချင်ရင် ကိုကိုလို့ ခေါ်မှာပေါ့"

"ကျွတ် ... သွားစမ်းကွာ၊ မင်း မသွားသေးဘူးလား"

"ဟင့်အင်း"

"မင်း ဘာလုပ်နေဦးမှာလဲ ဒီအခန်းထဲမှာ၊ ဘာမှလဲလုပ်စရာမရှိဘဲနဲ့၊ ငါ့ကိုလည်း တွဲနေ ထူနေစရာ မလိုဘူး"

"တွဲမလို့ ထူမလို့လည်း အကြံမရှိပါဘူး ... အဟင်း"

"မင်း အလုပ်မရှိ အလုပ်ရှာ ကောက်ရှင်းနေတဲ့ စားပွဲလည်း ရှင်းသွားပြီ၊ တခြားလည်း ဘာမှလုပ်စရာမရှိတော့ဘူး၊ မင်း ပြန်ရင်ကောင်းမယ်၊ ဘာဖြစ်လို့များ မေမေတို့က မင်းလို မိန်းကလေးတစ်ယောက်ကို ငါ့နားနေဖို့ စိတ်ကူးရတာယ် မသိပါဘူး"

"အဲဒါ အန်တီယဉ့်ကို အစ်ကိုမေးကြည့်လေ ကိုယ်တိုင်၊ ကိုယ့်အမေပဲဟာ၊ စိတ်ထဲရှိတာပြောလို့ သိချင်တာမေးလို့ ရတာပဲ။ စကားမပြော ဘာမပြော နေစရာမှ မလိုတာ"

"ဟော့ ... ငါ့စိတ်နဲ့ ငါ့ကိုယ် ငါ့ဟာငါ ဘာလုပ်လုပ်"

"အိုကေလေ ... ဒါဆိုလည်း သိချင်တာ အစ်ကို မသိရဘူးပေါ့"





"တောက်"

ရိုးရာက တကယ်ကို စိတ်ရှုပ်လက်ရှုပ် တောက်ခေါက်လိုက်မိပါသည်။ ဘယ်က ရုတ်တရက် ဘွားခနဲ ပေါ်လာတဲ့ ကောင်မလေးပါလိမ့်။ ဘာသဘောနဲ့ သူလိုလူတစ်ယောက်အနား လာကာ စကားရော ဖွဲ့ရော လုပ်နေတာလဲ။ သူ့ကိုယ်သူရော ဘာများမှတ်နေပါလိမ့်။

"မင်း မသွားဘူးလား"

"ဟင့်အင်း ... အစ်ကို့အခန်းထဲက ခန်းဆီးတွေ လဲပေးမလို့ ကြည့်နေတာ"

"ဘာလုပ်ဖို့ ခန်းဆီးတွေ လဲရမှာလဲ"

"ခန်းဆီးတွေက နီညိုအပွင့်တွေ ဖြစ်နေတယ်၊ မှိုင်းမှိုင်းကြီးနဲ့ စိတ်နှလုံးကို မကြည်လင်စေဘူး၊ ညှိုးချုံးစေတဲ့ အရောင် ဖြစ်နေတယ်၊ ဖျော့ဖျော့လင်းလင်းလေးနဲ့ စိတ်ကို ကြည်လင်စေတဲ့ အရောင်မျိုး လဲတပ်လိုက်ရင် ကောင်းမယ်"

"ကျွတ်"

ရိုးရာက ရှုံ့မဲ့သွားရရင်း ရုတ်တရက် အကြံတစ်ခု ရသွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း တကယ် ခန်းဆီးလဲပေးမှာလား"

"အင်းပေါ့"

"အင်းလေ ... မင်းပြောတာ မှန်ပါတယ်၊ မင်းစေတနာကို လက်ခံတဲ့အနေနဲ့ အသိအမှတ်ပြုတဲ့အနေနဲ့ မင်း ခန်းဆီး လဲပေးတာကို ငါ လက်ခံလိုက်မယ်"

အလွမ်း မျက်နှာလေးက ဝင်းပသွားပြီး ချက်ချင်းပင် အံ့အားတသင့် အင်တင်တင်နှင့် မယုံချင်သလိုလည်း ဖြစ်သွားရကာ ...

"ရုတ်တရက် စိတ်ကောင်းဝင်သွားပါလား၊ တကယ်ပြောတာလား"

"တကယ်ပေါ့"

"အင်း ... အဲဒါဆိုရင် လဲလိုက်မယ်"

"မေမေ့ဆီမှာမေးပြီး ခန်းဆီးသွားတောင်းလိုက်၊ နှစ်စုံလောက် ယူလာခဲ့၊ ငါရွေးမယ် ... ဟုတ်ပြီလား"

"အင်း"

အလွမ်းက လက်ထဲက လူခေါ်ဘဲလ်ခလုတ်ကလေးကို နှိပ်လိုက်ပါသည်။ ရိုးရာက အံ့အားတသင့်ကြည့်ရင်း ...

"ဘာလဲ ... အဲဒါ"





"ဒါ လူခေါ်ဘဲလ်လေးလေ၊ ခုပဲ အန်တီ့ဆီက တောင်းလာခဲ့တာ၊ အန်တီ အခန်းထဲက နှိပ်လိုက်ရင် မီးဖိုနဲ့ ထမင်းစားခန်းဘက်မှာ သွားမြည်တယ်လေ၊ အိမ်က အစ်မကြီးတွေကို အန်တီ အခန်းထဲကနေ အလွယ်တကူခေါ်လို့ရအောင် ထားတာလေ၊ ခုနက အလွမ်း တမင်တကာ လိုလိုမယ်မယ် တောင်းယူလာတာလေ၊ အန်တီ့လက်ထဲ ကိုင်ထားတာတွေ့လို့ အသုံးလိုမယ်ထင်ပြီး ယူခဲ့တာ၊ အတော်ပဲပေါ့"

ရိုးရာမျက်နှာ ပုပ်သိုးညိုမှောင်သွားရကာ ...

"တောက်"

"ဟင် ... ခစ် ခစ် ခစ် ... အစ်ကိုက ,အလွမ်း အခန်းထဲက ထွက်သွားပြီး ခန်းဆီးတွေ သွားတောင်းနေတုန်း အခန်းတံခါးပိတ်ပြီး သော့ချထားဖို့ ကြံနေလို့လား ... ဟီး ဟီး၊ အဲလို ဘယ်လုပ်ပါ့မလဲ အစ်ကိုကလည်း၊ ဒီလောက်တော့ လည်ပါတယ်"

ရိုးရာသည် သူကြံစည်နေတာကို အလွမ်းက ဒက်ထိ ဆိုမိသိသွား၍ အောင့်သက်သက် ရှုသိုးသိုး ဖြစ်နေပါသည်။ ဘယ့်လိုကောင်မလေးပါလိမ့် ရုပ်လေးက စပ်ဖြီးဖြီးနှင့်။ သူ့ဘဝတစ်လျှောက်မှာ စိတ်ညစ်စရာ စိတ်ဆင်းရဲစရာမှ ကြုံဖူးရဲ့လား။ မွေးကတည်းက ပန်းခင်းပြီး ရွှေမှုန်ကြဲတဲ့ လမ်းပေါ်ပဲ လျှောက်ခဲ့ဖူးသလား။



www.burmeseclassic.com

www.burmeseclassic.com



ငါလည်း အဲလိုပါပဲ … ပန်းခင်းလမ်း ရွှေမှုန်ကြဲ လမ်းကိုပဲ တစ်သက်လုံး လျှောက်လှမ်းခဲ့ဖူးတာပါ။ ဘယ်လောက်ပဲ ဘဝက သာယာပြီးပြည့်စုံစွာ လုပခဲ့ပါစေ ရုတ်တရက် အလစ် အငိုက်မှာ အလဲထိုးချ ခံလိုက်ရသလို အဖြစ်အပျက်မျိုးလည်း ကြုံတွေ့ရတတ်သေးတယ် ဆိုတာ မင်း တွေးမိရဲ့လား။ ငါ့ ခံစားချက်ကို မင်း ဘယ်သောအခါမှ ကိုယ်ချင်းစာတတ်လိမ့်မည် မထင်ပါဘူး ကောင်မလေးရာ။

"ဟော … အစ်မ၊ လာ … လာ"

အခန်းတံခါးပေါက်ဝမှာ ပေါ်လာသော အိမ်အကူ အစ်မကြီးက အခန်းထဲ လုံးဝမဝင်ရဲသလို တစ်လှမ်းမှ ရှေ့တိုးမလာဘဲ အခန်းပြင်မှာပဲ ရပ်နေသည်။

"ဒီအခန်းထဲက ခန်းဆီးတွေ အလွမ်း လဲပစ်ချင်တယ်၊ ခန်းဆီးအပိုတွေ ရှိတယ်မဟုတ်လား အစ်မ"

"ဟုတ်ကဲ့ … ရှိပါတယ်"

"အပြာနုလေးတို့ စိမ်းဝါနုလေးတို့ ရှိလားဟင်"

"ဖက်ဖူးစိမ်းနုနုလေး ရှိပါတယ်၊ ရှေ့တစ်ထပ်က ဖက်ဖူး စိမ်းနုဖြောင့်လေးနဲ့ နောက်ဘက်က ဇာအဝါဖျော့ဖျော့ပါးပါး လေးတစ်ထပ်နဲ့ တွဲတပ်ရတာ"





"ဟုတ်ပြီ … အရမ်းကောင်းတာပဲ၊ အဲဒါလေးတွေ ယူခဲ့ပေးပါ အစ်မ … နော်၊ အလွမ်း ဒီကခန်းဆီးတွေ ဖြုတ်ထားနှင့်မယ်"

"ဟုတ်ကဲ့ … ဟုတ်ကဲ့"

အလွမ်းက စာရေးစားပွဲရှေ့က ကျွန်းကုလားထိုင်ကို ပြတင်းပေါက်တစ်ခုအနား သယ်သွားလိုက်ပါသည်။ ခုတင်ပေါ်မှာ ဖက်လုံးကိုပိုက်ကာ အလွမ်း လုပ်သမျှ မှုန်တေတေကြည့်နေသော ရှီးရှာက ဒေါသထွက်လာရကာ …

"ဒီမှာ"

"အမယ်လေး … လန့်လိုက်တာ အစ်ကိုရာ"

ရှီးရှာ ဆောင့်အော်လိုက်သံကို အလွမ်း တကယ်ပင် လန့်ကာ ပခုံးလေးတောင် တုန်သွားရပါသည်။

"မင်း ယောကျ်ားပျိုတစ်ယောက် အခန်းထဲဝင်ပြီး ဘာတွေ ပိုင်စိုးပိုင်နင်း ခြယ်လှယ်နေတာလဲ၊မင်း ဘာတွေလုပ်နေလဲ မင်းဟာမင်း သိရဲ့လား"

"သိတယ်လေ အစ်ကို၊ အန်တီယဉ်တို့ အန်ကယ်တို့ အားလုံးကလည်း ခွင့်ပြုထားပါတယ်"

"သူတို့ခွင့်ပြုရအောင်၊သူတို့အခန်း မဟုတ်ဘူး၊ ငါ့အခန်း"



www.burmeseclassic.com

www.burmeseclassic.com



"ခန်းဆီးလဲပြီးရင် နေရောင် အလင်းရောင်လေးပါ ဝင်လာပြီး အစ်ကို စိတ်ကြည်နူး ကြည်လင်သွားမှာပါ"

"ဘာမှ ကြည်နူးစရာ အကြောင်းမရှိဘူး၊ ကြည်လည်းမကြည်နူးချင်ဘူး၊ ပြီးတော့ ဒီခန်းဆီးလဲတဲ့ကိစ္စ တစ်ခုတည်းကို ပြောနေတာ မဟုတ်ဘူး၊ မင်း ဝင်ပြီး လုပ်ချင်တာတွေလုပ်၊ ပြောချင်တာတွေပြော စိတ်တိုင်းကျ ထင်တိုင်းကြဲနေတာကို ပြောတာ"

အလွမ်းက ခုံပေါ်တက် ခြေဖျားလေးထောက်ကာ ခန်းဆီးချိတ်တွေကို စတီးပြား အပေါက်လေးတွေမှ ဖြုတ်ယူနေရင်း ...

"အလွမ်း အပြုအမူကို အစ်ကို စိတ်အနှောင့်အယှက်ဖြစ်ကောင်း ဖြစ်မယ်၊ ဒါပေမဲ့ အခု အလွမ်းလုပ်နေတာ အစ်ကို့ကို နားလည်စာနာလို့ ကူညီဖေးမပေးချင်လို့ပါ"

"မင်းနဲ့ ငါ ဘာဆိုင်လို့လဲ"

"မဆိုင်ပါဘူး၊ ဒါပေမဲ့ အလွမ်း မျက်စိရှေ့မှာ ကြေကွဲဆုတ်နစ်နေတဲ့သူတွေ တွေ့ရင် အလွမ်း တစ်ခုခုလုပ်ပေးချင်တယ်"

"လက်ခံတဲ့သူက လက်ခံချင်ဦးမှလေ"





အလွမ်းက ဖြုတ်သွားတဲ့ ခန်းဆီးစကြီးတစ်စကို ကြမ်းပေါ်ပုံချလိုက်ရင်း ...

"အမယ်လေး ... မောလိုက်တာ"

ခါးလေးတစ်ဖက်ထောက် သူ့နဖူးကို လက်ဝါးနှင့်အုပ်ငုံ့ကာ အသက်ပြင်းပြင်း ရှူနေတဲ့ အလွမ်းကို ရိုးရာကခဲ့လိုက်မိရင်း မြန်မြန်မော မြန်မြန်အနားယူပြီး ထွက်သွားပါစေလို့ ဆုတောင်းမိသည်။ မောတာတောင် နည်းသေးသည်။ ဒီခန်းဆီးကြီးတွေ တစ်စ တစ်စ အလေးချိန်ကိုက နည်းတာမှ မဟုတ်တာ။ ဒီနိုညိုကြီးတွေက ကတ္တီပါသားကြီးတွေဖြစ်၍ ပိုတောင်လေးသည်။

သူ့ခန္ဓာကိုယ်လေး ပါးလှပ်လှပ် ပိန်လျလျနဲ့ မမောဘဲနိုင်ပါ့မလား။

"မင်း မောနေလည်း ဆက်လုပ်မှာပဲလား"

အလွမ်းက ရိုးရာဘက် လှည့်ကြည့်လိုက်ရင်း ...

"အဟား ဟား"

"ကျွတ်"

"မောပြီးရပ်သွားပါစေ ဆုတောင်းနေတာကိုး ... အဟီး"

ပြုံးစိစိ ရုပ်လေးကို ရိုးရာက မျက်မှောင်ကုတ်ကြည့်ရင်း ...

"ဒီမှာ အလွမ်း ... မင်းနာမည် အလွမ်း ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... အပြည့်အစုံက အလွှမ်းပြေပါ"

အောင်မယ်လေးဟဲ့ ... လို့သာ ညည်းလိုက်ချင်သည်

"အေး ... အလွှမ်း၊ မင်းကို မေးစမ်းပါရစေ"

"ဟုတ်ကဲ့ ... ဘာမေးမှာလဲဟင်"

"မင်းဘဝမှာ စိတ်ဓာတ်တွေ စုတ်ပြတ်ကျဆင်းမှုးသလား ဆုံးရှုံးမှု ဆိုတာမျိုးကို မွေးကတည်းက ကြုံဖူးရဲ့လား"

အလွှမ်းက ခုံပေါ်ရပ်ရင်းကပင် ရှီးရာဘက်လှည့် အေးအေးချမ်းချမ်းလေး စေ့စေ့ကြည့် ပြုံးလိုက်ပါသည်။

"မမွေးခင်ကတည်းက ကြုံဖူးပါတယ်"

"ကျွတ် ... ငါ အကောင်းမေးနေတာကွ"

"အလွှမ်းလည်း အကောင်းဖြေတာပါ အစ်ကို"

"........"

"အလွှမ်း ကိုယ်ဝန်နဲ့ မာမီ နေ့စေ့လစေ့ ဖြစ်နေတုန်း အလွှမ်းရဲ့ဒက်ဒီက ရှေ့တန်းတစ်ခု သွားရတယ်၊ အဲဒီ ဒက်ဒီ တိုက်ပွဲကျတယ်၊ အဖေဆိုတာကို အလွှမ်း ဓာတ်ပုံပဲ မြင်ဖူးတာပါ အစ်ကို၊ မမွေးခင် လူဖြစ်မလာ ကတည်းက အဖေ ဆုံးရှုံးခဲ့တာပါ၊ ကြီးစွာသောဆုံးရှုံးမှု ပါ၊ မာမီက အဲဒါကြောင့် အလွှမ်းကို မွေးလာ အလွှမ်းပြေလို့ နာမည်ပေးလိုက်တာ ...





နာမည်က 'အ'နဲ့စ,ပေမယ့် အလွှမ်း တနင်္ဂနွေသမီး မဟုတ်ဘူး၊ အလွှမ်းက စနေသမီး၊ သားဦးစနေမို့ အလွှမ်း က ခိုက်လို့ ဒက်ဒီသေရတာ ဆိုပြီး ဒက်ဒီ့ဘက်ကအဘွား က အလွှမ်းကို ဘာမှမသိနားမလည်တဲ့ ရက်သားလေး အရွယ်ကတည်းက မုန်းတီးလိုက်တာ ကြီးတဲ့ထိပဲ၊ တစ်ခါ မှ မချီဖူး မမွေးဖူးပါဘူး၊ အလွှမ်း အခါလည်လောက် အရွယ်ကတည်းက မာမီနဲ့ အဲဒီအဘွား မတည့်ကြတော့လို့ အလွှမ်းတို့ အဲဒီအိမ်ပေါ်က ဆင်းခဲ့ကြရတယ် ...

မာမီက ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လုပ်ရတော့ တာဆိုတော့ အခါလည်သား အလွှမ်းကို ဘေးအခန်းက မိသားစုဆီ အပ်အပ်ခဲ့ရတယ်၊ အလွှမ်းက အဲဒီမိသားစုနဲ့ တစ်နေကုန် နေရတော့ အဲဒီမိသားစုကို ကိုယ့်မိသားစုလို ရင်းနှီးခဲ့တယ်၊ မာမီ ရုံးကပြန်လာလို့ မာမီဆီ ပြန်လိုက် ရရင် ငိုရော"

ရှီးရာက ရယ်ကျဲကျဲလေး ပြောနေတဲ့ အလွှမ်းကို မျက်မှောင်ကုတ်နှင့် စိုက်ကြည့်နေမိသည်။

"အစ်မ ... ဝင်လာလေ၊ ဝင်လာခဲ့၊ အလွှမ်းတစ်ယောက် တည်း မနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ခန်းဆီးသယ်လာတဲ့ မကြည်က မရဲတရဲ ဝင်လာပါသည်။ ခုံတစ်လုံး ထပ်သယ်၍ သူ့ပါတက်ရပ်ကာ မရဲတရဲနှင့် ပင် အလွှမ်းကို ကူညီနေပါသည်။

"အလွှမ်း ခုနစ်နှစ်သမီးလောက်မှာ မာမီ နောက်အိမ်ထောင် ပြုတယ်"

"........."

"ခေါ်ရိုးထုံးစံတော့ ပထွေးပေါ့နော်၊ အလွှမ်းက ဒက်ဒီလို့ပဲ ခေါ်တယ်၊ ဒက်ဒီက ကောင်းပါတယ်၊ သူ့မှာ အလွှမ်းနဲ့ ရွယ်တူလောက် သမီးတစ်ယောက်ပါတယ်၊ ရွယ်တူလည်း ဖြစ် မိန်းကလေးချင်းလည်းဖြစ်တော့ အလွှမ်းတို့နှစ်ယောက် မတည့်ကြဘူးလေ ... ဟပ်ချိုး"

"ကျွတ် ... ကဲ ... ကဲ ... စကားက အဲလောက်မပြော နဲ့လေ၊ ခန်းဆီးစက ဖုန်မှုန့်တွေ ဝင်ကုန်ပြီ၊ ကျွတ် ... မျက်စိကို နောက်နေတာပဲ တကယ်ပဲ"

"ဟင် ... အစ်ကိုပဲ မေးပြီးတော့"

"ငါက ဆုံးရှုံးမှုကြုံဖူးလား တစ်ခွန်းတည်းလေးပဲမေးတာ၊ မင်း အခုလောက် တစ်ထောင့်တစ်ညချီပြီး ပြောစရာ မလိုဘူး"





"ရော ... တယ်ခက်ပါလား၊ သူ့စိတ်ချည်းပဲ၊ တကယ်ပဲ၊ ဟော ... ကြည့်စမ်း၊ အခန်းက ဝင်းလက်ပြီး လင်းသွား တာ ဘယ်လောက် စိတ်ကြည်နူးဖို့ကောင်းလဲ၊ အဲကွန်း ခဏပိတ်ပြီး ပြတင်းပေါက်တို့ ဝရန်တာတံခါးတို့ ခဏ ဖွင့်ထားမယ်နော် သိလား၊ အရမ်းအေးစိမ့်နေတာ လူကို လေးလံထိုင်းမှိုင်းစေတယ်၊ သဘာဝလေလေး ဝင်နေတာက ကျန်းမာရေးနဲ့ ညီညွတ်တယ်"

အလွှမ်းက သူ့စိတ်ကူးတွေကို ပြောလည်းပြော၊ ယ်ဆက်သလိုလည်း တလှုပ်လှုပ် လိုက်လုပ်နေပါသည်။

"အစ်မ ... ခန်းဆီးဟောင်း သယ်သွားတော့နော်၊ ပြီးရင် ထမင်းပွဲပြင်ပြီး ဗန်းနဲ့ယူခဲ့ပါ"

"ဟော ... ငါမစားဘူးနော်၊ မကြည် ... မယူခဲ့နဲ့"

"ယူခဲ့ပါ မကြည်"

"မယူခဲ့နဲ့လို့ ပြောနေတယ်နော်၊ လုံးဝမစားဘူး၊ ယူလာ ရင် အားလုံး ပေါက်ခွဲပစ်မယ်"

"ယူခဲ့ အစ်မ၊ သူ မစားလည်းနေပေါ့၊ အလွှမ်းစားမယ်၊ အလွှမ်း ဗိုက်ဆာတယ်၊ ယူသာယူခဲ့ အစ်မ"

ရိုးရာက အလွှမ်းကို မျက်စောင်းကြီးနှင့် ကြည့်သည်။ သူ ဆာပါတယ် ဆိုနေတော့ ဝင်တားဖို့တစ်ခက်။ အလွှမ်းကတော့ ခပ်အေးအေးပင် ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ အလွမ်းတို့နှစ်ယောက်က ဘေးကပတ်ဝန်းကျင်စကား နားယောင်ပြီး ပတ်ဝန်းကျင် မြှောက်ပေးတာကို အဟုတ်ထင်နေခဲ့ကြတာ။ အဖေပါသမီးနဲ့ အမေပါသမီးဆိုတာ ညီအစ်မရင်းတွေလို ချစ်လို့မရဘူးပဲလိုလို စိတ်ကထင်မိကြတဲ့ အထိပဲ၊ တစ်ယောက်နဲ့တစ်ယောက် အစေးမကပ်ဘူး၊ မခေါ်တာမဟုတ်ပေမယ့် မလိုအပ်ဘဲ စကားမပြောခဲ့ကြဘူး၊ ဘယ်လောက်တောင် နမြောဖို့ကောင်းတဲ့အချိန်တွေလဲ ... ဆယ့်ငါးနှစ်"

လက်ဖဝါးလေးနှစ်ဖက် ဖြန့်ထောင်ပြကာပြောသော အလွမ်းကို ရီးရာက မျက်မှောင်ကုတ်၍ ကြည့်နေမိပါသည်။ ပြောလည်းပြောနိုင်တဲ့ ကောင်မလေးပါလား။

"သူက ဒယ်ဒီဘက်ကပါတာ၊ အလွမ်းက မာမီဘက်ကပါတာဆိုပေမယ့် သူက အပေါ်ကပါ၊ ဒက်ဒီက အိမ်ရဲ့အခရာကိုး၊ ငွေရှာတဲ့သူ၊ အားလုံးကို လုပ်ကျွေးနေတဲ့သူ သူ့ဒွေး။ မာမီက ဒက်ဒီနဲ့ လက်ထပ်ချိန်မှာ တိုက်ခန်းပိုင်ကလေးတောင် ရှိတာမဟုတ်ဘူး၊ အဲဒီတော့ အလွမ်းက အလိုလိုမျက်နှာငယ်ရပါတယ်၊ ဘယ်သူကမှ နှိမ်လို့မဟုတ်ပါဘူး၊ အလွမ်းရဲ့ အတွင်းစိတ် မသိစိတ်ကကို သိမ်ငယ်နေခဲ့တာ"

"........."





"တကယ်တော့ အဲဒါတွေဟာ လူတစ်ယောက် ရှင်သန်နေထိုင်တဲ့ ဘဝတစ်ခုမှာ ဘယ်လောက်မှ အရေးမကြီးပါဘူး၊ လူ့ဘဝဆိုတာ တိုတိုကလေးပါ၊ အဲဒီဘဝတိုတိုကလေးမှာ အများလည်းစိတ်ချမ်းသာ ကိုယ်လည်းစိတ်ချမ်းသာစေတဲ့ လူ့လောကကိုလည်း အကျိုးပြုတဲ့ဟာလေးတွေ ရွေးလုပ်ရွေးပြော ရွေးပြီး စိတ်ကူးနေရင်းနဲ့ လူဖြစ်ကျိုးနပ်အောင် နေရမှာ မဟုတ်လား အစ်ကို"

"မင်းက ငါ့ကို သင်နေတာလား၊ မင်းက ပို့တွေးတတ်တယ် အတွေးအခေါ် ပိုရင့်သန်တယ်လို့ ပညာလာပြနေတာလား"

"အစ်ကို့ကိုသင်တာ မဟုတ်ပါဘူး၊ စိတ်ထဲမှာ အခုတကယ်ရှိနေတာလေးတွေကို ပြောနေတာပါ"

"နေပါဦး ... မင်းဘဝ မင်းအကြောင်းကို အရင်းကျကျဟိုးအတွင်းက အရေးတွေပါ ငါလိုသူစိမ်းတစ်ယောက်ကို လာပြောနေခြင်းရဲ့ အဓိကရည်ရွယ်ချက်က ဘာလဲ"

"အစ်ကိုက ဆုံးရှုံးမှု ကြုံဖူးရဲ့လား ဆိုလို့ပါ"

"ကြုံဖူးတယ် ဆိုရင်လည်း ပြီးပါတယ်"

"အလွမ်းက အစ်ကိုနဲ့ ဘော်ဒါဖြစ်ချင်နေတာ၊ ဘော်ဒါဆိုတာ တစ်ယောက်အကြောင်း တစ်ယောက် အကြွမ်းဖျဉ်း



www.burmeseclassic.com

www.burmeseclassic.com



သိထားရင် ကောင်းတာပေါ့၊ အလွှမ်းက အစ်ကိုအကြောင်းတွေ သိတယ်၊ အစ်ကိုက အလွှမ်းအကြောင်းတွေ မသိလို့ အလွှမ်းက ပြောပြတာပါ”

“မသိချင်ပါဘူး ... ဘယ်သူက သိချင်လို့လဲ”

“မသိချင်မှန်း သိပါတယ်၊ ဒါပေမဲ့ သိတဲ့အခါကျရင် တစ်ယောက်နဲ့တစ်ယောက် နည်းနည်းပို ကရုဏာသက်ပြီး နားလည်မှု ပိုရှိလာနိုင်ကြမလားလို့ပါ”

တယ်တော့ သူပြောတာ ဟုတ်သလိုလိုပင်။ အလွှမ်းအကြောင်း နားထောင်လိုက်ရတော့ ဝင်လာကာစက အတော်မျက်မုန်းကျိုး အမြင်ကတ်နေမိတာ နည်းနည်းကလေးတော့ လျော့သွားသည်ထင်သည်။ လှစ်ခနဲ ... လှစ်ခနဲ ကရုဏာသက်သလိုလေး ဖြစ်သွားမိပေမယ့် အဲဒီကရုဏာအပေါ် ကိုယ့်ကိုဖွတ်လာပတ်သက် ဆရာကြီးလုပ်နေမှုအတွက် ဒေါသဖြစ်တဲ့စိတ်က ပြန်ပြန်ဖုံးနေတာ။

“ကရုဏာလည်း မသက်ဘူး၊ နားလည်မှုလည်း မရှိဘူး၊ ဘာမှလဲ ထပ်မကြားချင်ဘူး နားငြီးတယ်”

“ပြီးရောပေါ့ ... ဒါဆိုလည်း မပြောတော့ပါဘူး၊ ဟိုမှာ ထမင်းဗန်းလာပြီ၊ အား ... မွှေးကြိုင်နေတာပဲ၊ အစ်မ ... ဒီမှာချ ... ဒီမှာချ”





ရိုးရာသည် အလွှမ်းကို စိတ်ပျက်ပျက်နှင့်ကြည့်ရင်း ...

“အလွှမ်းပြေ ... ငါ ကောင်းကောင်းပြောမယ်နော်၊ ငါ လုံးဝစားချင်စိတ် မရှိဘူး၊ ပြီးတော့ မင်းရှိနေတာလည်း အနှောင့်အယှက်ဖြစ်တယ်၊ ငါတစ်ယောက်တည်းပဲ နေချင်တယ်၊ ငါတစ်ယောက်တည်း နေပါရစေ၊ နည်းနည်း ယဉ်ကျေးမှု နားလည်မှု ရှိပါလားကွာ”

အလွှမ်းက ရိုးရာကို တွေတွေလေး ကြည့်နေရာက ခေါင်းညိတ်လိုက်ပါသည်။

“အင်း ... အစ်ကိုလည်း နည်းနည်းယဉ်ကျေးမှု ရှိပါနော်၊ အလွှမ်းက ဒီထမင်းပွဲကို နည်းနည်းစားချင်နေတာ၊ အိမ်ရှင်က လုံးဝ မထိမတို့ဘူးလို့ ငြင်းနေတာက အလွှမ်းကိုပါ စားရခက်စေတဲ့သဘော သက်ရောက်နေတယ်၊ အလွှမ်းနဲ့ တူတူ ထမင်းလေးငါးခြောက်လုတ် ခုနစ်လုတ် ရှစ်လုတ် စသည်ဖြင့် အားနာပါးနာ ဝင်စားမယ်ဆိုရင် ပြီးတာနဲ့ အလွှမ်း ဒီအခန်းထဲက ထွက်သွားပါ့မယ်”

သူတို့နှစ်ယောက် အကြည့်ချင်း အကြာကြီး ပြိုင်စိုက်နေကြသည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၆

"ဒီဂျာနယ်မှာ အစ်ကိုကြည့်ကြည့်၊ ကလေးလေးကလေ မွေးလာကတည်းက ဦးခေါင်းခွံ ပါမလာဘူး အစ်ကိုရဲ့ သိလား၊ ခေါင်းခွံကလေ နဖူးတစ်ဝက်ထိလောက်ပဲပါတယ်၊ အဲဒီအပေါ်မှာ ဦးနှောက်က အလုံးလိုက်ကို အရေပါးပါးလေး တစ်ထပ်နဲ့ပဲ ဖုံးထားတယ်၊ အဲဒီ ဦးနှောက်က တစ်နေရာရာက ဘာကိုများ ဖိနေသလဲလည်း မသိပါဘူး၊ ကလေးလေး မျက်လုံးလေးတွေက ဖောင်းပြီး အပြင်ကို ပြူးထွက်နေရှာတယ် ...

အရမ်း သနားစရာကောင်းတာပဲ၊ တစ်ခါမှတောင် မကြားဖူး မမြင်ဖူးဘူး၊ မြင်မြင်ချင်းတုန်းက အလွမ်း မျက်ရည်တောင်လည်တယ် သနားလွန်းလို့၊ သူ့ဆိုရင် ဘယ်လိုကုသမှုမျိုးများ ခံယူရမလဲ မသိဘူးနော်"





အလွမ်းက သူ မြင်ရအောင် ဂျာနယ်ကို သူ့ဘက် လှည့် ဖြန့်ပြလိုက်တဲ့အတွက် ရိုးရာက မျက်ခနဲကြည့်ပြီး ခေါင်းကို တစ်ဖက်လှည့်ပစ်လိုက်ပါသည်။

"မင်း ငါ့ကို ဒီအချိန်မှာ စိတ်ဆင်းရဲစရာတွေ ဘာဖြစ်လို့ လာပြနေရတာလဲ၊ ငါ အဲဒါတွေ မမြင်ချင်ဘူး"

"စိတ်ချမ်းသာစရာတွေပြရင် အစ်ကို စိတ်ချမ်းသာလာမယ် လား"

"ဟိုတစ်နေ့တွေက ငါ လုံးဝ အခန်းတံခါးသော့ ဖွင့်မပေးတော့ မင်း ဘာပြောလဲ၊ ငါမကြိုက်တာ ဘာမှမလုပ်တော့ပါဘူးဆို၊ မကြိုက်တာ မပြောပါဘူးဆို၊ မမတို့ပါ တောင်းပန်လို့ ဒီနေ့ အခန်းတံခါးဖွင့်ထားတာ၊ မင်း ငါ စိတ်ညစ်အောင် လုပ်မနေနဲ့"

တကယ်ဆိုတော့ သူ့ဘာသာသူ ဘာပြောပြော ကိုယ်လုံးဝမလိုလားရင် လုံးဝသော့ဖွင့်မပေးလို့ ရပါသည်။ အားနာလို့ ဆိုတာထက် ဘာမှန်းမသိတဲ့ အကြောင်းတစ်ခုကြောင့် စိတ်က အလိုလို ဖွင့်ပေးဖို့ ဆုံးဖြတ်မိတာ။

ဒီကောင်မလေး ဟိုပြော ဒီပြောနှင့် စိတ်တို့ရ ဒေါသထွက်ရ နားငြီးရပေမယ့် အဲဒါတွေကပဲ အပျင်းပြေစေနေလို့



www.burmeseclassic.com

www.burmeseclassic.com



လား။ လိုလားလှချည်ရဲ့ မဟုတ်တာတော့ အမှန်ပင်။ သို့ပေမဲ့ တော့ စိတ်ကောင်းဝင်နေချိန်လေး စဉ်းစားမိလျှင် သူ နည်းနည်း များ ရိုင်းနေမလားလို့လည်း ရှက်မိသည်။

အလွမ်းက ဉာဏာတို့ မင်းထိုက်တို့နှင့်တောင် ခင်မင် ရင်းနှီးနေပြီ။ ဟိုတစ်နေ့ကဆိုလည်း သူ့ အခန်းတံခါး ဖွင့်မပေး တော့ အလွမ်း အပါအဝင် မင်းထိုက်ရော ဉာဏာပါ အခန်းထဲ ဝင်မရကြ။ အဲဒီအခါ သူတို့သုံးယောက်သား ခြံထဲဆင်းထိုင်ကာ စကားပြောနေကြသည်။

ဘယ်လိုကောင်မလေးမှန်း မသိ။ ရိုးရာဆီလာတာ ရိုးရာနှင့် မတွေ့ရလည်း အိမ်ပြန်မယ် စိတ်မကူး။ ဉာဏာတို့နှင့် ခြံထဲမှာ နေနေလိုက်တာ ညနေစောင်းအထိ။ အဲဒါကို အိမ်ပေါ် ထပ် ပြတင်းပေါက်က ချောင်းကြည့်ရင်း ရိုးရာ စိတ်တွေတိုခဲ့ ရသေးသည်။

"စိတ်ညစ်အောင် လုပ်ပါ့မလား"

"ခုလုပ်နေတယ်လေ၊ စိတ်ဆင်းရဲစရာတွေ လာပြနေတယ်"

"စိတ်ညစ်အောင် စိတ်ဆင်းရဲအောင် ပြနေတာ မဟုတ်ဘူး၊ ဒီကလေးလေးကိုမြင်တော့ အလွမ်းစိတ်ထဲမှာ ဩော် ... ငါ ကံကောင်းလိုက်တာ၊ ငါ့မိဘ ကံကောင်းလိုက်တာ၊





မွေးကတည်းက ငါသာ ဒီလိုလေး ဖြစ်နေခဲ့ရင် ငါ့အမေ ဘယ်လောက်တောင် စိတ်ဆင်းရဲရရှာပါ့မလဲဆိုတာ တွေး မိတယ်၊ လောကကြီးမှာ ကိုယ့်ကိုယ်ကိုယ် ကံမကောင်း ဘူးထင်ရင် ကိုယ့်ထက်ကံဆိုးတဲ့သူတွေ ရှိသေးတယ်ဆို တာ တွေးကြည့်ရင်း သူတို့ဘဝတွေကို စာနာကရုဏာသက် ရတာနဲ့ ကိုယ့်ဘဝကိုယ် ကျေနပ်ခွင့်ရတာကို စိတ်ချမ်းသာ တယ်"

ရိုးရာက အလွမ်းကို စေ့စေ့ကြည့်လိုက်မိပါသည်။ ကြည်လင်တဲ့ မျက်နှာလေးကို ခဏစိုက်ကြည့်နေမိပြီးမှ ...

"မင်းက ပေါ်လီယာနာလား"

"သူ့ကို ကြိုက်တယ်"

"ငါတော့ မကြိုက်ပါဘူး"

"အင်း ... သိပါတယ်၊ အစ်ကိုက ပေါ်လီယာနာ့စိတ်ထား ရဲ့ အရသာကိုမှ မသိသေးတာ"

"ဟုတ်ကဲ့ ... ဆရာမကြီး"

"အဟီး ... အစ်ကို့ကို အကြံတစ်ခု ပေးချင်သေးတယ်"

"ဘာလဲ"

"အစ်ကို ဒိုင်ယာရီရေးကျင့်ရှိလား"



www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူး"

"ရေးပါလား အစ်ကို၊ အစ်ကို့မှာ ခုလို အခြေအနေမှာ စိတ်ထဲမှာ ဖြစ်ပျက်နေတာ ခံစားနေရတာတွေ တနင့်တပိုး ရှိနေမှာပါ၊ ဒိုင်ယာရီရေးတယ်ဆိုတာ ကိုယ်ပြောချင်နေတာ တွေ စိတ်ထဲရှိတာတွေကို ဘယ်သူ့မှ ငဲ့ကွက်စရာမလိုဘဲ အရှိအတိုင်း ဖွင့်ချလို့ရတဲ့ အပြုအမူတစ်ခုပါ၊ အဲသလိုရေး ချလိုက်ရတာ ကိုယ့်ရင်ထဲက ပူလောင်မှုတွေ ဝမ်းနည်းမှု တွေ ခံစားချက်တွေကို အနည်းနဲ့အများ ပေါ့ပါးသွားစေ တယ်"

"မင်းက ဒိုင်ယာရီရေးတယ်ပေါ့"

"ဟုတ်ကဲ့ ... ရေးတယ်၊ အခု ရေးနေတယ်၊ နေ့စဉ်ကိုပဲ ကိုယ်ပြောချင်တာတွေ ပြောခွင့်မသာတာတွေ အကုန်ချ ရေးပစ်တယ်"

"နေပါဦး ... ဟိုတစ်နေ့က ခြံထဲမှာ ဟိုကောင်တွေနဲ့ ဘာ တွေပြောနေကြတာလဲ"

"အစ်ကို့ကို ပြောပြဖို့ လိုလို့လား"

"ကျွတ် ... မပြောလည်းနေကွာ၊ ပြီးရော"

"ပြောမှာပါ၊ ကိုညာဏတို့ကို အလွမ်းက အစ်ကို့ကို ပိုင်း ချော့နေဖို့ မလိုဘူးလို့ ပြောနေတာပါ"





"ဘာ"

"အစ်ကိုက အထူး အခွင့်ထူးခံရမယ့်သူလည်း မဟုတ်ဘူး၊ ချော့မော့နှစ်သိမ့်နေစရာလည်း မလိုဘူး၊ အစ်ကို့အနေနဲ့ လည်း ကိုယ့်ကိုယ်ကိုယ် အခွင့်ထူးတစ်ရပ် ရသင့်တယ်၊ ရှိသမျှလူတိုင်းကို ဗိုလ်ကျဆက်ဆံခွင့် ရထိုက်တယ်လို့ ခံယူနေဖို့ မလိုဘူး"

"ဘာ ... ငါက ဘာအခွင့်အရေးတွေ ယူနေလို့လဲ၊ ဘာ အခွင့်ထူးတွေ ခံနေလို့လဲ၊ မင်းက ဒီလိုပြောရအောင် ဘာ ကောင်လဲ ... တောက်"

ရိုးရာသည် အနာဖေးဆွဲခွာခံရသလို ချက်ကောင်း ထိသွားကာ ဒေါသတွေ အကြီးအကျယ် ထွက်သွားမိလျက် နံဘေးစားပွဲလေးပေါ်မှာ ရှိနေသော သောက်ရေဖန်ခွက်ကို ဆတ် ခနဲ ဆွဲယူပစ်ပေါက် ခွဲလိုက်ပါသည်။

"ခွမ်း"

ကွဲရှသံနှင့်အတူ ဖန်ခွက်က ပါကေးကြမ်းပေါ် အစိတ်စိတ် ပြန့်ကျဲလွင့်စဉ်သွားရပါသည်။ အလွမ်းက ပခုံးလေး တွန့်အောင် လန့်သွားကာ ချက်ချင်းမင် သူ့နံဘေးစားပွဲပေါ်မှ ဆောက်ဖိပန်းကန်လုံး အလွတ်ကို ကောက်ယူကာ ကြမ်းပေါ် ခွမ်း ခနဲ ပေါက်ခွဲပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခွမ်း"

"ဟင် ... မင်း ... မင်း ဘယ်လိုလုပ်လိုက်တာလဲ"

ရိုးရာသည် မယုံနိုင်လောက်အောင် အံ့သြသွားပြီး အလွမ်းကို မျက်လုံးပြူးကြီးနှင့်ကြည့်ကာ ပြောလိုက်သော စကားပင် အထစ်ထစ် အငေါ့ငေါ့ ဖြစ်သွားပါသည်။

"ကိုဉာဏတို့ကို အဲဒါလည်း ပြောထားတယ်၊ အစ်ကို့ကို အစ်ကိုပြုမူတဲ့ အပြုအမူအတိုင်း အစ်ကိုဆက်ဆံတဲ့ ဆက်ဆံရေးအတိုင်း ပြုမူဆက်ဆံပါလို့။ ဟိုရက်ပိုင်းတွေကဆိုရင် မမစပယ်တို့ အန်တီတို့ကိုတောင် အစ်ကိုက အခန်းထဲဝင်လို့ဆိုပြီး ဟိုဟာနဲ့ပစ်ပေါက် ဒီဟာပေါက်ခွဲ လုပ်ခဲ့သေးတာလေ၊ အစ်ကို့မှာ ပစ်ခေါက်ခွင့်ရှိရင် နောက်တစ်ယောက်မှာရော ဘာဖြစ်လို့ တန်းတူမရှိရမှာလဲ၊ လူလူချင်း တူတူပဲကို"

"တောက် ... မင်း ... မင်း ထွက်သွားကွာ၊ ထွက်သွားစမ်းအခု"

အလွမ်းက လက်ထဲက လူခေါ်ဘဲလ်ကို နှိပ်လိုက်ရင်း ...

"ထွက်သွားလို့ မရသေးဘူး၊ အကွဲအရှ အစအနတွေ ရှင်းပြီးမှ သွားလို့ရမယ်လေ"



အခန်းဝကို မကြည်နှင့်အတူ မမစပယ်ပါ ရောက်လာပါသည်။ မမစပယ်သည် အခန်းထဲကို အထိတ်တလန့်ကြည့်ကာ ...

"ဘယ် ... ဘယ်လိုဖြစ်ကြတာလဲဟင်"

"အဟီး ... မမစပယ် ... ဘာမှမဖြစ်ပါဘူး၊ ဖန်နဲ့ကြွေနဲ့ ဘယ်ဟာကပိုပြီး အစိတ်စိတ်မြွှာသလဲ အလွမ်းတို့ စမ်းကြည့်တာပါ၊ အေးဆေးပါ"

ကမန်းကတန်း တံမြက်စည်းလှည်းကာ ဂေါ်ပြားနှင့် ဆောင်ယူကာ မကြည် ထွက်သွားလျှင် မမစပယ်ကလည်း သူတို့နှစ်ယောက်ကို အကဲတခတ်ခတ်နှင့် နောက်ဆံတင်းတင်း တွန့်ဆုတ်တွန့်ဆုတ်ပင် ထွက်ခွာသွားပါသည်။

"မင်း မသွားသေးဘူးလား"

"သွားမှာပါ၊ ရှင်လုပ်တာ လန့်သွားပြီ အစ်ကို၊ အလွမ်းနေသိပ်မကောင်းချင်ဘူး ပြန်တော့မှာပါ"

"မြန်မြန်ပြန် ... အေးတယ်၊ နောက်လည်း မလာနဲ့တော့၊ မေမေတို့ မမတို့ကလည်း ဘာစိတ်ကူးနဲ့များ ဒီလိုရိုင်းစိုင်းကြမ်းတမ်းတဲ့ သူမျိုးကို ငါ့အခန်းထဲထိ ဝင်ခွင့်ပြုထားမှန်းကို မသိဘူး၊ လူနာကို ဗေးမစောင့်ရှောက်တာ တစ်ခါမှကို မတွေ့ဘူး ... တောက်"

www.burmeseclassic.com

www.burmeseclassic.com



အလွမ်းက ထိုင်ရာမှ ထရပ်ကာ သူလွယ်လာတဲ့ ဘေးအိတ်လေးကို ပခုံးပေါ် စလွယ်သိုင်း လွယ်လိုက်ရင်း ...

"ဒီအပြုအမူကြောင့် အလွမ်း ရိုင်းစိုင်းတယ်ဆိုရင် အစ်ကို လည်း အစ်ကိုလုပ်နေတာတွေကို ရိုင်းစိုင်းမှန်းသိသိနဲ့ လုပ်နေတာဆိုတာ သေချာသွားပြီပေါ့"

"ဩော်ဘ် ဘာဖြစ်ဖြစ် မင်း ဝေဖန်စရာ မလိုဘူး"

"အခု ဝေဖန်မှာ မဟုတ်ဘူး၊ ရှင့်ကိုယ်ရှင် သိအောင် တွေးနိုင်အောင် ပြောခဲ့မယ်"

"........."

အလွမ်း မျက်နှာကလေးမှာ ဟိုအရင်နေ့တွေ အချိန်ပြည့် တွေ့ရတဲ့ အပြုံးကြည်ကြည်ကလေး ပျောက်ကွယ်နေ ပါသည်။ ဒီကောင်မလေး မျက်နှာတည်နေတာ မြင်ရတဲ့အခါ အလှာမကျသလို တစ်မျိုးကြီးပင်။

"သေခြင်းတရားဆိုတာ သူရှိရမယ့်နေရာမှာ ရှိကိုရှိနေတာ အစ်ကို"

"........."

"သေမယ့်သူက သေမှာပါပဲ၊ မသေခင် ကိုယ့်အတွက် ပတ်ဝန်းကျင်အတွက် အမှိုက်ထုပ် အစုတ်ထုတ် မဖြစ်





လိုတယ်၊ ကိုယ် ဘယ်တော့သေမလဲ ကြိုမသိကြတဲ့သူတွေ နဲ့စာရင် ခန့်မှန်းအချိန်ကာလတစ်ခု ကြိုသိနေရတဲ့သူက အများကြီး ကံကောင်းပါတယ်၊ ဘာလို့လဲ သိလား၊ ကောင်းတာတွေလုပ်ဖို့ အချိန်ရလို့ပါ၊ မနက်ဖြန် ကောက် ခနဲ accident နဲ့သေရမှာမျိုး ကြိုမသိနိုင်တဲ့သူအဖို့ ကြိုတင် ပြင်ဆင်ဖို့ရော ကောင်းတာလေး လုပ်ခဲ့ဖို့ရော ဒီနေ့မှာ သူ စီစဉ်ခွင့်မရဘူး၊ ရှင် အဲဒါကို မတွေးတတ်နိုင်တော့ ဘူးလား"

"........."

"တစ်မိသားစုလုံးရော အပေါင်းအသင်း အသိုင်းအဝိုင်း ကပါ 'သေ'ဆိုတဲ့စကားကို အစ်ကို့ရှေ့မှာ တစ်လုံးမှမထွက် ဝံ့အောင် ဖြစ်ကြတယ်၊ သတိထား ပြောဆိုကြတယ်၊ အစ်ကိုကချည်းပဲ ဘေးကလူတွေကို 'သေ'စကား ပြောတယ်၊ အဲလိုပြောလိုက်ရင် ဘေးလူတွေက နာကျင်ကြ ကရုဏာ သက်ကြပြီး အစ်ကို မကြိုက်တာကို ရှောင်မတိုးတော့တာ အစ်ကို သိနေတယ်၊ အစ်ကိုက 'သေလူ'ဆိုတဲ့ အနေအထား တစ်ခုကို အခွင့်အရေးတစ်ခုလို ဆုပ်ကိုင်နေတယ်၊ ဘေးလူ တွေကို အဲဒါနဲ့ ခြိမ်းခြောက်နေသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ငါသေရတော့မယ်ဆိုတာ သိတဲ့အချိန်မှာ ပတ်ဝန်းကျင်ကို ကိုယ်ပေးနိုင်တာလေးတွေ တတ်နိုင်သလောက် ပေးခဲ့မလား ပတ်ဝန်းကျင်ကနေ ရနိုင်သလောက် အခွင့်အရေး ကိုယ့်အတွက် အမြတ်ထုတ်ယူသွားမလား ဆိုတာ ကာယကံရှင်ရဲ့ ဆုံးဖြတ်ချက်ပါ၊ ကိုယ့်ဆုံးဖြတ်ချက်ကို နောက်ဆုံးအချိန်မှာ ကိုယ်ကျေနပ်နိုင်ခဲ့ဖို့ ပီတိဖြစ်နိုင်ခဲ့ဖို့ လိုပါတယ်"

ရီးရာရဲ့မျက်နှာသည် တဖြည်းဖြည်း နီမြန်းထူအမ်းလာခဲ့ကာ နှုတ်ခမ်းသားတွေပင် တဆတ်ဆတ် တုန်လာခဲ့သည်။ အလွမ်းရဲ့စကားတွေက သူ့ကို သံတုတ်နှင့် ခပ်ပြင်းပြင်းနှက်ခံရသလို နာကျင်စေပြီး ထက်မြသောဓားနှင့် ခုတ်ပိုင်းနေသလို တစ်စစီ ပြတ်ရှစေသည်။

"သေခြင်းတရားဆိုတာ ကြောက်ဖို့မကောင်းဘူးလို့ မပြောလိုပါဘူး၊ အနည်းဆုံးတော့ ကိုယ်ချစ်တဲ့သူတွေနဲ့ ခွဲခွာသွားရမယ်ဆိုတဲ့ အဖြစ်က တကယ်တုန်လှုပ်ဖို့ ကောင်းပါတယ်၊ ဒါပေမဲ့ ခွဲခွာရတော့မယ် ဆိုတာကို တုန်လှုပ်စွာ လက်ခံလိုက်ရပြီဆိုရင် မခွဲခွာရခင် အချိန်မိနစ်စက္ကန့်တိုင်းကို တန်ဖိုးထားဖို့ ကောင်းပါတယ်"





"မင်းက သေရမှာ ကြောက်နေတယ်လို့ ငါ့ကိုပြောနေတာလား အလွမ်း"

"ကြောက်တာထက် အစ်ကို တုန်လှုပ်နေတာ ဖြစ်မှာပါ၊ မကြာခင်တော့ အဲဒီ တုန်လှုပ်စိတ်ကို အစ်ကို ထိန်းချုပ်နိုင်မှာပါ အစ်ကို၊ အဲဒီကျရင် တန်ဖိုးရှိတဲ့အချိန်တွေ အများကြီး နောက်ကျဆုံးရှုံးသွားမှာ စိုးပါတယ်၊ ခုချိန်မှာ အစ်ကို့အတွက် အချိန်ဆိုတာ တစ်မိနစ်တိုင်း တစ်မိနစ်တိုင်းဟာ ရွှေနဲ့စက်ပယ်လို့ မရအောင် အဖိုးတန်နေပါတယ် အစ်ကို"

"........"

အလွမ်းရဲ့ ဆွေးငေးငေး မျက်နှာလေးကို ရီးရာ နူးစိုက်ကြည့်နေမိသည်။ ဒီကောင်မလေးဟာ သူ့ကိုဘာကြောင့် ဒါတွေ တကျူးတက လာသင်ပြနေသလဲ။ မမစပယ် ပြောသလို သူက စိတ်ဓာတ်မြှင့်တင်ရေး ပြန်လည်ထူထောင်ရေးသင်တန်းတွေ တက်ထားပြီး ကိုယ်လိုလူတွေကို ခုလိုပဲ စိတ်ထားတတ်ဖို့ လိုက်တရားဟောနေကျလား။ အရင်လို အလွမ်းအပေါ် သရော်လှောင်ပြောင် မထေမဲ့မြင်ပြုလိုစိတ် လျော့ပါးလာတာတော့အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



သူပြောနေတဲ့ စကားတွေဟာ အမှန်တွေလို့လည်း ရီးရာ ခံစားမိပါသည်။

"သေခြင်းတရားဆိုတာ တကူးတက ပြောနေ တွေးနေ ဆွေးနွေးနေဖို့လည်း မလိုအပ်သလို တကူးတက မေ့လျော့ ရှောင်လွှဲနေစရာလည်း မလိုတဲ့အရာပါပဲ၊ သူ့အလိုလိုလေး ပဲ ရှိနေပါစေလား အစ်ကို၊ အစ်ကိုက စိတ်ထောင်းကိုယ် ကြေသလို ဖြစ်နေရင် အန်တီ့အဖို့ ဖြေသိမ့်နိုင်စရာအကြောင်း မရှိပါဘူး"

"………"

"အစ်ကိုတို့ခြံ ဟိုဘက်ထောင့်က စံပယ်ရုံလေးက ညဖက်ပွင့်တဲ့ စံပယ်ဖူးလေးတွေ မွှေးရနံ့ကို အစ်ကို တကူးတက မွှေးရှူဖူးမှာ မဟုတ်ဘူးနော်"

ရီးရာက အလွမ်းကို ပဟေဠိများနှင့် ငေးကြည့်နေ မိဆဲ …

"သိပ်မွှေးတာပဲ အစ်ကို၊ အလွမ်း ဟိုတစ်ညက အန်တီ ထမင်းဖိတ်ကျွေးတာ မာမီနဲ့ တူတူလာစားရင်း စံပယ်နံ့ လေးရှူမိတာ၊ အပန်းမကြီးရင် တစ်ညလောက် ခြံထဲဆင်း ကြည့်လိုက်စမ်းပါ၊ တစ်ခါတလေကျရင် ဘာမဟုတ်တဲ့ ခံစားချက်လေး တစ်ခုကလည်းပဲ မမျှော်လင့်ဘဲနဲ့ ကိုယ့်ကို လူဖြစ်ကျိုးနပ်စေပါတယ်"





ရီးရာ ဘာစကားမှ ပြန်မပြောလိုက်ရသေးမီ အလွမ်း က သူ့အခန်းထဲမှ ညင်သာစွာ ထွက်ခွာသွားခဲ့ပါသည်။

❋❖❋

"သမီးရယ် … အလွမ်းလေး အိမ်ကိုရက်ခြား ရက်ခြား လာနေတာ တစ်လလောက်ရှိပြီပဲ၊ ညည်းမောင်လေး ပုံစံက ထူးလည်း ထူးမလာပါလား၊ သားလေးက ဘယ်သူနဲ့မှ ဘာမှမပြောချင်ဘူး၊ အခန်းထဲလည်း ဝင်ဝင်မလာနဲ့ဆိုလို့ မေမေတို့က သူ့အလိုလိုက်ပြီး အလိုက်အထိုက် နေပေးနေ တုန်း အလွမ်းကကျတော့ အခန်းထဲ ဖွတ်တရွတ်ဝင် ပြော ချင်တာတွေပြောနဲ့ ဘာပဲဖြစ်ဖြစ် သားလေး တစ်ယောက် တည်း ထီးထီးနေနေတာနဲ့စာရင် တော်သေးတယ်လို့ ထင်ပါရဲ့လို့ မေမေက သဘောထားတာ …

မနေ့ကကျတော့ သားကလည်းပေါက်ကွဲ သူကလည်း ပေါက်ကွဲနဲ့ သူတို့ချင်းက ခုထိ ရင်းနှီးသေးတာလည်းမဟုတ် ရန်ချည်းဖြစ်နေသလိုပါလား၊ သားလေးအတွက် ကောင်း ရော ကောင်းရဲ့လား၊ စိတ်အနှောင့်အယှက်တွေများ ဖြစ် နေရှာမလားကွယ်၊ သားလေး လုံးဝသဘောမကျရင်လည်း သူ့ဟာသူ စိတ်ချမ်းသာသလို နေပါစေတော့လားလို့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယဉ်ယဉ်က ထမင်းကို လက်စသတ်လိုက်ရင်း ညည်းညည်းညူညူ ပြောလိုက်ပါသည်။

"ထားလိုက်ပါ ယဉ်ရယ်၊ ဒီကောင်မလေးမှ လာလာမနေရင် ဘာကကော အပြင်ရော ထွက်လို့လား၊ ဘယ်သူနဲ့ရော စကားပြောလို့လဲ၊ သူတို့ဘယ်လိုပဲဖြစ်ပစေ သားအတွက် အကျိုးတော့ ယုတ်မနေဘူးလို့ ကိုယ်မြင်တာပဲ၊ ကြာတော့လည်း ကောင်မလေးတောင် သူ့အလိုလို စိတ်ပျက်ရင် ပျက်သွားမှာပါ ...

မနေ့က တစ်ကြိမ်လာတာဆိုရင် သူ့ရှေ့ကလာတဲ့ တစ်ကြိမ်နဲ့ လေးရက်တောင် ခြားတာပဲ၊ ကလေးမလေးလည်း ဒီလိုပဲ ရက်ခြားပြီး သူ့ဟာသူ အလာကျဲရင် ကျဲသွားမှာပါ"

"အနည်းဆုံး မေမေရယ် မောင်လေးက ခုနောက်ပိုင်း အစားလေးတော့ ဝင်လာတယ်၊ စားသောက်လာသေးတယ်၊ ဟိုးတစ်ကြိမ် အလွမ်းက သူ့ကိုပြောတာလေ၊ သူလုပ်နေပုံက ကလေးကြီးတစ်ယောက် လူကြီးကို စိတ်ကောက်ဆန္ဒပြပြီး ထမင်းမစား ဟင်းမစား လုပ်နေကျနေတာပဲ ဆိုတာ မောင်လေးက နည်းနည်းရှက်တယ်ထင်တယ် သိလား မေမေ"





"ဟုတ်လား ... အလွမ်းက အဲသလိုပြောလား"

"ဟုတ်တယ် မေမေ၊ ဒီဟာ ခံတွင်းမတွေ့ရင် ဟိုဟာစားပေါ့၊ ဟိုဟာမကြိုက်ရင်တခြားဟာ စားပေါ့တဲ့၊ ထမင်းရယ် မဟုတ်ဘူးပေါ့နော် လူပဲ အိပ်ရမယ် စားရမယ်ဆိုတာ ကိုယ့်အသိစိတ်နဲ့သိပြီးသားပဲတဲ့၊ လူကြီးတွေက လိုက်ချော့ကျွေးနေရမယ့်အရွယ်မှ မဟုတ်တာလို့ ပြောတာလေ ...

ခုနောက်ပိုင်း မောင်လေးက သူ ခံတွင်းတွေ့မယ်ထင်တာလေး စားတော့ စားလာတာပဲ၊ မနေ့ကဆို မုန့်ဟင်းခါးဖတ်ကို အဖြူထည် အိမ်မှာသုပ်ထားတာ စားချင်တယ်ဆိုလို့ ချက်ချင်း မုန့်ဖတ်ထွက်ဝယ်ပြီး သုပ်ပေးလိုက်တယ်၊ စားတယ် မေမေ၊ အဲဒါ ဘာလို့လဲ သိလား၊ အလွမ်း ရောက်ကာစလောက် သမီးက အလွမ်းကိုသွားမေးတာ၊ ညီမလေး တစ်ခုခု စားမလားပေါ့နော်၊ အလွမ်းက မစားတော့ဘူးတဲ့ သူစားလာတယ်တဲ့ဆိုပြီး သူ့အိမ်မှာ မုန့်ဖတ်ကို ဘာလေးတွေထည့်ပြီး ဘယ်လိုလေး သုပ်စားလာတာကို သမီးကို သရည်ကျချင်စရာ အသေးစိတ်ပြောပြနေတာ ...

အဲဒါကြားပြီး သူပါ စားချင်စိတ် ပေါက်လာတာနေမှာပေါ့၊ အလွမ်း ပြန်သွားပြီးမှ သူက လုပ်ပေးခိုင်းတာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဆိုက်ကိုတစ်မျိုးပေါ့လေ၊ ထားလိုက်ပါ ယဉ် ရယ်၊ သူတို့ လူငယ်ရွယ်တူချင်း ကီးကိုက်ပါတယ်၊ မင်းထိုက်တို့လည်းပဲ အမြဲတော့ မလာနိုင်တော့ဘူး မဟုတ်လား၊ သူတို့လည်း သူတို့အလုပ်နဲ့ သူတို့လေ၊ အနည်းဆုံးတော့ သားမှာ အဖော်ရနေတယ်"

"ခုတလော နှစ်ခါလောက်တော့ရှိပြီ၊ ကျွန်တော် သူ့ဆီ စကားသွားပြောတုန်း အခါတွေမှာ ရုံးက ကိစ္စတွေ ဘာတွေ မေးတယ် ဖေဖေ၊ သိသိသာသာတော့ မဟုတ်ပေမယ့် ရိုးရာ စိတ်တော့ နည်းနည်းတော့ သွေးအပူလျှော့လာတာ အမှန်ပါ၊ နည်းနည်း အေးဆေးလာပါတယ်"

ကိုရဲသည်လည်း ယောက္ခမ ဦးမြတ်ကိုရဲ့ ဆောက်လုပ်ရေးကုမ္ပဏီမှာပဲ အင်ဂျင်နီယာတစ်ယောက်ဖြစ်ကာ ဒီကိစ္စတွေ မတိုင်ခင်ကတော့ ရိုးရာနှင့် ကုမ္ပဏီရုံးမှာ အလုပ်တူတူဆင်းနေကြရတာပင်။

ဒေါ်ယဉ်ယဉ်က ငိုင်ငိုင်လေး ရှိနေရာမှ ...

"အလွမ်းက မေမေ့ကိုလည်း ပြောတယ်"

"ဘာတဲ့လဲ မေမေ"

"မေမေ ရိုးရာရဲ့အခန်းကို မသွားဘဲ ရှောင်နေတာမျိုး မလုပ်ပါနဲ့လားတဲ့၊ မေမေက မနက်ဆို သားလေးနေကောင်း





လား သွားမေးပြီးရင် နောက်ထပ်မသွားဖြစ်ဘူးလေ၊ မသွားဖြစ်တာကလည်း သိတဲ့အတိုင်း မေမေက ခုထိ လုံးဝမျက်ရည်မထိန်းနိုင်သေးတော့ သတင်းမေးလေး တစ်ခွန်းပြောနေရင်းကို မျက်ရည်က ကျချင်လာပြီ မဟုတ်လား၊ ရိုးရာရှေ့မှာ မေမေ ငိုမိမှာ မဖြစ်စေချင်လို့ ကြာကြာမနေတာလေ ...

အလွမ်းကကျတော့ ကြာကြာနေပါ၊ စကားများများ သွားပြောပါတဲ့၊ ပြောရင်း ငိုမိရင်လည်း အောင့်ထားဖို့ ဖုံးဖိဖို့ မလိုပါဘူးတဲ့၊ ငိုချလိုက်ပါတဲ့၊ ရိုးရာက မေမေငိုတာ မြင်ပြီး စိတ်ဆင်းရဲမှာလည်း မစိုးပါနဲ့တဲ့၊ နှစ်ကြိမ်သုံးကြိမ် ငိုချပြီးရင် မေမေလည်း ရိုးရာနဲ့ စကားပြောနေရင်း စိတ်ထိန်းနိုင် ထိန်းနိုင်လာမှာပါတဲ့"

"အဲဒါ ဟုတ်တယ် ယဉ်၊ ဒီကလေးမလေး အတွေးကိုကိုယ် သဘောကျတယ်"

"တချို့ကိစ္စတွေမှာ သူ စိတ်ဆင်းရဲရမှာစိုးလို့ဆိုပြီး တစ်ယောက်ကိုတစ်ယောက် ငဲ့ညှာဖုံးကွယ် ဟန်ဆောင်နေတာကိုက အခြေအနေမှန်ကို လက်ခံဖို့ ဝေးသွားစေတတ်တယ်တဲ့၊ ကာယကံရှင်လည်းသိ ဘေးလူလည်းသိ အဆိုးဆုံး အခြေအနေကို အသီးသီး သိပြီးနေမှတော့ ဘာမဟုတ်တာ



www.burmeseclassic.com

www.burmeseclassic.com



လေးတွေအတွက် မှာန်ဆောင်ပြီး ဆက်ဆံတာမျိုး လုပ်မနေပါနဲ့တော့တဲ့ ...

ငိုချင်တဲ့အခါ ငိုချလိုက်၊ ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမောလေးလည်း နေတဲ့အခါနေလိုက်၊ ဟိုးအရင်ကလို နေရိုးနေစဉ် ပုံမှန်အတိုင်း ပြောဆိုဆက်ဆံတာ အကောင်းဆုံးပဲတဲ့"

"အဲဒါ အမှန်ဆုံးပဲ"

"အလွမ်းကလေးက ချစ်ဖို့ကောင်းတယ် ဖေဖေ၊ စိတ်ထားလေးကလည်း ကောင်းတယ်၊ မနေ့ကတော့ ဘာဖြစ်လို့လဲ မသိဘူး မျက်နှာလေးနည်းနည်းပျက်ပြီး ပြန်သွားတာ၊ သူ မောင်လေးကို ပြောနေတဲ့စကားတွေ တံခါးလည်းဖွင့်ထားတော့ သမီး အခန်းပြင်နံရံကနေ ရပ်နားထောင်နေတယ်၊ သူ့ထက် ကိုယ်ကကြီးပေမယ့် သူတွေးတာလေးတွေက မှန်လိုက်တာလို့ ချီးကျူးမိတယ်၊ သူ့လိုလည်း မတွေးတတ်၊ သူ့လိုလည်း စကားလုံး စီကာ စဉ်ကာ မပြောတတ်ဘူး၊ ကလေးပုံစံလေးနဲ့ စိတ်ကလေးက ရင့်ရင့်ကျက်ကျက် တွေးနိုင်တယ်"

အားလုံး စကားစ ခဏပြတ်ကာ တိတ်ဆိတ်နေမိကြသည်။





"အန်တီ"

"........."

"ဦး"

"........."

"အန်တီ"

"ဟဲ့ ... ပူစူး၊ တိုးတိုးကြိတ်ကြိတ် ပွစိပွစိနဲ့ ဘာဖြစ်နေတာလဲ၊ ဘာပြောမလို့လဲ ပြောလေ"

မကြည်ရဲ့ ကူဖော်လောင်ဖက် တူမလေး ဆယ့်လေးငါးနှစ်ရွယ် ပူစူးလေးသည် စပယ့်စကားကို မဖြေဘဲ မျက်လုံးကြီးသာပြူး၍ ထောင့်ကပ်ကာ ဟိုတစ်ဖက်ကို မျက်ရိပ်နှင့် လှမ်းပြလိုက်လေသည်။ ထူးဆန်းတဲ့ အမူအရာကြောင့် ပူစူးပြရာဘက်အားလုံး လှမ်းကြည့်မိလျှင် ...

"ဟင်"

လူတိုင်းကိုယ်စီ တိုးတိုးတိတ်တိတ် အံ့ဩသွားရပါသည်။ ဧည့်ခန်းထဲမှာတော့ ရိုးရာသည် ဟိုလှည့် ဒီလှည့်နှင့် နံရံပေါ်ပါ ပန်းချီကားတွေ ဓာတ်ပုံတွေ လျှောက်ကြည့်နေလေသည်။ ဒီအဖြစ်အပျက်တွေစပြီးကတည်းက သူ့သဘောနှင့်သူ သူ့အခန်းထဲကထွက်ကာ အိမ်အောက်ထပ် ဧည့်ခန်းထဲ ဆင်းလာသည်မှာ ဤတစ်ကြိမ်ကြိမ်ထောမဆုံးတည်း။ စပယ်က အလန့်တကြား ထ,ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဇှမောင်လေး ... ဘာလိုချင်လို့လဲဟင်၊ ဘာရှာလဲဟင် မောင်လေး"

အားလုံး ဆက်ထိုင်မနေနိုင်ဘဲ ထမင်းစားပွဲက ကိုယ်စီထ,မိကြသည်။ ရိုးရာကို အံ့အားတသင့် ငေးကြည့်နေကြပါ သည်။

"သြော် ... LED မီးအိမ်လေး ရှာတာပါ"

ခုမှ အပြင်ထွက်လာအောင် ဆင်းလာတဲ့ ရိုးရာရဲ့ ပုံသဏ္ဌာန်ကလည်း အနည်းငယ် အိုးတိုးအမ်းတမ်း ဖြစ်နေပါသည်။

"ဟဲ့ ... အကြည် ... ပုစူး ... မီးအိမ်လေးရော"

"စားပွဲအောက်ဆင့်လေးမှာ မမ"

"သြော် ... ဒီမှာလေ မောင်လေး၊ မောင်လေး ဘာလုပ် မလို့လဲ"

ရိုးရာက မီးအိမ်ကို လှမ်းယူလိုက်ရင်း ...

"ခြံထဲခဏ ဆင်းမလို့ပါ"

"ဟုတ်လား ... လမ်းလျှောက်မလို့လား၊ ကောင်းသားပဲ လေကောင်းလေသန့်လေး ရှူရတာပေါ့၊ မောင်တော့ မောင် နေပြီ၊ မမ နောက်မီးအိမ်တစ်လုံးနဲ့ လိုက်ခဲ့ရမလား"

"ဟုတ်ကဲ့"





ရိုးရာထံမှ အသာတကြည်အသံကြောင့် စမယ်က နောက်ထပ် မီးအိမ်လေးတစ်ခု မြန်မြန်ယူကာ ရိုးရာရဲ့နောက်မှ ကမန်းကတန်း လိုက်လာခဲ့ပါသည်။ ကျန်မိသားစုများကတော့ အိမ်တံခါးဝမှာရပ်ကာ အံ့အားတသင့် အတွေးတွေနှင့် သို့လော သို့လော ကျန်ရစ်ကြပါသည်။

ရိုးရာက ရှေ့ကသွားနေရာမှ စပယ်ကို လှည့်ကြည့် လိုက်ရင်း ...

"မမ"

"ဘာလဲ ... မောင်လေး"

"ခြံထောင့်မှ စံပယ်ရုံလေး တစ်ခုရှိတယ်ဆို ဘယ်ဘက် ထောင့်မှာလဲ"

"ဟင်"

စပယ်က အံ့သြသွားရင်း ...

"ဟိုဘက်မှာလေ မောင်လေး၊ ကားအဝင်ခြံဂိတ်နားမှာ ... လာ"

စပယ်က စံပယ်ချုံကလေးရှိရာ ဦးဆောင်လျှောက် သွားရင်း ရိုးရာကို အံ့သြနေမိပါသည်။ ဘယ်နေရာမှာ ရှိမှန်းတောင် သူ သေချာမသိသော စံပယ်ချုံကို ဘယ်ကသိ ဘယ်က အာရုံရပြီး ဘာစိတ်ကူးနှင့် ဘာလုပ်မလို့ပါလိမ့်ဟုပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မောင်လေး"

ရှီးရာက လက်ထဲက မီးအိမ်နှင့် ထိုးကြည့်လိုက်ပါသည်။ အလင်းရောင်အောက်မှာ အသည်းယားစရာ အဖူးကလေးတွေကို ချစ်စဖွယ် တွေ့ရသည်။ ရှီးရာက အဖူးပါတဲ့ အခက်ရှလေးတစ်ခက် ချိုးယူလိုက်ပြီး နှာခေါင်းနားကပ်၍ မွှေးရှူကြည့်သည်။ ဒီနားရပ်မိကတည်းက မသိမသာလေး ပျံ့ပျံ့သင်းနေသော ရနံ့လေးက အနီးကပ်ရှူရှိုက်လိုက်တော့ ရင်ထဲအထိ မွှေးပျံ့နှစ်ဝင်သွားလေသည်။

"မွှေးတယ်နော်"

"အခက်လေးတွေခူးပြီး ပန်းအိုးပုပုလေးနဲ့ ထိုးပေးရမလား မောင်လေး"

"ဟုတ်"

ရှီးရာရော စပယ်ပါ အတူတကွ စံပယ်ခက်ကလေးတွေ ချိုးခူးကြပါသည်။ အင်း ... မွှေးလိုက်တာ။ စိတ်ကြည်လင်စရာပါ။ ခြံထဲမှာ ညဘက်တိုက်သောလေက စိမ့်စိမ့်အေးအေးလေး လတ်ဆတ်ညှင်သာသည်။

သူ့ အိပ်ခန်းထဲကတောင် မထွက်ဖြစ်တဲ့အတွက် ခြံထဲကိုလည်း မရောက်ဖြစ်ပါ။ ဟိုအရင်ကတည်းက ခြံထဲလမ်းလျှောက်ဖြစ်တာ ဆင်းထိုင်ဖြစ်တာမျိုးက ရှာမှရှားပါ။ ခုတော့





ခြံထဲဆင်းရတာက အရသာတစ်မျိုးလိုလို စိတ်ကိုပေါ့ပါးလန်းဆန်းကြည်လင်စေပါသည်။

"မမ"

"မောင်လေး ပြောလေ"

"မေမေ့ကို အမြဲစိတ်ချမ်းသာအောင် နှစ်သိမ့်ပေးပါနော်"

စပယ်သည် ဘာစကား ပြန်ပြောရမည် မသိဘဲ ရုတ်တရက် ရင်ထဲနင့်ပြီး နှာကျင်ကာ ချက်ချင်းမျက်ရည်ပြည့်လျှံသွားပါသည်။

"ကျွန်တော် သွေးပျက်နေတဲ့ အချိန်တွေ ဒီနေ့ကစပြီး ရပ်လိုက်ပြီ ပြီးသွားပြီ၊ စိတ်တည်ငြိမ်အောင်လည်း ဖြေသိမ့်နိုင်ပါပြီ၊ နေမကောင်းတဲ့ အချိန်ကလွဲရင် အရင်လိုပဲ ပြန်နေမယ်"

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



✱ ၇ ✱

"ပိုးဥ"

"ရှင်"

ပိုးဥလေးက လှေကားမှ တက်လာကာ လှေကားထိပ်မှ သူတို့အခန်းဘက် သွားဖို့ပြင်နေရာမှ အလွှမ်း ခေါ်သံကြောင့် အလွှမ်းဘက်သို့ ဂါဝန်လေးကားကားနှင့် ပြေးလာပါသည်။ အလွှမ်းက ပိုးဥအရပ်နှင့် ညီသွားအောင် ဒူးထောက်လိုက်ရင်း ပိုးဥ ခါးလေးနှစ်ဖက်ကို ကိုင်ကာ ...

"အောက်မှာ ဧည့်သည်တွေ ထမင်းစားနေလား"

"ဟုတ် ... စားနေတယ်၊ မမလေး ဗိုက်ဆာလို့လားဟင်"

ပိုးဥတို့ ဘုံဘုံတို့က မာမီသင်ထားတဲ့အတိုင်း အလွှမ်းထက် ငါးလကြီးသော ချမ်းမြေ့ကို မမကြီး၊ အလွှမ်းကို မမလေးဟု ခေါ်ကြပါသည်။ တီတီတာတာလေး ပြောတတ်သော ပိုးဥ ပါးလေးကို အလွှမ်းက တစ်ချက်နမ်းလိုက်ရင်း ...





"မဆာပါဘူး ပိုးဥရဲ့၊ မလေးလည်း အောက်ကိုဆင်းရင် ကောင်းမလား မကောင်းလား စဉ်းစားနေတာ"

"ဆင်းပေါ့၊ မမလေး ဘာလို့ချင်လို့လဲဟင်၊ ဧည့်သည် အန်တီကြီးက ခုနကတောင် မာမီကို မေးနေသေးတယ် မမလေးအကြောင်း၊ မာမီက မမလေး သိပ်နေမကောင်းလို့ အခန်းထဲမှာ အိပ်နေတယ်လို့ ပြောနေတာ"

"ဟုတ်လား"

"မမလေး"

"ဟင်"

"ဟိုအစ်ကိုကြီးက မမကြီးနဲ့ ယူမလို့ဆိုတာ ဟုတ်လား"

"ဟား ဟား ဟား ... ပိုးဥကို ဘယ်သူပြောလဲ"

"အကုန် ပြောနေတာပဲ၊ နောက်ဖေးက ဘွားစိန်လည်း ပြောတယ်၊ မမရွှေလုံးလည်း ပြောတယ်"

"အဲလို အတိအကျ အသေအချာကြီးတော့ မဟုတ်သေးပါဘူး ပိုးဥရဲ့၊ အင်း ... ဒါပေမဲ့ ... အင်း ... ဟုတ်ရင်လည်း ဟုတ်မှာပေါ့ ပိုးဥရယ်"

"မမကြီးကလည်း အဲဒီအစ်ကိုကြီးရှေ့မှာ အရမ်းပဲမျှားတာပဲ"

ပိုးဥက မျက်လုံးလေးကို ပြူးဝိုင်း၍ အသံကိုနှိမ့်ကာ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဟီး ဟီး"

အလွမ်းက သဘောတကျရယ်ရင်း ပိုးဥ ပါးလေး… ထပ်၍နမ်းရှိုက်မိသည်။ ညီမလေး ပိုးဥက ဆယ်နှစ်၊ မောင်လေး ဘုံဘုံက ခုနစ်နှစ်။ သူတို့လေးတွေဟာ သိပ်ကိုချစ်စရာကောင်းလှပါသည်။ အမိအဖ စုံစုံလင်လင်၏ ချစ်ခြင်းမေတ္တာအရိပ်အောက်မှာ ဂရုတစိုက် ပြုစုပျိုးထောင် စောင့်ရှောက်ခံကြရ၍ ချစ်မေတ္တာ အပြည့်အဝရသော ကလေးများပီပီ နူးညံ့လိမ္မာကြသည်။

သူကလေးတို့ ကံကောင်းကြပါသည်။

"ဟော … ပိုးဥ"

လှေကားမှ မာမီ တက်လာကာ တအံ့တဩ ရေ… ရွတ်လိုက်ရင်း …

"မာမီ့ဖုန်း ယူခိုင်းလိုက်တာ ပေါ်မလာတော့ဘူး ပိုးဥ၊ မမလေးဆီ ဘာတွေကပ်ချွဲနေတာလဲ၊ သမီး ဘာဖြစ်လို့လဲ ဘာလိုချင်လဲ အလွမ်း"

"ဘာမှ မလိုချင်ပါဘူး မာမီ၊ ပိုးဥကို ညှော်သည်တွေ… အကြောင်း ခေါ်မေးနေတာ၊ မာမီခိုင်းလိုက်မှန်း မသိလို့၊ ဟင်း ဟင်း … မာမီ့သမီးလေးက လူလည်လေး အကုန်သိ… တယ်"

မာမီက ခပ်ပြုံးပြုံးနှင့် ဖုန်းသွားယူကာ ပြန်ထွက် လာရင်း …





"နေကောင်းလား သမီး"

"ကောင်းပါတယ် မာမီ၊ ခုန အိပ်ရာကနိုးလာတာ လူက လန်းဆန်းပြီး အားတွေပြည့်နေတာပဲ၊ နေကောင်းတော့ ဗိုက်တောင်ဆာတယ်"

အလွမ်းက ဗိုက်ကလေးပွတ်ကာ ပြောလျှင် …

"မာမီ အပေါ်ပို့ပေးရမလား သမီး၊ အောက်မှာပဲ ဆင်းစားမလား၊ ဒေါ်နွယ်နီခင်တို့တွေကတော့ စားလို့ပြီးသွားပြီ၊ သမီး ထမင်းစားခန်းမှာ လာစားလို့လည်း ရတယ်"

"ဟုတ်ကဲ့ … အောက်ပဲ ဆင်းစားပါ့မယ် မာမီ"

"အင်း … ကောင်းတယ် သမီး၊ ဆင်းစားလိုက်ပါ၊ ဒေါ်နွယ်နီခင်ကတောင် သမီးကို မေးနေလို့ သိပ်နေမကောင်းဘူးလို့ ပြောပြနေတာ၊ သမီး အောက်ဆင်းလိုက်ရင် သူတို့နဲ့လည်း နှုတ်ဆက်လို့ ရတာပေါ့"

"ဟုတ်ကဲ့ … အလွမ်းပုံစံက ဒီလိုနဲ့ ဖြစ်ရဲ့လား မာမီ"

အလွမ်းက ဖလန်နယ်အနီကွက် ရှပ်ဖားဖားလေးကို တီရှပ်ဖြူပေါ် အနွေးထည်လို ထပ်ဝတ်ထားတဲ့ ပုံစံနှင့် ဂျင်းဘောင်းဘီပွပွတို့ကို ကိုယ့်ဘာသာငုံ့ကြည့်ရင်း မာမီ့ကိုပါ လက်ကလေး နှစ်ဖက်ကား၍ ပြလိုက်ပါသည်။ ဒေါ်နုနုငယ်က ရှေ့တိုးလာကာ အလွမ်းပခုံးကိုဖက်၍ နဖူးလေးတစ်ချက် နမ်းရင်း



www.burmeseclassic.com

www.burmeseclassic.com



"ရတာပေါ့ သမီးရဲ့ ... လာ"

"ဟင် ... မာမီက ပိုးဥကိုကျတော့ မနမ်းဘူး"

ပိုးဥက ဆတ်တွန့် ဆတ်တွန့်ကလေး လုပ်ရင်း ပြောသည်။

"ဩော် ... ဒီသဝန်တိုမလေးကတစ်မျိုး၊ ကဲ ... ရော့ ရော့"

မာမီက ပိုးဥခေါင်းပေါ်က ဆံပင်လေးတွေကိုပါ တရွှတ်ရွှတ်နဲ့ နမ်းလိုက်သည်။ သားအမိသုံးယောက်သား အောက်ထပ်တူတူ ဆင်းလာပါသည်။ ဧည့်ခန်းထဲမှာရှိနေကြတဲ့ ဧည့်သည်တစ်စုက အလွမ်းတို့ ဆင်းလာတာကို မော့ကြည့်နေပါသည်။ မာမီက ဆက်တီတွေ အနီးမှာရပ်ရင်း အလွမ်း ခေါင်းလေးကို ဖြည်းဖြည်းပွတ်လျက် ...

"ဒါ အလွမ်းလေ မမနွယ်နီရေ၊ သမီး ... ဒါ မောင်ရာဇာ့မိဘတွေ၊ ဦးဆက်ပိုင်နဲ့ ဒေါ်နွယ်နီခင်တဲ့၊ မောင်ရာဇာ့ကိုတော့ သမီးလည်း ဆုံဖူးတယ်လေ"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ် အန်ကယ် ... အန်တီ"

"အေး ... ဝမ်းသာပါတယ် သမီးရယ်၊ နေမကောင်းဘူး ဆိုလို့ ခုနပဲ သတင်းမေးနေတာ၊ ဧည့်သည်တွေရှိလို့ ဆင်းလာတာများလား၊ နုနုက သမီးကို ခေါ်လာတာလား ဟင်၊ နားနားနေနေ နေပါစေ ရပါတယ် နုနုရယ်"





"မဟုတ်ပါဘူး အန်တီ၊ အလွမ်း နေလည်းကောင်းလို့ ဗိုက်လည်းဆာလို့ ဆင်းလာတာပါ၊ အလွမ်းက နည်းနည်းလေး နေကောင်းတာနဲ့ အခန်းထဲမှာ မနေနိုင်ဘူး အန်တီရဲ့၊ ဟိုဟိုဒီဒီ ပါနေရမှ ... အဟီး"

ချမ်းမြေ့က နေရာမှထ,လာကာ အလွမ်း လက်ကို ဆွဲလိုက်ရင်း ...

"မာမီ ထိုင်ပါ၊ အလွမ်းကို ထမင်းစားဖို့ ချမ်း စီစဉ်ပေးလိုက်မယ်၊ လာ ... အလွမ်း"

မာမီက ဧည့်ခန်းထဲ ပြန်ဝင်ထိုင်ကာ အလွမ်းနှင့် ချမ်းမြေ့က ထမင်းစားခန်းဘက်သို့ ဝင်လာခဲ့ပါသည်။ အလွမ်းတို့ ဒေါ်စိန့်ကို ချမ်းမြေ့က စီစဉ်မှာကြားပေးနေစဉ် အလွမ်းက အသံဖျဖျနှင့် ...

"ချမ်း ... နှင် ရင်တွေခုန်နေလား"

"မခုန်ပေါင်"

"အဟဲ ... မညာပါနဲ့ဟာ"

"မညာပါဘူးနော်"

"လာပါ ... ငါ့နားမှာ လာထိုင်ဦး ငါသိချင်သေးတယ်"

ချမ်းမြေ့က အလွမ်းနံဘေး ကပ်ထိုင်လိုက်ရင်း ...

"ကဲ ... ပြော"



www.burmeseclassic.com

www.burmeseclassic.com



"အခုက နားလာဖောက်တဲ့ သဘောလားဟင် ချမ်း"

"အဲလောက်တော့ မဟုတ်သေးပါဘူးဟာ၊ ဒါပေမဲ့ မကြာခင်တစ်ချိန် နားဖောက်တော့မယ့် သဘောမျိုးနဲ့ ရွှေလမ်းငွေလမ်းဖောက်တဲ့ သဘောမျိုးလားတော့ မပြောတတ်ပါဘူးဟာ"

"နင်နဲ့ ကိုရာဇာ ကြိုက်သွားပြီပေါ့"

"ဟင့်အင်း"

"ဟင် ... ဘယ်လိုလဲဟ နင်ကလည်း"

ချမ်းမြေ့က နှုတ်ခမ်းလေးတွန့်ကာ စဉ်းစားရင်း ...

"အင်း ... တစ်မျိုးပဲပေါ့နော်၊ ငါတောင် မပြောတတ်တော့ဘူး၊ ကိုရာဇာကို ခေါင်းသာမညိတ်သေးတယ်၊ သဘောကတော့ ခေါင်းညိတ်မယ်ဆိုတဲ့ သဘောပါပဲဟာ၊ သူလည်း သိပါတယ်၊ ဒက်ဒီကမေးတော့လည်း ငါ ဒက်ဒီ့သဘောပါလို့ ပြောလိုက်တယ်"

"နင် ကိုရာဇာ့ကို ရွေးတယ်ဆိုတာ ကိုရာဇာ့ကို ကြိုက်တဲ့သဘောပေါ့ ချမ်းရဲ့"

ချမ်းမြေ့က တစ်မျိုးလေးပြုံးကာ ငြိမ်နေပါသည်။ အလွမ်းက ချမ်းမြေ့မျက်နှာမူရာကို သေချာကြည့်ရင်း ...

"ချမ်း ... နင် ကိုရာဇာ့ကို ချစ်ကော ချစ်လို့လား"





နားနားကပ်ကာ တိုးတိုးကလေး မေးလိုက်ပါသည်။

ချမ်းမြေ့က ရုတ်တရက် မဖြေနိုင်။ အလွမ်းက ခုလိုမေးလိုက်တော့ ဝမ်းနည်းသလိုလိုရှိသည်။

"ဟင် ... ချမ်း၊ နင် ... ဟို ... ကျော့ရှိုကို ကြိုက်တာများလား"

ချမ်းမြေ့က အလွမ်းကို ပြုံးကြည့်ကာ ...

"သူ ဒီနာမည်ကို မမေ့ဘူး ... ဟင်း ဟင်း"

"အင်းလေ ... နင်နဲ့ နင့်သူငယ်ချင်းတွေ ပြောစကားထဲမှာ ရေပန်းစားတာ အဲဒီ ကျော့ရှိုရယ် ကိုရာဇာရယ် ဒါပဲဟာကို၊ နင့်မှာ လိုက်တဲ့သူတွေ ဒီလောက်များပေမယ့် နင်တို့စကားဝိုင်းထဲထိပေါက်တာ ဒီနှစ်ယောက်ပဲ ရှိတာပဲဟာ၊ ဘာလဲ ... နင် ရွေးရခက်နေတာလား"

"မဟုတ်ပါဘူးဟာ"

ချမ်းမြေ့က သက်ပြင်းလေး ခိုးကာရှိုက်မိသည်။ ရိုးရာကို မြင်ယောင်လာမိပါသည်။ အလွမ်းက ကျော့ရှိုလို့သာ သိထားတဲ့ ရိုးရာ။ တွေးမိလိုက်တော့ ရင်ထဲနင့်ရသည်။ ခုဆို ရိုးရာ စပြီးနေမကောင်းဖြစ်ကတည်းကတွက်လျှင် မတွေ့ကြတာ နှစ်လနီးပါးတောင် ရှိခဲ့ပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး ရီးရာ နေမကောင်းဖြစ်ကာ ဆေးရုံတက်ရတော့ ဆေးရုံကို သူငယ်ချင်းများနှင့်အတူ ချမ်းမြေ့ သတင်းမေးရောက်ခဲ့သည်။ အဲဒီတုန်းကတော့ ရီးရာက ပုံမှန်ပဲ။ အဲဒီရက်တွေထဲမှာပဲ နိုင်ငံခြားက ခဏပြန်လာသော သူငယ်ချင်းတစ်ယောက်နှင့် ချမ်းမြေ့တို့ သူငယ်ချင်းအုပ်စုလိုက် ချောင်းသာကို တစ်ပတ်လောက် သွားဖြစ်ခဲ့ကြပါသေးသည်။

ချောင်းသာက ပြန်ရောက်လာပြီး ဟိုးအစောပိုင်းရက်များတုန်းကတော့ ရီးရာကို ချမ်းမြေ့ လှမ်းလှမ်းဆက်သွယ်ခဲ့ပါသည်။ သူ့ကို ချစ်ပါတယ်လို့ ဖွင့်ပြော ချစ်ရေးဆိုထားတဲ့ ရီးရာက ချမ်းမြေ့ကို အဆက်သွယ်ပင်မခံ။ စကားလက်ခံမပြောရှောင်နေတော့တဲ့အခါ သူ နေကောင်းမှပဲ ဆက်သွယ်တော့မယ် သွားတော့မယ်ရယ်လို့ စိတ်ကူးခဲ့ပါသည်။

ဆေးရုံကဆင်းသွားတဲ့ သတင်းကြားပြီးနောက်မှာ သတင်းမေးသွားဖို့ ဖုန်းတွေဆက်ခဲ့ပြန်သည်။ ရီးရာ ဖုန်းမကိုင်တော့ ရီးရာရဲ့သူငယ်ချင်းတွေဖြစ်တဲ့ မင်းထိုက်တို့ ဉာဏ်တို့ထံ ဆက်သွယ်သည်။ သူတို့က ရီးရာ ဘယ်သူနဲ့မှ အတွေ့မခံသေးကြောင်း ပြောဖန်များတဲ့နောက် ချမ်းမြေ့က ဉာဏ်တို့နှင့် သွားတွေ့ခဲ့ပါသည်။





"ဘယ်သူ့ဆီမှ သတင်းမပျံ့နှံ့ပါစေနဲ့၊ ချမ်းမြေ့ကိုမို့လို့ ပြောပြပါမယ်"လို့ စကားခံပြီး ရီးရာရဲ့ကျန်းမာရေးအခြေအနေကို ပြောပြတဲ့အခါ ချမ်းမြေ့ နားကိုပင်မယုံနိုင်။ အကြီးအကျယ်ဘုန်လှုပ်ခဲ့ရပါသည်။

"ကျွန်တော်တို့ ပြောချင်တာကလေ ချမ်းမြေ့စိတ်ထဲလည်း ဘယ်လိုမှ သဘောမထားပါနဲ့ဗျာ၊ ရီးရာက စ,မဆက်သွယ်ခဲ့ရင် ချမ်းမြေ့အနေနဲ့လည်း မဆက်သွယ်စေချင်တော့ဘူး၊ ရီးရာက သံယောဇဉ်တွေ ဖြတ်ချင်တဲ့သဘော ရှိပါတယ်၊ သူ့အနေနဲ့ သူဆန္ဒရှိသလို နေပါစေလို့ပဲ ချမ်းမြေ့ကို ပြောချင်ပါတယ်၊ တောင်းပန်ချင်ပါတယ်"

ဉာဏ်ရဲ့စကားလေးကို ခုချိန်ထိပင် ချမ်းမြေ့ကြားယောင်တုန်း။ ဘယ်သူ့ကိုမှလဲ ဒီအကြောင်း ချမ်းမြေ့ ပြောမပြခဲ့ပါ၊ သံယောဇဉ်တွေ ဖြတ်ချင်တာကို မှန်တယ် မှားတယ်လို့ ချမ်းမြေ့ မဝေဖန်ချင်။ ကာယကံရှင်ရဲ့ဆန္ဒသည်သာ ခုချိန်မှာ အားလုံး ဂရုစိုက် လိုက်လျောသင့်တဲ့ အနေအထားပါ။ အဲဒီကတည်းက ရီးရာထံ ချမ်းမြေ့ မဆက်သွယ်ဖြစ်တော့ပါ။

ရီးရာကို ခေါင်းညိတ် အဖြေပေးမိတော့လုလု အထူးဆိုင်ညွှတ်သော ခံစားချက်နှလုံးသား ချမ်းမြေ့ရင်၌ ရှိပြီးဖြစ်ခဲ့ပါသည်၊ သို့သော် သူ့အတွက်လည်း ပင်ပန်းဆင်းရဲ ကိုယ့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



လည်း ပင်ပန်းဆင်းရဲရမည့် ရလဒ်မျိုးကတော့ မဖြစ်သင့်ဘူး မဟုတ်လား။ ရိုးရာကသာ နောက်ဆုံးအချိန် နာရီမိနစ်တွေအထိ ချမ်းမြေ့ရဲ့ နွေးထွေးနှစ်သိမ့်မှုကို အလိုရှိပါသည် ဆိုရင်တော့ လိုက်လျောဖို့ရန် ချမ်းမြေ့ အမှန်ပင် ဝန်မလေးပါ။

အခုကတော့ ...။

တွေးလိုက်တိုင်းတော့ ရင်ထဲ ဝမ်းနည်းကြေကွဲမြည့်မှု တစ်မျိုး ခံစားရပါသည်။ ဒီသုံးလတာသော အချိန်အတွင်းမှာ ကိုရာဇာနှင့် ချမ်းမြေ့အကြား အရင်ကထက် ရင်းနှီးမှုအတိုင်းအတာ ပိုခဲ့ရသလို စီးပွားရေး အဆက်အစပ်အားဖြင့်လည်း ကိုရာဇာ့ကို ဒက်ဒီ လိုလားနှစ်လိုမှုရှိကြောင်း သိရလေရာ ချမ်းမြေ့က ကိုရာဇာ နှင့် ဆက်ဆံပတ်သက်မှုလည်း စိပ်ခဲ့ရပါသည်။

ကိုရာဇာ့မိဘတွေကပါ လိုလိုလားလားနှင့် နှစ်အိမ် တစ်အိမ် ကူးလူးလမ်းဖောက် ဆက်သွယ်မှုတွေ ပိုလာတဲ့အခါမှာ တော့ အခြေအနေက အတိုင်းအတာတစ်ခုထိ ရည်ညွှန်းလာခဲ့ တော့တာပါ။

ချမ်းမြေ့အဖို့ ကိုယ့်ရဲ့စိတ်အာရုံ ခံစားချက်အချို့ကို လည်း လမ်းလွှဲဖြေသိမ့်ချင်တာမျိုး ပါကောင်းပါနိုင်ပေမယ့် ခုတော့ ချမ်းမြေ့သည် ထီးလည်းလို မင်းလည်းလို ထိုအဖြစ်အပျက်ကို စိတ်ဒုံးဒုံး နှစ်ချထားလိုက်ပါပြီ။





"ဘာတွေ စဉ်းစားနေတာလဲ ချမ်း၊ ဒက်ဒီက တိုက်တွန်း လို့လားဟင်"

"ဒက်ဒီက မတိုက်တွန်းပေမယ့် သဘောကျတယ် အလွမ်း ရဲ့"

"ဘယ်လိုပဲဖြစ်ဖြစ်လေ နှင် ပျော်ရင် စိတ်ချမ်းသာရင်တော့ ကောင်းတာပေါ့၊ ငါက နှင်တကယ်ပျော်ရဲ့လားလို့ အကဲ ခတ်နေတာ၊ သိချင်နေတာ"

"နှင်ကလေ ငါ့အကြောင်းကျတော့ သိပ်သိချင်တာပဲ၊ နှင့် အကြောင်းကျ ငါ ဘာမှကို မသိရဘူး၊ နှုတ်လုံထားလိုက် တာ စိနေတာပဲ ... တိတ်နေတာပဲ ... ဟွန်း"

"ဟင် ... ငါ့အကြောင်းက ဘာရှိလို့လဲ ... ခစ် ခစ်"

အလွမ်းက မျက်လုံးလေး ပေကလတ်နှင့် ရယ်ရင်း [illegible]င်းတွေ ခပ်စားနေပါသည်။ ချမ်းမြေ့က အလွမ်းထမင်းပန်း [illegible]ထဲ ငါးမြင်းဆီပြန်ဟင်းကို ဆီစစ်ကာ အသားတုံးခပ်ထည့် [illegible]ိုက်ရင်း ...

"ငါးမြင်းနဲ့စား ... ကောင်းတယ်"

"အင်း ... နှင် ဆုံးဖြတ်ပြီးရင်လည်း မြန်မြန်ယူရင်လည်း ယူဟာ ... ခိ ခိ"

"ဟဲ့ ... အဲ့လောက်ကြီးတော့ ဘယ်မြန်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အလွမ်းက ခေါင်းလေးတညိတ်ညိတ်နှင့် ...

"ဘာပဲဖြစ်ဖြစ် နင် ရင်ခုန်ဖို့တော့ လိုတယ်နော် ချမ်း နည်းနည်းကလေးတောင် ကိုယ်ရင်မခုန်ဘဲနဲ့တော့ ယူဖို့ ဆုံးဖြတ်မနေနဲ့၊ တကယ်တော့ ဘ၀မှာ လူတစ်ယောက် အတွက်ရင်ခုန်ရတာ လူတစ်ယောက်ကိုအသည်းနှလုံးနဲ့ ချစ်ရတာ သုခတစ်မျိုးနော်၊ အံ့သြဖို့လည်းကောင်းတယ် ဆန်းကျယ်တယ် တန်ဖိုးရှိတယ် ဘ၀တစ်ခု ဖြစ်ရကျိုး လည်း နပ်တယ်ဟာ"

"အလွမ်း"

ချမ်းမြေ့က အလွမ်းကို တအံ့တသြလေး ကြည့်လိုက်ပါသည်။ အလွမ်းနံဘေး စားပွဲထောင့်ချိုးမှာ ဝင်ထိုင်လိုက်ကာ—

"အရမ်းထူးဆန်းတာပဲ နင့်စကားတွေ၊ နင် ရည်းစားရှိနေ ပြီ မဟုတ်လား၊ ငါ့ကို အမှန်အတိုင်း ပြောစမ်းပါ၊ လုံး လျှို့မထားနဲ့နော်"

"သြော် ... ချမ်းရယ်၊ ငါက ရည်းစားရှိစရာလား၊ နင်က ပေါက်ကရ တွေးတတ်တယ်"

အလွမ်းက မျက်လွှာလေးချလျက် ဣန္ဒြေရရှင်း လျှင် ...





"ရည်းစားမရှိဘူးဆိုရင် နင် လူတစ်ယောက်ကိုတော့ ချစ် မိနေပြီ"

"ဟင်"

အလွမ်းက ပြုံးစိစိ အူကြောင်ကြောင်ကလေးနှင့် ချမ်းမြေ့ကို ကြည့်နေပါသည်။

"အူကြောင်ကြောင် လုပ်မနေနဲ့၊ နင် တစ်ယောက်ယောက် ကိုတော့ ချစ်နေပြီ၊ ဟုတ်တယ် မဟုတ်လားဟင် အလွမ်း၊ နင် တစ်ယောက်တည်း တိတ်တိတ်လေး ကျိတ်ခံစား၊ ကျိတ်လုပ်မနေနဲ့၊ အတွေ့အကြုံလည်း ရှိတာမဟုတ်ဘဲနဲ့ ငါ့ကိုပြောဦး"

"အမယ် ... သူကကျတော့ ဆရာမကြီးပေါ့လေ၊ အတွေ့ အကြုံ ရှိတယ်ပေါ့လေ"

ပြုံးစိစိ အလွမ်း အမူအရာကို ချမ်းမြေ့က သေသေ ချာချာ စေ့စေ့စပ်စပ် အကဲခတ်နေမိပါသည်။ အလွမ်းရဲ့မျက်နှာ အမူအရာလေး ထူးတော့ထူးနေတယ်လို့ ချမ်းမြေ့ ထင်မိသည်။ အလွမ်းဟာ သူနှင့်သက်တူရွယ်တူပဲ။ ဒီအရွယ်မှာ ဘာကြောင့် ... တော်တဲ့ နှလုံးသား မနိုးကြားပဲ နေပါလိမ့်မလဲ။ နိုးကြားနိုင် ... ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



လှပုံကြည့်လျှင် ငယ်စဉ်ကတည်းက ဖြူသွဲ့သွဲ့နှင့် ယောက်ျားဆန်ဆန် Tom Boy တစ်ယောက်လိုကလေး ဖြစ်နေတဲ့ အလွမ်းဟာ တကယ်တော့ မိန်းမစိတ်ပီပီသသကလေးနှင့် နူးညံ့ ကြင်နာတတ်သူကလေး။ အနွံတာခံတတ်သူကလေး ဆိုတာကို လည်း မောင်ညီမလေးတွေ ကရိကထဆိုးမျိုးကို ချမ်းမြေ့ထက် အများကြီး ပိုသည်းညည်းခံတတ်တာက သက်သေပြနေသည်။ အလွမ်းကို ချမ်းမြေ့ ချစ်ပါသည်။

ချမ်းမြေ့ အကြည့်ကြောင့် အလွမ်းက မနေတတ် တော့သလို သူ့ခန္ဓာကိုယ်လေးကို တွန့်လိမ်လှုပ်ရှားရင်း ...

"ငါ့ကို အဲလိုကြည့်မနေနဲ့ ငါမနေတတ်ဘူး၊ ငါ မညာတတ်ဘူးဟ၊ နင် ပြောသလို လူတစ်ယောက်ကို ချစ်မိနေတယ်လား မသိဘူး၊ အဲဒါဆိုရင်တော့ ဝမ်းနည်းဖို့ကောင်းလိုက်တာဟာ"

❋ ❖ ❋

❋ ၈ ❋

"ကိုရဲ ... ကျွန်တော် ဒီနေ့ ရုံးကိုလိုက်မယ်"

"ဟေ"

ကိုရဲက ရီးရာကို တအံ့တသြ ကြည့်ရင်း ...

"ဖြစ်ပါ့မလား ရီးရာ"

"ဘာလို့ မဖြစ်ရမှာလဲ ကိုရဲရ"

"မင်း အိမ်မှာပဲ နားနားနေနေ နေပါဦးကွာ"

"အာ ... အိမ်မှာလည်း တစ်နေ့ တစ်နေ့ ဘာမှလုပ်စရာ ရှိတာ မဟုတ်ဘူး၊ ငြီးငွေ့တာနဲ့ကို ပြန်ပြီးနေမကောင်း ဖြစ်ချင်သလိုလို ဖြစ်နေပြီ၊ ပြီးတော့ ကျွန်တော် ထူထူ ထောင်ထောင်ပဲ ဖြစ်နေတာပဲဟာ၊ လုံးလုံး အိပ်ရာထဲ လဲနေတာမှ မဟုတ်တာ၊ ရုံးမှာ ဘာပဲဖြစ်ဖြစ် စိတ်အပြောင်း အလဲ စိတ်ပြေလက်ပျောက်ရှိမယ်လို့ ထင်တယ်၊ ပြီးတော့ ပင်ပန်းရင်လည်း အိမ်ပြန်လိုက်လို့ ရတာပဲဟာ"



စေတနာ့စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ဖေဖေတို့ မေမေတို့ ပြောနေပါဦးမယ်"

"ကိုရဲက အတင်းခေါ်တာမှ မဟုတ်တာ၊ ကျွန်တော်က အတင်းလိုက်တာပဲဟာ၊ ကိုရဲကို ဘာပြောစရာရှိလဲ"

ကိုရဲက နားထင်ကိုကုတ်ရင်း အင်တင်တင် ဖြစ်နေပါသည်။

"မေမေ့ကို မေးကြည့်ပါဦးလား"

ဖေဖေက အိမ်မှာမရှိပါ။ အလုပ်ကိစ္စ ရုံးကိစ္စတစ်ခုနှင့် နေပြည်တော် ရောက်နေသည်။ မနက်ဖြန် သန်ဘက်ခါလောက်မှ ပြန်ရောက်မည်ဖြစ်သည်။

"မေမေက ကျွန်တော်ပြောရင် ဘယ်ငြင်းပါ့မလဲ၊ လိုက်သွားလို့ပဲပြောမှာ၊ မယုံရင် ကိုရဲ မေးကြည့်"

ကိုရဲက တစ်ခါတည်း အင်္ကျီအဝတ်အစားကအစ အပြင်ထွက်ဖို့ အသင့်ဝတ်ဆင် လဲလှယ်ပြီးမှ ဆင်းလာတာဖြစ်သော ရီးရာကို ငြင်းစကား မဆိုချင်တော့။ စပယ်နှင့် မယှဉ်သမီးရည်းစားဘဝ တွဲနေစဉ်ကတည်းက သူ့ထက် ရှစ်နှစ်ငယ်သော ယောက်ဖလောင်းလေး ရီးရာကို သူ့မှာ အလိုက်အထိုက်ကြည့်ကျက်ပေါင်းရတာဖြစ်သည်။

ဂျစ်တီဂျစ်ကန်နှင့် သူလုပ်ချင်တာလုပ်ရမှဆိုတဲ့ စရိုက်မျိုးရှိသော ရီးရာဟာ ခေါင်းကလည်းမာသေး ဗွတ်တရွတ်ကလည်းဆန်သေး။





"ကဲ ... ကဲ ... ဒါဆိုလည်းပြီးရော၊ လိုက်ပေါ့ကွာ၊ မေမေ့ကိုတော့ သွားပြောလိုက်ဦးလေ"

"အင်းပါ ကိုရဲရ၊ မေမေက ကျွန်တော် ခုနဆင်းလာတော့ ဘုရားရှိခိုးနေတာ ပြီးတော့ဝ်မပြီးသေးဘူး"

သူတို့နှစ်ယောက် ကော်ဖီသောက်နေသော ထမင်းစားပွဲသို့ စပယ် ရောက်လာပါသည်။ လှလှပပ မွှေးမွှေးပျံ့ပျံ့ရောက်လာသော စပယ်ကိုကြည့်ရင်း ရီးရာက ...

"မမက ဘယ်လဲ"

"ကိုရဲနဲ့ ... ဟင် ... မောင်လေးကကော ဘယ်လဲ"

"ရီးရာက ရုံးကိုလိုက်မလို့တဲ့"

စပယ်က တစ်ခဏ စဉ်းစားနေပြီးမှ ...

"အင်း လိုက်သွားပေါ့၊ မောင်လေး စိတ်အပြောင်းအလဲဖြစ်တာပေါ့"

"မင်းမမက သူ့သူငယ်ချင်းနဲ့ သွားစရာရှိလို့ အတူလိုက်မှာ၊ သူ့သူငယ်ချင်းအိမ် ဝင်ချပေးခဲ့ရမှာလေ"

"သြော် ... ဗေဒင်မေးဖို့မှ ဟုတ်ရဲ့လား မမ"

ရီးရာရဲ့ တန်းခနဲအမေးက ဟုတ်မှန်နေ၍ စပယ်က မောင်လေးရွယ်ကာ ရီးရာပခုံးလေးကိုဖက်ရင်း ...

"မေမေ မမေးစေချင်တာ မောင်လေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မေးပါစေလေ၊ မေမေ စိတ်ချမ်းသာတာလုပ်ပါစေ၊ ဗေဒင်သွားသွားမေးတော့ ဗေဒင်တွေက ဘာပြောလဲ"

"အမျိုးစုံပေါ့ မောင်လေးရယ်၊ ယတြာတွေ ဘာတွေလဲ ပေးကြတာပေါ့၊ ဘာပဲဖြစ်ဖြစ်ပေါ့ကွယ်၊ ထိရောက်တယ်ပဲဖြစ်ဖြစ် မထိရောက်ဘူးပဲဖြစ်ဖြစ် မျှော်လင့်ပြီး ဆုတောင်းပြီး လုပ်ရတာလည်း တစ်မျိုးအားရှိသလိုတော့ ဖြစ်တာပေါ့နော်၊ နေဦး ... မင်းလိုက်မှာ မေမေ့ကိုသွားပြောလိုက်ဦးမယ်၊ ပြီးရင် သွားမယ်"

စပယ်က ကော်ဖီခွက်ကို ကောက်မော့ကာ အပေါ်ထပ် ပြန်တက်သွားပါသည်။ ခဏအကြာမှာ မမစပယ်နောက်က မေမေပါ ပါလာပြီး ရိုးရာကို ပင်ပန်းလျှင် နေမကောင်းလျှင် ချက်ချင်း ဒရိုင်ဘာတစ်ယောက်နှင့် ပြန်ခဲ့ဖို့မှာသည်။

"စိတ်ချ မေမေ၊ ရိုးရာ ပင်ပန်းရင် ကျွန်တော်ကိုယ်တိုင် အိမ်ပြန်မောင်းပို့ပါ့မယ် ဒရိုင်ဘာနဲ့ မလွှတ်ပါဘူး"

သူတို့သုံးယောက် ကားနှင့် ထွက်လာခဲ့ကြပါသည်။ ကိုရဲ မောင်း၍ ရိုးရာက နံဘေးက စပယ်က နောက်ခန်းက။ ရိုးရာက လမ်းဘေးတစ်ဖက်ကိုသာ လည်ပြန်ကြည့်ရင်း ငြိမ်သက်စွာ ပါလာပါသည်။ ခဏအကြာတွင် တိတ်ဆိတ်ခြင်းကိုခွင်းကာ ရိုးရာက ...





"ကျွန်တော် ဘယ်တော့ ဆေးသွားသွင်းရမလဲ မမ"

"နောက်အပတ် မောင်လေး"

"ဪ"

"ဘာဖြစ်လို့လဲ မောင်လေး"

"ဘာမှမဖြစ်ပါဘူး၊ မသိလို့ မေးကြည့်တာပါ၊ ဒါနဲ့ ..."

"..........."

ရိုးရာက တိတ်နေပြန်၍ ...

"ဘာလဲ မောင်လေး၊ ပြောလေ"

"ဟို ... ဟိုကောင်မလေးကို မမတို့ မလာတော့ဖို့ ပြောလိုက်လား"

"ဘယ်ကောင်မလေး ... ဪ ... အလှမ်းလား"

"အဟင်း ဟင်း ... နာမည်က တကယ်ပါပဲ"

ရိုးရာက ရယ်မောရင်း အလှမ်းပုံစံလေးကို မြင်ယောင်လာပါသည်။ တစ်မျိုးလေးသော ထိုမိန်းကလေး ပေါ်မလာတာတောင် ကြာပြီပဲ။ သူ့ကို ညဘက်ပွင့်တဲ့ စပယ်ဖူးကလေးတွေအကြောင်း ပြောသွားခဲ့တဲ့ နေ့ကတည်းကစ,လို့ပေါ့။ အခုဆို ရိုးရာသည် ညဘက်ညဘက်တွေကျ စပယ်ဖူးကလေးတွေဆီ ဆင်း၍ကြည့်မိသည်။ ဒီလိုအချိန်အခါ အခြေအနေမျိုးမှာ အဲဒီ ဘာမဟုတ်တာကလေးကပင် နှစ်သက်ဖွယ် ခံစားချက်တစ်မျိုးကို ဆေးစွမ်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အလွမ်း နေမကောင်းလို့ မလာတာ မောင်လေး"

"ဩော် … အပောင်း၊ လူမမာကို လာအားပေးစောင့်ရှောက်တယ်ဆိုတဲ့ သူကိုယ်တိုင်က လူမမာဖြစ်နေတာကိုး … ဟား ဟား"

"ဟုတ်တယ် … မမတို့က မလာဖို့ မပြောပါဘူး၊ သူ မလာလို့တောင် မေမေရော မမရော ဖုန်းဆက်စကားပြောသေးတယ်၊ သူ သိပ်နေမကောင်းလို့တဲ့၊ ခဏပါတဲ့၊ နေကောင်းရင် လာမှာပေါ့၊ ဘာဖြစ်လို့လဲ မောင်လေး"

"ဘာမှမဖြစ်ပါဘူး၊ မလာတော့ နားအေးတာပေါ့"

"မမအမြင်တော့ ပြီးခဲ့တဲ့ရက်တွေတုန်းက သူက ဘာပဲဖြစ်ဖြစ် မောင်လေးအတွက် အဖော်တော့ ဖြစ်တယ်"

ဟုတ်တယ်လို့ပဲ ဝန်ခံရပါလိမ့်မည်။ ပွစိပွစိ ပစိပစပ်နှင့် သူပြောချင်ရာတွေ ဆရာလုပ်ပြောဆိုနေတတ်သော ထိုကောင်မလေး ရောက်မလာတော့လည်း သူ့မှာ ပျင်းရိပျင်းခြောက် ဖြစ်ရသားပင်။

"သူက တစ်မျိုးပဲနော်၊ ဘာအတွက် ကျွန်တော့်ကို အဲလို လာလုပ်နေပါလိမ့်၊ မမတို့က အကူညီတောင်းတာလား"

"ဟင့်အင်း … သူက စ,ပြောတာပါ"

"သူနဲ့က ဘယ်လိုလုပ် သိတာလဲ"





"သူ့မာမီနဲ့ မေမေက အရင်ကတည်းက သိတာလေ"

"ဩော်"

"ပြီးတော့ … ဆေးရုံမှာ မောင်လေး ကားတစ်စီးနဲ့တိုးမိမလို ဖြစ်တာလေ၊ အဲဒါ သူပဲလေ မှတ်မိလား"

"ဩော် … ဟုတ်လား၊ မမှတ်မိပါဘူး၊ အဲဒီတုန်းက ထူပူနေတော့ မျက်နှာတွေတောင် သေချာမမြင်မိခဲ့ပါဘူး"

"အဲဒီမှာ သူတို့သားအမိက ကိုရဲကိုမြင်ပြီး မေမေ့သမက်လို့ မှတ်မိတာလေ၊ အဲဒီကနေ မောင်လေးအကြောင်းကိုပါ သူတို့သိသွားကြတာ၊ အိမ်ကိုသတင်းလာမေးရင်းက အလွမ်းကပဲ ပြောတာ၊ သူက လူတချို့ အဲ … အဲလို ကျန်းမာရေးချို့တဲ့နေတဲ့သူ တချို့ကို အဲသလိုပဲ အားပေးစောင့်ရှောက်ကူညီတာမျိုးလေးတွေ လိုက်လုပ်နေကျတဲ့ …

အဲဒီအလုပ်က ကုသိုလ်လည်းရ ပျော်စရာလည်းကောင်းတယ်ပေါ့နော်၊ သူက အလှူအတန်းလေးတွေ လူမှုရေးကိစ္စ သေးသေးလေးတွေ အဲဒါကလေးတွေ လိုက်လုပ်နေတဲ့ မိန်းကလေးတစ်ယောက်ပဲ"

"အဲဒါနဲ့ပဲ မမတို့က သူ့ကို ကျွန်တော့်အခန်းထဲ ဝင်ထွက်ပြီး ပြောချင်ရာတွေ ပြောဆိုနေခွင့် ပြုလိုက်တယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တခြားသော အကြောင်းကြောင်းတွေလည်း ရှိပါသေးတယ် မောင်လေးရယ်၊ မမတို့အားလုံး ဝိုင်းစဉ်းစားပြီး အကျိုးယုတ်စရာအကြောင်းတော့ မရှိဘူးလေဆိုပြီး နှစ်ဦးနှစ်ဖက် အကျိုးကြည့်ပြီးတော့"

"နှစ်ဦးနှစ်ဖက် အကျိုးရယ်လို့ မမကလည်း၊ ဘယ်သူက ဘာအကျိုးရလို့လဲ"

"မောင်လေးအတွက်လည်း အကျိုးရှိခဲ့တာ အမှန်ပဲလေ၊ မောင်လေး စိတ်အနှောင့်အယှက်ဖြစ်ရတာ ရှိကောင်းရှိနိုင်ပေမယ့် အခုဆို ဘယ်လိုပဲဖြစ်ဖြစ် အများကြီး ပြောင်းလဲလာတယ်၊ အလွမ်းပြောခဲ့တဲ့ စံပယ်ချိုကလေးတောင် ဆင်းကြည့်ဖြစ်တဲ့ အထိပဲလေ"

"ဟာ … မမကလည်း၊ ကျွန်တော်လည်း ပျင်းပျင်းနဲ့ သူ ပြောတာ သတိရပြီး ဒီလိုပဲ ဘာရယ်မဟုတ် ဆင်းကြည့်တာပါ"

"အင်းလေ … ဘာကြောင့်ပဲ ဆင်းကြည့်ကြည့်ပေါ့၊ ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ အလွမ်းကြောင့် ထူးခြားမှုတော့ ရှိတယ်လို့ မမတော့ ခံစားရတယ်၊ အလွမ်းဘက်မှာလည်း ဘာပဲဖြစ်ဖြစ် သူလုပ်ချင်တာလေး မမတို့လည်းခွင့်ပြုလို့ မင်းကလည်း လက်ခံလို့ လုပ်ခွင့်ရတယ်ဆိုရင် သူ့ဘက်အကျိုးဖြစ်ထွန်းတာပဲ မဟုတ်လား"





"သူက အလုပ်တွေ ဘာတွေ မလုပ်ဘူးလား"

"ဟင့်အင်း … သူက ပရဟိတလေးတွေပဲ လျှောက်လုပ်နေတယ်"

ရိုးရာက ခဏငြိမ်သက်နေမိကာ အလွမ်းပြောဖူးတဲ့ စကားတွေကို တစ်ခုချင်း ပြန်လည်စဉ်းစား ကြားယောင်နေမိသည်။

"သူက ဆုံးရှုံးမှုဆိုတာ လူတိုင်းကြုံရတတ်တာပဲဆိုပြီး သူ မွေးကတည်းက သူ့မှာ အဖေဆုံးရှုံးနှင့်ပြီး ဖြစ်တဲ့အကြောင်း၊ သူ့အမေ နောက်အိမ်ထောင်ပြုတော့ ပထွေးနဲ့ နေရတဲ့ အကြောင်း စသဖြင့် သူ့အကြောင်းတွေလည်း လျှောက်ပြောပြခဲ့ဖူးတယ်၊ သူ အခု နေနေရတဲ့ မိသားစုဘဝက အဆင်ပြေရဲ့လား မမ၊ သူက တစ်ခုခုအတွက် နာကျင်ခံစားနေရတဲ့ သူတစ်ယောက်လား"

"သူတို့မိသားစု အိမ်တွင်းရေးကတော့ အပေါ်ယံသိသလောက်တော့ ပြေပြေလည်လည်ပါပဲ"

"ကျွန်တော် သူ့ကိုကြည့်လိုက်တိုင်း သူ့နောက်ကွယ်မှာ သူ အခုပြထားတာထက် ပိုနက်ရှိုင်းတဲ့ တစ်စုံတစ်ခု ရှိနေသလိုပဲလို့ စိတ်ထဲထင်ထင်လာတယ်၊ ဘာတစ်စုံတစ်ခုလဲ ဆိုတာလည်း မသိဘူး၊ တစ်ခုခုကို သူ လျှို့ဝှက်ဖုံးကွယ်ထားသလို ထင်မိတယ်၊ အဲဒါက စိတ်ဝင်စားစရာ ဖြစ်နေတယ် …



www.burmeseclassic.com

www.burmeseclassic.com



ဖုံးကွယ်ထားတယ်ဆိုလို့ သူ့ကို မရိုးမသား ချဉ်းကပ်နေတယ် ဆိုတာမျိုးလည်း ဆိုလိုတာမဟုတ်ဘူး၊ ဘာမှန်းတော့ သေချာမပြောတတ်ဘူး၊ ကျွန်တော့် အမြင်မှာတော့ *သူက စိတ်ဝင်စားစရာကောင်းတဲ့* ပဟေဠိတစ်ခုလို ဖြစ်နေတယ်၊ သူ နေကောင်းရင် ပြန်လာပါစေ မမ၊ ကျွန်တော် သူ့ကို လက်ခံပါတယ်၊ ကျွန်တော် သူ့ကို ခင်ပါတယ်"

❋ ❖ ❋

"နေကောင်းရင် ပြန်လာဆိုလို့ ပြန်လာတာနော် ... ဟင်း ဟင်း ဟင်း"

အလွှမ်းက ရိုးရာအခန်းထဲက ပြတင်းခန်းဆီးတွေ ဘေးဆွဲကပ် ဝရန်တာတံခါးမကြီးကိုဖွင့် လုပ်နေရင်း ခပ်ကြောကြောပုံကလေးနှင့်ပြောကာ နောက်ပိတ်ဆုံး တဟင်းဟင်းကိုတော့ အာခေါင်သံနှင့် တမင်လုပ် ပြောလိုက်တာ ဖြစ်ပါသည်။

ရိုးရာက ကွန်ပျူတာရှေ့ ထိုင်နေရာက မျက်ထောင့်နှင့် တစ်ချက်လှမ်းကြည့်ကာ ...

"မင်း မလာချင်လည်း လာစရာ မလိုပါဘူး"

"အမယ်"





"ငါက မင်းကို လာပါလို့ တောင်းဆိုတာ မဟုတ်ဘူးနော်၊ မင်း ဒါကို နားလည်ရလိမ့်မယ်၊ မင်း လာချင်နေရင်သာ လာခွင့်ပြုတာ"

"သူ အပေါ်စီးကချည်းပဲ၊ ဗိုလ်ကျတယ်"

"အမှန်တိုင်း ပြောတာလေ"

"အစ်ကိုက ငယ်ငယ်ကတည်းက မိသားစုထဲမှာ အလိုလိုက်ခံရတဲ့သူ ဖြစ်မယ်"

"ဟုတ်တယ် ... မမနဲ့ ငါနဲ့ကလည်း ခြောက်နှစ်တောင်ကွာတယ်၊ အဖေ အမေတင် မကဘူး၊ မမကပါ အလိုလိုက်ခဲ့တာ"

"ဒါကြောင့် ဆိုးနေတာ"

"ငါ ဘာမှမဆိုးဘူး၊ ငါက အရမ်းလိမ္မာတာ"

"ဩော် ... ဩော်"

"အကောင်းပြောနေတာ မလှောင်နဲ့၊ ငါ့ဘဝတစ်လျှောက်လုံး ငါ ကောင်းတာတွေချည်းပဲ လုပ်ခဲ့တယ်၊ ကိုယ့်အတွက် မကောင်းတာ ကိုယ့်မိသားစုအတွက်မကောင်းတာ ဘာမှ မလုပ်ခဲ့ဘူး၊ အမြဲလည်း လိမ္မာရိုးသား ကြိုးစားခဲ့တယ်"

ရိုးရာက သက်ပြင်းတစ်ချက် ရှိုက်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



“ဒီလိုလေး ကိုယ်တိုင်ကပါ ကောင်းကောင်းမွန်မွန်လေး ကျင့်ကြံပြီးထောင်ခဲ့တဲ့ ဘဝတစ်ခုက အစောကြီးအဆုံးသတ်သွားရမယ်ဆိုရာကို မတရားဘူးလို့ ငါခံစားရတယ်ကွာ”

ရိုးရာက ခပ်တိုးတိုး ညည်းညူသလို ပြောလိုက်ပါသည်။

“အစ်ကို ... ဒါဆိုရင် ဘယ်လိုကမှ တရားမှာလဲ”

“ကျွတ် ... ခွတိုက်မေးပြန်ပြီ”

“မဟုတ်ပါဘူး၊ ငါ့လောက် မကောင်းတဲ့လူသာ အသက်တိုသင့်တယ်၊ ငါက အသက်မတိုသင့်ဘူးလို့ အစ်ကိုတွေးနေတာလား”

“အဲလိုတော့လည်း လုံးဝအတိအကျ ဘယ်ဟုတ်မလဲကွ၊ ဒါပေမဲ့ အဲလိုပဲလည်း တစ်ဝက်တစ်ပျက် မဟုတ်ဘူးလားပြော”

“အစ်ကို ... လူကောင်းရဲ့အသက်ကလည်း အသက်တစ်ချောင်းပါပဲ၊ လူဆိုးရဲ့အသက်ကလည်း အသက်တစ်ချောင်းပါပဲ၊ သူဌေးရဲ့အသက်လည်း အသက်ပဲ၊ ဆင်းရဲသားရဲ့အသက်လည်း အသက်ပဲ၊ အသက်ချင်းတူတူ ဘယ်အသက်ကကျမှ မြန်မြန်ထွက်သင့်တယ်လို့ ရှိပါ့မလား”

“မင်းဟာလေ ပြောလိုက်ရင် ကတ်သီးကတ်သတ်နဲ့ကန့်လန့်က တိုက်တယ်၊ အဲဒီသဘောတော့လည်း မဟုတ်ဘူးပေါ့”





“တော်တော်များများဟာ ကံကြမ္မာရဲ့စေစားရာအတိုင်း ကိုယ့်ကုသိုလ်ကံ အကုသိုလ်ကံတွေအပေါ် တည်မှီဖြစ်ပျက်နေတာ မဟုတ်လား”

“အရာအားလုံးကိုတော့ ကံအပေါ်ပုံချတာကို ငါလက်မခံနိုင်ပါဘူး၊ ကံဆိုတာ အလုပ်၊ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်လို့ပဲ ငါကြားဖူးတာပဲ၊ မင်းရော မကြားဖူးဘူးလား”

“ကြားဖူးပါတယ်၊ ဒါဖြင့် အစ်ကို အခု ဘာလုပ်လို့ ဒီလိုရောဂါဝေဒနာကြီး ခံစားရတာလဲ”

ရိုးရာက ရှုသိုးသိုး ဖြစ်သွားရရင်း ...

“မသိဘူးကွာ ... တော်တော့၊ မင်းနဲ့ စကားပြောရတာ လက်ပေါက်ကပ်တယ်”

“လက်ပေါက်ကပ်တယ် ဆိုတာ ဘာလဲ သိလား”

“ဘာလဲ”

“ကပ်စီးနဲ့ကိုင်ပြီး နှဲမှုတ်ရင် လက်ပေါက်ကတ်တာပေါ့ ... ဟီ ဟီ”

“ကျွတ် ... အရူးမ”

ရိုးရာသည် ရယ်ချင်စိတ်ကို မထိန်းနိုင်၍ တစ်ဖက်ကို လှည့်ပစ်လိုက်ပြီး အလွမ်းကို ကျောပေးကာ သူ မသိအောင် ကြိတ်ရယ်နေမိပါသည်။ တကယ့် အရူးမ။ ရယ်လည်းရယ်ရပါရဲ့။ ရယ်မိနေရင်းကရိုးရာ အလွမ်းကို ကျေးဇူးတင်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ထမင်းစားတော့မလား"

"မစားသေးပါဘူး"

"လာပါ ... စားရအောင်၊ အလွမ်းလည်း နည်းနည်းဆာလို့၊ အခန်းထဲ မပို့ခိုင်းဘဲ အောက်ဆင်းစားရအောင်၊ ပြီးရင် အလွမ်းတို့ တစ်နေရာရာ သွားကြရင် ကောင်းမလားလို့၊ ဒီတိုင်း အခန်းထဲ စကားနိုင်လုနေရတာ ပျင်းတယ်လေ"

"ဘယ်သွားမှာလဲ ... မသွားချင်ပါဘူး"

"တစ်ခါတလေများ ဆန့်ကျင်ဘက် မဟုတ်တဲ့ စကားမျိုး လိုက်လိုက်လျောလျော ပြောပါလား အစ်ကိုရာ၊ စိတ်အပန်းဖြေပေါ့၊ ဒီအချိန် ကန်ပေါင်လိုနေရာမျိုး သွားရင်တော့ နေပူတယ်၊ ရှော့ပင်သွားမလား၊ အဲကွန်းအေးတဲ့ စူပါမားကက်တစ်ခုခုကိုလေ၊ ဒါမှမဟုတ် ဘုရားရိပ် တရားရိပ် တစ်နေရာရာ၊ ဒါမှမဟုတ်လည်း ကာရာအိုကေ ... အဟီး"

"မသွားချင်ပါဘူးကွာ"

"ဘာလို့လဲ ... နေမကောင်းဘူးလား အစ်ကို"

"ဩော် ... နေကောင်းပါတယ်၊ ကဲ ... ဒါဆိုလည်း စူပါမားကက်တစ်ခု သွားတာပေါ့၊ စာအုပ်ဝယ်ချင်တယ်၊ ဖတ်စရာ စာအုပ်တချို့ပေါ့၊ ပြီးတော့ မင်းပြောသလို ဒိုင်ယာရီ စာအုပ် တစ်အုပ်လည်း ဝယ်မလားလို့"

"အင်း ... ကောင်းတယ်၊ လာ ... ထမင်းသွားစားမယ်"



BURMESE CLASSIC .com



အလွမ်းက ရွှင်လန်းပေါ့ပါးစွာ အခန်းထဲကပြေးထွက်သွားပါသည်။ ရိုးရာက နောက်က တဖြည်းဖြည်း လိုက်ဆင်းလာချိန်တွင် အလွမ်းက ထမင်းစားခန်းထဲမှာ မှာကြားစီမံခန့်ခွဲနေပြီ။ သူ့အိမ်သူ့ယာ ကျနေတာပဲလို့ ရိုးရာက တွေးမိသည်။ မေမေတို့ မမတို့နှင့် နောက်လို့ ပြောင်လို့။

မေမေတို့ကို ရိုးရာ စာအုပ်ဝယ်ချင်၍ အပြင်ခဏသွားကြမည့်အကြောင်း ပြောလျှင် မေမေရော မမပါ အံ့အားတသင့်ဖြစ်နေပါသည်။ မေမေပါ ထမင်းမစားရသေး၍ ထမင်းစားပွဲမှာ အားလုံးဝိုင်းထိုင်ကာ စကားပြောကာ ဆိုကာနှင့် ထမင်းအတူစားဖြစ်ကြသည်။ အားလုံးထဲမှာ စကားအပြောဆုံးကတော့ ထုံးစံအတိုင်း အလွမ်းပင်။ အလွမ်းရဲ့ စကားအကြောင်းအရာတို့က ပေါ့ပါးလွတ်လပ်၍ သူ ခေါင်းလေးမော့ကာ တဟီးဟီး တဟားဟား ရယ်လိုက်လျှင် ဘယ်သူမှ လိုက်မရယ်ဘဲမနေနိုင် ပွဲကျရသည်။

"ဒရိုင်ဘာရှိတယ် အတော်ပဲ"

မမစပယ် စကားကို အလွမ်းက ...

"အလွမ်းပဲ မောင်းသွားပါမယ် မမ၊ မနက်ကလည်း ကိုယ်တိုင်မောင်းလာတာပဲဟာ"

"ဖြစ်ပါ့မလား အလွမ်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ဖြစ်ပါတယ် မမကလည်း၊ အလွမ်းက အရမ်းကျွမ်းတာ၊ ဆယ့်လေးနှစ်ကတည်းက ကားမောင်းခိုးသင်ထားတာ၊ ဆယ့်ရှစ်နှစ်ကျတော့ ဂုစ်ဂုစ်နဲ့ အရမ်းကို ကျွမ်းနေပြီး ခုလောက်ကျတော့ ပြောမနေနဲ့တော့"

"မဟုတ်ဘူးလေ အလွမ်းလည်း ခုမှနလန်ထဆိုတော့ တစ်ခုခုဆို ရိုးရာကိုလည်း ကားပေးမမောင်းချင်ဘူးဆိုတော့"

"ရပါတယ် မမကလည်း၊ သူပဲ မောင်းပစေ၊ ဒရိုင်ဘာကြီးကျွန်တော်လည်း မခေါ်ချင်ဘူး၊ နောက်အခါတွေသွားတော့ကျတော့ လိုအပ်ရင် လိုအပ်သလို ဒရိုင်ဘာနဲ့သွားတဲ့အခါလည်း သွားတာပေါ့၊ အခုကတော့ သူက မြေလျှိုးမိုးပျံတောင် လုပ်နိုင်နေတဲ့ပုံပါ"

စပယ်နှင့် မေမေကတော့ ရိုးရာကို တအံ့တသြသာ ငေးကြည့်နေကြပါတော့သည်။ ရိုးရာရဲ့စကားအရ နောင်လည်း ခုလို သွားလာဖြစ်ဦးမယ့်သဘော။ ပြောင်းလဲနေတဲ့ ရိုးရာရဲ့ပုံစံကို အံ့လည်းသြ၊ သဘောလည်းကျကာ မယုံနိုင်ဘလို ဖြစ်နေပါသည်။

စိတ်က ကြည်လင်တဲ့အခါ လူ့ပုံပန်းကလည်း ရွှင်ရွှင်လန်းလန်း။ အရင်က ရိုးရာရဲ့ တက်တက်ကြွကြွ အဆင်းသဏ္ဍာန်လေး ပြန်မြင်နေရပါသည်။





"မမ ... ကိုရိုးရာအတွက် စိတ်ပူနေတာလား၊ လမ်းခရီးမှာ ဘာမှမဖြစ်စေရပါဘူး မမရဲ့၊ စိတ်ချပါ၊ နော် ... အန်တီလည်း စိတ်ချနော်"

"အင်းပါလေ ... စိတ်ချပါတယ်၊ သမီး ကားဖြည်းဖြည်းကြည့်မောင်းနော်"

"ဟုတ်ကဲ့ အန်တီ"

အလွမ်းနှင့် ရိုးရာ အလွမ်းရဲ့ကားနှင့် ထွက်လာခဲ့ကြပါသည်။ တစ်ခဏမောင်းပြီးလျှင် အလွမ်း ကားမောင်းကျွမ်းကျင်တာ ရိုးရာက သေချာသိသွား၍ ဘေးခုံမှာ မှီလျှောကာသာ ထိုင်ပါလာခဲ့သည်။

"အင်း ... ဒီနေ့တော့ ထူးခြားတဲ့နေ့ပဲ၊ အစ်ကိုနဲ့ ပထမဆုံး အပြင်ထွက် လျှောက်လည်တဲ့နေ့၊ ဒီည ဒိုင်ယာရီတော့ စီစီကုံးကုံးလေး ရှိတော့မှာပဲ၊ တကယ်ပြောတာ၊ အစ်ကို့အိမ် မလာဖြစ်တဲ့နေ့ဆို ဘာမှတောင် သိပ်ရေးစရာမရှိဘူး အစ်ကိုရ၊ တစ်ခုခု ထူးခြားမှ ဒိုင်ယာရီက ရေးရတာ အရသာရှိတာ"

ရိုးရာက အလွမ်းဘက် ခေါင်းလှည့်ကာ ကြည့်နေမိ

"မင်းဒိုင်ယာရီတောင် ဖတ်ချင့်လာပြီ"

"အမယ် ... သူများဒိုင်ယာရီကို"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အကြောင်းတွေ ပါနေတယ်ဆိုလို့လေ၊ အဲဒါကြောင့်ပါ။ ဘာတွေများလဲလို့"

အလွမ်းက ရီးရာကို ရွှန်းလဲ့လဲ့ကလေး ငဲ့ကြည့်မိသည်။

ဖတ်စေချင်မိပါတယ် အစ်ကိုရယ် ... တကယ်ပါ။ အစ်ကို ဖတ်ခွင့်ရစေချင်မိပါတယ်။

"အစ်ကို့ခံစားချက်တွေကို အလွမ်း ကိုယ်ချင်းစာ နားလည်ပေးနိုင်တဲ့ အကြောင်းမျိုးတွေပါ"

"အလွမ်း ... ငါက အားလုံးကို စောစောစီးစီး နှုတ်ဆက်ထွက်သွားရမယ့်သူ ဆိုတာ မင်းလည်းအသိပဲနော်၊ ငါ့ကို တစ်ခု အခွင့်အရေးပေးပါလား၊ အခုမဟုတ်ပါဘူး ငါမသေခင်ပေါ့ကွာ၊ တစ်ချိန်မှာပေါ့၊ ငါနဲ့ပတ်သက်ပြီး တခြားသူတစ်ယောက် ခံစားရေးထားတဲ့စာကို ငါမသေခင် ဖတ်သွားပါရစေလား"

အလွမ်းသည် လိုက်ခနဲ အရမ်းဝမ်းနည်းသွားကာ မျက်ရည်ရစ်ဝိုင်းလာပါသည်။

"ဟုတ်ကဲ့ အစ်ကို၊အလွမ်း ပေးဖတ်ပါ့မယ်"

ရီးရာက အလွမ်းကို ငေးစိုက်ကြည့်နေမိပါသည်။

❋ ❖ ❋





❋ ၉ ❋

"ဒီနေ့က သားငယ်လေး ဘုံဘုံ မွေးနေ့လေ၊ ကျောင်းဖွင့်ရက်ဖြစ်နေလို့ သူ့တော့ ခေါ်မလာလိုက်တော့တာ"

"ဪ"

"အလွမ်းက အိမ်ကလူတစ်ယောက်ယောက် မွေးနေ့ရောက်လာရင် ဒီတစ်ခေါက်တော့ ဘယ်နေရာလေးမှာ လှူပေးပါဆိုတာလေး သူက တောင်းဆိုတယ်၊ အဲဒါ ဘုံဘုံ့မွေးနေ့ မရမ်းချောင်မှာ လှူပေးပါဆိုတာနဲ့လေ"

အလွမ်းတို့အိမ်က Alphard ကားကို ယူလာ၍ ကားထဲမှာ သူတို့ လူစုံတက်စုံ။ ဒရိုင်ဘာနံဘေးမှာ ရီးရာကထိုင်သည်။ နောက်မှာ အမေနှစ်ယောက်။ နောက်ဖက်ခုံမှာတော့ အလွမ်းနှင့် မမစပယ်။ အလုပ်ဖွင့်ရက်ဖြစ်၍ အဖေတွေနှင့် ကိုရဲတော့ ပါမလာနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါမှ မရောက်ဖူးသေးဘူး နုနုရဲ့၊ သားကပြောတော့ ကိုယ်တိုင်လည်း စိတ်ဝင်စားတာလေ၊ ယဉ်လည်း ခုတလော စိတ်ထဲ တစ်နေ့ရာရာမှာ အလှူအတန်းလေး တစ်ခုခုလုပ်ရင် ကောင်းမှာပဲလို့ စိတ်ကူးနေတုန်းဆိုတော့ အတော်ပဲဆို ပြီး လိုက်လှူဖြစ်တာပါ"

"အန်တီယဉ်ရယ် ... သမီးပြောတုန်းက အစ်ကိုက အင်တင်တင်ပါ၊ သမီးက သူစိတ်မဝင်စားဘူးလို့တောင် ထင်တာ၊ အခု အန်တီရော မမစပယ်ရော လိုက်ဖြစ်တယ်ဆို တော့ ပျော်သွားတာပဲ"

"စိတ်မဝင်စားတာတော့ ဘယ်ဟုတ်မလဲ၊ မင်း ဒီလောက် တတွတ်တွတ် နားပူတိုက်ပြီး ပြောနေတာ ခေါင်းထဲတောင် အလိုလို ရောက်ရတော့တာပဲပေါ့"

ရိုးရာက ဟိုးရှေ့ကနေ လှည့်ပြောသည်။

"မသိပါဘူး၊ အလွမ်းက အစ်ကို မလိုက်ချင်ဘူးလားလို့ပါ"

"ယောက်ျားလေးဆိုတော့ သမီးရယ် သမီးတို့ မိန်းကလေး တွေလိုတော့ အသေးစိတ်စိတ်လေးတွေ သူက စိတ်မဝင် စားတတ်ဘူး၊ အရင်ကလည်း တစ်နေ့ရာရာ လှူတာတန်း တာ လုပ်တာမျိုး၊ ဘုန်းကြီးကျောင်းတို့ ဘာတို့ သွားတာ မျိုးဆို သူက လိုက်ချင်တာ မဟုတ်ဘူးလေ၊ မနည်းခေါ် ရတာ ခေါ်ပြန်ရင်လည်း စူပုပ်ပုပ်နဲ့ ပါတာ"



BURMESE CLASSIC .com



"မေမေကလည်း ဒါ ယောက်ျားလေးကိစ္စမှ မဟုတ်တာ"

"ဟင် ... လှူတာတန်းတာပဲ အစ်ကိုရေ၊ ယောက်ျားကိစ္စ မိန်းမကိစ္စရယ်လို့ ခွဲလို့ရပါ့မလား တကယ်ပဲ၊ ယောက်ျား ဆို မလှူရဘူး ကျနေတာပဲ"

"မလှူမတန်းဖူးတာတော့ ဘယ်ဟုတ်မလဲ၊ အရင်ကဆို online မှာ ငွေစုအလှူဒါနလုပ်တဲ့ အဖွဲ့လေးတွေထဲမှာ ကိုယ်နဲ့ခင်တဲ့သူတွေ ပါနေတာရှိတာပဲ၊ အလှူလှမ်းကောက် ရင်ဖြစ်ဖြစ် ကိုယ်က အလှူထည့်ချင်စိတ်ပေါက်တာပဲဖြစ်ဖြစ် ပိုက်ဆံတော့ လှမ်းထည့်လိုက်ဖြစ်တာပေါ့"

"အလွမ်းဆို မရမ်းချောင်ကို ဒါတတိယအခေါက်၊ ဟိုး တစ်နှစ်က သူငယ်ချင်းတွေနဲ့တူတူ အဖွဲ့လိုက်လာလှူဖူး တယ်၊ ဟိုတလောလေးတင်ပဲ အလွမ်းမွေးနေ့အတွက် ငွေ လာလှူသေးတယ်၊ အဲဒီတုန်းက အလွမ်းက လေးနေရာ တောင်ခွဲပြီး လှူလိုက်မိတော့ ဒီမှာ နည်းနည်းပဲ လှူမိတယ်၊ အဲဒါနဲ့ ဒီတစ်ခါ ဘုံဘုံ မွေးနေ့လာရင် မရမ်းချောင်မှာ လှူပေးပါလို့ မာမီ့ကို ပြောထားတာ ...

အခုတော့ ဝမ်းသာစရာကြီး အန်တီတို့ မမစပယ် တို့လည်း အတူဝင်လှူပေးတော့ ငွေရော အစားအသောက် ရော အဝတ်အထည်ရော စုံစုံလင်လင် ခပ်များများလှူနိုင် သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ငါလည်းပါတယ်လေ"

"အော် … အင်းပါ"

မရမ်းချောင်ရောက်တဲ့အခါ အရင်က ရောက်ဖူး လျှုဖူးနေကျ အလွမ်းကတော့ အဲဒီက အဒေါ်ကြီးတချို့နှင့်တောင် ရင်းနှီးနေသည်။ နှုတ်ဆက်ကြ စကားပြောကြ။ ဟိုကလူတွေက လည်း သမီး … သမီးနှင့် မှတ်မှတ်မိမိ ရှိကြသည်။

ရိုးရာက ခုံတန်းတစ်ခုမှာ ဝင်ထိုင်ရင်း မြင်ကွင်းတွေ ကို ငေးမောနေမိပါသည်။ ကြိုတင်အကြောင်းကြားထား၍ လှူ မည့်အုပ်စု လာကြမှာကို ကြိုသိထားကာ သူတို့က ခုံတွေချ လူရှ ကာ သေသေချာချာ ကြိုဆိုနေကြပါသည်။

သူတို့ကိုလှူတဲ့ အဝတ်အထည်တွေကို ကိုယ်မှာကပ် ကြည့် ဆင်ကြည့် တပြုံးပြုံးနှင့် ဝမ်းသာနေကြတဲ့ အနာကြီးရောဂါ သည်တို့ကို ရိုးရာ ငေးမောကြည့်နေမိတာပါ။ ကိုယ်ကသာ သူတို့ဘဝပေးအခြေအနေအပေါ် စိတ်လက်မကောင်း ကရုဏာ သက်နေမိပေမယ့် သူတို့ကတော့ ကြည်ကြည်လင်လင် ရွှင်ရွှင်ဖျဖျ လူကောင်းပကတိနှင့်မခြား ပုံမှန်အနေအထားနဲ့ပါ။

ကိုယ်အင်္ဂါအစိတ်အပိုင်း ချို့တဲ့နေကြတဲ့သူတွေ ဖြစ် ပေမယ့် ညှိုးမှိုင်နေသူရယ်လို့တောင် မတွေ့ရ။ အားငယ်ဆုတ် နစ်နေတယ်ရယ်လို့လည်း မမြင်ရ။





"အစ်ကို"

အလွမ်းက ရိုးရာရဲ့ခုံတန်းကလေးမှာ ဝင်ထိုင်လိုက် ပါသည်။

"အင်း"

"နေကောင်းရဲ့လား၊ စိတ်ညစ် စိတ်ရှုပ်နေလား"

"နေကောင်းပါတယ် စိတ်လည်းမညစ်ပါဘူး၊ အခုမှ ရောက် ဖူး တွေ့ဖူးတာဆိုတော့ ကိုယ့်အတွက် အထူးတဆန်းဖြစ် နေတာပါ"

"သူတို့ဆီလာတာ လှူတာ တန်းတာကို သူတို့ အရမ်းပျော် နေကြတာ"

"အင်း … သနားပါတယ်"

"တစ်ခါတလေကျတော့ တစ်စုံတစ်ယောက်ကို ကိုယ်က သနားပါတယ်လို့ မြင်ပေးမိတာက ကိုယ့်ဘက်ကတော့ စိတ်စေတနာအလျှောက် ဖြစ်ပေမယ့် တစ်နည်းစဉ်းစားပြန် တော့ သူတို့ကို သနားစရာအဖြစ် ကိုယ်ကတစ်ဆင့်နိမ့်ပြီး မြင်မိသလို ဖြစ်ပြန်ရော၊ ဘယ်လိုပဲဖြစ်ဖြစ် အလွမ်းသာ ဆိုရင်တော့ သေစရာရှိရင် သေပဲသေလိုက်ချင်ပါတယ် အစ်ကိုရယ်၊ ဒီလိုနဲ့ သေဖို့နဲ့ တစ်ခုရွေးချယ်ခိုင်းရင် သေ လိုက်ချင်သလိုပဲ၊ ဒါပေမဲ့ သူတို့က သတ္တိရှိရှိ ရှင်သန်နေ ထိုင်ကြတယ် အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



ရိုးရာက အလွမ်းကို အသာအယာ ငုံ့ကြည့်လိုက်မိပါသည်။ နုနယ်ဝင်းစင်တဲ့ အလွမ်းရဲ့မျက်နှာကလေးမှာ ရီဝေဝေ မျက်လုံးကလေးတွေထက်၌ မျက်တောင်ရှည် ကော့ကော့လေးများက စင်းစင်းကျနေသည်။ ရိုးရာ တစ်ခဏမျှ အလွမ်းကို ငေးစိုက်ကြည့်နေမိပါသည်။

သူ့ရဲ့နှလုံးသားဟာ ဖြူဖြူကလေးနှင့် အရာရာကို မေတ္တာနှင့် ပေါင်းစပ်ကာ အကောင်းကြည့်မြင်ပေးတတ်ပါကလား။

"ဟုတ်တယ်၊ မင်းပြောတာမှန်တယ် အလွမ်း၊ သူတို့သစ္စာရှိကြတယ်၊ ငါ့ထက်ကို အများကြီး ပိုသစ္စာရှိကြပါတယ်"

"အစ်ကိုလည်း သစ္စာရှိပါတယ်၊ အစ်ကို မမြင်ရတဲ့နေရာမှာမို့ အစ်ကို ရုတ်တရက် မတွေ့သေးတာပါ"

"မင်းကိုလည်း ချီးကျူးပါတယ် အလွမ်း"

"ဘာဖြစ်လို့လဲ အစ်ကို"

"ဘာဖြစ်လို့လဲတော့ သေချာမပြောတတ်ဘူး၊ ဒါပေမဲ့ မင်းက ထူးခြားတဲ့ မိန်းကလေးတစ်ယောက်ပါ၊ မင်းကို ကျေးဇူးလည်းတင်တယ်၊ ငါ့ရဲ့စိတ်တွေကို မင်းက အမြဲမြဲ အပြောင်းအလဲ ဖြစ်စေတယ်"

"………"

အလွမ်းက တိတ်တိတ်ဆိတ်ဆိတ်လေး ခေါင်းညိတ်ပြုံးနေသည်။





"ဟုတ်တယ်၊ မင်းကို ခုချိန်မျိုးမှာ သူငယ်ချင်းအပေါင်းအသင်းတစ်ယောက်အဖြစ် ငါကြိုလိုက်ရတာ ကံကောင်းတယ်လို့ အခု တွေးနေမိတယ်၊ မင်းကို မင်းသူငယ်ချင်းတွေက အရမ်းခင် အရမ်းချစ်ကြမှာပဲထင်တယ်၊ မင်းက ကိုယ့်ဘေးကလူအတွက် တွေးပေးနေတတ်တဲ့သူမျိုးပဲ"

"အဲလို မြင်ပေးလို့ ကျေးဇူးအများကြီး တင်ပါတယ် အစ်ကိုရာ"

"ငါက ကျေးဇူးတင်ရမှာပါ"

"အပြန်အလှန် တင်ကြတာပေါ့ အစ်ကို ... အဟင်းဟင်း"

"တကယ်တော့ မင်းကို ဒီထက်ပိုပြီး မှတ်ချက်ချစရာတွေ ရှိနေသေးသလိုပဲ၊ ဒါပေမဲ့ ငါလည်း ဒီထက်ပို မှတ်ချက်မချတတ်တော့ဘူး အလွမ်း၊ သိပ်ရေရေရာရာ မပြောတတ်တော့ဘူး၊ အလွန်ဆုံး ပြောနိုင်တာကတော့ မင်းက ငါသိနိုင်တာထက် အဓိပ္ပာယ်တစ်ခု ပိုရှိနေတဲ့ မိန်းကလေးတစ်ယောက်ပဲ"

အလွမ်းက မရပ်တန့်နိုင်သော အပြုံးကလေးနှင့် ခေါင်းကလေးငုံ့ပြီး နေမိသည်။ သူ့ရင်ထဲ တိုးတိုးကလေး လှုပ်ရှားကာ တိတ်တိတ်ကလေး ပွင့်ဖွေးနေခဲ့ပါသည်။

❋❖❋



www.burmeseclassic.com

www.burmeseclassic.com



“ဒီနေ့ရော မင်းကောင်မလေး မလာဘူးလား”

ဥာဏ်က မေးလိုက်၍ ...

“ဘယ်ကောင်မလေးလဲ”

“ဘယ်ကောင်မလေး ရှိမလဲ အလွမ်းပြေပေါ့ကွ၊ မင်းကောင်မလေးလို့ ပြောလို့ အထအနကောက်မနေနဲ့၊ ဒီလိုပဲပြောလိုက်တာ”

“သူ့ကို ဒီနေ့မလာနဲ့လို့ ပြောထားတယ်၊ အရင်ကတည်းကလည်း စနေ တနင်္ဂနွေတွေ သူက လာခဲပါတယ်၊ စနေ တနင်္ဂနွေဆိုရင် သူက အသုဘရှုသွားတယ်တဲ့”

“ဘယ်လို”

“အသုဘရှုလေ၊ ရေဝေးတို့ ဘာတို့ သွားပြီး အသုဘရှုတယ်တဲ့”

“ဟင်”

“အေး”

“နေပါဦး ... အဲဒီကောင်မလေးက သာလေးလဲ ဖေါက်လေးလား”

ရိုးရာက ပြုံးလိုက်မိရင်း ...





“အေး ... ငါလည်း မပြောတတ်ဘူး၊ ဘယ်လိုလေးလဲ မသိဘူး၊ တစ်မျိုးတော့ တစ်မျိုးပဲ၊ ထူးတော့ ထူးခြားတယ်”

“မင်း သူနဲ့ တော်တော် ရင်းနှီးနေပြီပေါ့”

“အင်း ... ရင်းနှီးနေပြီ ဆိုပါတော့ မရင်းနှီးလို့လည်းမရဘူး၊ သူက စ,တွေ့ကတည်းက သူ့ဘက်က တရင်းတနှီးနေတာလေ၊ အဲဒီတုန်းက ငါကလည်း စိတ်တိုတော့ တော်ရုံသူစိမ်းကို မပြောဖြစ်မယ့် ရန်စကား မကျေနပ်စကားတွေ ပြန်ပြောဖြစ်တာနဲ့ အလိုလို ပြောမနာ ဆိုမနာကြီးတွေကိုဖြစ်လို့၊ တဖြည်းဖြည်း သူ့ကို ငါ အမြင်မကြည်လင်တာမျိုး သိပ်မရှိတော့တဲ့ အချိန်ကျတော့ တရင်းတနှီးကြီးပဲ ဖြစ်နေတော့တာပေါ့”

“သူက ဘာအသုဘရှုတာလဲ၊ ဘာသဘောလဲ”

“ငါလည်း သေချာတော့ မသိဘူး မင်းထိုက်ရ၊ အဲဒါ သူ့ဝါသနာပဲတဲ့၊ သူနဲ့ သိသိမသိသိ အသုဘတွေ လိုက်ပို့တယ်၊ နောက်နားက ထိုင်ကြည့်နေတယ်၊ တရားသံဝေဂရတယ်ပေါ့ကွာ၊ သေသူ ကောင်းရာမွန်ရာရောက်ဖို့ ဆုတောင်းပေးတယ်တဲ့”

“တစ်မျိုးကြီးပဲ၊ အဲဒါ မူမှန်မှ မဟုတ်တာ၊ အဲဒါမျိုးအလကားနေရင်း ဘယ်သူလုပ်လို့လဲ၊ နည်းနည်းအူကြောင်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်လေးထင်တယ်၊ ပြီးတော့ သူ့မိဘကလည်း မင်းဆီလာလာပြီး စကားပြောဆို ရင်းနှီးနေဖို့ ... အားပေးတယ် ပဲခေါ်ခေါ် အဖော်ပြုတယ်ပဲခေါ်ခေါ် ဘာခေါ်ခေါ် ရက်ခြားလာပြီး မင်းအနားနေဖို့ ခွင့်ပြုထားတယ်၊ လွှတ်ထားတယ်ဆိုတာကလည်း တစ်မျိုးပဲ"

"ဒါတော့ သူ့အမေနဲ့ ငါ့အမေက ခင်ကြတယ်မို့ပါ"

"ခင်ပဲ ခင်ပစေပါဦး၊ မင်းနဲ့သူ အရင်ကတည်းက မိတ်ဆွေသူငယ်ချင်းလည်း မဟုတ်ဘူးလေ၊ ခုမှ စသိတာ"

"သူ့အမေကလည်း ငါ့ကို နည်းနည်းပါးပါး စိတ်ပြေလက်ပျောက်ပဲဖြစ်ဖြစ်ဆိုတဲ့ စေတနာနဲ့ ထင်ပါတယ်ကွာ၊ ငါလည်း အခုတစ်ပတ်ကို နှစ်ကြိမ်လောက်တော့ ကုမ္ပဏီရုံးကို သွားတယ်ဆိုပေမယ့် ကျန်တဲ့ရက်တွေက အားနေတာမဟုတ်လား၊ မင်းတို့လို သူငယ်ချင်းတွေကလည်းပဲ ကိုယ့်အလုပ် ကိုယ့်တာဝန်က ရှိသေးတယ်လေ၊ အလွမ်းကတော့ အားလည်းအားလပ်နေတယ်၊ ပြီးတော့ အရင်ကတည်းက သူက ဒီလိုမျိုးတွေ ဝါသနာပါတယ် လုပ်ဖူးတယ် ပြောတာပဲ ...

တကယ်တော့ ငါလည်း အိမ်မှာ တစ်ယောက်တည်းရှိနေတဲ့ နေ့တွေဆို ဟိုလိုလို ဒီလိုလို ယောင်ချာချာနဲ့ကွ၊





မေမေနဲ့လည်း အထူးတလည် စကားမပြောဖြစ်ဘူး၊ မေမေ့ကို ငါ ဟိုအရင်ကလည်း ချွဲချင် ပူဆာချင်ရင် ဖက်တာနမ်းတာမျိုးတွေ ရှိပေမယ့် ခုအချိန်မှ မေမေက အဲသလိုလုပ်မိရင် အရမ်းဝမ်းနည်းတယ်ကွ၊ ငါ အဲဒါကိုသိတော့ မေမေ့အနားလည်း တော်ရုံမကပ်ဖြစ်ခဲ့ဘူး၊ ငါတစ်ယောက်တည်း စာဖတ်ရင်ဖတ်၊ စာကလည်း အကြာကြီးမဖတ်နိုင်ဘူးကွာ၊ တစ်ယောက်တည်းဆိုရင် အူကြောင်ကြောင် ယောင်ချာချာနဲ့ ဟိုတွေးဒီတွေးနဲ့ ...

အလွမ်းရောက်လာရင် ငါ အရမ်း စိတ်ပြေလက်ပျောက် ဖြစ်သွားတာ အမှန်ပဲ၊ အဖော်ရသွားသလိုပဲ၊ စိတ်အပြောင်းအလဲဖြစ်အောင် သူက စကားတွေ ပြောတတ်တယ်၊ သူမလာတဲ့နေ့တွေတောင် ငါ မျှော်တောင်မျှော်မိနေတယ်၊ ထူးထူးခြားခြား အဖြစ်အပျက် အထူးအထွေ ချီးမွမ်းစရာရယ်လို့တော့ မဟုတ်ပေမယ့် ငါ သူ့ကိုကျေးဇူးတင်တယ်"

"မင်း ... ချမ်းမြေ့ကိုရော သတိမရဘူးလား"

"သတိရတာပေါ့ကွာ၊ ငါ သတိမရဘဲ နေပါ့မလား"

"မင်း သူ့ကို တွေ့ချင်တဲ့ဆန္ဒ တွေ့ဖို့စိတ်ကူး ရှိသေးလား"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ချင်တဲ့ဆန္ဒတော့ ရှိပေမယ့် တွေ့ဖို့စိတ်ကူးတော့ မရှိတော့ပါဘူးကွာ၊ ငါ သူ့ကိုလည်း စိတ်ဒုက္ခမပေးချင်တော့ပါဘူး၊ ခုဆိုရင် မင်းတို့ပြောပြလို့ သူလည်း ငါ့အခြေအနေကို သိခွင့်ရနေပြီပဲ၊ သူ့ရင်ထဲမှာ ငါ့အတွက် သံယောဇဉ် အတိုင်းအဆကို ဘယ်လောက်ထိလို့ ငါအတိအကျမတွက်တတ်ပေမယ့် အတိုင်းအတာတစ်ခုထိတော့ ရှိမယ်ဆိုတာ သိနေတာပဲ ...

ဒီအချိန်ကာလ အခိုက်အတန့်ကြားထဲမှာ ရှိသင့်သလောက် သံယောဇဉ်ထက်လည်း သူ့ဆီမှာ ပိုတိုးမလာစေချင်တော့ပါဘူး၊ သူ နာကျင်ပြီးတော့လည်း မကျန်ခဲ့ရစေချင်ပါဘူး၊ ဒါကလည်း သူ့အပေါ် ငါ စေတနာနဲ့တွေးတာပါ၊ အဲသလိုပဲ သူလည်း ငါ့အပေါ်တွေးနေလိမ့်မယ်လို့ ငါထင်တယ်၊ ဒီအချိန်လေးအတွင်းမှာ ငါ့ဘက်က သံယောဇဉ်တွေ အရမ်းပိုပြီး ရင့်ခိုင်တင်းကျပ်လာမှာမျိုး သူလည်း ဖြစ်စေချင်မှာ မဟုတ်ဘူး ...

နောက်ဆုံးအချိန်မှာ အရမ်းကြေကွဲပူဆွေးရမယ့် အဖြစ်မျိုး ကိုယ်လည်းမဖြစ်ချင် သူ့ကိုလည်း မခံစားစေချင်တဲ့စိတ် ငါတို့နှစ်ယောက် ဆင်တူညီမျှနေတယ်လို့ပဲ ငါထင်ပါတယ်၊ အဲဒါကြောင့်လည်း သူရော ငါရော တစ်





ယောက်ကိုတစ်ယောက် အခု မဆက်သွယ်ဖြစ်ကြတာ ထင်တယ်"

မင်းထိုက်က ဇော်ဝင်စင်တာရဲ့ မြေအောက်ကားပါကင်ထဲကို ကားဆင်းဝင်လိုက်ပါသည်။ ကားကို ပါ့ကင်မှာနေရာယူရပ်ပြီးလျှင် သူတို့ခုတ်လေ့ကားနှင့် မင်းထိုက်ရဲ့ဆိုင်ရှိရာအထပ်ကို တက်လာခဲ့ကြသည်။

မင်းထိုက်က ဇော်ဝင်မှာ ဖုန်း hand set အရောင်းဆိုင်တစ်ခု ဖွင့်ထားပါသည်။

ဒီနေ့အဖို့ ရိုးရာလည်း အပျင်းပြေသဘောနှင့် မင်းထိုက်ဆိုင်ကို လိုက်လာမှာ ဖြစ်တဲ့အတွက် ဉာဏကလည်း သူ့အဖေထံမှာ ဒီစနေတစ်ရက် ခွင့်ရက်ယူကာ သူတို့နှင့်အတူ ထိုင်ပါလာခြင်း ဖြစ်ပါသည်။

ဒီလို အပြင်ကို မရောက်တာကြာသည့် ရိုးရာက မင်းထိုက် ဆိုင်အသွားလမ်းမှာ ဟိုငေးဒီငေး ဟိုရပ်ဒီရပ် စိတ်ဝင်စားတဲ့ဆိုင်တွေ လျှောက်ကြည့်နေ၍ ...

"ဟော့ကောင် ရိုးရာ၊ မင်း ဘာမှလျှောက်ပတ်ကြည့်မနေနဲ့၊ မင်းအမေက မင်းကိုမပင်ပန်းစေနဲ့ ဟိုဟိုဒီဒီ လျှောက်မခေါ်နဲ့တွေ သေချာမှာလိုက်တာ၊ ငါ့ဆိုင်ပဲ တန်းသွားပြီး ဆိုင်ထဲမှာပဲထိုင်နေ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ၊ နေဦး ... ဒီဆိုင်ထဲမှာ ဦးထုပ်လေးတွေတော့ တစ်ချက်လောက် ဝင်ကြည့်ပါရစေ"

"ဦးထုပ် ဘာလုပ်ဖို့လဲ"

"ဟိုကောင်မလေး အလွမ်းက ဦးထုပ်အရမ်းကြိုက်တာကွ"

"အဲဒီတော့ ..."

"အဲဒီတော့ သူ့ကို လက်ဆောင်ဝယ်ပေးရင် ကောင်းမလား လို့ပေါ့ကွ"

"ဘာလဲ ... သူ မွေးနေ့ရှိလို့လား"

"မရှိပါဘူး၊ သူ့မွေးနေ့က ဟိုတလောကပဲ ပြီးသွားပြီ ဘာရယ်မဟုတ်ပါဘူးကွာ၊ သူက ငါ့ကို အချိန်တွေပေးပြီး ငါ့စိတ်ကို အားပေးတာ ဖေးမတာတွေ အဖော်ပြုပေးတာတွေ အမှတ်ထင်ထင် ရှိလာတော့ သူ့ကို ငါ တစ်ခုခုလေး အံ့သြသွားအောင် ပေးချင်တာပါ၊ သူကြိုက်တတ်တဲ့ ပစ္စည်းလေးလည်းဖြစ်ပြီး တိုက်တိုက်ဆိုင်ဆိုင်လည်း မျက်စိတွေ့နေလို့လေ"

ရီးရာက ဦးထုပ်ကလေးတွေကိုကြည့်ကာ ရွေးချယ်နေရင်း ...

"ပြီးတော့ သူက ဒီလကုန်ရင် မယ်သီလရှင်ဝတ်မလို့တဲ့"

"ဟင်"





"ခေါင်းတုံး တုံးဦးမှာ၊ ဦးထုပ်က သူ့အတွက် လိုကိုလို အပ်တဲ့ပစ္စည်းကွ ... ဟား ဟား"

"ဟင် ... သူက ဘာလို့ မယ်သီလရှင်ဝတ်မှာလဲ၊ အပြီးလား"

"အပြီး မဟုတ်ပါဘူး၊ တစ်ပတ်လောက်တဲ့"

"ဘယ်လိုလေးလဲ တစ်မျိုးလေးပါလားကွာ၊ အံ့သြစရာကြီး"

"အေးလေ ... ဒီအရွယ် လှလှပပ တက်တက်ကြွကြွ ကောင်မလေးတစ်ယောက် မယ်သီလရှင် ဝတ်ရမယ်လို့"

"မယ်သီလရှင်ဝတ်တာပဲကွာ ဝတ်တတ်ကြပါတယ်၊ ငါတို့ အမျိုးထဲမှာတောင် ဆယ်တန်းစာမေးပွဲဖြေပြီး ဆယ်ရက် မယ်သီလရှင်ဝတ်တဲ့ ညီမတစ်ယောက် ရှိသေးတယ်၊ အလွမ်းက ဘုရားတရားလည်းလုပ်တယ်၊ ဘာသာရေးလည်းကိုင်းရှိုင်းတယ်ကွ၊ တရားစခန်းလည်း မကြာ မကြာဝင်ဖူးတယ်၊ ငါ့ကိုတောင် တရားစခန်း တစ်ပတ်ဆယ်ရက် ဝင်ကြည့်ဖို့ တိုက်တွန်းနေသေးတယ်"

"ဒီကောင်မလေးက တစ်မျိုးလေးတော့ တစ်မျိုးလေးပဲ"

ရီးရာက ကလေးဆန်ဆန် ဦးထုပ်ပန်းနုရောင် တွက်လေးတစ်ခုကိုဝယ်ကာ မင်းထိုက်ဆိုင်ကို လာခဲ့ကြပါသည်။ ဆိုင်ဖွင့်ကာ ရောက်နှင့်နေသော ဆိုင်ဝန်ထမ်းလေးတွေနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေ ခင်းကျင်းအပြီး ရိုးရာတို့သုံးယောက်က အတွင်းဖက်ကျကျ တစ်နေရာမှာ အတူထိုင်နေကြစဉ် ...

"ဟာ ... ဟိုမှာ ... ဟော့ကောင်"

ဉာဏ အသံကြောင့် နှစ်ယောက်သား ဉာဏကြည့်ရာကို လိုက်ကြည့်လိုက်ကြပြီးသော် မင်းထိုက်က ဉာဏဒူးကို သူ့ဒူးနှင့်ဘေးတိုက်တိုက်ကာ သတိပေးသလို အချက်ပေးလိုက်ပါသည်။ ရိုးရာက မျက်စိမလျင်၍ ဘာမှမတွေ့ဘဲ ...

"ဘာလဲ ဟော့ကောင်"

"သြော် ... ဘာမှ မဟုတ်ပါဘူးကွာ"

ရိုးရာက မင်းထိုက်နှင့် ဉာဏကို တစ်လှည့်စီကြည့်လိုက်ပါသည်။

"ဟော့ကောင်တွေ ... ဘာလဲ"

"........"

"မင်းထိုက် ... မင်း ဒီကောင့်ဒူးကိုတိုက်ပြီး သတိပေးလိုက်တာ ငါမြင်တယ်နော်၊ ဘာလဲပြော ... ငါ့ကိုပြ"

"မင်းကလည်း ဒါကျတော့ မြင်တယ်"

"မြင်တာပေါ့ ... ငါ့ဘေးမှာ ပေါ်တင်ကြီးတိုက်ပြီး အချက်ပြလိုက်တာကို၊ ဘာဖို့လို့လဲ ပြောစမ်းပါ၊ အဲလိုအာရုံနောက်သွားရင် ခေါင်းတောင်မူးချင်လာပြီ"





"ဟာ ... မင်းကလည်း၊ ကျန်းမာရေးနဲ့ ကိုင်မခြောက်စမ်းပါနဲ့"

"ဘာလဲ ... ပြော"

"ချမ်းမြေ့ပါ"

"အကောင်တစ်ကောင်နဲ့ တွဲလာတယ်ကွာ၊ အဲဒါပဲ၊ ထားလိုက်တော့"

"ဟုတ်လား"

ရိုးရာအသံက တစ်မျိုးလေး တိုးတိမ်သွားကာ ...

"ရှေ့ကဆိုင်မှာ ကြည့်မနေပါနဲ့တော့ကွာ၊ မင်းကိုမြင်သွားရင် သူလည်း ကိုးရိုးကားရား ဖြစ်နေပါဦးမယ်"

ရိုးရာက ခါးမတ် လည်ပင်းမြှင့်ကာ ထိုင်နေရင်းအဲ ရှေ့ကဆိုင်ကို လှမ်းမျှော်ကြည့်လိုက်ပါသည်။ ချမ်းမြေ့ရော ားကလူပါ အရပ်မြင့်မြင့်စုံတွဲဖြစ်၍ ရှေ့ကအိတ်ဆိုင်ထဲမှာ ို့မတ်မတ် မြင်နေရပါသည်။ ထိုသူက ချမ်းမြေ့နားနားခေါင်း ၍ ခပ်တိုးတိုးပြောတာ လက်ညှိုးထိုးပြတာ ချမ်းမြေ့က ချစ်စဖွယ် ားပြုံးပြီး ခေါင်းတညိတ်ညိတ် လုပ်နေတာ။ အမူအရာတွေမြင် ်နှင့် ရိုးရိုးသူငယ်ချင်းပုံစံ မဟုတ်တာ အသိသာကြီးပင်။

ရိုးရာက ရင်ထဲ ခပ်ဆွေးဆွေး ခပ်နင့်နင့်တော့ ားလိုက်ရကာ မေးထောက်ပြီး ဆက်လက်ငေးစိုက်ကြည့်နေ ါသည်။ သြော် ... ချမ်းမြေ့ ချစ်သူရသွားပြီလား။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ချမ်းမြေ့ချစ်သူလား"

"ဒီလောက်တော့ မသိဘူးလေကွာ၊ ဒါပေမဲ့ ချမ်းမြေ့က အခု UFL မှာ HR သင်တန်း တက်နေတယ်၊ ဒီလူလာလာ ကြိုတာ ငါ နှစ်ခါလောက်တော့ မြင်ဖူးတယ်"

ရိုးရာကအသံတိတ်ဆိတ်သွား၍ ညာဏာရော မင်းထိုက်ပါ စိတ်မကောင်းသလို ခံစားရကာ သူတို့ပါ ရောနှောနှုတ်ဆိတ်နေမိကြပါသည်။

❋ ❖ ❋





❋ ၁၀ ❋

"ရော့ ... ဒီနေ့ထွက်တဲ့ ဂျာနယ်ဝယ်လာတယ် သုံးဆောင်၊ ဖတ်ချည်"

အလွမ်းက သူ့ဘေးလွယ်အိတ်လေးထဲမှ ဂျာနယ်အလိပ်လိုက်ကိုထုတ်ကာ ရိုးရာရဲ့ခုတင်ပေါ် တင်ပေးလိုက်ရင်း အိတ်ကို ခေါင်းမှကျော်ဖြုတ်၍ ဆိုဖာပေါ်ပစ်တင်လိုက်ပါသည်။ အပြင်ထွက်မည့်ဟန်ပြင်သည့် အလွမ်းကို ...

"ဘယ်လဲ"

ရိုးရာက လှမ်းမေးလိုက်သည်။

"အောက် ခဏ၊ မမစပယ် အောက်မှာ အဝတ်ထုပ်တွေ ထုပ်နေတယ်၊ '......'ကိုလှူဖို့လေ၊ အစ်ကို့အဝတ်တွေလည်း ပါတယ် သိလား၊ ဟိုတစ်နေ့က မမစပယ် ပြောတာနဲ့ အလွမ်းလည်း အတူတူလှူချင်လို့ အလွမ်းအိမ်က အဝတ်



www.burmeseclassic.com

www.burmeseclassic.com



အစားတွေလည်း အများကြီးသယ်လာတယ်၊ ဒီနေ့ မလာဖြစ်တော့ဘူးလို့နေတာ၊ အဝတ်ထုပ်ပေးချင်တာနဲ့ အလွမ်း ဒီအချိန် ညနေစောင်းကြီး လာလိုက်တာလေ၊ အဲဒါ နည်းနည်းသွားကူပေးမလို့ပါ"

"မကြည်တို့ မရှိဘူးလား"

"ရှိတယ် အစ်ကို၊ သူတို့လည်း ကူလုပ်နေတယ်"

"သူတို့ ကူနေရင် ထားလိုက်ပါ၊ မင်း မသွားပါနဲ့လား"

အလွမ်းက ရိုးရာကို အံ့အားတသင့်လေး ကြည့်ရင်း ...

"ဟင် ... ဘာဖြစ်လို့လဲ အစ်ကို၊ နေကောင်းရဲ့လား၊ အစ်ကို ဘာလိုချင်လို့လဲဟင်"

"နေကောင်းပါတယ်"

"........."

"ငါ မင်းနဲ့ စကားပြောချင်လို့ပါ အလွမ်း"

ရိုးရာက အလွမ်း မျက်နှာကို စေ့စေ့လေးစိုက်ကြည့်နေပါသည်။ အလွမ်းကလည်း မျက်ခုံးလေးပင့်ပြီး ပြန်ကြည့်နေမိပါသည်။

"စကားပြောချင်လို့ပါ"

"အင်ဟင် ... ပြောလေ အစ်ကို"





အလွမ်းက ခုံတစ်လုံးဆွဲကာ ရိုးရာရဲ့ခုတင်နား နီးကပ်ထိုင်လိုက်ပါသည်။

"........."

"ပြောလေ အစ်ကို"

"နေပါဦးကွာ ပြောမှာပေါ့၊ ဘယ်ကစ ပြောရမလဲ တွေးမရလို့ပါ"

"အစ်ကို ပြောချင်သလိုသာ ရောက်ရာအရပ်က ပြောချလိုက်ပါ၊ အလွမ်းကို အားမနာနဲ့"

အလွမ်းပြောပုံ စကားကြောင့် ရိုးရာက ပြုံးမိသွားရသည်။

"ရောက်ရာအရပ်က ပြောရမယ် ဟုတ်လား"

"အင်း ... အစကပြောပြော အဆုံးကအရင်ပြောပြော ခလယ်ကနေ အုဖောက်ပြောပြော ပြောချင်တဲ့ဆီကသာ စ,ပြောလို့ ပြောတာပါ"

"မင်းမှာ ရည်းစားရှိလား အလွမ်း"

"ရှင်"

အလွမ်းက အလန့်တကြားလေး အော်ဟစ်အံ့ဩသွားပါသည်။ မျက်လုံးလေးပြူးခနဲနှင့် မျက်နှာလေးပါ ဖျတ်ခနဲ ခဲသွားသလိုရှိပြီး ...

"အဲဒါက အစလား၊ အဆုံးလား၊ အလယ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း ဟင်း ... မင်းက ပေါလေးပဲ၊ ကဲပါ ... မေးတာဖြေစမ်းပါကွာ၊ ငါသိချင်လို့ပါ"

အလွမ်းက သူ့ပါးနှစ်ဖက်ကို လက်ဖဝါးနှစ်ဖက်နှင့် ပွတ်လိုက်ရင်း ...

"ရှက်တောင် ရှက်လာပြီ"

"ဟင်း ဟင်း ... မရှက်ပါနဲ့ ဖြေပါ"

"ရည်းစားမရှိပါဘူး"

"ဟင် ... ဒါဖြေမှာမျိုး ရှက်နေရသေးတယ်၊ ငါကရှိများ ရှိလားလို့"

"အို ... အစ်ကိုကလည်း၊ ဒီအသက်အရွယ်ရောက်တာတောင် ရည်းစားမရှိဘူးဆိုတော့ ရှက်စရာကြီးပေါ့၊ လူကြိုက်မများတာ ပေါ်လွင်တာပေါ့ ... အဟီး"

"ဟား ဟား ဟား"

ရိုးရာသည် ရင်ထဲက ခပ်နင့်နင့် ခံစားချက်တောင် ဘယ်ရောက်မှန်းမသိ အလွမ်းရဲ့ လိမ်ဖယ်ဖယ် အမူအရာနှင့် လေသံတို့ကြောင့် မအောင့်နိုင်ဘဲ ရယ်လိုက်မိပါသည်။

"အဟီး"

"ကဲ ... ရည်းစားမရှိဘူးဆိုတာ ထားပါတော့၊ မိန်းကလေးပဲ ကိုယ့်ကို လာကြိုက်တဲ့သူတွေတော့ ရှိမှာပေါ့"

"သိပ်မရှိပါဘူး"





"ရှိတော့ ရှိမှာပါ၊ မင်းက ချစ်စရာလေးပဲဟာ"

"အဟဲ ... ရှိတော့ ရှိတာပေါ့၊ အလွမ်းကမှ သင်းတို့ကို မကြိုက်တာ၊ ငြင်းပစ်လိုက်တာပေါ့"

"မင်းကို အင်တာဗျူးရတာလည်း ကဗျာမဆန်လိုက်တာကွာ"

"ဘာလို့ ဗျူးသေးလဲ၊ ဘာအကြောင်းနဲ့ ရည်းစားရှိလားလာဗျူးနေရတာလဲဟင်"

"အချစ်အကြောင်းကို မင်း နားလည်မလားလို့လေ"

အလွမ်းက ရိုးရာကို မေစောင်းစောင်းကလေး အကဲခတ်ကြည့်နေပါသည်။ မသိမသာ ညှိုးလျှလျှရှိသော ရိုးရာရဲ့ မျက်နှာရိပ် မျက်နှာကဲကို အလွမ်း ချက်ချင်းဖတ်ရှုနိုင်ပါသည်။

ဘာများခံစားရလို့ပါလဲ အစ်ကိုရယ်။ တစ်ခုခုကို အစ်ကို ခံစားနေရတယ် မဟုတ်လား။ အလွမ်းက စိတ်မကောင်း လက်မကောင်းလေး ဖြစ်သွားမိရကာ ...

"အချစ်ဆိုတာကိုတော့ သိပါတယ်"

"မင်းက ဘယ်လိုသိတာလဲ"

"ဒီအသက်အရွယ်လောက် ရှိလာမှတော့ ရည်းစားတွေ ချစ်သူတွေ ရှိချင်ရှိမယ် မရှိချင် မရှိဘူး ဖြစ်နိုင်ပေမယ့် အချစ်ဆိုတာကိုတော့ နားလည်တတ် ခံစားတတ်ပြီပေါ့ အစ်ကိုရာ"



www.burmeseclassic.com

www.burmeseclassic.com



ရိုးရာက အလွမ်း မျက်နှာကို စေ့စေ့ကြည့်ရင်း ...

"မင်း လူတစ်ယောက်ယောက်ကို ချစ်ဖူးလား"

"အင်း"

"ဒါဖြင့် သူနဲ့ ဘာဖြစ်လို့ ရည်းစားမဖြစ်ခဲ့တာလဲ"

"အလွမ်းကပဲ ချစ်တာလေ၊ သူက အလွမ်းကိုမှ မချစ်တာ၊ အလွမ်းက သူ့ကိုချစ်နေမှန်းကိုတောင်မှ သူသိမှာမှ မဟုတ်ဘဲ၊ ဘယ်လိုလုပ် ရည်းစားဖြစ်လာနိုင်ပါ့မလဲ"

"သူ့မှာရည်းစားရှိလို့လား"

"ရှိမရှိ အလွမ်း မသိပါဘူး"

"ဩော်"

ရိုးရာ ဘာဆက်ပြောရမှန်း မသိအောင်ဖြစ်ကာ အလွမ်းကို သနားတောင် သနားသွားမိရပါသည်။ အင်း ... မိန်းကလေးတစ်ယောက် ဆိုတော့လည်း ဒီလိုအနေအထားမျိုးမှာ အခက်ပဲပေါ့။ ကိုယ်က သွားဖွင့်ပြောလို့လည်းမရ။ တောင်းခံလို့လည်းမဖြစ်။ အလွမ်းဟာ သူနှင့် အသက်သိပ်မကွာလှပေမယ့် သူက အလွမ်းကို ကလေးတစ်ယောက်လိုသာ မြင်နေမိပါသည်။ အလွမ်းရဲ့ရိုးသားအပြစ်ကင်းပုံကလေးက သူမကို ကလေးဆန်ဆန် ဖြစ်စေသည်။

"မင်းကို သူ ချစ်လာစေချင်တဲ့ဆန္ဒ ရှိလား"





"အင်း ... သူကသာ အလွမ်းကို ချစ်တယ်ဆိုရင်တော့ အလွမ်း အရမ်းပျော်မှာပဲ သေချာတယ်၊ ဒါပေမဲ့ သူချစ်လာပါစေလို့တော့ အလွမ်း ဆုမတောင်းပါဘူး၊ မျှော်လည်း မမျှော်လင့်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ သူ့ဘာသာသူ သူ့ဘာသာအတိုင်းလေးပဲ ရှိနေစေချင်လို့ပါ"

"........."

"အစ်ကို သဘောပေါက်အောင် ပြောရရင် အလွမ်းက သူ့ကိုချစ်တာပါ၊ အဲဒါလေးပါပဲ၊ သူနဲ့ ချစ်သူဖြစ်ချင်တာ မဟုတ်ပါဘူး"

ရိုးရာက သက်ပြင်းတစ်ချက် ချလိုက်မိပါသည်။ ကိုယ်က တစ်စုံတစ်ရာကို လက်လွှတ်ဆုံးရှုံးရသလိုလို ဝမ်းနည်းသလိုလို ဖြစ်နေမိတဲ့စိတ်တောင်ပျောက်၍ အလွမ်းကို သနားစိတ် ဝင်သွားမိတော့တာပင်။

"အစ်ကို ... ဘာဖြစ်နေလို့လဲဟင်"

"........."

"အလွမ်းကို အင်တာဗျူးနေမယ့်အစား အစ်ကို ဘာဖြစ်နေလဲ ပြောပြပါ၊ အလွမ်းလည်း ကူပြီးစဉ်းစားပေးလို့ ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“………”

“အစ်ကို့မှာ ရည်းစားရှိလား”

ရိုးရာက အလွမ်းမေးပုံကြောင့် အလွမ်းကို ပြုံးကြည့်လိုက်မိသည်။ သူ့မေးပုံလေးက အရိုးခံဆန်လွန်း၍ မကာလကျ်နေပါ။

“မရှိပါဘူး”

“ဒါဖြင့် အစ်ကိုချစ်တဲ့ မိန်းကလေးတော့ ရှိတယ်မဟုတ်လား”

“………”

“သူက အခု အစ်ကို့ဆီ မလာတော့လို့လားဟင်၊ တခြားတစ်ယောက် တွဲသွားလို့လား”

“………”

“ဒါမှမဟုတ် အစ်ကို့ကို ငြင်းလိုက်တာလား၊ ဒါမှမဟုတ်”

“ငါ ကျန်းမာရေးစပြီး ချို့တဲ့ကတည်းက သူ့ကို မဆက်သွယ်ဖြစ်တော့တာပါ၊ သူက လှမ်းဆက်သွယ်ပါတယ်၊ စကားပြောဖို့ လာတွေ့ဖို့ ကြိုးစားတယ်၊ ငါ ငြင်းလိုက်ခဲ့တယ်”

ရိုးရာက အလွမ်းထံမှ မျက်နှာလွှဲကာ အလွမ်းကတော့ ရိုးရာကို စူးစူးစိုက်စိုက်လေး ကြည့်နေသည်။

“သူ့ကို ဖွင့်ပြောထားတာကြာပြီ၊ အတိအကျတော့ မသိပေမယ့် သူလက်ခံမလားလို့တော့ ထင်ထားမိတယ်၊ သူ့





ပုံစံက ငါ့အပေါ် ကြည်ကြည်ဖြူဖြူ နှစ်နှစ်လိုလို ရှိပါတယ်၊ သူ စဉ်းစားနေတယ်လို့ ပြောထားတုန်း ငါ အခုလိုဖြစ်သွားတာလေ …

သိပ်မကြာတော့တဲ့ အချိန်မှာ လောကကြီးက ထွက်သွားတော့မယ့် သေရတော့မယ့်လူတစ်ယောက်က သူချစ်တဲ့ မိန်းကလေးကို သံယောဇဉ်တွေနဲ့ အတင်းရစ်ပတ်ချည်နှောင်ပြီး နာနာကျင်ကျင် ခံစားကျန်ရစ်ရအောင် ထားခဲ့သင့်ပါ့မလား၊ သူက ပြန်ချစ်မယ် ဆိုရင်တောင် ငါက မချစ်စေချင်တော့ပါဘူး၊ အဲဒါ သူ့အပေါ်ထားတဲ့ စေတနာပါ …

ငါ့ ဒီလို အခြေအနေမျိုး ဆိုတာကိုလည်း သူ့သိအောင် ငါ့သူငယ်ချင်းတွေကတစ်ဆင့် အသိပေးခဲ့တယ်၊ အဲဒါကြောင့် ငါလည်း မတွေ့ချင်တော့ဘူး၊ ငါ့ကိုလည်း တွေ့ဖို့ မကြိုးစားနဲ့တော့ဆိုတဲ့ သဘောမျိုး သူ့ကိုပြောခဲ့တယ်၊ သူလည်း ငါ့ခံစားချက်ကို နားလည်တယ် ထင်ပါတယ်၊ ရှေ့တိုးမလာဘဲ ငါ့ကိုတွေ့ဖို့ ထပ်မကြိုးစားခဲ့တော့ဘူး”

“အစ်ကို … အခု နောင်တရနေတာလားဟင်”

“နောင်တတော့ မရပါဘူး၊ မနေ့က သူလူတစ်ယောက်နဲ့ တွဲနေတာ ငါတွေ့ခဲ့တယ်”

“………”



www.burmeseclassic.com

www.burmeseclassic.com



"အခု ငါ ဘာဖြစ်နေတယ်ဆိုတာ ငါကိုယ်ငါလည်း သေ သေချာချာ မသိပါဘူး၊ စိတ်မကောင်းဖြစ်နေတာလား တစ်ခုခုတော့ ခံစားနေရတယ်၊ အမှန်တော့ သူ့ကို အဲသလိုခဲ နောက်တစ်ယောက်ကို တွေ့သွား ချစ်သွားနိုင်စေချင်ခဲ့တာ ပါ၊ ဒါပေမဲ့ တကယ်တမ်း ခုလိုတွေ့လိုက်တော့ ငါဘာ ဖြစ်နေတယ် ဆိုတာကို မပြောတတ်တော့ဘူး"

"........"

ရီးရာက သူ့ကို ငေးငေးလေး ကြည့်နေသော အလွမ်းဘက်လှည့်၍ တစ်ချက်ပြုံးပြလိုက်ပါသည်။

"အဲဒါပဲ ... ပြီးပြီ"

အလွမ်းမျက်နှာကလေးက ညှိုးညှိုးလေး။

"ဟိတ် ... ငိုမလို့လား ပြဿနာပဲ"

"အစ်ကို အရမ်းစိတ်မကောင်း ဖြစ်နေမှာပဲလို့ တွေးမိလို့ပါ"

"လောကကြီးမှာ တကယ်တော့ အရာရာက သူဖြစ်ချင် သလို ကံစီမံရာ ဖြစ်နေတာပဲနော်၊ သေချင်တဲ့သူတွေမသေ ရ မသေချင်တဲ့သူတွေသေရ၊ လိုချင်တာကိုမရ မလိုချင် တာကိုရ"

"........"

"ဒီအဖြစ်အပျက်အတွက် မင်း ငါ့ကို ဘယ်လိုဝေဖန်မလဲ ကြားချင်တယ်"





"ဝေဖန်စရာ မရှိပါဘူး"

"တစ်ခုခုတော့ ဝေဖန်ပါ၊ ငါလုပ်တာ မှန်လား မှားလား စသည်ဖြင့် ..."

"အစ်ကိုလုပ်ခဲ့တာ အစ်ကို့ဘက် ခံစားချက်နဲ့ အစ်ကို့ဘက် အတွေးနဲ့ အဓိပ္ပာယ်ရှိရှိ လုပ်ခဲ့တာပဲဟာ၊ အလကားလုပ် ခဲ့တာမှ မဟုတ်တာ၊ အစ်ကို့အတွက်တော့ အစ်ကိုမှန်ပါ တယ်၊ တစ်ခုရှိတာက သူက အစ်ကို့ကိုသာ ချစ်နေခဲ့တယ် ဆိုရင်တော့ ရသလောက်အချိန်ကလေး ဘယ်လောက်ပဲ ဖြစ်ဖြစ် သူ အစ်ကို့နား ရှိနေချင်မှာပဲလေ ...

အစ်ကိုက မဆက်သွယ်နဲ့တော့ဆိုလို့ သူ မလာရ ပေမယ့် သူ ဝမ်းနည်းရင် နည်းနေမှာ၊ ဘာပဲဖြစ်ဖြစ် သူ အစ်ကို့ကို သတိတော့ ရနေမှာပါ"

"နောက်တစ်ယောက် တွဲနေပြီဟယ်လေ"

"တွဲနေတိုင်းလည်း သူ ချစ်နေတာ ဟုတ်ချင်မှ ဟုတ်မှာ ပေါ့၊ အစ်ကို့ကို သူ လက်ခံမယ်လို့ ထင်ခဲ့ရတဲ့ အခြေအနေ ရှိခဲ့တာသာမှန်ရင် ဒီလောက်မြန်မြန် စိတ်ပြောင်းနိုင်ပါ့ မလား၊ သူ့စိတ်ကို ပြောင်းလဲဖို့ ခံစားချက်ကို အစားထိုး ဖို့ သူတွဲနေတာမျိုးလည်း ဖြစ်ကောင်း ဖြစ်နေနိုင်တာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ရှီးရာက အလွမ်းရဲ့နဖူးကို လက်ညှိုးနှင့် ဆတ်ခနဲ ထိုးလိုက်ရင်း အပြုံးနှင့် ...

"မင်းက လူတစ်ဖက်သား ဖြေသိမ့်နိုင်စရာ ဖြစ်အောင်ကို ပြောတတ်တယ်"

အလွမ်းသည် ရှီးရာရဲ့ လက်ညှိုးတွန်းအားကြောင့် ခေါင်းလေးနောက်ကို ယိုင်သွားတာကို ပြန်မတ်ရင်း ...

"အလွမ်းဆိုရင် အလွမ်းချစ်တဲ့သူနားမှာ သူသေကာမှသေ ရော မသေခင်ထိတော့ နေချင်တာပေါ့"

"ခုလို ခပ်ဝေးဝေး တန်းတန်းလေးနေလို့ သူ စိတ်မကောင်း ဖြစ်ရတာက ငါနဲ့နီးနီးကပ်ကပ် ရင်းရင်းနှီးနှီး နေလိုက်ရ ပြီး သူ့ရှေ့မှာ ငါသေသွားလို့ သူ စိတ်မကောင်းဖြစ်ရမှာ နဲ့စာရင် သက်သာဦးမှာပေါ့"

"အစ်ကိုက အဲသလိုတွေးတာကိုး"

ရှီးရာက သက်ပြင်းတစ်ချက် ချလိုက်ရင်း ...

"သူလည်း အစားထိုးနေပြီဆိုတော့ သူ့ဟာသူ နေလက်ရှိ ဖြေသိမ့်လက်စလေးနဲ့ နေနေပါစေတော့လေ"

"ဒါပေမဲ့ အစ်ကို အခု သူ့ကို သတိရပြီး လွမ်းပြီး စိတ် မကောင်း ဖြစ်နေတယ် မဟုတ်လား"





အလွမ်းက ထိုင်ရာမှထ,ကာ ဝရန်တာဘက်ဆီသို့ လျှောက်ထွက်သွားပါသည်။ အလွမ်းရင်ထဲမှာ ဝမ်းနည်းလာတာ ကြောင့် မျက်ရည်ရစ်ဝဲလာလျှင် အစ်ကို မမြင်စေချင်တာကြောင့် ရှောင်လွှဲထွက်လာခဲ့တာပင်။ ဝရန်တာမှာရပ်ကာ ဆို့ဆို့နင့်နင့် လေး ငေးငိုင်နေမိသည်။

အပြင်မှာ မှောင်တောင်မှောင်ပြီ။

ကြယ်ကလေးတွေတောင် ဟိုတစ်ပွင့် ဒီတစ်ပွင့် သင်းလို့ လက်လို့ မြင်နေရပြီ။

အစ်ကို့ကို ခုလို ဝမ်းနည်းလွမ်းဆွတ်မနေစေလိုပါ။ စိတ်ချမ်းသာစေလိုသည်။ သူ့ဘဝရဲ့အဆုံးသတ် အချိန်ပိုင်းတွေ မှာ နာရီတိုင်း မိနစ်တိုင်းကို ပျော်ရွှင်တည်ငြိမ်မှုဖြင့် ပိုင်ဆိုင်ခွင့် ရစေချင်ပါသည်။ မိနစ်ပိုင်းကလေးမျှတောင် စိတ်ညစ်ဝမ်းနည်း အားငယ်မနေစေချင်။ အလွမ်း ဘာများလုပ်ပေးနိုင်ပါ့မည်နည်း။

"ဟော့ ..."

"........."

"မှောင်ကြီးထဲ ဘာထွက်လုပ်နေတာလဲ"

အနောက်ကို ရှီးရာ ရောက်လာပါသည်။ အလွမ်း က ဘာမှပြန်မဖြေမိ။

"တော်တော်တောင် မှောင်နေပြီပဲ၊ မင်းအိမ်က စိတ်ပူနေ ဦးမယ်၊ ပြန်ရတော့မယ်လေ ကောင်မလေး"



www.burmeseclassic.com

www.burmeseclassic.com



"အလွမ်း ဒရိုင်ဘာနဲ့ လာတာပါ"

"ဒါဆို တော်သေးတာပေါ့၊ ဘာလဲ ... ငါ့ကိုသနားပြီး မင်းပါ အလွမ်းဓာတ် ကူးသွားပြီလား ဟုတ်လား"

အလွမ်းက ရီးရာကို လှည့်ကြည့်လိုက်ပါသည်။ ရီးရာက သူ့ကို ဘာကြည့်တာလဲဆိုတဲ့ပုံ မေးတစ်ချက်ဆတ်၍ ပြုံးလိုက်ပါသည်။ သို့ပေမဲ့ ထိုအပြုံးက လွတ်လွတ်လပ်လပ် မတောက်ပမှန်း အလွမ်း သိတာပေါ့ အစ်ကိုရာ။

"အစ်ကို"

"အင်း"

"ဟိုးကောင်းကင်ပေါ်က ကြယ်ကလေးတွေကို ကြည့်လိုက်စမ်းပါ အစ်ကို၊ အဲဒီကြယ်လေးတွေကိုကြည့်ရင်း တစ်ခုခုကို အစ်ကို မတွေးမိဘူးလား"

"မတွေးမိပါဘူး၊ ဘာကိုတွေးမိရမှာလဲ၊ မင်းကကော ကြယ်တွေကြည့်ရင်း ဘာတွေတွေးမိနေလဲ"

"ဒီမှာလေ ... ဒီဘက်က တည်တည်ငြိမ်ငြိမ်နဲ့ လင်းလက်တောက်ပနေတဲ့ ကြယ်လေးက အစ်ကို့မျက်နှာ ကြည်ကြည်လင်လင် ပြုံးနေတဲ့အခိုက်နဲ့ တူတယ်လို့"

ရီးရာက ပြုံးလိုက်မိပါသည်။





"ဟိုးဘက်က မှိတ်တုတ် မှိတ်တုတ် ဖြစ်နေတဲ့ ကြယ်လေးကို မြင်လား၊ အဲဒီကြယ်လေးက စိတ်ဓာတ်ကျ ဝမ်းနည်းနေတဲ့ အစ်ကိုလေ၊ ဟော ... ကြည့်စမ်း၊ မှိတ်တုတ် မှိတ်တုတ်ကြယ်လေး ကြွေကျသွားပြီ"

အလွမ်း မျက်နှာကလေးက အိုကာ ဝမ်းပန်းတနည်းမဲ့လေး ဖြစ်သွားရပါသည်။ ရင်ထဲမှာလည်း တင်းကျပ်နာကျင်နေရသည်မှာ မောတောင်မောလာပါသည် အစ်ကိုရယ်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

ပစ္စည်းတွေ သိမ်းဆည်းကာ ခြင်းထဲထည့်နေသော စပယ်က တံခါးခေါက်သံ တိုးတိုးကြောင့် တံခါးသွားဖွင့်ပေးလိုက်ပါသည်။

"သြော် ... အလွှမ်း"

"အဟင်း ... ခုပဲ ပြန်တော့မလို့လား မမစပယ်"

"အေး"

"အလွှမ်းက ဒီနေ့ သူ ဆေးရုံဆင်းမှာသိလို့ အိမ်ကိုလာဖို့ပဲ၊ ထွက်လာပြီးမှ အိမ်ပြန်ရောက်မရောက် သေချာအောင် သူ့ဖုန်းလှမ်းဆက်လိုက်တော့ ဆေးရုံမှာပဲ ရှိသေးတယ်ဆိုတာနဲ့ ဒီပဲလိုက်လာလိုက်တာ"

"လာလေ ... အလွှမ်း ... ဝင်"





အလွှမ်းက အခန်းထဲ လှမ်းဝင်လိုက်ရင်း ခုတင်စွန်းမှာ ခြေချထိုင်နေသော ရိုးရာကို လှမ်းပြုံးပြလိုက်ပါသည်။ မျက်နှာ အတန်ငယ်နွမ်းချောင်သော်လည်း ရိုးရာက ပြန်ပြုံးပြရင်း ...

"ဘယ်လိုလဲ ... တွေ့လား"

"ဒါပေါ့၊ အလွှမ်းပဲလေ ... အဟဲ"

စပယ်က စိတ်ဝင်တစားနှင့် ...

"ဘာလဲဟင် အလွှမ်း"

"အစ်ကို့ကို မနက်က ဖုန်းဆက်မေးသေးတယ်၊ ဘာစားချင်လဲလို့၊ သူက လမ်းသရဲမုန့်တဲ့"

"လမ်းသရဲမုန့် ! "

"ဟုတ်"

"ဘာလဲဟင် ... အလွှမ်း ... အဲဒါက"

"သူ့ကို အလွှမ်း တစ်ခါကျွေးဖူးတာ သူလျှာလည်ပြီးစွဲနေတယ် ... ဟီး ဟီး၊ ခေါက်မုန့်လိုဟာမျိုးပါပဲ မမစပယ်"

"ဟုတ်လား ... မောင်လေးက ခေါက်မုန့်စားချင်လို့လား၊ ပြောတာ မဟုတ်ဘူး၊ အလွှမ်းသွားဝယ်ရတာ အားနာစရာ"

"သူ့မုန့်ကို မမ မဝယ်တတ်ပါဘူး၊ ဘာမုန့်တောင်သိမှ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရီးရာရဲ့ ပြုံးတုံ့ရွှင်ပြသော မျက်နှာကိုကြည့်ရင်း စပယ်ပါ အလိုအလျောက် ပြုံးလာမိပါသည်။ အလွမ်းကိုအလွန် ကျေးဇူးတင်မိသည်။ အလွမ်းဟာ သူ့မောင်လေး ရီးရာရဲ့ ခုလို အချိန်မျိုးမှာ ကောင်းကင်က စေလွှတ်လိုက်တဲ့ စေတမာန်နတ် သမီးကလေးအလားတောင် စပယ်က ထင်မှတ်မိပါသည်။

"ခေါက်မုန့်ဆို"

"ခေါက်မုန့်လို သဘောမျိုးမှာ ခေါက်မုန့်တော့ မဟုတ်ဘူး"

"လမ်းသရဲမုန့်လို့ ဘာလို့ခေါ်တာလဲ"

"အလွမ်းလည်း မသိဘူး မမ၊ သူများတွေခေါ်လို့ လိုက် ခေါ်တာ၊ သူက ခေါက်မုန့်လိုဟာထဲမှာ ထန်းလျက်ရည်မပါ ဘူး၊ ဂေါ်ဖီခရမ်းချဉ်သီး နံနံပင် ငရုတ်သီးစိမ်းနဲ့ မဆလာ တို့ ဘာတို့ပါတယ်၊ အရမ်းစားလို့ ကောင်းတယ်၊ ရှူးရှဲနဲ့ ဟီး ဟီး"

အလွမ်းကို စပယ်က ချစ်ခင်စွာ ပြုံးကြည့်နေမိပါ သည်။

"မမ ... ပစ္စည်းတွေသိမ်းတာ အလွမ်းလည်း ကူသိမ်းမယ်"

"မသိမ်းနဲ့ ... မသိမ်းနဲ့ ... မကူနဲ့၊ သွား ... သွား အလွမ်း ငြိမ်ငြိမ်ထိုင်နေ၊ ရီးရာနဲ့သာ စကားပြောနေ"





စပယ်က အလွမ်းကျောကို အသာကလေးတွန်းလွှတ် လိုက်ပါသည်။ ရီးရာအတွက် အဖော်မွန်ကောင်းလေး ဖြစ်နေတာ ကိုပဲ ကျေးဇူးအထူးတင်လှပြီ။ အဲသလို အောက်ခြေသိမ်းအသေး စိတ် လိုက်ကူညီနေမှာမျိုးတွေထိ အကူညီမယူရက်ပါ။

ပူစူးလည်း ရှိနေတာမို့ ပူစူးနှင့် စပယ် ပစ္စည်းတွေ သိမ်းနေကြပါသည်။ ခီမိုဆေးသွင်းရမယ့်ရက်မို့ ဆေးရုံနှစ်ရက် တက်ရသည်။ ဆေးသွင်းပြီးတဲ့ရက်တွေမှာ ဆေးဒဏ်ကို ခံစားရကာ နုံးခွေမူးမော် ပျို့ချင်အန်ချင် နေတတ်တဲ့ ရီးရာက ဘာအစား အသောက်မှလဲ မစားချင်ဘဲရှိသည်။

ခုတော့ လမ်းသရဲမုန့်တဲ့။

ဘာမုန့်ပဲဖြစ်ဖြစ် လမ်းသရဲမကလို့ လမ်းဘီလူး ဖုတ်ပြိတ္တာပဲဖြစ်ဖြစ် သူ့မောင်လေး စားချင်စိတ်ရှိတာ အစာဝင် ဆော့မှာကိုတွေးကာ စိတ်ချမ်းသာရသည်။

"အရမ်းလိုက်ရှာရသေးလား"

"ဟွန်း ... ရှာရတာထက်တောင် ဆိုးသေးတယ် အစ်ကို ကလည်း"

"ဘယ်လိုဖြစ်လို့လဲ"

"ဟိုတစ်ခါ အလွမ်း လိုက်ရှာဝယ်တဲ့ လမ်းချောင်ကြို ချောင်ကြားထဲက ဆိုင်လေးက ညနေပိုင်း လေးနာရီလောက် မှဖွင့်တာ၊ ဒီလို မနက်ပိုင်း မရောင်းသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ..."

"အဲဒီတော့ ... ဘယ်ရမလဲ၊ အလွှမ်းက အဲဒီနားက ဆိုက်ကားဂိတ်ကို ခေါက်မုန့်သည်အဒေါ်ကြီး ဘယ်နားမှာနေတာလဲ ရအောင်မေးပြီး သူ့အိမ်အထိ ရောက်အောင်လိုက်သွားတာပေါ့"

"ဟင်"

"အပြီး ... ဟုတ်တယ်၊ အဲဒီ အဒေါ်ကြီးက အိမ်မှာရှိတယ်၊ အဲဒါ သူ့ကိုတောင်းတောင်းပန်ပန်နဲ့ အလွှမ်းဖို့ လမ်းသံရဲ့ မုန့် ဆယ်ခုလောက် လုပ်ပေးပါလို့ ပြောရတာ၊ သူက မုန့်နှစ်ကတော့ ဖျော်ထားပြီးသား၊ ဘာမှမလှီးရ မချွတ်ရ အဆင်သင့်မဖြစ်သေးလို့ အလွှမ်းတောင်မှ ဂေါ်ဖီကူလှီးပေးခဲ့ရသေးတယ်"

"ဟင် ... ဟား ဟား ဟား"

ရီးရာက ခေါင်းမော့ပြီး ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီးလျှင် သူ့ရှေ့က အလွှမ်းရဲ့ခေါင်းကို အုပ်ကိုင်ကာလှုပ်ယမ်းလိုက်ပါသည်။ ဤမြင်ကွင်းလေးကို စပယ် ကြည့်မိကာ ရင်ထဲမှာ ဆို့နစ်ဝမ်းနည်းလာသည်။ အလွှမ်းဟာ ရီးရာရဲ့ဘဝကို လှုပ်ခတ်ပြုစားနိုင်သူ ရီးရာကို ရယ်မောပျော်ရွှင်စေနိုင်သူကလေးပဲ။





ကံကြမ္မာက ဘာကြောင့်များ ရံခါ၌ ရက်ရက်စက်စက် ကျီစယ်တတ်ပါလိမ့်။ အလွှမ်းဆိုတဲ့ ကလေးမလေး အိမ်ကို စတင်ဝင်ထွက်လာကတည်းက ရီးရာအပေါ် တင်းရစ်ချည်နှောင်နေတဲ့ သံယောဇဉ်ကို မိန်းမချင်း အမှတ်ထင်ထင် သတိပြုမိသားဝင်။ သူ့မောင်လေး ရီးရာမှာ စိတ်ဝင်စားနေတဲ့ ကောင်မလေးတစ်ယောက် ရှိတယ်လို့ အကြမ်းဖျင်း သိထားဖူးပေမယ့် စပယ်တို့ မမြင်မတွေ့ဖူးခဲ့ပါ။

ခုချိန်မှာတော့ မောင်လေးလည်း သံယောဇဉ်ဖြတ်ထားပုံ ရပါသည်။ ခုနောက်ပိုင်းမှာ တစ်စတစ်စ အလွှမ်းအပေါ် တစ်ရစ်ချင်း တိုးလာတဲ့ ရီးရာရဲ့သံယောဇဉ်ကြိုးကလေးကိုလည်း သေိမသာ မထင်မရှား မြင်ရစပြုသည်။ သူတို့လူငယ်လေးနှစ်ဦးကြားက တစ်စစ ရင့်သန်လာတဲ့ ရစ်ပတ်ချည်နှောင်လာတဲ့ နှင်းနှီးတွယ်တာမှုတို့ဟာ ဘေးလူအမြင်၌ပင် ကဗျာတစ်ပုဒ်နှယ် သာပလွန်းပါဘိ။

သြော် ... သူတို့ခများတွေမှာမှ ဘာကြောင့် ကံကောင်းခွင့်မရတာပါလဲ။

"ကားပေါ်မှာလား"

"အင်း"

"ဒရိုင်ဘာနဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... အစ်ကို၊ ဒရိုင်ဘာနဲ့လာတာ၊ အခုသွားယူပေးရမလား"

"ဟင့်အင်း ... နေပါစေ အိမ်ကျမှစားမယ်၊ မမ သိမ်းလို့မပြီးသေးဘူးလား၊ ပြန်ကြရအောင်လေ အိမ်ပြန်ရောက်ချင်ပြီ"

"သိမ်းတာပြီးပြီ မောင်လေး၊ မေမေ အောက်မှာ ငွေရှင်းနေသေးလို့၊ မောင်လေး ကားပေါ်ကျဉ်းကျဉ်းကျုတ်ကျုတ်နဲ့ ကြာကြာထိုင်စောင့်နေရမှာစိုးလို့၊ မေမေ ပြီးပြီလို့ ဖုန်းလှမ်းဆက်မှ အောက်ဆင်းမလို့ပါ"

"အဲဒါဆို အလွမ်းကားနဲ့ သွားနှင့်ရမလား မမ၊ အစ်ကို့ကို အလွမ်းကားနဲ့ ခေါ်သွားနှင့်မယ်လေ"

"အင်း ... အဲဒါလည်း ကောင်းတာပဲ"

"ဟုတ်တယ်၊ အဲဒါဆို ကားပေါ်မှာကတည်းက လမ်းသရဲမုန့်ကို စားလို့ရပြီ၊ ကျွန်တော် လိုက်သွားတော့မယ် မမ"

"အင်း ... လိုက်သွား ... လိုက်သွား၊ နေဦး ... ဦးချဲခေါ်လိုက်ဦးမယ်"

"အာ ... မခေါ်နဲ့တော့၊ အဲဒီ ဦးချဲကြီးပေါ် မထိုင်ချင်ဘူး"

"ဖြစ်ပါ့မလား မောင်လေး"

"အလွမ်းကိုတွဲပေါ့၊ တွဲမလား"





ထရပ်လိုက်သော ရိုးရာကို မော့ပေးလိုက်သည့် အလွမ်းပုံစံလေးကို စပယ်ကကြည့်ကာ ...

"အမယ်လေး အလွမ်းရယ်၊ ဖိုးသူတော်ရော တောင်ဝှေးရော ပြိုင်တူလဲပြိုနေပါ့မယ်၊ သူ့ကိုယ်လေး ပိစိလေးနဲ့ ညည်းရဲ့ကိုရိုးရာက ဒီအရပ်ကြီး ဒီခန္ဓာကိုယ်ကြီးနဲ့ ညည်းခွန်အား ပိစိလေးကို တွဲလို့ဖြစ်ပါ့မလား"

"အို ... ရပါတယ်၊ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီပြီး သွားကြမယ် ... ဟီး ဟီး"

"ငါက ပခုံးဖက်မှာနော် ... ရလား"

"အို ... ရတာပေါ့"

ရိုးရာက အလွမ်းဖခုံးပေါ် လက်၍ ဖက်လိုက်တာကို စပယ်က တထင့်ထင့် ငေးကြည့်နေရပါသည်။ တကယ်လဲပြိုတန်မှာ စိုးရိမ်လို့ပင်။ ရိုးရာက စပယ့်ပုံစံကို လှည့်ကြည့်ရင်း ...

"ဟင်း ဟင်း ... မမ ဘာမှမပူပါနဲ့၊ ကျွန်တော်လည်း လျှောက်နိုင်ပါတယ်၊ သူကလည်း ပိန်သေးသေးလေးနဲ့ သံချောင်းလေးလိုဟာလေးပါ"

စပယ် ဘာပြောရမှန်းမသိ ငေးကြည့်နေတုန်းပင် ရိုးရာက အလွမ်းပခုံးကိုဖက်၊ အလွမ်းက ရိုးရာခါးပတ်လည်ကို ပြန်ဖက်ထိန်းရင်း နှစ်ယောက်သား လျှောက်ထွက်သွားကြပါတော့သည်။ သူတို့ဟာနှင့်သူတို့ ဖြောင့်လို့ပင်။



www.burmeseclassic.com

www.burmeseclassic.com



စပယ်မှာ ရင်လေးဖိရင်း သက်မလေးချရင်း အမျိုးမျိုး အဖုံဖုံသော ခံစားချက်အစုံနှင့် ကိုယ်တွေပါ အိတ်တွေခြင်းတွေ ဆွဲပြီး သူတို့နောက်က လိုက်ရပါသည်။ တရင်းတနှီးလေးတွေနှင့် သမီးရည်းစားစုံတွဲလေးပဲလိုလို မောင်နှမလေးပဲလိုလို ဘယ်လို ရယ်လို့ လူတွေအကဲခတ်ခက်မည့် ဖြူစင်သော နွေးထွေးသော ရင်းနှီးသော ကြင်နာသော ပုံစံလေးတွေနှင့် ...။

စပယ် မျက်ရည်လည်မိပါသည်။

❋ ❖ ❋

"မင်း ဘာဖြစ်လို့ အကြာကြီး မလှာတာလဲ အလွမ်း"

တွေ့တွေ့ချင်း တန်းမေးလိုက်တဲ့ ရိုးရာအမေးကြောင့် အလွမ်း ထုံးစံမပျက် အပြုံးလေးနှင့် ...

"ခုတလော အိမ်မှာ ကိစ္စဝိစ္စလေးတွေ နည်းနည်းရှုပ်နေလို့ပါ အစ်ကိုရ"

"ငါးရက်တောင်၊ ဖုန်းကရော ဘာဖြစ်လို့ ပိတ်ထားတာလဲ"

"အဲဒီကိစ္စလေးတွေကြောင့်ပါပဲ"

"ပထမတော့ မင်းရဲ့အိမ်ဖုန်းတောင် မေမေ့ဆီမေးပြီး လှမ်းဆက်မလားလို့ပဲ၊ တော်ကြာ မင်းမှာ ကိစ္စတစ်ခုခု





ရှိနေတာကို ငါက နှောင့်ယှက်မိသလို ဖြစ်မှာစိုးလို့ မဆက်ဖြစ်တော့တာ"

အလွမ်းက အပြုံးလေးနှင့် ခေါင်းငုံ့ကာ ငိုင်နေမိသည်။

"အလွမ်း ... မင်း တစ်ခုခု ဖြစ်နေသလား"

"ဟင့်အင်း ... ဘာဖြစ်လို့လဲ အစ်ကို"

"မင်းပုံစံက ညှိုးနွမ်းနေသလိုပဲ"

"မဟုတ်ပါဘူး"

"မင်းမရောက်လာတော့ နောက်ဆုံးတွေ့တဲ့ရက်က ငါတို့ ဘာတွေပြောဖြစ်လဲ ဆိုတာတွေပါ ပြန်စဉ်းစားမိတယ်၊ ကိုယ့်ဘက်က အမှားတစ်ခုခုများ ပြုမိပြောမိသွားသလား လို့လေ"

"မဟုတ်တာ ... အစ်ကိုကလည်း၊ အဲလိုမျိုး မရှိပါဘူး"

ရိုးရာက အလွမ်းမျက်နှာကို စေ့စေ့ကြည့်ရင်း ...

"မင်း တစ်ခုခု ဖြစ်နေသလိုပဲ၊ မရွှင်ပျဘူးလို့ ခံစားရတယ် အလွမ်း၊ အိမ်မှာများ ပြဿနာတွေ ဘာတွေ တစ်ခုခုရှိလားဟင်"

ရိုးရာရဲ့ စိုးရိမ်မကင်းသော ဂရုတစိုက်အမေးကို အလွမ်းက ခေါင်းယမ်းလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



“ဟင့်အင်း ... အစ်ကို ဘာမှလျှောက်စဉ်းစားမနေပါနဲ့၊ အဆင်မပြေတာ ဘာမှမရှိပါဘူး၊ အလွမ်း ဘာမှမဖြစ်ပါဘူး အစ်ကို”

“မင်းကို စတွေ့ဖူးတုန်းက ခုလိုမဟုတ်ဘူး၊ မင်းက အရမ်းသွက်လက် တက်ကြွပြီး ရွှင်ပျနေတဲ့ မိန်းကလေး လေ”

“အခုလည်း အရင်လိုပါပဲ အစ်ကိုရ”

“တစ်ခုခု ဖြစ်နေသလိုပဲ”

အလွမ်းက အားတင်းပြုံးကာ ခေါင်းလေးယမ်းလိုက်ပါသည်။ ရီးရာက အဲလိုပြောတော့ အလွမ်း ဝမ်းနည်းမိသလိုပင်။ ရင်ထဲမှာ ဆွတ်ဆွတ်ကြင်ကြင် ရှိလှသည်။

“အစ်ကိုက အလွမ်းကို မျှော်နေတာလား၊ ဘာလုပ်ချင်လို့လဲ ဘာစားချင်လို့လဲ၊ ဘယ်သွားချင်လို့လဲ”

“အဲလိုချည်းပဲတော့ မဟုတ်ပါဘူး၊ အပြင်သွားချင်တာ ရှိပေမယ့် အဲဒီအတွက် မင်းကိုမျှော်နေတာတော့ မဟုတ်ပါဘူး”

“အစ်ကို ဘယ်သွားချင်တာလဲ ပြော”

“.........”

“ပြောလေ အစ်ကို၊ သွားမယ်လေ ... လာ”





ရီးရာက အလွမ်းကို ချစ်ခင်စွာ ပြုံးလိုက်ရင်း ...

“ဘာမှန်းလဲ မသိသေးဘဲနဲ့များ”

“သွားရင် သိမှာပဲဟာ၊ အစ်ကိုသွားချင်တဲ့နေရာ ဆိုတော့ အလွမ်းကလည်း အဖော်လိုက်ချင်တာပေါ့၊ ဘယ်ပဲဖြစ်ဖြစ် ပေါ့ ... လာလေ”

အလွမ်းရဲ့စကားလေးကြောင့် ရီးရာ ရင်ထဲ သိမ့်ခနဲ လှုပ်ရှားသွားရသလိုပင်။ အစ်ကိုသွားချင်တဲ့ နေရာဆိုတော့ အလွမ်းကလည်း အဖော်လိုက်ချင်တာပေါ့ ... တဲ့။ ဤစကားလေးထဲမှာ သူ့အပေါ် အလွမ်း ဘယ်လောက်အလေးထား ဦးစားပေးတယ် လိုက်လျောဖို့ အသင့်ရှိနေတယ်ဆိုတာ အထင်းသားပေါ်လွင်နေသည်။

“လာလေ အစ်ကိုရ၊ မာမီ့ကို သွားပြောလိုက်မယ်”

“ဟင် ... အလွမ်းအမေ ပါတယ် ဟုတ်လား”

“ဟုတ်”

“ဒါဆိုလည်း မသွားတော့ပါဘူးကွာ၊ အန်တီက ဘာလို့ လိုက်လာတာလဲ၊ မေမေနဲ့ ကိစ္စရှိလို့လား”

“ကိစ္စမရှိပါဘူး၊ ကိစ္စလေးတစ်ခုရှိလို့ မာမီက အလွမ်းကို ခဏပဲနေဖို့ ပြောထားတယ်၊ ဒါကြောင့် တူတူလိုက်လာတာပါ၊ မာမီက သူလိုက်မလာရင် အလွမ်း တော်တော်နဲ့ ပြန်မလာမှာစိုးလို့ အဟီး”



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မသွားတော့ဘူး"

"အာ ... သွားပါမယ်ဆိုမှ၊ နောက်ရက်တွေလည်း အလွှမ်း နည်းနည်း အလုပ်ရှုပ်စရာလေးတွေရှိတာ၊ ခုလိုပဲ ရက်ခွေ ခြားပြီးမှ လာနိုင်မှာ"

ထိုစကားက ရှိုးရာရင်ကို ထူးထူးခြားခြားပင် ဟာ စေသည်။

"ပြီးတော့ အလွှမ်း သီလရင်ဝတ်ဖို့လည်း ရှိသေးတယ် နောက်တော့ မအားဘဲနေဦးမယ်၊ လာပါ ... အခုသွားမယ် ဆိုမှ၊ ခဏတဖြုတ်တော့ သွားလို့ရပါတယ်၊ ဒီလောက်ကြီး လည်း အဆော်တလျင် ပြန်ရမှာ မဟုတ်ပါဘူး အစ်ကိုရဲ့"

"ကြာတာတော့ သိပ်မကြာပါဘူး၊ ဒီနားလေး ခဏသွားပြီး ပြန်လာရုံပဲ၊ ဒါပေမဲ့ အန်တီပါ ပါနေတော့ အားနာလို့"

"ဘာမှ အားနာစရာ မရှိဘူး၊ လာ ... သွားမယ်"

အလွှမ်းက မတ်တတ်ထရပ်ကာ အတင်းလက်ယမ်း ခေါ်နေ၍ ရှိုးရာက အလွှမ်းနောက်က လိုက်လာခဲ့ပါတော့သည်။ ဧည့်ခန်းထဲမှာတော့ အမေနှစ်ယောက်က စကားပြောနေကြသည်။ ဒေါ်နုနုငယ်က ရှိုးရာတို့ ဆင်းလာတာကို လှည့်ကြည့်ရင်း ...

"ရှိုးရာ ... သား၊ နေကောင်းလား သား"

"ဟုတ်ကဲ့၊ ခုတလော အစားအသောက် သိပ်မပျက်ဘူး အန်တီ၊ စားဖြစ် အိပ်ဖြစ်တော့ fit တော့ ဖြစ်နေပါတယ်"





"မာမိ ... အလွှမ်းနဲ့ အစ်ကိုနဲ့ အပြင်ခဏသွားမလို့"

"ဟင် ... ဘယ်လဲ သမီး"

"သိပ်မကြာဘူး မာမိ၊ ဒီနားပဲ"

"မာမိတို့ မြန်မြန်ပြန်ကြမှာလေ သမီးရဲ့"

"ဟုတ်ကဲ့ပါ၊ သိပ်မကြာပါဘူး ခဏပါပဲ၊ ဒီနားလေးပဲ မာမိ၊ အလွှမ်းတို့ ချက်ချင်းပြန်လာပါမယ်"

ဒေါ်ယဉ်ယဉ်က ဘာမှမပြော၊ ဒေါ်နုနုငယ်က အလွှမ်းရဲ့ထက်သန်သော မျက်နှာလေးကို ခဏကြည့်နေပြီးမှ ...

"အင်း ... အင်း ... ဒါဆိုလည်း သွားလေ၊ မာမိတို့ကား နဲ့ပဲ ဒရိုင်ဘာနဲ့ သွားလိုက်ပေါ့၊ သမီးတို့ ပြန်လာမှပဲ မာမိတို့ ပြန်ကြတာပေါ့"

"ဟုတ် ... မာမိ၊ ကျေးဇူးတင်ပါတယ်"

"အမယ်လေး ... မအေကို ကျေးဇူးတင်နေသေးတယ်၊ ကဲ ... သွား ... သွား"

အလွှမ်းတို့ကား အလွှမ်းတို့ရဲ့ဒရိုင်ဘာကြီးနှင့်ပင် ရှိုးရာနှင့် အလွှမ်း ထွက်လာခဲ့ကြပါသည်။ ရှိုးရာက ဒရိုင်ဘာကြီး ကို တက္ကသိုလ်ရိပ်သာလမ်းက UFL ရှေ့ မောင်းခိုင်းလိုက်ပါသည်။

"UFL ဟုတ်လား အစ်ကို"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စရှိလို့လဲဟင်"

"မင်းကို ကောင်မလေးတစ်ယောက် ပြမလို့ပါ"

အလွမ်းက စိတ်ထဲမှာသာ "ဩော်"ဟုတိုးတိုးတိမ်တိမ်လေး ရေရွတ်လိုက်မိပါသည်။ သူ ဟိုးတစ်နေ့က ပြောတဲ့ မိန်းကလေးပေါ့။ အစ်ကိုချစ်ခဲ့ဖူးတဲ့ သံယောဇဉ်ဖြတ်ထားတဲ့ မိန်းကလေးလေ။ အလွမ်းကို ပြမလို့ဆိုပေမယ့် တကယ်တမ်းကတော့ သူ့ကို အစ်ကို တွေ့ချင်လို့ပဲ မဟုတ်လား။ အလွမ်းရင်ထဲမှာ ဝမ်းနည်းသလိုလိုစိတ်နှင့် ရီးရာကို ကရုဏာသက်တဲ့စိတ်က ယှဉ်ပြိုင်ဒွန်တွဲနေသည်။

"သူက အဲဒီမှာ HR ဆိုတဲ့သင်တန်း တက်နေတယ်"

"HR တက်နေတယ် ဟုတ်လား"

အလွမ်းက တအံ့တသြလေး မေးမိသည်။ အဲဒီသင်တန်းကို နားရည်ဝနေပါသည်။ နားရည်ဝနေဆို ချမ်းမြေ့တက်နေတဲ့ သင်တန်းလေ။

"ဦးလေး ... ကားကို ဒီနားပဲ ရပ်လိုက်ပါ"

ရီးရာက လမ်းတစ်ဖက်ခြမ်းမှာပဲ ကားကိုရပ်ခိုင်းလိုက်ပါသည်။ သင်တန်းလွှတ်ချိန် နီးကပ်၍ ကျောင်းကြိုကားတွေက လမ်းပေါ် ရှုပ်ယှက်ခတ်နေသည်။

"ဒါ ကျောင်းဆင်းချိန်ပဲ၊ သူလာရင်ပြမယ်၊ ကျောင်းဝင်းတံခါးဝကိုပဲကြည့်နေ"





အလွမ်းက ခေါင်းလေးတစ်ချက် ညိတ်ပြလိုက်ပါသည်။ တဖွဲဖွဲ တသည်းသည်း ထွက်လာနေတဲ့ ကျောင်းသူကျောင်းသားတွေထဲကို ရီးရာကလည်းကြည့် အလွမ်းကလည်းကြည့်နေပါသည်။

"အလွမ်း"

"ရှင်"

"ထဘီခရမ်းရောင်အပွင့်လေးနဲ့ အင်္ကျီခရမ်းရောင်လေးနဲ့ ကောင်မလေးကို တွေ့လား"

"အင် ..."

"ဆံပင်ရှည်ရှည်လေးနဲ့လေ၊ မလှဘူးလား သူ့ဆံပင်ကြီးတွေ"

"........."

အလွမ်း စကားမပြန်နိုင်ဘဲ ဆွံ့အတိတ်ဆိတ်ခဲ့ရသည်။ ခရမ်းရောင်နဲ့ ဆံပင်ရှည်ရှည်လေး။ ခရမ်းရောင်နဲ့ ဆံပင်ရှည်ရှည်လေးတဲ့။ အလွမ်း မြင်ကွင်းထဲ ခပ်လှမ်းလှမ်းမှာတော့ ခရမ်းရောင်ဝတ်စုံ ဆံပင်ရှည်လေးနှင့် ချမ်းမြေ့က ဟိုဘက်ဒီဘက်ကြည့်ရင်း- ရပ်နေသည်။

သိပ်မကြာလိုက်ခင်မှာပင် ချမ်းမြေ့အနား ဖျတ်ခနဲ ကိုရာဇာ ရောက်လာပါသည်။ ကိုရာဇာက မြူး၍လှမ်းခေါ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရာဆီ ချမ်းမြေ့က ဖျတ်ခနဲလှည့်ကြည့်လိုက်ရင်း သူ့မျက်နှာကလေး ပါ ပြုံးသွားရပါသည်။ အဲဒီနောက်တော့ ကိုရာဇာနှင့် ယှဉ်တွဲ၍ ကိုရာဇာ့ကားရှိရာ နှစ်ယောက်တူတူ လျှောက်သွားကြသည်။

အလွမ်းက သက်ပြင်းလေးတစ်ချက် ခိုး၍ရှိုက်ရင်း ခေါင်းနဘန်းကြီးကာ ထူထူပူပူနှင့် တစ်ကိုယ်လုံး အိုက်စပ်လာ သလိုရှိသည်။ ခေါင်းထဲကပါ အပူငွေ့တွေ ချွေးတွေ ထွက်လာ သလိုပင်။ ခေါင်းလည်း မူးလာသည်။ ဘာဖြစ်လို့ ကမ္ဘာကြီးက ဒီလောက်ကျဉ်းရတာပါလိမ့်။ သူ့အလိုလို တစ်နေရာစီ ဆက်စပ် ပတ်သက်လာတဲ့လူတွေ အချင်းချင်း ဘာကြောင့် တစ်နေရာမှာ ဆုံမှတ်လာဖြစ်နေခဲ့ပါလိမ့်။

"တွေ့လိုက်လား"

"ဟုတ် ... ဟုတ်ကဲ့"

"အဲဒါ ဟိုတလောက ငါပြောတဲ့ ကောင်မလေးလေအလွမ်း အခု နောက်တစ်ယောက်နဲ့ တွဲနေတယ်ဆိုတာ၊ သူနဲ့တွဲနေ တာ အဲဒီလူပဲ။ ငါ အရင်တစ်ခါလည်း သူတို့ကိုမြင်ဖူးပြီး ပါပြီ၊ မြင်ရင် ခံစားရမှာကိုသိရက်နဲ့ ငါ ဘာလို့မြင်ချင်မိ တာလဲ မသိတော့ဘူး"

ရိုးရာကလည်း သူ့ဖီလင်နှင့်သူ ပြောနေကာ အလွမ်း ကလည်း သူ့ဝေဒနာနှင့်သူ ခေါင်းကို ထိုင်ခုံနောက်မှီပေါ်လှန်ကာ





မှေးတင်ထားမိသည်။ နားထဲမှာ ရိုးရာစကားတွေကို သဲသဲကွဲကွဲ မကြားဘဲ ဝူးဝူးဝါးဝါး ရောထွေးနေသည်။ လက်တွေအေးစက် ဆောင့်တင်းကာ ကပ်လာသည်။

"........."

"အလွမ်း ... အလွမ်း ... အလွမ်း ... ဦးလေး လုပ်ပါဦး"

ခေါ်သံကို သတိထားမိချိန်မှာ အလွမ်းက ချွေးတွေ ရွှဲနေလေသည်။ စက္ကန့်ပိုင်းဖြစ်မလား မိနစ်ပိုင်းဖြစ်မလား ပတ်ဝန်း ကျင်လောကနှင့် တစ်ခဏတော့ အဆက်ပြတ်သွားခဲ့တာ။ အလွမ်း က ခေါင်းကို မတ်ထူလိုက်ရင်း ...

"အစ်ကို ... အလွမ်း ဘာမှမဖြစ်ဘူး၊ နည်းနည်းမူးသွား လို့"

"အခုရော ... အခုရော အလွမ်း နေနိုင်ရဲ့လား၊ မူးသေး လား၊ ဆေးရုံသွားမလား"

ရိုးရာအသံက ပူလောင်ပျာယာခတ်နေပါသည်။

"ရတယ် အစ်ကို၊ အစ်ကို့အိမ်ပဲပြန်မယ်၊ မာမီ့ကိုခေါ်ပြီး အိမ်ပြန်နားလိုက်မယ်"

အလွမ်းက အသက်ကို မှန်မှန်ရှူရှိုက်ရင်း မျက်စိလေး စုံမှိတ်ထားလိုက်သည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com

## ၁၂

"တကယ်ဝတ်တာပဲကွ၊ ငါက နောက်နေတယ် မှတ်နေတာ"

ကားနားမှာ ဉာဏနှင့် ရိုးရာက မှီရပ်နေပါသည်။ ခပ်လှမ်းလှမ်း ကျောင်းဝင်းထဲက သပြေပင်ရိပ်ကို မှိုင်းပတ်ထားတဲ့ အုတ်ခုံကလေးမှာ ဆရာလေးရော ရိုးရာရဲ့မေမေနှင့် မစပယ်တို့ပါ ထိုင်နေကြပါသည်။

အလွမ်း ၈,ဝတ်ခါစ တစ်ရက်မှာလည်း မေမေနှင့် မမက ဒီကျောင်းကိုလာ၍ ကျောင်းရှိ ဦးရေကုန် သီလရှင်၊ ယောဂီ အားလုံးတို့ကို ဆွမ်းတစ်ရက်ကျွေးခဲ့သည်။ ဒီနေ့လည်း ညနေဘက် အလွမ်းကို အအေးသွားကပ်မည်ဆို၍ သူပါလိုက်လာဖို့ပြင်တုန်း ဉာဏရောက်လာ၍ ဉာဏပါ ဒီအထိပါလာတာပင်။

"စကားသွားမပြောဘူးလား"





"သီလရှင်နဲ့လည်း စကားမပြောတတ်ပါဘူးကွာ၊ ပြီးတော့ သူက သူ သီလရှင်ဝတ်နေတုန်း ငါ့ကို မလာရဘူးပြောထားတာ၊ အခုတော့ မမကလည်း လိုက်ခဲ့ပါလားဆိုလို့ လိုက်လည်းလိုက်ချင်တာနဲ့ လိုက်ခဲ့ပေမယ့် သူ့နားတော့ စကားသွားပြောမနေတော့ပါဘူးကွာ၊ ပြောစရာလည်း ထူးထူးထွေထွေမှ မရှိတာ"

"သူ့ကိုကြည့်စမ်း ရိုးရာ"

"အင်း ..."

"သူ့မျက်နှာလေးက ကြည်လင်တည်ငြိမ် အေးချမ်းပြီး အသက်အရွယ်နဲ့မမျှအောင် တရားပဲ ပေါက်နေသလိုလို၊ တစ်စုံတစ်ရာကိုပဲ ထိုးထွင်းသိမြင်နေသလိုလို ဘယ်လိုမှန်းကိုမသိ ထူးခြားတယ်၊ သူ့ပုံစံလေးက ဥပမာပေးရရင် ဘယ်လိုပြောမလဲ ... ဟိုကွာ၊ သူသွားရမယ့်ခရီးလမ်းဆုံးပန်းတိုင်တစ်ခုမှာ ရောက်နှင့်နေပြီး အားလုံးကို တင်းတိမ်ရောင့်ရဲ ကျေနပ်ပြီး စိတ်အေးလက်အေးနဲ့ အားလုံးပြီးပြည့်စုံနေသလိုမျိုးလား အဲလိုပဲ အနီးစပ်ဆုံး ပြောတတ်တယ် ..."

အဲဒီအတိုင်း အတိအကျရယ်တော့လည်း မဟုတ်ဘူး၊ ဒါပေမဲ့ သူ့မှာ သူ့အရွယ် မိန်းကလေးတစ်ယောက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ရှိရမယ့် လှချင်ပချင်မှု၊ တက်ကြွထက်သန်မှု အပြိုင်အဆိုင် သဘောမျိုးလေးတွေ တစ်ခုခုကို ငြိတွယ်မှုဆိုတဲ့ အရိုး အရောင်မျိုးတွေ အရမ်းရှားပါးတာပဲ၊ မသိဘူးကွာ၊ ဘယ် လိုမှန်းကို မပြောတတ်ဘူး"

"အေး ... ဟုတ်တယ်၊ ငါလည်း သူနဲ့ပတ်သက်လာရင် အမြဲတမ်း ထူးခြားမှု တစ်ခုခုကို ခံစားရတယ်၊ ဘာမှန်းလဲ ရှင်းမပြတတ်ဘူး"

"သူ့ကိုတွေ့ရင် သူက ပြုံးပြုံးရယ်ရယ် ရွှင်ရွှင်ပျပျနဲ့ချည်း ပဲလေ၊ ခုလို မျက်လွှာလေးချ မျက်နှာလေးငြိမ်သက်ပြီး တွေ့ရတော့ အသည်းတွေ ကလိကလိဖြစ်ပြီး သူ့ကိုသနား ပဲ သနားရသလိုလို ဝမ်းပဲနည်းချင်သလိုလို ဟာတာတာ ကြီးလိုလိုတောင် ခံစားရတယ်"

"အေး ... အဟင်း၊ ဟုတ်တယ် ငါလည်း တူတူပဲ၊ ငါ အခု သူ့ကို သီလရင်ဝတ်နဲ့ တွေ့ရတာကို ဘာကြောင့်မှန်း မသိ စိတ်မကောင်း ဖြစ်နေမိတယ်၊ ရင်ထဲမှာ လှိုက်လှိုက် လှဲလှဲ ကရုဏာတွေ သက်နေမိတယ်၊ သူ အမြဲရယ်မော နေပေမယ့် သူ့ဘဝလေးမှာ အဆင်မပြေမှု တစ်စုံတစ်ရာ ရှိနေတယ်လို့ပဲ ငါ အမြဲထင်နေတာ ဘာကြောင့်မှန်းမသိ ဘူး ...





သူ့မှာ အခက်အခဲတစ်ခုခု ပြဿနာတစ်ခုခု မပြေ လည်မှုတစ်ခုခု ဒုက္ခဆင်းရဲတစ်ခုခု ရှိနေတယ်ချည်းပဲ တွေးနေမိတာ၊ တကယ်တမ်း ငါသိသလောက်တော့ အဲလို လည်း ဘာမှမရှိဘူးကွ၊ သူ့အမေဆိုလည်း သူ့ကို အရမ်း အလိုလိုက်တာ၊ Step father နဲ့ နေပေမယ့် အဲဒီအဖေက လည်း သူ့ကို ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာပဲလို့ မမတို့ ပြောတယ်၊ ဟိုဘက်က အဖေပါ သမီးတစ်ယောက်က အရင်က သူနဲ့အဆင်သိပ်မပြေသလို ရှိပေမယ့် အခုပြေ လည်ပြီး ညီအစ်မအရင်းလို ချစ်ကြတယ်လို့လည်း သူပြော တယ် ...

သူတို့မိသားစု လူနေမှုအဆင့်အတန်းကလည်း ပြည့်စုံ ကြွယ်ဝတယ်ကွ၊ အသည်းကွဲရအောင်လည်း ရည်းစားတွေ ဘာတွေ ရှိတာမဟုတ်ဘူး သူ့မှာ၊ ဘာမှမပြေလည်တာ မရှိဘူး"

"အေးလေ၊ ဒီအရွယ်ကောင်မလေးတစ်ယောက် နေရင်း ထိုင်ရင်း သီလရင်ခဏဝတ်ချင်တာလည်း မင်းပြောသလို တချို့က စိတ်ပါလို့ ဝါသနာပါလို့ပဲ ထားပါတော့၊ တစ်မျိုး တော့ တစ်မျိုးကြီးပဲ၊ ဆံပင်တွေလည်း နှမြောစရာ၊ မိုးမိုး ကလေးရယ်လို့ ဆံပင်လည်း မကဲပုံ နှမြောပုံ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဆံပင်က အရင်ကတည်းက မင်းထက်တောင် တိုသေးတာ၊ မင်းကမှ နည်းနည်းရှည်နေသေးတယ်၊ သူကဘိုကေ တိုတိုပါးပါးလေး၊ ဒီတော့လည်း မနမြောဘူးဖြစ်မှာပေါ့ကွာ"

"သူ့မျက်နှာလေးကတော့ နယ်ချရယ်ဗျူးတီးကွ၊ နှာတံလေးတွေ မျက်လုံးလေးတွေ နှုတ်ခမ်းလေးတွေ နဂိုနေကိုက လှတာ"

"သူက ခေါင်းတုံး,တုံးထားတော့ ပိုသိသာတယ်၊ တော်တော်ပိန်တာပဲကွ ... နော်၊ လည်ပင်းလေးဆို ပိန်သွယ်ပြီး နားရွက်နောက်နားက အချိုင့်လေးတောင် ထင်နေတယ်၊ ဖြူလှပ်လှပ်နဲ့ ထာကယ့်ပိန်တာရိုးမလေး"

"ဟား ဟား ... ဟော့ကောင် ရိုးရာ တော်တော့ တော်တော့၊ ငါတို့က သီလရှင်ကို ကြည့်ချင်တိုင်းကြည့် ဝေဖန်ချင်တိုင်း ဝေဖန်နေတာ ဖြစ်နေပြီ၊ သူက ခုချိန်မှာ ဘုရားသမီးတော်၊ လျှောက်ပြောမနေကြစို့နဲ့"

"အေး ... ဟုတ်တယ် ... ဟုတ်တယ်"

"မင်း ဦးထုပ် သူ့ကို လက်ဆောင်ပေးပြီးပြီလား"

"မပေးရသေးဘူး၊ သူ သီလရှင်ဝတ်ဖို့ ရှိတယ်ဆိုတာ ဟိုတလောကတည်းက သိနေလို့ အဲဒီတော့မှ လုထွက်မှပေး





တော့မယ်ဆိုပြီး ထားထားတာ၊ သူက မနက်ဖြန်ထွက်မှာပဲလေ၊ နက်ဖြန် သူနဲ့တွေ့ရင် ပေးလိုက်မယ်"

မေမေ ... မမနှင့် အလွမ်းတို့ ဒီဘက်ကို ထ,လျှောက်လာကြပါသည်။ ကားနားနီးကပ်လာလျှင် အလွမ်းက မျက်မှောင်လေး ကြုတ်လိုက်ရင်း ...

"တကာလေး ... မလာပါနဲ့ဆို ဘာလို့ပိုက်လာလဲ၊ မနေ့ကလည်း သိပ်နေမကောင်းဘူးဆို၊ အိမ်မှာပဲ နားနေရောပေါ့"

ရိုးရာက အလွမ်းကို ချစ်စနိုး ပြုံးစိစိ ဖြစ်သွားရတာ...

"မနေ့က နည်းနည်းပါးပါးပါ၊ ဒီနေ့ နေကောင်းပါတယ်၊ အ ... အဲ ... ဆရာလေးရဲ့"

"အလကား အလုပ်ရှုပ် ပင်ပန်းကြလို့ပါ၊ ဆရာလေးက အိမ်က မယ်တော်ကိုတောင် မှာထားတာ၊ ခဏခဏလာမနေနဲ့၊ ဘာမှလာမကပ်နဲ့လို့၊ ဘာမှလဲ မလိုအပ်ပါဘူး၊ ရက်ပိုင်းလေးပဲ ဝတ်တာပဲလေ၊ ကဲ ... ကဲ ... ပြန်ကြတော့နော်၊ ဆရာလေးတို့လည်း တရားစစ်ချိန်ရောက်ပြီ၊ ဝင်ရတော့မယ်"

"ဟုတ်ကဲ့ ဆရာလေး၊ ပြန်ပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



စပယ်က နှုတ်ဆက်သည်။ ဒေါ်ယဉ်ယဉ်ကလည်း တွဲကိုင်လာသော အလွမ်းလက်ဖျားကိုဖြုတ်၍ အပြုံးနှင့်နှုတ်ဆက်ပါသည်။ ရိုးရာကလည်း အီလည်လည်နှင့် အလွမ်းကိုကြည့်ကာ...

"သွားတော့မယ် ဆရာလေး"

"ကောင်းပါပြီ ... ကောင်းပါပြီ တကာလေး"

အလွမ်းက မျက်လွှာလေးချထားကာဖြေသည်။ ရိုးရာက ဆရာလေးအလွမ်းရဲ့ ပုံစံလေးကို စ,လည်းစ,လိုက်ချင်ကာ မကောင်းတတ်၍ အောင့်အည်းချုပ်တည်းရပြီး ကားပေါ်တက်လိုက်ရပါသည်။ ကားထွက်လာတော့လည်း အလွမ်းက မျက်လွှာလေးချလျက်သား ငြိမ်ရပ်ကာ ကျန်ရစ်သည်။ ရိုးရာ ရင်ထဲ တစ်မျိုးကလေးပင်။

❋ ❖ ❋

"ချမ်း"

"ဟင် ... အလွမ်း လာလေ"

တံခါးခေါက်ကာ ခေါင်းလေးပြူလာသော အလွမ်းကို ချမ်းမြေ့က လှမ်းခေါ်လိုက်ပါသည်။ ဖတ်လက်စမဂ္ဂဇင်းကို ဘေးချကာ အိပ်ရာခေါင်းရင်းမှာ မှီလှဲနေရာမှ ထ,ထိုင်လိုက်ရင်း အလွမ်းလက်လေး တစ်ဖက်ကို ဆွဲကိုင်လိုက်သည်။ အလွမ်းက ချမ်းမြေ့ရဲ့ခုတင်စွန်းမှာ ဝင်ထိုင်လိုက်ပါသည်။

"ဘာလဲဟင် အလွမ်း"

"နင် ဘာလုပ်နေလဲလို့ လာကြည့်တာ"

"ဘာဖြစ်လို့လဲ၊ ငါ စာဖတ်နေတာလေ"

"ငါနဲ့ စကားနည်းနည်းလောက် မပြောချင်ဘူးလား"

"ပြောချင်တာပေါ့၊ နင် ပြောချင်တာပြောလေ"

ချမ်းမြေ့က အလွမ်းရဲ့နဖူးပြင်လေးအထက်က ခေါင်းတုံးပြောင်လေးကို တစ်ချက်ပွတ်လိုက်ရင်း ...

"ငါ့အခန်းက အဲကွန်းအရမ်းအေးနေတယ်၊ နင် ခေါင်းအအေးမိလိမ့်မယ်၊ ခေါင်းစွပ်တစ်ခုခု ဆောင်းထားမလား၊ အဲကွန်းပိတ်လိုက်ရမလားဟင်"

အလွမ်းက ချမ်းမြေ့ရဲ့ခုတင်ပေါ် လှဲချလိုက်ကာ ခေါင်းအထက်ပိုင်းကို ခေါင်းအုံးတစ်လုံး ဆွဲကာ ဖိထားလိုက်ရင်း...

"ဟီး ဟီး ... ဒီလိုဆို ရသွားပြီ"

ချမ်းမြေ့က အဲကွန်းကိုလည်းလျှော့ကာ အလွမ်းနံဘေးယှဉ်ပြီး လှဲချလိုက်ပါသည်။ ရင်ထဲမှာ တစ်မျိုးပင်။ အလွမ်းနှင့် ခုလို ရင်းရင်းနှီးနှီး နီးနီးကပ်ကပ် နေရတိုင်း တစ်စုံတစ်ရာ






www.burmeseclassic.com

www.burmeseclassic.com



ကို တနင့်တပိုး ခံစားရသည်။ နှစ်ယောက်သား ခဏငြိမ်၍ တိတ်ဆိတ်နေမိပါသည်။

"ချမ်း"

"ဟင် ... အလွမ်း၊ ပြောလေ၊ ငါ နားထောင်နေတယ်"

"နင့်ကို ငါမေးစရာရှိလို့ပါ"

"မေးလေ ဖြေမှာပေါ့"

"နင့်ရဲ့ ဂျော့ရှ်ဟာ့ထ်နက်ထ်ရဲ့နာမည်ရင်းက ဘာလဲ"

ချမ်းမြေ့က အံ့သြကာ ခဏငြိမ်နေပြီးမှ ...

"ရီးရာ ... တဲ့၊ နင် ဘာဖြစ်လို့ မေးတာလဲဟင်"

အလွမ်းက ချမ်းမြေ့ဘက်သို့ ကိုယ်ကိုစောင်းလှည့်လိုက်သည်။

"ချမ်း"

"........."

"သူက နင့်ကို သိပ်ချစ်တယ်ဆိုတာ နင်သိလား"

"အလွမ်း ... နင် ဘာတွေပြောနေတာလဲ၊ နင်က ဒါတွေ ဘယ်ကကြားလာလို့လဲ"

"ငါ သေချာသိတယ်၊ သူက နင့်ကို သိပ်ချစ်တာ ချမ်း သူ ဘာကြောင့် နင့်ကို မဆက်သွယ်လဲ နင်သိလား၊ နင့်ကို ဝမ်းနည်းကြေကွဲပြီး သံယောဇဉ်တွေနဲ့ မကျန်ရစ်ခဲ့





ချင်လို့ဟာ၊ နင့်ကို သူ ငဲ့ညှာပြီး နင့်ကိုအဆက်ဖြတ်ထားတာ"

"အဲဒါကို ငါလည်း နားလည်ပါတယ်၊ ငါလည်း သူ့ကို ပြန်ဆက်သွယ်ဖို့ မကြိုးစားတော့တာ အဲသလိုပဲလေ၊ ငါလည်း သူ့ကိုညှာတာပါ၊ အခုဆို ငါတို့ ဒီအတိုင်းနေနေကြတာတောင် သုံးလေးလရှိပြီပဲ၊ သူ့နောက်ဆုံးအချိန်မှာ သူ့ကို အနှောင်အဖွဲ့ ကင်းနိုင်သမျှ ကင်းကင်းနဲ့ စိတ်ပြတ်စေချင်တာ ငါ့စေတနာပဲလေ အလွမ်း"

"အဲဒါ မှန်ကန်ရဲ့လားလို့ နင် တစ်ကြိမ်လောက် ပြန်စဉ်းစားကြည့်ပါဦးလား ချမ်း"

ချမ်းမြေ့က အလွမ်းဘက်လှည့်ကာ အလွမ်းမျက်ဝန်းများထဲ စေ့စေ့ကြည့်ရင်း ...

"အလွမ်း ... နင် ဘာဖြစ်လို့ အခု ဒီကိစ္စကို ပြောတာလဲ၊ နင် ကိုရီးရာနဲ့ သိလို့လား၊ ဘယ်လိုတွေ့မိကြလဲ"

"ငါ အပြင်ထွက်ထွက်နေတာနဲ့ ပတ်သက်ပြီး မာမီ နင့်ကို ဘာပြောလဲ၊ ဟိုးတလောကလေ၊ မာမီနဲ့ နင်ပြောကြတာ ငါသိတယ်"

"ရောဂါသည်တစ်ယောက် ရှိတယ်တဲ့၊ ဟိုးအရင်တစ်ခါ အသည်းကင်ဆာနဲ့ သေတော့မယ့် နင်တို့အဘိုးရဲ့မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးတစ်ယောက်ကို နင် နေ့တိုင်းသွားတွေ့ အားပေးပြီး အဘိုးကြီးနဲ့အတူတူ အချိန်တွေကုန်ပေး၊ အဘိုးကြီးဖြစ်ချင်တာတွေ ကူညီပေး၊ အဲသလို စိတ်ဓာတ်ရေးရာ အားပေးမှု အဖော်ပြုမှုတွေ အဘိုးကြီးဆုံးတဲ့ထိ နင်လုပ်ပေးခဲ့ဖူးသလိုပဲ အခုတစ်ခါလည်း အဲဒီမာမီ့မိတ်ဆွေရဲ့သား ရောဂါသည်လူတစ်ယောက်ကို နင် သွားသွားပြီး စိတ်ပျော်ရွှင်အောင် ဖေးမ အဖော်လုပ်ပေးနေတယ်လို့ ပြောဖူးတယ်လေ”

“.........”

“ဘုရားရေ”

ချမ်းမြေ့က လှဲနေရာမှ ဝုန်းခနဲ ထ,ထိုင်လိုက်ရင်း...

“အဲ ... အဲ ... အဲဒါ ... ကိုရိုးရာလားဟင်”

“.........”

“တစ်ခါ တစ်ခါ နင် ဖုန်းပြောနေတာတွေလည်း ငါ အမှတ်တမဲ့ ကြားဖူးတယ်လေ၊ နင် အစ်ကိုလို့ ခေါ်ခေါ်ပြီး စကားပြောနေတဲ့ သွားသွားတွေ့ပေးနေတဲ့ ရောဂါသည်ဆိုတာ ကိုရိုးရာလား”

“ဟုတ်တယ် ချမ်း၊ အဲဒါ အစ်ကိုပဲ၊ ကိုရိုးရာပဲ”





အလွှမ်းနှင့် ချမ်းမြေ့ တစ်ယောက်ကိုတစ်ယောက် က်အကဲခတ်ပြီး အတန်ကြာအောင် ကြည့်နေမိကြပါသည်။ မြေ့သည် အစ်ကို ... အစ်ကိုနှင့် အလွှမ်း ဖုန်းပြောနေတိုင်း ကြည်လင်တောက်ပ ပြုံးချိုမြနေသော အလွှမ်းမျက်နှာကလေးကို သည်ပုံဖော် မြင်ယောင်မိသည်။

အလွှမ်းကို အဲသလိုလေး ကြည်ကြည်နူးနူး မြင်ရ ချမ်းမြေ့ရင်ထဲ ပီတိတစ်မျိုးနှင့် သဘောကျ ဘဝင်ကျရသည်။ ခုပြောလိုက်ရင် မေးလိုက်ရင် စ,လိုက်ရင်တောင် အလွှမ်း ခက် အရှိန်ပျက်သွားမလားရယ်လို့ ဘာတစ်ခုမှ မမေးမြန်း ခဲ့။ သူ့လွယ်အိတ်လေး ဘေးစောင်းကောက်လွယ် ဦးထုပ် ဖျတ်ခနဲ ဆွဲဆောင်းပြီး ဖိနပ်စီးကာ သွားဖို့ပြင်နေတဲ့ မ်းကိုတွေ့လျှင် ထိုလူဆီသွားမယ်ဆိုတာ အတတ်သိနေပြီး ရောနှောရွှင်ပျမိကာ မြူးမြူးထူးထူးလေးတောင် တုတာ မိတတ်ပါသေးသည်။

အလွှမ်း ...။

ညတိုင်းတွေ ရေးနေတဲ့ ဒိုင်ယာရီ စာမျက်နှာလေး မှာလည်း ရေးနေတုန်း ကြည်နူးပြုံးတုံ့နေတဲ့ နင့်မျက်နှာရိပ် ကကြ မြင်ရတာနဲ့တင် ဘယ်လိုအမှတ်တရ စာကလေးတွေ လေ ငါ မှန်းလို့ ရခဲ့ပါတယ်။ ရောဂါတစ်ခုကြောင့် နေ့တာ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးအချိန်ပိုင်းတစ်ခုကို ရင်ဆိုင် ဦးတည်နေရတဲ့ လူတစ်ယော
အပေါ် အရင်တစ်ခါ စောင့်ရှောက်အဖော်ပြုမှုမျိုးထက် ပို
သံယောဇဉ်တွေ ချည်နှောင်ရစ်ပတ် တင်းကျပ်ပြီး နှင့်ဘဝ
နှင့်အချိန်နာရီလေးတွေ အမိပွာယ်ပြည့်ဝနေခဲ့တာကိုလည်း
စိတ်မကောင်းခြင်းတစ်ဝက်နဲ့ သတိပြုမိနေခဲ့ပါတယ်။

"ချမ်း"

"………"

"ဟိုးတစ်နေ့ကလေ အစ်ကိုက ငါ့ကို ပြစရာရှိတယ်ဆို
တစ်နေရာ ခေါ်သွားတယ်၊ UFL ရှေ့ကိုပေါ့၊ သူချ
ကောင်မလေး နောက်လူတစ်ယောက်နဲ့ တွဲနေတာဆို
ငါ့ကိုပြတယ်၊ အဲဒါ နှင်ဖြစ်နေတာ ဂမြင်လိုက်တော့
ဘာဖြစ်သွားမှန်းတောင် မသိဘူး၊ အံလည်းသြ စိတ်
လှုပ်ရှားပြီး ချွေးစေးတွေပြန်ပြီး မူးသွားလိုက်တာ ခ
တောင် သတိမေ့သွားသလား မပြောတတ်ဘူး …
ဒါ သိလရင်မဝတ်ခင် အပြင်ကနေ မာမိနဲ့ငါ နေမကော
ပြီး ပြန်လာတဲ့နေ့လေ နှင် မှတ်မိမှာပါ၊ သူဝမ်းနည်း
တာ သူစိတ်မကောင်းဖြစ်နေတာ ငါ မြင်နေ သိနေရတာ
သူ နှင့်ကို ဆက်သွယ်မှာ မဟုတ်ပါဘူး ချမ်း၊ ဒါပေမဲ့
နှင့်ကို ဆုံးရှုံးရတာကို အရမ်းခံစားရတာ ငါသိတယ်ဟာ





"………"

"သူ ခဏခဏ ပြောဖူးပါတယ်၊ နှင့်အကြောင်း၊ တကယ်
တော့ သူ့သံယောဇဉ်ကို သူဖွတ်ဖြတ်နေတာ"

"အဲဒါ ငါလည်း နားလည်ပါတယ် အလွမ်းရယ်"

"နားလည်ရင် နှင် တစ်ခုခုလောက် မစဉ်းစားတော့ဘူး
လားဟင် ချမ်း"

"ငါ ဘာကိုစဉ်းစားရမှာလဲ"

"သူ့ကိုသွားတွေ့ဖို့နဲ့ သူ့နားမှာ အချိန်နည်းနည်းပေးဖို့"

ချမ်းမြေ့က သက်ပြင်းလေးတစ်ချက် ချလိုက်ပါ
သည်။

"အလွမ်း … ပထမတစ်ချက်က ငါ ကိုရာဇာနဲ့ စေ့စပ်ဖို့
တောင် အခု ရက်ရွေးပြီးသွားပြီလေဟာ"

"အဲဒါကိုဖျက်ဖို့လိုတာမှ မဟုတ်တာ"

"နောက်တစ်ခုက နှင် ပြောသလို အခြေအနေမျိုးလည်း
သူမှ မလိုလားတာ"

"အဲလို မလိုလားတာက နှင့်အတွက် တွေးတာလေ"

"………"

"ချမ်း … နှင်က နေမြဲတိုင်း သာယာဖြောင့်ဖြူးတဲ့ ဘဝ
လေးမှာ အဆင်တပြေ ကျန်နေခဲ့ရမယ့်သူပါ ချမ်းရယ်



www.burmeseclassic.com

www.burmeseclassic.com



"အလွမ်း ... နင် အဲလိုတော့ မပြောပါနဲ့ဟာ၊ ခွဲခွာသွား
မယ့်သူပဲ နာကျင်ရ ခံစားရတာ မဟုတ်ပါဘူး၊ ကျန်ရစ်ခဲ့
ရတဲ့သူတွေလည်း နာကျင်ရ ခံစားရတာပါပဲ၊ ခွဲထွက်သွား
တဲ့သူမှာ ခံစားရတာ ပြီးဆုံးသွားပေမယ့် ကျန်ခဲ့တဲ့သူက
ဘယ်တော့ ပြီးဆုံးနိုင်မလဲ မစဉ်းစားနိုင်အောင် တိုက်ဆိုင်
တိုင်း သတိရတိုင်း ခံစားနေရမှာပါ"

ချမ်းမြေ့က အလွမ်းလက်ချောင်းကလေးများကို ဆုပ်ညှစ်နှိပ်နယ်နေမိသည်။ ရင့်ထဲမှာလည်း ပြောချင်တဲ့စကားတွေက တစ်လုံးပြီးတစ်လုံး ပလုံစီပွက်ထနေသည်။ သို့ပေမဲ့ ဘယ်စကားများ ပြောရပါ့မလဲ။

"ငါကတော့ အစ်ကို့ဆီ နင်သွားတွေ့လိုက်ပြီး သူ့အတွက်
အချိန်ပေး အဖော်ပြုပေးစေချင်တဲ့ ဆန္ဒပဲ ဖြစ်နေမိတယ်"

"အလွမ်း ... အဲဒီအလုပ်က ပါးစပ်က ပြောရသလောက်
မလွယ်ဘူးဟ"

"နင် ... အချိန်သိပ်အများကြီး မပေးရပါဘူးဟာ၊ ခဏ
နှစ်နဲ့တောင် မချီပါဘူးဟာ၊ ခြောက်လ ရှစ်လပေါ့
အလွန်ကျဲဆုံး"

"အမှန်တိုင်း ပြောရရင် ငါ ကိုရိုးရာကို သံယောဇဉ်အများ
ကြီး ရှိပါတယ်၊ ဒါပေမဲ့ ခုလောက်ထိ ခပ်ဝေးဝေးနေလာ





ရနေပြီးမှ သွားပြန်တွေ့ဖို့ဆိုတာ လုပ်သင့်ပါ့မလား အလွမ်း၊
ဘယ်လိုပဲဖြစ်ဖြစ် သူရော ငါရော နေသားကျသလောက်
နီးပါးလည်း ဖြစ်နေခဲ့ပြီ၊ အဲဒါအပြင် ကိုရာဇာ ရှိသေးတယ်၊
ငါ ဆုံးလည်းဆုံးဖြတ်ပြီး စေ့စပ်ကြဖို့တောင် စီစဉ်နေတဲ့
အချိန်ရောက်နေမှ ငါ ကိုရိုးရာကို သွားသွားတွေ့နေမှာမျိုး
ကို သူ ကျေနပ်ကြည်ဖြူပါ့မလား အလွမ်း"

အလွမ်း စကားမပြန်နိုင်တော့ပါ။

ချမ်းမြေ့ရဲ့ နောက်ဆုံးစကား တစ်ခွန်းက မှန်ကန်သည်၊ အဓိပ္ပာယ်ရှိသည်။ တစ်သက်လုံး လက်တွဲနေထိုင်ပေါင်းသင်းသွားရမယ့်သူ ရင်ထဲကို သံသယ အစွန်းအစ ဝန်တိုခြင်း အစွန်းအစ မီးပွားချထားခဲ့သင့်ပါ့မလား။ ရိုးရာဟာ ဘယ်လိုပဲ သေလူတစ်ယောက် ဖြစ်နေပါစေ ကိုရာဇာ သဘောထားကြီးနိုင်ပါ့မလား။

ဤလိုကိစ္စမျိုးနှင့် ပတ်သက်ပြီး သဘောထားကြီးခြင်း သေးခြင်းသည် လူတစ်ဦးတစ်ယောက်ချင်းစီရဲ့ လွတ်လပ်စွာ ရွေးချယ်ရပ်တည်ပိုင်ခွင့်သာ ဖြစ်သည်။

"ငါကိုယ်တိုင်လည်း ကိုရိုးရာဆန္ဒအတိုင်းပဲ သံယောဇဉ်
ဖြတ်ကြ ဝေးဝေးနေကြဖို့ ယတိပြတ် ဆုံးဖြတ်လိုက်လို့
ကိုရာဇာနဲ့ ကိစ္စကို လက်ခံ ခေါင်းညိတ်လိုက်တာလေ၊



www.burmeseclassic.com

www.burmeseclassic.com



ခုလောက် အခြေအနေ ရောက်နေမှတော့ ဆုံးဖြတ်ထားပြီး သား ကိစ္စတစ်ခုမှာ မလိုလားအပ်တဲ့ ပြဿနာမျိုးတွေ ဖြစ်လာမှာလည်း ငါစိုးရိမ်တာ အမှန်ပဲ အလွမ်း၊ လတ်တလော အနေအထားလေးကိုပဲ မကြည့်ဘဲ ငါတို့ အရှည်ကြီးကို ထည့်စဉ်းစားဖို့ လိုတယ်လို့တော့ ငါထင်တာပဲ ဟာ ...

ငါ ဒီလိုပြောတော့ နင် ငါ့ကို ရက်စက်တယ်၊ တစ်ကိုယ်ကောင်းဆန်တယ်၊ နှလုံးသား အေးစက်တယ်လို့ ယူဆကောင်း ယူဆလိမ့်မယ်၊ အဲဒါ တစ်စိတ်တစ်ပိုင်းတော့လည်း မှန်နေလိမ့်မယ်"

"ငါ နင့်အပေါ် အဲလိုမတွေးပါဘူး ချမ်း၊ နင်ပြောတဲ့ စကားက ဆင်ခြင်တုံတရားပါတာ ငါနားလည်ပါတယ်"

"ငါအမှန်အတိုင်းပြောရရင် ကိုရိုးရာအတွက်တင် မဟုတ်ဘူး၊ နင်ဆန္ဒရှိတဲ့ ကိစ္စတစ်ခုမို့ နင့်အတွက်ပါထည့်တွေးပြီး ဖြစ်နိုင်ရင် ငါ သွားတွေ့လိုက်ချင်ပါတယ် အလွမ်းရာ၊ တကယ်ပါ"

"ငါ ယုံပါတယ် ချမ်းရဲ့၊ နင် ငါ့ကိုချစ်တာ ငါသိပါတယ်၊ ငါ ခုလို တောင်းဆိုမိတာကလည်း သူ့ကို အစ်ကို့ကို ငါ သနားလွန်းလို့ပါဟာ"





ရိုးရာကို သနားလို့ဆိုတဲ့ အလွမ်းကိုက သနားစရာ ဖြစ်နေသည်ဆိုတာ ကာယကံရှင် အလွမ်းကတော့ ရှုတွေးချင်မှ တွေးမိပေမည်။ ဘေးလူ ချမ်းမြေ့ကတော့ အလွမ်းကိုလည်း သနားကရုဏာ သက်နေမိသည်။

အလွမ်းထံမှ ရိုးရာအပေါ် သက်ရောက်နေသော ချစ်ခြင်းမေတ္တာ အကြင်နာတရားတွေကို ချမ်းမြေ့ မြင်နေတာပဲ။ အလွမ်းဟာ သူချစ်မြတ်နိုးနေတဲ့ သူတစ်ယောက် စိတ်ချမ်းသာပျော်ရွှင်ဖို့ ထိုသူချစ်မြတ်နိုးတဲ့သူကို အနားရောက်လာအောင် ကြိုးပမ်းပေးနေတာ မဟုတ်လား။ ချမ်းမြေ့ရင်ထဲ နင့်ရသည်။

"အလွမ်း ... ငါ ကြိုးတော့ ကြိုးစားကြည့်မယ်"

"ဟင်"

"ငါ ကိုရာဇာ့ကို ဖွင့်ပြောရလိမ့်မယ်၊ သူသိထားမှဖြစ်မယ့်၊ သူ မသိဘဲတော့ ငါ လုပ်လို့မရဘူးဟာ"

"သူ ဘယ်ခွင့်ပြုချင်ပါ့မလဲနော်"

"ခွင့်ပြုနိုင်လောက်တဲ့ အနေအထားတစ်ခု ဖြစ်အောင်တော့ ပါးပါးနပ်နပ် ကြည့်ပြောကြည့်ရမှာပေါ့"

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



## ❀ ၁၃ ❀

အလွမ်းက ကောင်းကင်ကြီးထဲမှောကာ ကြယ်တွေ ကိုကြည့်နေမိပြန်ပါသည်။ ကြယ်တွေကြည့်ရတာကို သူ ဘယ်လို သဘောကျမှန်းမသိ။ ကြည့်နေရင်းက ကြယ်ကလေးတစ်လုံးတလေ ကြွေကျသွားတာ မြင်လျှင်တော့ စိတ်မကောင်းဖြစ်ရသည်။

အလွမ်း ပြောဖန်များ၍ အစ်ကိုလည်း ကြယ်တွေ ကြည့်ဖြစ်သည်လို့ ဟိုတလောက ပြောပါသည်။ ခုချိန်မှာ အစ်ကို ရော ဝရန်တာထွက်ပြီး ကြယ်လေးတွေများ ကြည့်နေလေမလား။ အစ်ကိုရော အလွမ်းရော တိုက်တိုက်ဆိုင်ဆိုင် ကြည့်မိတဲ့ ကြယ် ကလေးများရော ရှိမလား။ အလွမ်းမလာတဲ့ရက်တွေ အစ်ကိုဘာ လုပ်သလဲ။ ကိုဉာဏ်တို့နဲ့ရော အပြင်ထွက်ဖြစ်သေးလား။ အစ်ကို ထမင်းစားလို့ရော ကောင်းရဲ့လား။ နေလို့ရော ကောင်းရဲ့လား။

“သမီးလေး … အလွမ်းရေ”





“ရှင် … ဒက်ဒီ”

“အပြင်မှာအေးပြီလေ ဝင်တော့လေ သမီး”

“ဟုတ် … ဒက်ဒီ၊ အလွမ်း ဝင်တော့မှာပါ”

“ဒက်ဒီ ဗီဒီယိုခွေတွေ ဝယ်လာသေးတယ် သမီး၊ ချမ်းမြေ့ ဆီမှာ၊ ယူကြည့်ဦးလေ သမီး”

“ဟုတ်”

အလွမ်းက အိမ်ရှေ့ပေါ်တီကိုကြီးရဲ့ အုတ်တိုင်အခြေ အုတ်ခုံလေးပေါ် ထိုင်မိနေရာမှ ထ,ရပ်လိုက်လေသည်။ တံခါးဝ ထိ ထွက်ခေါ်နေတဲ့ ဒက်ဒီ့ထံ လျှောက်လာခဲ့သည်။ အနီးရောက် လျှင် ဒက်ဒီက အလွမ်းရဲ့ပခုံးလေးကို တယုတယ ဖက်လိုက်ရင်း …

“ခုနက သမီးမာမီတောင် သမီးကိုရှာနေတယ်၊ သမီးအိပ် နေပြီ သူ ထင်နေတာ၊ ခုတော့ ဘုရားရှိခိုးနေပြီ ထင်ပါရဲ့၊ ဒက်ဒီ နောက်နှစ်ရက်လောက်နေရင် ဗန်ကောက်ကို နှစ် ရက်လောက် ခရီးထွက်ဖို့ရှိတယ်၊ သမီးနဲ့ ချမ်းမြေ့ ဈေး ဝယ်လေး ဘာလေး လိုက်ချင်သေးလားလို့၊ ခုန ချမ်းမြေ့ ကိုမေးတော့ အလွမ်းလိုက်ရင်တော့ သူလည်းလိုက်ခဲ့မယ် တဲ့ ပြောတယ်”

“မလိုက်တော့ပါဘူး ဒက်ဒီရယ်၊ ဝယ်ချင်တာလည်း မရှိ ပါဘူး၊ ချမ်းမြေ့လိုက်ချင်ရင်သာ ခေါ်သွားပါ”



www.burmeseclassic.com

www.burmeseclassic.com



"ချမ်းမြေ့ကလည်း၊ သမီးလိုက်ရင်သာ အဖော်ရှိတော့ လိုက်ချင်မှာ၊ သူ့ချည်းပဲတော့ လိုက်မှာမဟုတ်ပါဘူး"

"တူ တူ တူ ... တူ တူ"

ဖုန်းခေါ်သံကြောင့် အလွှမ်းဟာ အနွေးထည်အင်္ကျီ အိတ်ထဲက ဖုန်းလေးကို ထုတ်ယူလိုက်ပါသည်။ ဖုန်းရဲ့စကရင်မှာတော့ ... "A Ko"လို့ အလွှမ်း အမည်မှတ်တဲ့အတိုင်း ပေါ်နေပါသည်။

"ဒက်ဒီ ... အလွှမ်း ဖုန်းခဏပြောလိုက်ဦးမယ်"

"ပြော ... သမီး ပြော၊ ဖုန်းပြောပြီးရင်တော့ ဝင်တော့နော်၊ အေးတယ်"

"ဟုတ် ... ဒက်ဒီ"

အလွှမ်းက ဖုန်းကိုဖွင့်လိုက်ကာ ဒယ်ဒီက အိမ်ထဲ ပြန်ဝင်သွားပါသည်။

"ဟယ်လို ... အစ်ကို"

"ဘာလုပ်နေလဲ အလွှမ်း"

"အဟင်း ... အလွှမ်း ခြံထဲဆင်းပြီး ကြယ်ကြည့်နေတယ်"

"ခုဏလေ အလွှမ်း ဘာတွေလုပ်နေလဲ"

"ဘာမှမလုပ်ပါဘူး အစ်ကို၊ ဘာဖြစ်လို့လဲဟင်"





"ပျောက်နေလို့လေ၊ အရင်လို ခဏ ခဏ ပေါ်မလာတော့ဘူး၊ သီလရင်ဝတ်တာက ထွက်လာတော့ ပိုသိသာတယ်၊ ပေါ်ကိုမလာဘူး၊ အကြောင်းတစ်ခုခုကြောင့်များ တမင် ရှောင်နေလားလို့တောင် ထင်လာတယ်"

"မဟုတ်ပါဘူး အစ်ကို မရှောင်ပါဘူး၊ အလွှမ်း ... သိပ် ... သိပ်မအားလို့ပါ"

"ဟုတ်လား ... ဘာတွေလုပ်နေလဲဟင်"

"အများကြီးပဲ အစ်ကို"

"တစ်ခု နှစ်ခုလောက် ပြောပြပါလား"

"တစ်ခု နှစ်ခုဆိုရင် အိပ်လိုက်နဲ့ စားလိုက် ... အဟီးဟီး"

ရိုးရာက ခပ်ခြောက်ခြောက် လိုက်ရယ်လိုက်ရင်း ...

"အင်းလေ ... မပြောချင်လည်း မပြောပါနဲ့လေ"

"မပြောချင်တာတော့ မဟုတ်ပါဘူး၊ အစ်ကို တစ်ခုခုလုပ်ချင်တာ ရှိလို့လားဟင်၊ အလွှမ်း လာခဲ့ပါဦးမယ်"

"ဘယ်တော့လဲ"

ရိုးရာရဲ့ ပြန်မေးသံက အငမ်းမရလေသံမျိုးများလားလို့ အလွှမ်း တွေးနေချိန်တွင် ရိုးရာသည်လည်း ငါ့အသံ အငမ်းမရ ဖောကပ်တကြီးများ ဖြစ်သွားသလားလို့ တွေးနေမိပါသည်။

"ဒီနှစ်ရက် သုံးရက်အတွင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့နှစ်ယောက် မင်းခဲပြောဖူးတဲ့ အသုဘရှုသွားကြရအောင်လေ၊ သွားလည်း သွားချင်တယ်၊ တစ်ယောက်တည်းသွားဖို့ကျတော့ ကိုယ်နဲ့မသိတဲ့ အသုဘကို တစ်ခါမှမသွားဖူးတော့ အူကြောင်ကြောင်လို ဖြစ်နေတယ်၊ တစ်ယောက်တည်း မသွားရဲဘူး ... ဟင်း ဟင်း ဟင်း၊ မင်းကိုအားကိုးပါတယ်၊ မင်း ဦးဆောင်တဲ့နောက်က လိုက်မယ်"

"ဟုတ် ... အလွမ်း လာခဲ့ပါ့မယ်"

"မနက်ဖြန် လာမလား"

"မနက်ဖြန်တော့ မလာဘူး"

အလွမ်းက ဒီဘက်မှာ ခေါင်းလေးယမ်းမိတဲ့အထိ ငြင်းလိုက်ပါသည်။ မနက်ဖြန်လေ ... မနက်ဖြန်ကျ အစ်ကိုမအားဘူး။ အစ်ကို မသိသေးလို့ပါ။ အစ်ကို မအားပါဘူး။

"အလွမ်း ... ငါ နက်ဖြန် ကိုရိုးရာဆီ သွားလိုက်မယ်၊ ကိုရာဇာ့ကိုလည်း ပြောပြီးပြီ၊ အရမ်းခင်တဲ့ သူငယ်ချင်းတစ်ယောက် ဒီလိုအခြေအနေမျိုး ရှိတယ်ပေါ့နော်၊ ပြောပြလိုက်တယ်၊ ကိုရာဇာကတောင် အံ့ဩနေတယ်၊ ကိုရိုးရာကိုတော့ ငါ ကြိုပြီးဖုန်းမဆက်တော့ဘူး သူ ရှောင်နေမှာစိုးနေဦးမှာစိုးတယ်၊ သူလည်း ဘယ်မှသွားမယ်မှ မထင်တာ၊ ဒီတိုင်းပဲ သွားလိုက်မယ်နော် အလွမ်း၊ တကယ်လို့





သူက မတွေ့ဘူး ဆိုရင်တော့လည်း ငါ မတတ်နိုင်တော့ဘူးပေါ့ဟယ်"

ချမ်းမြေ့ရဲ့စကားကို အလွမ်း ပြန်ကြားယောင်ပါသည်။ ချမ်းမြေ့ ရုတ်တရက် ရောက်လာတဲ့အခါ အစ်ကို အရမ်းညြတုန်လှုပ် ရင်ခုန်သွားမှာပဲနော်။ အစ်ကိုနဲ့ ချမ်းမြေ့ တွေ့ဆုံတာကို အစ်ကို မမြင်ရအောင် ကိုယ်ဖျောက်ပြီး အလွမ်းောင်းကြည့်ချင်လိုက်တာ။

"မင်းကလည်းကွာ၊ နည်းနည်းစိမ်းကားနေသလိုပဲ"

"နက်ဖြန် အလွမ်း သိပ်မအားလို့ပါ"

"ပြီးရော၊ ဒါဆို သန်ဘက်ခါတော့ လာကွာ"

"ဟုတ်"

"တကယ်လာနော်၊ မင်းမလာတော့ ငါ့စိတ်ထဲမှာ ဟိုလိုလျှောက်တွေး ဒီလိုလျှောက်တွေးနဲ့ ခုရက်ပိုင်း တော်တော်ညစ်နောက်နေတယ်၊ ပြီးတော့ ငါ နည်းနည်းလည်း နေမကောင်းဘူး အလွမ်း၊ တကယ်ပြောတာပါ၊ နေမကောင်းတော့ စိတ်ဓာတ်နည်းနည်းကျချင်တယ်၊ လောကကြီးမှာ ငါ့ကို စိတ်အပြောင်းအလဲဖြစ်အောင်လုပ်နိုင် စိတ်ပေါ့ပါးအောင် လုပ်နိုင်တာ မင်းတစ်ယောက်ပဲရှိတယ်၊ ခုအချိန်မျိုးမှာ ငါ ပြုံးနိုင်ရယ်နိုင်အောင် ငါ့စိတ်တွေ ပြန်တက်ကြွ



www.burmeseclassic.com

www.burmeseclassic.com



လာအောင် လုပ်နိုင်တာလည်း မင်းတစ်ယောက်ပဲရှိတယ် မင်းက မပေါ်လာတော့ ပိုတောင်စိတ်ခါတ်ကျတယ်”

“အစ်ကို အဲလို စိတ်ဓာတ်မကျပါနဲ့၊ အလွမ်း လာပါ့မယ် သန်ဘက်ခါ ဆက်ဆက်လာခဲ့ပါ့မယ်”

“မေမေ့ကိုတောင် မင်းကို လှမ်းခေါ်ခိုင်းမိပါသေးတယ် မေမေက ခေါ်မပေးဘူး”

“အန်တီက ဘယ်လိုပြောလဲဟင်”

“အလွမ်းမှာလည်း သူ့ကိစ္စနဲ့သူ ရှိဦးမှာပေါ့ သားရယ်တဲ့ သူ လာနိုင်ရင် အလွမ်းက မလာဘဲ မနေပါဘူးတဲ့၊ လှမ်း ခေါ်ရမှာ အားနာစရာကောင်းပါတယ်၊ မခေါ်ပါနဲ့တဲ့ အဲဒီတော့ ငါလည်း မင်းဆီ ဖုန်းမဆက်တော့ဘဲ နေလိုက် ပါတယ်၊ အခုတော့ မဆက်ဘဲ မနေနိုင်တော့ဘူး၊ မင်းပျ ထားတာ ကြာလာပြီ”

မင်းပစ်ထားတာ ... တဲ့။

ရီးရာရဲ့ စကားအသုံးအနှုန်းလေးကြောင့် အလွမ်း ရင်ထဲ နွေးထွေးရသည်။ သူမကို ရီးရာ မျှော်နေတယ်ဆိုတဲ့အ က ဝမ်းနည်းခြင်းတစ်မျိုးကို ဖြစ်စေသည်။ ဝမ်းသာခြင်းတစ်မျိုး ကိုလည်း ဖြစ်စေသည်။ ဖြစ်နိုင်ရင် ခုချက်ချင်းတောင်မှ ကားခေါ် တက် အပြင်းမောင်းကာ အပြေးသွားလိုက်ချင်မိပါသည်။





မတွေ့ဖြစ်ရသောနေ့တွေမှာ အစ်ကို့ကို ဘယ်လောက် လွမ်းဆွတ်နေမိတယ်ဆိုတာကိုလည်း အလွမ်း ဖွင့်ပြောပြချင်မိပါ သည်။

❋ ❖ ❋

“ညီမလေး ... ထိုင်ဦးနော်၊ မမ သွားခေါ်လိုက်ဦးမယ်”

“ဟုတ်ကဲ့”

ချမ်းမြေ့က လက်ထဲက အသီးအနှံ မုန့်ဘူး စသည့် သတင်းမေးခါတ်စာ လက်ဆောင်ထုပ်တို့ကို စားပွဲပေါ်ချကာ ညှိခန်း၌ ထိုင်ချိန်၌ စပယ်က အပေါ်ထပ်ကို တက်လာခဲ့ပါသည်။

“မမ နက်ဖြန်ကျရင် အစ်ကို့ဆီ မိန်းကလေးတစ်ယောက် သတင်းမေး လာလိမ့်မယ် သိလား၊ သူ့နာမည် ချမ်းမြေ့တဲ့၊ အစ်ကို ငြင်းနေရင်တောင် တွေ့ဖြစ်ဖို့ မမ တိုက်တွန်းလိုက် ပါဦးနော်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ ချမ်းမြေ့က အစ်ကို သိပ်ချစ်တဲ့ မိန်းကလေး ဖြစ်လို့ပါ၊ သူ ငြင်းရင်တောင်မှ သူ သံယောဇဉ်ဖြတ်ချင်လို့သာ ငြင်းတာနေမှာပါ၊ သူ့ မသိစိတ်က အရမ်းတွေ့ချင်တာ အလွမ်း သိပါတယ်၊ ချမ်းမြေ့ရဲ့ကျောင်းရှေ့ကိုတောင် သူ အလွမ်းနဲ့တူတူသွား စောင့်ကြည့်ဖူးပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းလိုင်းက အလွမ်းရဲ့စကားသံကို စပယ် ပြန်ကြားယောင်သည်။ အံ့အားလည်း သင့်ရသည်။ အလွမ်းကို တော့ "ဒီမိန်းကလေးကို အိမ်ကိုလာတွေ့စေရအောင် အလွမ်းနဲ့ ဘယ်လောက်ပိုင်နိုင် ပတ်သက်မှု ရှိလို့လဲ"ဆိုတာ တစ်ခွန်းတော့ ပြန်မေးဖြစ်ခဲ့ပါသေးသည်။

ဒက်ဒီ့သမီးပါ ... တဲ့။ အလွမ်းနဲ့ ညီအစ်မပါ ... တဲ့။ အစ်ကိုတော့ မသိပါ ... တဲ့။

အင်း ... ကမ္ဘာကြီးက ကျဉ်းတယ်လို့ ဆိုရမှာလား ကျယ်ပြောပါလျက်နဲ့ အချို့သော ကိစ္စရပ်တို့မှာ တိုက်ဆိုင်စွာ ပတ်ကာ ပတ်သက်တတ်သော ကံကြမ္မာကပဲ ဆန်းကြယ်တယ်လို့ ဆိုရတော့မှာလား။ စပယ် မတွေးတတ်တော့ပါ။ ခုချိန်မှာ စပယ် တို့မိသားတစ်စုရဲ့ တစ်ခုတည်းသောဆန္ဒနှင့် ရပ်တည်မှုကတော့ မောင်လေးရဲ့ ကျန်ရှိသော အချိန်ပိုင်းတွေမှာ မောင်လေးအတွက် အကောင်းဆုံး အခြေအနေ အဖြစ်အပျက်လေးတွေ ကြုံတွေ့သွား စေလိုခြင်း တစ်ခုသာပင်။

"ဒေါက် ... ဒေါက် ... မောင်လေး"

"မမ ... ကျွန်တော် တံခါးဖွင့်ထားတယ်"

စပယ်က အခန်းတံခါး ဖွင့်ဝင်သွားပါသည်။ ရှီးရှာ က စာရေးစားပွဲမှာထိုင်ကာ အခေါက်အဦ ဒီဇိုင်းပုံကြမ်းတစ်ခု





ဆွဲနေသည်။ အင်း ... ခုလို အလုပ်ထဲမှာ စိတ်ပါနိုင်သလောက် နှစ်ပြီး သက်သောင့်သက်သာ ပြန်လုပ်ဖြစ်ဖို့ ဆွဲဆောင်နားချနိုင်ခဲ့ သူဟာလည်း အလွမ်းပါပဲ။

"မောင်လေး ... ဧည့်သည်လာတယ်"

"အလွမ်းလား"

လှည့်မေးလိုက်တဲ့ မျက်နှာက ဝင်းလက်သွားသည်။ စပယ်က ခေါင်းယမ်းရင်း ...

"ချမ်းမြေ့တဲ့ မောင်လေး"

"ဟင်"

ရှီးရှာ မျက်နှာက ပျက်သွားကာ ခဏငြိမ်နေပြီး ...

"မတွေ့ချင်ပါဘူး မမရာ"

"တွေ့လိုက်ပါ မောင်လေးရယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့"

"ဟာ ... မတွေ့ချင်ပါဘူး၊ ဘာလာလုပ်မှန်း မသိဘူး ... ကျွတ်"

"မုန့်တွေ အသီးအနှံတွေနဲ့ သတင်းမေးလာတာ ဖြစ်မှာ ပေါ့၊ ကြီးကြီးမားမား စိတ်အနှောင့်အယှက် မရှိရင်တော့ တွေ့လိုက်ပါလား မောင်လေး၊ အခု မေမေနဲ့စကားပြောနေ တယ်၊ ရည်ရည်မွန်မွန်နဲ့ ချစ်စရာလေးပဲ၊ ပြီးတော့ အဲဒါ မောင်လေးသဘောကျတဲ့ ကောင်မလေးပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... မမကို အဲဒါ ဘယ်သူပြောတာလဲ၊ ကျွန်တော် မပြောဖူးပါဘူး၊ သူပြောတာလား"

"အို ... သူ မပြောပါဘူး၊ ဟိုလေ ... ဘယ်ကသိပါလိမ့်၊ ဒီလိုပဲ မောင်လေးတို့ ဉာဏတို့ မင်းထိုက်တို့ စကားတွေထဲမှာ မမ မတော်တဆ နားစွန်နားဖျား ကြားဖူးတာဖြစ်မှာပေါ့၊ စိတ်ကလည်း အဲလိုထင်လိုက်လို့ပါ၊ ဟုတ်တယ် မဟုတ်လား"

"ဒါပေမဲ့ မတွေ့တော့ဘူးလို့ ဆုံးဖြတ်ထားတာ"

"အရင်ကတော့ ဟုတ်တယ်လေ၊ အခုက မောင်လေးကိုယ်တိုင် အစစအရာရာကို တည်တည်ငြိမ်ငြိမ် ရင်ဆိုင်နိုင်နေတာ ကြာပြီပဲ၊ ရုံးတွေ ဘာတွေလည်း တစ်ခါတစ်ရံ တက်နိုင်တယ်၊ သူငယ်ချင်းတွေကိုလည်းတွေ့တယ်၊ မမမေတို့ ဖေဖေတို့ မိတ်ဆွေတွေ ဘာတွေ သတင်းမေးလာတာတောင် မောင်လေး ထိုင်စကားပြောနိုင်တဲ့အထိ အေးအေးဆေးဆေးဖြစ်နေပြီပဲ၊ ခါးခါးသီးသီး မတွေ့ချင်တဲ့အကြောင်းကိစ္စမျိုး မရှိရင်တော့ အေးအေးဆေးဆေးပဲ လက်ခံတွေ့လိုက်ရင် ကောင်းမလားလို့ပါ"

"........."





ရှိုးရာက သက်ပြင်းတစ်ချက်ချကာ ခဏစဉ်းစားနေမိသည်။ မတွေ့စရာအကြောင်းရယ်လို့တော့ သံယောဇဉ်တွေထပ်တိုးချည်နှောင် ရစ်ဖွဲ့မနေချင်တာ တစ်ခုပဲ ရှိခဲ့တာပါ။ ခုချိန်မှာတော့ သူလည်း လူတစ်ယောက်နဲ့ တွဲနေပြီမို့ ရှိုးရာထံ သတင်းမေးလာခြင်းဟာ သာမန်သူငယ်ချင်း အပေါင်းအသင်း ခင်မင်မှုသံယောဇဉ်ကြောင့်သာဖြစ်မှာ။

တခြား ဘယ်သူနဲ့မဆို တွေ့ဖြစ်နေတဲ့အချိန်မျိုးမှာချမ်းမြေ့တစ်ယောက်ကိုကျမှ မတွေ့ဘူးလို့ ငြင်းပစ်လိုက်ရအောင် ချမ်းမြေ့အပေါ်မှာရွေးပြီး ထူးထူးခြားခြား စိမ်းကားရက်စက်ဖို့အကြောင်းလည်း ကိုယ့်မှာမရှိပါ။ ပြီးတော့ အခု ချမ်းမြေ့ရောက်လာတယ်ဆိုတဲ့အတွက် သူ့ရင်တွေ ဖျိုးဖျိုးဖျတ်ဖျတ် တုန်ယင်လှိုက်မောရတဲ့ ခံစားချက်မျိုးပင် မရှိလှဘဲ တည်ငြိမ်အေးဆေးနေတာပဲ။

"ဟုတ်ကဲ့ ... ကျွန်တော် လာခဲ့မယ် မမ"

"အေး ... အေး"

ရှိုးရာ အောက်ထပ်ဧည့်ခန်းထဲ ရောက်လာချိန်မှာချမ်းမြေ့က အပြုံးလေးနှင့် ထရပ်ကြိုဆိုရင်း ...

"ကိုရှိုးရာ ... နေကောင်းတယ်နော်"

"ဟုတ်ကဲ့ ... ထိုင်ပါ ချမ်းမြေ့၊ တစ်ယောက်တည်းလား"



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးစွဲမက်ခဲ့သော ဆံပင်ရှည်ကလေးတွေ ပခုံးနှစ်ဖက် ကပိုကရိုကျော်ကာကျနေတဲ့ ကဗျာဆန်သော အလှလေးကြောင့် ဟိုးလွန်ခဲ့တဲ့ လပေါင်းများစွာကလို သူ့ရင်တွေ ဖျတ်ဖျတ်ခါမလာခဲ့ပါ။

"ကိုရိုးရာက တွေ့ချင်လား မတွေ့ချင်လား သေချာမသိတော့ ချမ်းက ချမ်းသူငယ်ချင်းတွေ ခေါ်မလာခဲ့တော့ဘူး လူတွေများပြီး စိတ်ရှုပ်စရာ ဖြစ်နေမှာစိုးလို့၊ ချမ်းကလည်း တွေ့ချင်တာ တစ်ခုပါပဲ၊ ခုလောက်ဆိုရင် ကိုရိုးရာလည်း ဧည့်သည်လက်ခံတွေ့နိုင်တဲ့ အခြေအနေ ရှိလောက်မှာပဲလို့ အရဲစွန့်လာကြည့်လိုက်တာ၊ ကိုရိုးရာ အနှောင့်အယှက်ဖြစ်ရင်တော့ ပြန်လိုက်မယ်လို့ပဲ ကြိုစဉ်းစားခဲ့တာပါ"

"ရပါတယ် ချမ်းမြေ့ရယ်၊ လာတွေ့တာ ကျေးဇူးတင်ပါတယ်၊ အစပိုင်းတော့ သိတယ်မဟုတ်လားဗျာ၊ လူက နည်းနည်း Desparate ဖြစ်တယ်၊ Depression ဝင်တာယ်ဗျာ၊ ခုတော့ အိုကေလာပါတယ်"

"ဟုတ်တယ် ... အခု ကိုရိုးရာကို မြင်ရတာလည်း နည်းနည်းမဆိုးလောက် ကိုယ်ရည်စစ်သွားတာကလွဲရင် လန်းဆန်းပါတယ်၊ လိုအပ်တဲ့ Treatment လေး မှန်မှန်ယူသွား





ပြီး ကိုယ့်ကိုယ်ကိုယ်လည်း အားရှိတာလေးစား၊ လန်းလန်းဆန်းဆန်းဆန်းလေး နေသွားရင် ဝေဒနာလည်း သိပ်မဖိစီးဘူးပေါ့ ကိုရိုးရာ"

"ဟုတ်ပါတယ်"

မေမေနှင့် မမစပယ်က "အေးအေးဆေးဆေးစကားပြောကြနော်"ဆိုတဲ့ စကားနှင့် အနားမှ ဖယ်ခွာသွားကြပါသည်။ ဘိုး အရင်က လမ်းမှာမတော်တဆ သူမနှင့် တွေ့လျှင်ပင် သိမ့်ခနဲ လှုပ်ရှားခဲ့ရသည့် ရင်ကတော့ ငြိမ်သက်နေပါသည်။ နှစ်ယောက်အကြားမှာ တစ်မျိုးသော ရှိုးတိုးရှန့်တန့်ကလေးတစ်ခုတော့ ရှိနေသေးကာ အဲဒီထက်ပို၍ တိမ်းမူးသာယာ ခံစားချက်မျိုး ရိုးရာရင်ထဲ ရှိမလာခဲ့။

ဘာဖြစ်လို့ပါလိမ့်။

သူ့ခံစားချက်ကလည်း ဒီလောက်တောင်ပဲ အပြောင်းအလဲမြန်သလား။ ချမ်းမြေ့ ချစ်သူတစ်ယောက် ရသွားပြီလို့ သိခဲ့ရတဲ့အတွက် ရင်ထဲမှာ ဆုံးရှုံးလစ်ဟာမှု ရှိခဲ့ပါသည်။ ဒါပေမဲ့ အဲဒါ အကောင်းဆုံး အဖြစ်သင့်ဆုံးပဲလို့ ကိုယ့်ဘာသာကိုယ်လည်း ဆုံးမနားလည်ကာ သူ ဖြေသိမ့်နိုင်လာခဲ့တာလည်း ကိုယ့်ဟာကိုသိ သတိပြုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမဲ့လည်း ခုလို မမျှော်လင့်ဘဲ အတွေ့အဆုံ ဖြင့် ဒီထက်တော့ သူ့မှာ စိတ်လှုပ်ရှားမှု ပိုလိမ့်ဦးမယ်လို့ထင် မိတာပါ။

“ကိုဉာဏတို့ ကိုမင်းထိုက်တို့နဲ့ရော မကြာမကြာတွေ့ဖြစ် လား ကိုရိုးရာ”

“တွေ့ပါတယ် ချမ်းမြေ့ အပတ်တိုင်းတွေ့ပါတယ်၊ မ သောအားဖြင့် သူတို့က စနေတနင်္ဂနွေတွေ နည်းနည်း အားတော့ အဲဒီရက်မျိုးတွေ တွေ့ဖြစ်တယ်”

“ကြားထဲကရက်တွေ ကိုရိုးရာ အားတော့ အားနေမှာပေ နော်၊ တစ်ခုခုလိုအပ်တာ တစ်နေရာရာ သွားချင်တာမျိုး အဖော်လိုအပ်တာရှိရင် ချမ်းမြေ့ကိုပြောပါ၊ ကားမောင်းပေး တာပဲဖြစ်ဖြစ် အဖော်လိုက်လုပ်ပေးတာပဲဖြစ်ဖြစ် ချမ်းမြေ့ ပေးနိုင်ပါတယ်”

ရိုးရာက ချမ်းမြေ့ကို ပြုံးပြရင်း ...

“ကျေးဇူးတင်ပါတယ် ချမ်းမြေ့၊ ဒါပေမဲ့ ချမ်းမြေ့ စိတ် ကျဉ်းကျပ်နေရပါဦးမယ် နေပါစေဗျာ”

“ဘာကို စိတ်ကျဉ်းကျပ်ရမှာလဲဟင်”

“ကျွန်တော် ချမ်းမြေ့ကို ဒီကြားထဲ တွေ့ပါတယ်၊ တော် မှာလည်း အမှတ်မထင်တွေ့တယ်၊ ကျောင်းရှေ့မှာလည်း





တွေ့တယ်၊ ချမ်းမြေ့ဘေးမှာ လူတစ်ယောက်လည်းအမြဲ တွေ့ရလို့ ကျွန်တော် အခြေအနေကိုလည်း လက်ခံသဘော ပေါက်ထားပါတယ်၊ နောက် ... ဉာဏတို့ မင်းထိုက်တို့ ဆီကလည်း ချမ်းမြေ့သူငယ်ချင်းတွေကတစ်ဆင့် ချမ်းမြေ့ သတင်းတွေ ကြားပါတယ် ...

ဘာပဲဖြစ်ဖြစ် ကျွန်တော် ဝမ်းသာပါတယ်၊ ချမ်းမြေ့ ကျွန်တော့်ဆီ ရောက်မလာခဲ့ရင်လည်း အခြေအနေကို ကျွန်တော် နားလည်ပါတယ်၊ ခုလို ရောက်လာတာကိုလည်း ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ဒီထက်ပိုတဲ့ အနေအထား တစ်ခုအထိ အချိန်ပေးဖို့ ကျွန်တော် မတောင်းဆိုချင်ပါ ဘူးဗျာ၊ ခုလိုသတင်းလာမေးတာကို အံ့သြပြီး ကျေးဇူးတင် နေလှပါပြီ ...

ချမ်းမြေ့ လွန်ခဲ့တဲ့ နှစ်လသုံးလလောက်က ခုလို ရောက်လာခဲ့ရင်တော့ ကျွန်တော် ခုလို တွေ့ချင်မှလည်း တွေ့ဖြစ်မယ်၊ ခုလို လက်ခံစကားပြောချင်မှလည်း ပြော မိပါလိမ့်မယ်၊ ကျွန်တော် ရှောင်ချင်လည်း ရှောင်နေမိခဲ့ မယ်၊ ဒါပေမဲ့ ခုတော့ ကျွန်တော့်စိတ်တွေ တည်ငြိမ်အေး ချမ်းမှု ရနေပါပြီ၊ ချမ်းမြေ့ကို ရှောင်စရာလည်း မလိုတော့ ဘူး၊ ကျွန်တော် ရင်ဆိုင်နိုင်နေပြီ”



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာပါတယ် ကိုရီးရာရယ်"

"ဒီလောက်ထိ စိတ်ကို တည်တည်ငြိမ်ငြိမ် ထားနိုင် ရင်ဆိုင်နိုင်လာလိမ့်မယ်တောင်' ကျွန်တော့်ကိုယ် ကျွန်တော် မယုံကြည်ခဲ့ဘူး"

"ဟုတ်ကဲ့ ... ချမ်းမြေ့ကတောင် ကိုရီးရာကို စိတ်တည်ငြိမ်အောင် တရားလေးဘာလေး ထိုင်ကြည့်ပါလားလို့ပြောမလို့"

"ကျွန်တော် တရားထိုင်ဖြစ်ပါတယ်၊ နည်းနည်းပါးပါးပါပဲ၊ တစ်ရက်ကို တစ်နာရီလောက်ပေါ့၊ ဒီကြားထဲမှာ ကျွန်တော့်ကို အထီးမကျန်အောင် စိတ်ဓာတ်မကျအောင် ဘာမှထူးထူးခြားခြား မဟုတ်ပေမယ့် စိတ်ဓာတ်ရေးရာအရ အဖော်ပြုပေးခဲ့တဲ့ သူတစ်ယောက်လည်းရှိတယ်၊ သူ့ကြောင့်လည်း ကျွန်တော် စိတ်ဓာတ်သိပ်မကျမိတာပါတယ်"

"........."

ချမ်းမြေ့က ရီးရာကို ငေးစိုက်ကြည့်နေပါသည်။

"ကျွန်တော့်ဘဝမှာ အထူးသဖြင့် ခုလိုအချိန်မှာ သူ့ကိုလည်း တော်တော်ကျေးဇူးတင်ဖို့ကောင်းတယ်"

"ဘယ်သူများလဲဟင်၊ ချမ်းမြေ့ သိလို့ရလား"





"သိလို့ရပါတယ်၊ ဒါပေမဲ့ ချမ်းမြေ့တော့ သူ့ကိုသိမှာမဟုတ်ဘူးရှလေ၊ မိန်းကလေးတစ်ယောက်ပါ သူ့နာမည်က အလွှမ်းပြေတဲ့"

"........."

"ကျွန်တော့်အခြေအနေကို ကျွန်တော့်နားနဲ့ဆတ်ဆတ်ကြားပြီး ပထမဆုံး သိခွင့်ရတဲ့နေ့က သူနဲ့စတွေ့ခဲ့တာဗျ၊ ကျွန်တော် သူ့ကားနဲ့တိုးမိမလို ဖြစ်ခဲ့တယ်၊ ကျွန်တော့်အမေနဲ့ သူ့အမေကလည်း မမျှော်လင့်ဘဲ သိဟောင်းကျွမ်းဟောင်း ဖြစ်နေတယ်၊ အဲဒီမှာ သူ ကျွန်တော့်အကြောင်းကို ကြားသိပြီး စိတ်မကောင်းဖြစ်တယ် သနားကရုဏာဖြစ်တယ် ထင်ပါတယ်၊ ကျွန်တော် အော်ထုတ် မောင်းထုတ်နေတဲ့ကြားက ကျွန်တော့်အနား၊ ရောက်ရောက်လာပြီး ဘာမဟုတ်တဲ့ စကားလေးတွေနဲ့ပဲ ကျွန်တော်ကို စိတ်အပြောင်းအလဲဖြစ်စေခဲ့တာ၊ နှစ်သိမ့်မှု ပေးနိုင်ခဲ့တာပါ"

"........."

"သူက တစ်မျိုးလေးဗျ၊ ဉာဏတို့ကတောင် ဒီကောင်မလေးက ဂေါက်ကြောင်လေးလားလို့ ထင်ကြတယ်၊ သူ ဘာပဲဖြစ်ဖြစ်ပါ။ ကျွန်တော် ခုလို ချမ်းမြေ့နဲ့ထိုင်ပြီး အေးအေးဆေးဆေး စကားပြောနိုင်နေတာ သွယ်ဝိုက်ပြီး သူ့ကျေးဇူးမကင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုရိုးရာ သူ့ကို ကျေးဇူးတင်မှာပဲ အရမ်းခင်မှာပဲနော်"

"အဲဒါထက် ပိုပါတယ်"

"သူလည်း ကိုရိုးရာကို တော်တော်ချစ်ခင် သံယော
ဖြစ်ပြီး ကရုဏာစိတ်ဖြစ်လို့ နေမှာပဲနော်"

"ဟုတ်မှာပေါ့လေ၊ နက်ဖြန်တောင် သူနဲ့ကျွန်တော် အသု
ရှုသွားကြဖို့ ချိန်းထားတယ်ဗျ၊ သူက တစ်မျိုးလေး
မတွေးတတ်ဘူး၊ သူနဲ့မသိတဲ့ အသုဘတွေကိုလည်း အသု
ရှုသွားတယ်ဗျာ၊ အဲဒီအပြုအမူကို ချမ်းမြေ့ ဘယ်လိုထင်
ဟင်"

ချမ်းမြေ့က မျက်တောင်လေး ပုတ်ခတ်ကာ တ
တစ်ချက် မျိုချမိရင်း ...

"ချမ်းမြေ့လည်း မပြောတတ်ဘူးလေ၊ သူက ကိုရိုးရာ
ဘာကြောင့်လို့ ပြောမပြဘူးလား"

"ဟင့်အင်း ... လူတွေ တစ်နေ့သောအခါ အချိန်တန်
အခါ ကံကြမ္မာကုန်ဆုံးတဲ့အခါ သေဆုံးကြတယ်ဆို
ထူးဆန်းတဲ့ကိစ္စ မဟုတ်ဘူးလို့ တစ်ကြိမ်ထက်တစ်
ပိုနားလည်လာတယ်လို့ ပြောတယ်၊ သူက ငယ်ငယ်
ရွယ်လေးနဲ့ တရားသဘောကို သိပ်ဆင်ခြင်မိနေသ
ဟိုတလောကလည်း သူ သီလရင်ဝတ်သေးတယ်ဗျ၊ ကျွ
တော့်ကိုလည်း တရားစခန်း တစ်ပတ်လောက်ဝင်ဖို့ စည်





နှိုးချတယ်၊ တရားသမားလားတော့ မသိဘူး ဟင်းဟင်း၊
ဒါပေမဲ့ တရားစကားတွေတော့ မပြောပါဘူး၊ သူပြောတဲ့
စကားတွေက လူတိုင်းသိပြီး နားလည်ပြီးသား အခြေခံ
စကား ရိုးရိုးလေးတွေပါပဲ၊ ဒါပေမဲ့ သူ့ကြောင့် ကျွန်တော်
ခုလောက်မြန်မြန် စိတ်တည်ငြိမ် အေးချမ်းလာသလားလို့
ထင်တယ်"

"ကိုရိုးရာမှာ အဲလို ဘေးကအဖော်ပြုပြီး ကူညီပေးမယ့်
မိတ်ဆွေကောင်းတစ်ယောက်ရှိတာ အရမ်းဝမ်းသာမိပါတယ်
ကိုရိုးရာ"

"ကြုံခဲ့ရင် ချမ်းမြေ့နဲ့ မိတ်ဆက်ပေးချင်ပါသေးတယ်၊
တစ်နေ့နေ့ပေါ့"

"ဟုတ်ကဲ့"

"ဟိုအရင်ကဆို ၊သူက ရက်ခြားလောက်ကို လာတာဗျ၊
ခုတလော အကြာကြီးသွားတယ်၊ သူ အလုပ်များနေတယ်
လို့တော့ ပြောတာပဲ၊ သူ တခြား ကျွန်တော့်လို လူတစ်
ယောက်ယောက်ဆီများ သွားနေလား မသိဘူး၊ ကျွန်တော်
မတိုင်ခင်ကလည်း သေခါနီးအဘိုးကြီးတစ်ယောက်ကို သူ
ဒီလိုပဲ အမြဲသွားပြီး အားပေးဖေးမခဲ့ဖူးတယ်လို့ ပြောတယ်၊
အဲဒီအဘိုးကြီးကတော့ အခု ဆုံးသွားပြီတဲ့"

"........."



www.burmeseclassic.com

www.burmeseclassic.com



"သူ အဲဒီလို စောင့်ရှောက်ဖေးမမှုမျိုးကို ဝါသနာပါတာ ထင်တယ်ဗျ"

"ဟုတ်မှာပေါ့ ကိုရိုးရာ"

"အဟား ... ချမ်းမြေ့ကို ချမ်းမြေ့မသိတဲ့ လူတစ်ယောက် အကြောင်းတွေ အများကြီး ဆက်တိုက်ပြောနေမိတာ ငြီးငွေ့စရာ ဖြစ်နေမလားပဲ၊ ခုတလော သူ့အလာကျဲလို့ လောလောဆယ် ဒါပဲတွေးနေမိလို့ ဒီအကြောင်းပဲပြောနေ မိတာ ဆောရီးဗျာ"

"ဟင့်အင်း ... ကိုရိုးရာဆီက ဒီအကြောင်း နားထောင်ရ တာ အရမ်းစိတ်ဝင်စားပါတယ်"

ချမ်းမြေ့က ရိုးရာကို ခပ်ငေးငေးကြည့်ရင်း သူပြော သမျှ ဆက်နားထောင်နေမိခဲ့သည်။

❋ ❖ ❋





❋ ၁၄ ❋

ချမ်းမြေ့ရဲ့စကားလေးက အလွမ်းနားထဲ အထပ်ထပ် ပဲ့တင်ထပ်နေသည်။

"သူ့ တကယ် အလေးအနက် လိုအပ်နေတာ နှင်းပဲ အလွမ်းရဲ့၊ နှင်း ယုံစမ်းပါ၊ ငါ နှင့်ကို ဘာမှလှည့်စားပြော နေစရာ အကြောင်းမရှိဘူး၊ ပြီးတော့ ငါ ကိုရာဇာဆီက လည်း သဘောတူညီမှု ရထားပြီးသား၊ ကိုရိုးရာဆီ လိုအပ် ရင် ငါသွားသွားပေးမနေလို့ ရပါတယ်၊ မသွားချင်လို့ ခေါင်းရှောင်ပြီး နှင့်ဘက်လွှဲချနေတယ် မထင်နဲ့နော် ...

သူ့စိတ်ထဲမှာ နှင်းအပြည့်အဝရှိနေတယ်၊ နှင်းက သူ့အတွက် သူကိုယ်တိုင် အံ့သြထူးဆန်းနေတဲ့ အိန်ဂျယ်လ် လေးတစ်ပါးလို ဖြစ်နေတယ်၊ ငါတို့ နှစ်နာရီကျော် ထိုင် စကားပြောဖြစ်ကြတဲ့အထဲမှာ ကျန်တာတွေက ဟိုတစ်စ



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်စ တစ်ဝက်ကျော်ကျော်က နင့်အကြောင်းပဲ၊ တကယ်တော့ သူ့ဘဝအတွက် လိုအပ်တဲ့အချိန်ပိုင်းမှာ လိုအပ်တာကို နင်က ကွက်တိဖြည့်ပေးနိုင်သလို ဖြစ်ခဲ့တယ် ...

ငါ ဝမ်းလည်းသာတယ်၊ ဘာလို့လဲဆိုတော့ သူ့ကို မြင်ရတာ လပိုင်းအတွင်း ဘဝတစ်ခု အပြီးသတ်ဖို့စောင့်နေတဲ့ သူတစ်ယောက်နဲ့ကို မတူဘူး၊ အရမ်းတည်ငြိမ်နေတယ်၊ ဒီအချိန်ပိုင်းမှာ နင်လိုလူတစ်ယောက် ရှိလာတာအပေါ်လည်း သူ ကျေနပ်နေတယ်၊ နင့်ကို သူ တော်တော်တန်ဖိုးထားတယ် အလွမ်း၊ သံယောဇဉ်လည်းရှိတယ်၊ ခုချိန်မှာ ဒီတန်ဖိုးထားမှုတွေ သံယောဇဉ်တွေဟာ ရိုးသားတယ် မရိုးသားဘူး ဖြူစင်တယ် မဖြူစင်ဘူး ဆိုတာတွေလည်း တွေးနေဖို့ သရုပ်ခွဲနေဖို့ မလိုအပ်ဘူး ...

ငါထင်တယ် ... အခုဆိုရင် နင်နဲ့သူက တစ်ယောက်ရှိဖို့ နောက်တစ်ယောက်က လိုအပ်တဲ့ အခြေအနေတစ်ခုမှာ ရှိနေကြတာ၊ ဘဝတိုင်းမှာ ရေစက်ဆိုတာရှိတယ် အလွမ်း၊ အဲဒီရေစက်ဟာ ကိုယ့်အတွက် ကောင်းချင်လည်း ကောင်းမယ်၊ ဆိုးချင်လည်း ဆိုးမယ်၊ ဒါပေမဲ့ အဲဒီရေစက်ကို ဘယ်တော့မှ မှိန်ဖျောက်လို့လည်းမရဘူး၊ အစားထိုးလို့လည်း မရဘူး၊ ရှောင်လွှဲလို့လည်း မရဘူး"





အဲဒီ အစားထိုးမရ ဖျောက်ဖျက်မရ ရှောင်လွှဲမရတဲ့ ရေစက်ဆိုတာကြောင့်ပဲ အစ်ကိုရော အလွမ်းပါ တစ်နေ့သောအခါ နာနာကျင်ကျင် ကြေကွဲကြရလိမ့်မှာပါ။

တကယ်တော့ ရိုးရာကို ဒီနေ့လာခဲ့မည် ပြောထားခဲ့သော်လည်း အလွမ်း သွားဖို့ စိတ်ရောလူပါမဆော်။ ဖြစ်နိုင်လျှင် အိပ်ရာထဲခွေလှဲကာ ငေးငေးတွေးတွေး စိတ်လေလွင့်ချင်နေသည်။ သို့ပေမဲ့ အစ်ကို့ကို ပြောထားပြီးတာတစ်ကြောင်း၊ ချမ်းမြေ့စကားအရ အစ်ကို အလွမ်းကို မျှော်တာ လိုအပ်တာ ပိုသိလာတော့ ပိုသနားကာ မဖြစ်မနေ သွားချင်လာတာတစ်ကြောင်းတို့ကြောင့် အလွမ်း ထွက်လာခဲ့တာပါ။

"ဟယ် ... အလွမ်း၊ ချစ်ဖို့ကောင်းလိုက်တာ အလွမ်းလေး"

အိမ်တံခါးဝမှ ဆီးကြိုအော်ညည်းလိုက်တဲ့ အန်တီဒေါ်ယဉ်ယဉ်ကြောင့် အလွမ်းက ရှက်စနိုးလေး ပြုံးမိရပါသည်။ မနေတတ် မထိုင်တတ်လေး ကိုယ်ကို တလှုပ်လှုပ်နှင့် လိမ်ကျစ်လိမ်ဖယ် ဝင်လာသော အလွမ်းကို မမစပယ်က မြင်ပြန်လျှင် ...

"ဟယ် ... အလွမ်း၊ လှတောင်မှားတယ်၊ ဟယ် ... လှလိုက်တာဟယ်"

"အဟီး ဟီး ... မမစပယ်ကလည်း ရှက်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကားဝင်လာသံကြောင့်ရော အောက်က သူ့အမေ သူ့အစ်မတို့ရဲ့ ဆူဆူညံညံ အသံတွေကြောင့်ရော ထင်သည်။ ဘယ်သူမှ သွားမခေါ်ရဘဲ ရီးရာက အပေါ်ထပ်မှ ဆင်းလာသည်။ လေ့ကားရင်းမှာရပ် အုံအားတသင့် ခါးကိုထောက်ကာ အလွမ်းကိုကြည့်နေ၍ အလွမ်းက ရှက်ရှက်နှင့် သူ့ကိုကျောခိုင်းထားလိုက်သည်။

"ဟား ဟား ဟား ... အလွမ်း ရှက်နေပြီ မောင်လေးရဲ့"

"သူ့ဘာသာသူ လုပ်လာပြီး သူ့ဘာသာသူ ရှက်နေသေးတယ်"

"လှတယ် အလွမ်းရဲ့"

"ခေါင်းတုံးပြောင် ဖြစ်နေလို့ အလွမ်း ရှက်လို့ပါ ဟီး ဟီး"

"ခါတိုင်းလို ဦးထုပ်လေးဆောင်းထားလည်း ဖြစ်တာပဲကို သူ့ဟာသူပဲ လှချင်လွန်းပြီး လုပ်လာပြီးတော့"

"အစ်ကိုပဲ ဆံပင်ရှည်တာ လှတယ်ဆို"

"ဟင် ... ဘယ်တုန်းက ပြောမိလို့လဲ"

"အမယ် ... ပြောပါတယ်"

"ဟင် ... ပြောမိလို့လား"

အိမ်လိုင်းဖုန်း မြည်လာ၍ ဒေါ်ယဉ်ယဉ်က ပြုံးရယ်လက်စနှင့် ဖုန်းရှိရာသွား၍ ကောက်ကိုင်လိုက်ပါသည်။





"ဟယ်လို ... မမယဉ်လားဟင်"

"ဪ ... ဟုတ်ပါတယ် နုနုလား၊ ခုပဲ ဒီမှာ အလွမ်းရောက်လာလို့ ဆံပင်တိုအရှည်လေးနဲ့လေ ချစ်စရာကောင်းလွန်းလို့ ကြည့်နေကြတာ နုနုရေ"

"ဟုတ်ကဲ့ မယဉ်၊ နုနု မတားချင်တော့လို့ ကြည့်နေလိုက်တာပါ၊ တကယ်ဆို ဒီနေ့ အလွမ်းကို အပြင်မလွှတ်ချင်ဘူးလေ မယဉ်ရယ်၊ မြန်မြန်ပြန်ခဲ့လို့တော့ မှာလိုက်ပါတယ်၊ သူတို့ ရေဝေးကို အသုဘရှုသွားကြမယ် ဆိုလားပဲ မယဉ်ရယ်၊ နေကလည်း ပူတယ်လေ၊ ပင်ပန်းက ပင်ပန်းနဲ့ ..."

..............

.............. "

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ယဉ် နားလည်ပါတယ် နုနုရယ်"

".............."

".............."

".............."

".............."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယဉ်ယဉ်က ဖုန်းကို ဖြည်းညင်းစွာချရင်း ကြည်ကြည်လင်လင် ပြုံးရယ်နေကြတဲ့ အလွမ်းနှင့် ရီးရာကို လှည့်ကြည့်မိပါသည်။ အလွမ်းက ဖုန်းစကားထဲမှာ "နုနု"ဆိုသော အမည်ကို ကြားလိုက်ပုံနှင့် "ဘာတဲ့လဲဟင်"ဆိုတဲ့ မေးခွန်းမျက်ဝန်းကြီးများနှင့် ဒေါ်ယဉ်ယဉ့်ထံ လှမ်းကြည့်နေပါသည်။

ဒေါ်ယဉ်ယဉ်က မျက်စိမျက်နှာ မကောင်းနိုင်တာကို ကြိုးစားပြင်ရင်း ...

"အလွမ်းရေ ... သမီးတို့ ဒီနေ့ ဈေးဝေးသွားကြမယ်ဆိုတာ နောက်မှရွှေ့လိုက်လို့ မရဘူးလားဟင်၊ ဒီနေ့ နေပူကလွန်း ကွယ်"

"ဟာ ... မေမေကလည်း၊ ကျွန်တော်တို့ အစောကြီးက တည်းက ချိန်းထားတာ၊ ဒီကြားထဲ သူ အိမ်ကိုမရောက်ဖြစ် မသွားဖြစ်သေးတာ"

"ဟုတ်တော့ ဟုတ်တယ်လေ သားရယ်၊ ဟို ... မင်းကိုလည်း မင်းလည်း အားမွေးပါဦး၊ သိပ်လည်း အပင်ပန်းခံနိုင်ကြတာမဟုတ်ဘဲနဲ့"

"အားရှိပါတယ်၊ ကျွန်တော် ဒီနေ့ နေရထိုင်ရ လန်းဆန်းပါတယ် မေမေ"





ဒေါ်ယဉ်ယဉ်က အလွမ်းကိုသာ အကူညီတောင်းခံဆန့်ယှက်တဲ့ မျက်ဝန်းများနှင့် လှမ်းကြည့်လိုက်ပါသည်။ အလွမ်းက ဒေါ်ယဉ်ယဉ့်ကို ပြုံးပြရင်း ...

"အန်တီယဉ် အစ်ကိုလည်း သွားချင်နေတာ ဒီနေ့တစ်ရက်တော့ သွားလိုက်ပါ့မယ်၊ နောက်နေ့တွေကျ အလွမ်းလည်း သိပ် ... သိပ်မအားနိုင်တော့ဘူး အန်တီ"

ဒေါ်ယဉ်ယဉ်က အလွမ်းကိုသာ စိုက်ကြည့်နေမိပါသည်။

"မေမေကလည်းဗျာ အလွမ်းရောက်လာမှများ၊ ကျွန်တော် သွားနိုင်ပါတယ်"

"သား ... ရီးရာ၊ အလွမ်းလည်း သီလရှင်ထွက်ပြီးကတည်းက နေမကောင်းဖြစ်နေတာ၊ ခုမှ သေချာတောင် နလန်မထသေးဘူး၊ ဒါကြောင့် သူ ဒီကြားထဲမလာတာပေါ့၊ နို့မို့ လာနိုင်ရင် အလွမ်းက အမြဲလာနေကျပဲဟာ၊ မလာကတည်းက မလာနိုင်လို့ဆိုတာ သား နားလည်ပေးဦးမှပေါ့ကွယ်"

"ဟင် ... သူ မအားလို့ဆို"

"မအားတာလည်း ပါတာပေါ့၊ နေလည်း သိပ်ကောင်းလှတာ မဟုတ်ဘူး၊ အလွမ်းက မင်းကို သေချာဘယ်ပြောမလဲ သား၊ သားကလည်း နေမကောင်းတဲ့သူဆိုတော့ သူ



www.burmeseclassic.com

www.burmeseclassic.com

နေမကောင်းဘူး ပြောရမှာ သူ မပြောချင်ဘူး နေမှာပေါ့။ အခု အလွမ်းမာမီကလည်း စိတ်ပူနေတယ်၊ ဒီနေ့မသွားကြပါတော့နဲ့လား ဖြစ်နိုင်ရင် ...

အိမ်မှာပဲ ခဏလေး နားနားနေနေ စကားပြောပြီး ခဏနေ သမီးပြန်လိုက်ပေါ့၊ သားက သွားချင်တယ်ဆိုတာနဲ့ သမီး အလိုမလိုက်ပါနဲ့ကွယ် အဆင်ပြေမှ သွားကြပေါ့။ နောက်လည်း တစ်ရက်ရက် ထပ်ချိန်းပြီးသွားရင် ရပါသေးတယ်”

ရီးရာက အလွမ်းကို မျက်နှာချင်းဆိုင်ကာ စေ့စေ့ ကြည့်လိုက်ပါသည်။ ဆံပင်တုရှည်ရှည်လေး တပ်ထားတာအပြင် အလွမ်းက မျက်နှာမှာ ခါတိုင်းနဲ့မတူ မိတ်ကပ်ပါးပါးပါ ခြယ်သထားသေးသည်။ မိတ်ကပ်အောက်မှ အလွမ်း မျက်နှာလေးက တကယ်ပဲ ချောင်နေပါသည်။ အဲဒါအပြင် မျက်လုံးနှစ်လုံးအောက်ဘက်မှာ အညိုကွင်းပေါ်နေတာတောင်မှ သတိထားမိတဲ့အထိ သိသာနေပါလား။

“ဟုတ်သားပဲ အလွမ်း၊ နေမကောင်းတာ ကိုယ့်ကိုဘာလို့ မပြောတာလဲ”

“.........”

“ပြောလေ”





“အစ်ကိုကိုယ်တိုင်က နေမကောင်းတဲ့သူဆိုတော့ အလွမ်းလည်း နေမကောင်းဘူးလို့ မပြောရက်လို့ပါ အစ်ကို”

ရီးရာ ရင်ထဲ ဝမ်းနည်းသလို လိုက်လှဲသွားရကာ ...

“ဘာဆိုင်လဲ အလွမ်းရယ်၊ ခေါင်းလေးကိုက်နေတာလောက်ပဲဖြစ်ဖြစ် ပြောရမှာပေါ့၊ ဒါဆိုရင် ကိုယ်တို့နောက်မှထပ်ချိန်းပြီး သွားကြတာပေါ့”

“ဟင့်အင်း”

အလွမ်းက ဒေါ်ယဉ်ယဉ်ဘက်လှည့်ကာ အနားကိုလျှောက်သွားရင်း ဒေါ်ယဉ်ယဉ့်လက်တစ်ဖက်ကို သူ့လက်လေးနှစ်ဖက်နှင့် ဆုပ်ကိုင်လိုက်ပါသည်။

“အန်တီယဉ် ဒီနေ့ အလွမ်း သွားလိုက်ချင်ပါတယ်၊ အလွမ်း သွားနိုင်ပါတယ်၊ နောက်ရက်တွေဆိုတာ မသေချာဘူး၊ မာမီကလည်း အလွမ်းကို ခုတလော အပြင်မထွက်စေချင်ဘူး၊ အခုက အသေချာဆုံးပဲ နောက်ဆိုတာကို အလွမ်း မစဉ်းစားနိုင်ဘူး၊ နော် ... အန်တီယဉ်”

ဒေါ်ယဉ်ယဉ်သည် ဘာစကားမှ မပြောနိုင်အောင် သည်ချောင်းတွေ ခြောက်ကပ်ဆို့နင့် နာကျင်လာ၍ အံကိုတင်းတင်းကြိတ် နှုတ်ခမ်းကို တင်းတင်းစေ့ထားလိုက်ပါသည်။ ဘာမှမပြောနိုင် တကယ့်ကို မပြောနိုင်ပါ။ ထို့ကြောင့် အလွမ်းရဲ့ဦးခေါင်း


www.burmeseclassic.com

www.burmeseclassic.com



ထက်က ဆံပင်အတုကလေးဆီကိုသာ တယုတယ ပွတ်သပ်ရင်း ခေါင်းကိုသာ အနိုင်နိုင် ညိတ်ပြလိုက်ပါသည်။

အလွမ်းက ပြုံးသွားကာ ရိုးရာထုံလှည့်၍ ...

"လာ ... အစ်ကို"

❋ ❖ ❋

"ဒီဦးလေးက ဘာရောဂါနဲ့ ဆုံးတာလဲဟင်"

"ကင်ဆာ"

အလွမ်းက ဘေးခုံက အမျိုးသမီးကြီးတစ်ယောက်ကို တိုးတိုးမေးလိုက်၍ ထိုအမျိုးသမီးကြီးက ခပ်တိုတိုပဲ ပြန်ဖြေလိုက်ပါသည်။

"ဩော် ... ဘာကင်ဆာလဲ အန်တီ သိလားဟင်"

"ဆီးကြိတ်ကင်ဆာ ဆိုလား အမျိုးသားရောဂါဆိုတော့ အန်တီလည်း သေချာတော့ မပြောတတ်ပါဘူးကွယ်၊ သူ့ရောဂါသူသိတာ ဘာမှမကြာသေးဘူးပဲ၊ အရင်က ရပ်ကွက်ထဲမှာ ဆွမ်းလောင်းတာတို့ သာရေးနာရေးတို့ ကြီးကြီးလုပ်ကိုင်ပေးနေတာ အကောင်းကြီးပဲ၊ နေထိုင်မကောင်းဖြစ်လာလို့ ဆရာဝန်သွားပြပြီး ဆရာဝန်က စစ်လိုက်တော့





မှ ဟော ... ကင်ဆာလည်းဆိုရော အချိန်ကလွန်နေပြီ၊ ကုမရတော့ဘူး ဆိုလားပဲကွယ် ...

သိပြီး ဘာကြာမလဲ၊ မကြာပါဘူး ဆုံးရှာတာပါပဲ၊ သမီးတို့က ဘယ်ကလဲ လမ်းထဲက ရပ်ကွက်ထဲကတော့ မဟုတ်ဘူး"

"ဟို ... ကျွန်မတို့က ဟို ... သူ့တူမ သူငယ်ချင်းတွေပါ"

ရိုးရာသည် စကားတွေ ကြားနေရင်းက မျက်လုံးများက ခေါင်းသေတ္တာဖြူဖြူထံ၌ ငေးစိုက်နေမိသည်။ ဦးမြင့်အောင် အသက်(၅၉)နှစ်။ တကယ်တော့ ခုခေတ်မှာ (၅၉)နှစ်ဆိုတာ အိုမင်းပြီလို့တောင် မဆိုနိုင်သေးပါ။

ကင်ဆာ ... ကင်ဆာ။ အဲဒီရောဂါက လူတွေကို ဘာကြောင့် လိုက်လံတိုက်ခိုက်ပြီး အချိန်တိုအတွင်း မြေကြီးထဲ မြေစာအဖြစ်လည်းကောင်း၊ ကောင်းကင်လေထုထဲ မီးခိုးငွေ့အဖြစ်လည်းကောင်း ဘာကြောင့် ရက်ရက်စက်စက် ပို့ဆောင်နေပါသလဲ။ ရောဂါဘယဆိုတာတွေဟာ ဘာဖြစ်လို့များ ဆန်းကြယ်များပြားလာသလဲ။

"လူကောင်းကြီးပါကွယ်၊ လူမှုရေးဆို စွမ်းစွမ်းတမံ ဦးဆောင်လုပ်တဲ့သူ။ ကျန်းမာရေးလည်း လိုက်စားသားပဲ၊ မနက်မနက် စောစောကြီး လမ်းထွက်လျှောက်နေတာပဲလေ၊ သူ



www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်ပြန်မှ အန်တီတို့က ဈေးသွားဖို့ စ,ထွက်တုန်း။ စိတ်သဘောလည်း ကောင်းတယ်၊ ယဉ်ကျေးဖော်ရွေပါဘိ သနဲ့၊ သေမင်းက အကောင်းကြိုက်တတ်တယ်ဆိုတဲ့စကား က အမှန်ပဲ၊ လူကောင်းမှ ရွေးခေါ်နိုင်ပါပေ့”

အလွမ်းက ရိုးရာကို လှည့်ကြည့်လိုက်ပါသည်။

ရိုးရာသည် စိတ်ထဲမှာတစ်မျိုး ထင်းတင်းကျပ်ကျပ် ခံစားလာရကာ စိတ်မကောင်း ဖြစ်နေမိသည်။ ဒီလိုနေရာမျိုးကို အလွမ်းလို မိန်းမငယ်လေး အကြောင်းထူးမရှိဘဲ ဘာလို့များ အဲကြိမ်ကြိမ် အခါခါ လာနေပါလိမ့်။

ရိုးရာရဲ့နှာခေါင်းထဲတွင် အမွှေးတိုင်နံ့ ငွေပန်းနံ့နှင့် စပယ် နှင်းဆီ ပန်းရောနံ့တွေဟာ ပေါင်းစပ်ရစ်ဖွဲ့၍ မူးအိဖွယ် နောက်ကျိမွှေးကြိုင်နေသည်။ မွန်ထူနေသည်။ အလွမ်းပြောသလို လူတွေသေဆုံးကြတာ မဆန်းဘူး ဆိုပေမယ့်လည်း ကာယကံရှင် မိသားစုအတွက်ကတော့ ဆန်းနေသေးတာပင်။

လူဆိုတာ တစ်နေ့ သေမှာပဲရယ်လို့ မပူဆွေး မကြေကွဲသော မိသားစုရယ်လို့ ရှိပါ့မလား။ လူဆိုတာ အသိုင်း အမြုံသံယောဇဉ်နှင့် နေထိုင်ကြတာလေ။ သူသည်လည်း တစ်နေ့ ဖေဖေ့ကို မေမေ့ကို မမကို ကိုရဲကို အမျိုးတွေ သူငယ်ချင်းတွေကို အလွမ်းကို ထားရစ်ကာ ခွဲခွာထွက်သွားရတော့မှာပါ။





အဲဒီအခါ သူကတော့ သေလွန်ပြီဖြစ်၍ ဘာမှမသိ ဘာဝေဒနာမှ မခံစားရတော့ဘဲ လွတ်မြောက်သွားခဲ့ပေလိမ့်မည်။ ကျန်ရစ်ခဲ့သော သူတွေသည်သာလျှင် ပူဆွေးခြင်းအနန္တနှင့် တငြိုငြိုး လောင်မြိုက်ကျန်ရစ်ခဲ့ကြရမှာ။ အားလုံးငြိမ်းချမ်းစွာ ကျန်ရစ်ခဲ့ ကြစေဖို့ သူလည်း ဘာမှမတတ်နိုင်ပါလား။ ကျန်ရစ်ခဲ့သူတွေ ဟာလည်းပဲ တစ်နေ့သောအခါ နောက်လူတွေကို ထားရစ်ကာ ဒီလိုပဲ ခွဲခွာထွက်သွားရဦးမှာ။ တစ်ယောက်ပြီး တစ်ယောက်။ အလှည့်ကျ။

အဲဒါသည်ပင်လျှင် ဘဝရဲ့သဘောတရားဆိုတာပါပဲလား။

“အစ်ကို”

အလွမ်းရဲ့လက်ချောင်းများက သူ့လက်ချောင်းများ ကို ကြားဝင်ပွေ့ယှက် ဆုပ်ကိုင်လျက် တင်းတင်းလေးဖိညှစ်လိုက် သည်။

“စိတ်ဆင်းရဲနေပြီလား”

“မဆင်းရဲပါဘူး အလွမ်း”

သူ အလွမ်းရဲ့လက်ကို ပြန်ပြီးဆုပ်ညှစ်ထားလိုက်မိ သည်။ သူတို့လက်ချောင်းတွေချင်းဟာ ပတ္တာသဖွယ်။ ထိုလက် ချောင်းများတွင်း လှည့်ပတ်စီးဆင်းနေသောသွေးတို့ရဲ့ ခုန်တိုးလှုပ် ရှားမှုကိုပင် အပြန်အလှန် ခံစားရတယ်လို့ ထင်မိတဲ့အထိ သွေးတည်း တစ်သားတည်း။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်တစ်ခန်း သွားကြည့်ချင်သေးလား"

"အင်း ... သွားတာပေါ့"

သူတို့နှစ်ယောက် လက်တွဲမဖြုတ်ဘဲ ထ,လျှောက်လာခဲ့ကြပါသည်။ ဟိုတစ်ဖက်ခန်းမကိုတော့ ဝင်ဝင်ချင်းပင် ပူပူဆွေးဆွေး ငိုညည်းသံက သူတို့နှလုံးသားများကို ညှစ်ဆုပ်ဖိချေပစ်လိုက်သည်။

"မောင်အာကာထက်၊ အသက်(၁၂)နှစ်–

"ဟင် ... ကလေးလေး"

ရီးရာက နှုတ်မှထုတ်၍ ညည်းတွားလိုက်မိပါသည်။ သူတို့ခန်းမထဲဝင်ကာ နောက်နားကျကျက ပလတ်စတစ်ခုံများမှာ ထိုင်လိုက်ကြပါသည်။ ထုံးစံအတိုင်းပင် အလွမ်းကဘေားခုံသို့လှည့်ကာ ...

"အစ်မ ... ကလေးက ဘာဖြစ်တာလဲဟင်"

"သွေးလွန်တုပ်ကွေးဖြစ်တာ သွေးလန့်ပြီးဆုံးတာတဲ့ ညီမလေး"

သူတို့နှစ်ယောက် စကားမပြောဘဲ ဟိုးရှေ့နားက မြင်ကွင်းကို ငြိမ်သက်တိတ်ဆိတ်စွာ လှမ်းငေးကြည့်နေကြသည်။ ကလေးရဲ့မိခင်ရဲ့ ပူဆွေးမှုဟာ သူတို့ရင်ကို ဆို့နှစ်စေသည်။ နာကျင်စေသည်။ ကြေကွဲဝမ်းနည်းစေသည်။





တဖြည်းဖြည်း အေးစက်သလို ဖြစ်လာသော အလွမ်းရဲ့လက်ချောင်းများ အထိအတွေ့ကြောင့် ရီးရာက အလွမ်းကို ငဲ့ကြည့်မိသည်။ မျက်တောင်ကော့ကလေးတွေ ၊ ငိုက်စင်းလျက် ရှေ့ကို တည့်တည့်ငေးမောနေတဲ့ အလွမ်းက ပကတိ တည်ငြိမ်နေပါသည်။

အလွမ်း ...

ကိုယ်ထွက်သွားတဲ့အခါ မင်းလည်း ပူဆွေးပြီးကျန်ရစ်ခဲ့လိမ့်မယ် ထင်ပါရဲ့နော်။ ဒါမှမဟုတ် တရားကို ရင့်ကျက်စွာ သိမြင်ဖြေသိမ့်နိုင်ပြီး ခုလိုပဲ ငြိမ်ငြိမ်ကလေး ငေးစိုက်ကြည့်နေလေမလား။

"အလွမ်း"

"ရှင်"

"ကိုယ် အခု သေရမှာ ကိုယ်ထွက်သွားရမှာကို မကြောက်ဘူး သိလား အလွမ်း၊ ကိုယ် တကယ်မကြောက်ဘူး၊ ကျန်ရစ်ခဲ့ရမှာက ပိုကြောက်ဖို့ကောင်းတယ်၊ ပိုရင်နာဖို့ကောင်းတယ်၊ ကိုယ်သွားတဲ့အခါ ကျန်ရစ်ခဲ့ရမယ့်သူတွေအတွက် စိတ်မကောင်းဘူး၊ အားလုံးကို ကိုယ်သနားတယ် အလွမ်း"

အလွမ်းက သူ့ဘက် လှည့်ကြည့်လာသည်။ မျက်လုံးအိမ်ရွဲရွဲကြီးထဲမှာ မျက်ရည်စ သီသီဝေ့ဝဲကာ ခိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အလွမ်းစိတ်နဲ့ တူတူပဲ"

"........."

"အချိန်တန်ရင် ထွက်သွားကြရမှာကို နားလည်ပါတယ်၊ ထားခဲ့ရမှာကိုပဲ စိုးတယ်"

ရိုးရာက အလွမ်းလက်ကို ညှစ်ဆုပ်လှုပ်ယမ်းလိုက်ရင်း ...

"သွားကြစို့ အလွမ်း၊ အလွမ်း မျက်နှာက အရမ်းပင်ပန်းနေပြီ"

"အစ်ကိုရော ပင်ပန်းနေပြီလား"

"ကိုယ် ဒီလောက် မပင်ပန်းပါဘူး၊ အလွမ်း ပုံစံကသာ အားမရှိဘူး သိပ်သိသာတာပဲ၊ ပြန်ကြရအောင်နော်၊ ဟိုမှာ အလွမ်းဒရိုင်ဘာကြီးကတောင် ဒီနားထိ လာရပ်စောင့်ပေးနေတယ်၊ အလွမ်းကို စိတ်ပူနေတဲ့ပုံပဲ"

သူတို့နှစ်ယောက် ထ,ရပ်ကာ ခန်းမဆောင်ထဲက ထွက်ခဲ့ကြသည်။ အပြင်ဘက်စကြိုဆီ အရောက်မှာ အလွမ်းက ဆတ်ခနဲ ဒူးညွတ်သွားပါသည်။

"ဟင် ... အလွမ်း"

"ရ ... ရတယ်"





အလွမ်းက ရှေ့နှစ်လှမ်းလောက် ဆက်လျှောက်လိုက်ပါသည်။ နှစ်လှမ်းပြည့်ချိန်မှာ ဒူးက နောက်တစ်ကြိမ် ပျော့ညွတ်ကာ အလွမ်းက စကြိုပေါ် ခွေခနဲ လဲကျသွားသည်။ လက်ချင်းဆုပ်တွဲထား၍ ရိုးရာက အလွမ်း လဲကျတဲ့နံဘေး ချက်ချင်းဒူးထောက်လိုက်ရကာ ...

"အလွမ်း ... အလွမ်း ... အလွမ်း"

စိုးရိမ်တကြီး ခေါ်ငင်သံကို အလွမ်း မကြားနိုင်။ နှုတ်ခမ်းလေး ပွင့်ဟလျက် သတိလုံးဝလစ်မျောလျက် ရှိလေသည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

"ကိုရိုးရာ ... ဒီနေ့ ဘယ်သွားချင်လဲဟင်"

ရိုးရာက ဖုန်းမက်ဆေ့ချ်တစ်ခု ပို့နေရာက ချမ်းမြေ့ကို လှမ်းကြည့်လိုက်ကာ ...

"ချမ်းမြေ့ ... ဟိုဘက်ကဖုန်းက လုံးဝပါဝါအော့ဖ်လုပ်ပြီး ပိတ်ထားတုန်း ဒီဘက်က မက်ဆေ့ချ်ပို့လိုက်ရင် သူ့ဆီ ရောက်လား၊ သူ ဖုန်းပြန်ဖွင့်တဲ့အခါ အဲဒီမက်ဆေ့ချ်ပေါ် လာမလား"

"ဟင့်အင်း ... မရောက်ဘူးထင်တယ်၊ သူ ဖုန်းပြန်ဖွင့်ရင် လည်း မပေါ်ဘူး ထင်တယ်"

"သေချာလား"

"ထင်တာပဲ"

"ချမ်းမြေ့ ဖုန်းခဏလောက် ပါဝါအော့ဖ်လုပ်လိုက်ပါလား ကျွန်တော် စမ်းကြည့်ချင်လို့၊ စမ်းပို့ကြည့်မယ်"





ချမ်းမြေ့က သူမရဲ့ဂယ်လက်ဆီအက်စ်တူး ဖုန်းလေးကို ပါဝါအော့ဖ်လိုက်ပါသည်။ ရိုးရာက ချမ်းမြေ့ဖုန်းနံပါတ်ကို နှိပ်၍ "Hi"ဟု စာရိုက်ကာ send လုပ်လိုက်တဲ့အခါ မက်ဆေ့ချ်က Sent ဖြစ်သွားတဲ့ အသံလေး ပေါ်လာသည်။

"စာထွက်သွားပြီ ချမ်းမြေ့ဖုန်း ပါဝါပြန်ဖွင့်ပြီး ကြည့်လိုက်ပါဦး"

ချမ်းမြေ့က ဖုန်းပါဝါပြန်ဖွင့်ကာ မက်ဆေ့ချ်အဝင်အရင်းကို ကြည့်လိုက်ပါသည်။ ရိုးရာဘက်သို့ ဖုန်းလေးထိုးပေးကာ ပြလိုက်ရင်း ...

"တွေ့လား ... ဝင်မနေဘူး၊ မရောက်ဘူး"

"အေးဗျ ... နော်"

"ပို့လိုက်တဲ့အချိန်မှာ ဟိုဘက်က လက်မခံနိုင်တာ"

"ဒါဖြင့်ရင် ကျွန်တော် တောက်လျှောက်ပို့နေတဲ့ မက်ဆေ့ချ်တွေ သူ ဘယ်ရမလဲနော်"

ညည်းတွားတွား ပြောလိုက်သော ရိုးရာကို ချမ်းမြေ့က စိုက်ကြည့်နေရင်း သက်ပြင်းလေးတစ်ချက် ကျိတ်၍ရှိုက်မိသည်။ "ဘယ်သူ့ဆီပို့နေတာလဲဟင်"ဟု ဖွင့်လည်းမမေးချင်သလို မေးဖို့တောင် မလိုဘူးလို့ ချမ်းမြေ့ ထင်သည်။

ရှင် အလွမ်းဆီ ပို့နေတာ မဟုတ်လား ကိုရိုးရာရေ။



www.burmeseclassic.com

www.burmeseclassic.com



"သူကလည်း ဖုန်းတစ်ချိန်လုံး ပိတ်ထားတယ်ဗျာ၊ အိမ်ဖုန်းဆက်တော့လည်း သူ အိပ်နေတယ်၊ သိပ်နေမကောင်းဘူးပဲပြောပြီး သူ့အမေနဲ့ပဲ ဖုန်းပြောရတယ်၊ တကယ်ပဲဟုတ်ရဲ့လား၊ သူ့အမေက ကျွန်တော့်ဆီမှာပဲ သူ့သမီးအချိန်တွေကုန်နေပြီး ကျွန်တော့်ကို ခင်မင်သံယောဇဉ်တွယ်နေတာကို မလိုလားလို့ပဲလားလို့လည်း တွေးကြည့်တယ်"

"………"

"ဒါပေမဲ့လည်း နေမကောင်းတာတော့လည်း ဟုတ်လောက်ဟုတ်တယ်ဗျ၊ နောက်ဆုံးတွေ့တဲ့နေ့က သူ အားနည်းနေတော့ မူးလဲသွားသေးတယ်လေ၊ သူက နည်းနည်းချ…တယ်လို့လည်း သူ့အမေက ပြောတယ်၊ အဲဒီနေ့ကလည်း သူ နလန်ထကာစ သိပ်နေမကောင်းသေးဘူးဆိုပြီး အပြင်ထွက်ဖို့ သူ့အမေရော ကျွန်တော့်အမေရော တားတဲ့ကြားက ကျွန်တော်တို့ ဖွတ်ထွက်သွားခဲ့မိကြတယ်၊ ကျွန်တော့်အပြစ်ပဲ"

"………"

"ဖုန်းမပြောနိုင်လောက်အောင်တော့လည်း မဟုတ်လောက်ပါဘူးဗျာ၊ သူ့အမေ သဘောမကျတာ နေပါလိမ့်မယ်…ပါရဲ့၊ သူ့အိမ်ကို သတင်းသွားမေးရအောင်လို့ မမက်…





တော့လည်း ကျွန်တော့်အစ်မက သူ့အမေ ကြိုက်မကြိုက်မသိလို့ မသွားပါနဲ့လို့ တားတယ်၊ သူ ဆက်သွယ်လာမှာပါတဲ့"

"………"

ရိုးရာက တိတ်နေတဲ့ ချမ်းမြေ့ကို သတိဝင်လာသလို ဖျတ်ခနဲကြည့်ရင်း …

"ဆောရီး ချမ်းမြေ့"

"ဘာဖြစ်လို့လဲ ကိုရိုးရာ"

"ချမ်းမြေ့ မသိတဲ့သူတစ်ယောက်အကြောင်းချည်းပဲ လျှောက်ပြီး ဆက်တိုက်ပြောနေမိတယ်၊ ဆောရီးဗျာ၊ ကျွန်တော်ကိုက ခုတလော မသိသားဆိုးရွားတဲ့သူလို ဖြစ်နေတယ်"

"ရပါတယ် ကိုရိုးရာရယ်၊ ပြောချင်တာ ပြောပါ၊ သူနဲ့ ချမ်းမြေ့နဲ့ သိသိမသိသိ ကိုရိုးရာ ကိုယ်တိုင်လည်း သံယောဇဉ်ရှိတဲ့ သူငယ်ချင်းတစ်ယောက်ကို ချမ်းမြေ့လည်း စကားတွေ နားထောင်ရင်းကပဲ ရင်းနှီးနေပါပြီ"

"ဘာရယ် ညာရယ် ရေရေရာရာ မသိရတော့ ပူလောင်သလိုဖြစ်နေတာပေါ့ဗျာ"

"အလွမ်း တကယ် နေမကောင်းတာ ဖြစ်ပါလိမ့်မယ် ကိုရိုးရာ"



www.burmeseclassic.com

www.burmeseclassic.com



"အလွမ်း ... ဟုတ်လား ! "

"သြော် ... အဲဒါ အလွမ်းပြေဆိုတဲ့ ကောင်မလေးအကြောင်း ကိုရှီးရာ ပြောနေတယ် ထင်လို့ပါ"

"သူ့အကြောင်း ... ဟုတ်ပါတယ်၊ ဒါပေမဲ့ ချမ်းမြေ့ခေါ် လိုက်တဲ့အသံက ရင်းရင်းနှီးနှီး ရှိနေလို့"

"ကြားဖူးနေတာ အကြိမ်ကြိမ်ပဲလေ၊ ရင်းနှီးနေပါပြီ ကိုရှီးရာ ရယ်၊ သူ တကယ် နေမကောင်း ဖြစ်နေတယ်လို့လည်း ထင်ပါတယ်"

"ချမ်းမြေ့ အဲလိုပဲ ထင်လားဟင်"

"ဟုတ်ကဲ့ ... အဲလိုပဲ ယုံတယ်"

"ဒါဆို တော်သေးတာပေါ့ဗျာ၊ အဲလိုဆိုရင် သူ နေကောင်း တဲ့အခါ ပြန်တွေ့ရနိုင်တယ်လေ၊ သူ့အမေက မကြိုက်တော့ တာ ကန့်ကွက်တာ ဆိုရင်တော့ ကျွန်တော် ဖွတ်အတင်း တွေ့ဖို့ ကြိုးစားလို့ မသင့်ဘူး ထင်တယ်၊ သူလည်း သူ့ သမီးကို လောကမှာ ကြာကြာမရှိတော့မယ့် သူတစ်ယောက် အပေါ် ဘယ်သံယောဇဉ် တွယ်စေချင်ပါ့မလဲ၊ သူ့အနေ ဘက်က အပြစ်မရှိပါဘူးဗျာ"

ဝမ်းနည်းလိုက်တာ ကိုရှီးရာရယ်။ ရှင့်စကားတွေ က ကျွန်မ အသည်းနှလုံးတွေကို မှုန်းချေလှတယ်။ တကယ်ကို နာကျင်စေလှပါတယ်။ ဘာပြောရမှန်းကို မသိနိုင်တော့ပါဘူး





"ချမ်းမြေ့"

"ရှင်"

"ချမ်းမြေ့ ခုတလော ကျွန်တော့်ဆီ ဘာဖြစ်လို့ ရက်ခြား လောက် လာနေတာလဲ"

"ဟင် ... ကြားရက်တွေမှာ ကိုဉာဏ်တို့ကလည်း မလာ နိုင်ဘူး ဆိုပြီးတော့ ချမ်းက ကိုရှီးရာ ပျင်းနေမလားလို့ တမင်သက်သက် လာတာပါ၊ ခုတလော ချမ်းက အားလည်း အားနေပြီလေ၊ တက်နေတဲ့သင်တန်းကလည်း သင်တန်း ဆင်းသွားပြီ၊ ခုဆိုရင် အတော်ပဲပေါ့၊ ကိုရှီးရာဆီလည်း အလွမ်းပြေက မလာနိုင်တဲ့အချိန် ဖြစ်နေတော့ ခုလို ပြော ချင်တဲ့စကားတွေ နည်းနည်းပါးပါး ရင်ဖွင့်လို့ရတာပေါ့"

ချမ်း အစ်ကို့ဆီ သွားလိုက်ပါ။ ချမ်း အစ်ကို့ဆီ ကိုနေ့သွားပေးပါ။ ဒီလိုသာ တတွတ်တွတ် ပြောနေတဲ့ အလွမ်း ရဲ့အသံ ဖျိုးဖျိုးဖျဖျလေးကိုသာ ချမ်းမြေ့ ပြန်လည်ကြားယောင်နေ မိပါတော့သည်။

"ချမ်းမြေ့ ခုနက မေးလိုက်တယ်၊ ဒီနေ့ ဘယ်သွားမလဲ တဲ့"

"အင်းလေ၊ တစ်နေ့က ရာသီဥတုမပူဘဲ ခပ်အေးအေးလေး ဖြစ်နေတော့ ချမ်းမြေ့တို့ ဘုရားသွားဖြစ်တယ် မဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ရော သွားချင်တာရှိလားလို့၊ လိုက်ပို့မယ်လေ၊ ချမ်းမြေ့ အားပါတယ်"

"အလွှမ်းတို့အိမ်သွားရင် ကောင်းမလား ချမ်းမြေ့"

"ရှင်"

"ချမ်းမြေ့ပါတော့ မိန်းကလေးအဖော် တစ်ယောက်လည်း ပါလာတာ ကောင်းတယ် ထင်တယ်၊ သူ့အမေနဲ့တွေ့ရင် ချမ်းမြေ့လည်း အလွှမ်းရဲ့သူငယ်ချင်းပါလို့ ညာပြောလိုက်ပေါ့ဗျာ"

"........."

ချမ်းမြေ့က သက်ပြင်းတစ်ချက် ချလိုက်ပါသည်။

"သူ့ဆီတော့ မသွားချင်ဘူး ကိုရိုးရာ"

"........."

"အန်တီတို့ မမစပယ်တို့ကလည်း မသွားစေချင်ဘူး မဟုတ်လား၊ ချမ်းမြေ့က ကြားကဝင်ပြီး ခေါ်သွားပေးရင် လူကြီးတွေက မကြိုက်မှာလည်းစိုးတယ်၊ ပြီးတော့ ကိုရိုးရာထင်သလို အလွှမ်းရဲ့အမေက မကြိုက်တာဆိုရင်လည်း ခုလို ဖွတ်ကြီးတက်သွားတာ ကောင်းပါ့မလားလို့၊ ကြားက မဆီမဆိုင် ဝင်ရှုပ်သလို ဖြစ်မှာလည်း ချမ်းမြေ့ ကြောက်တယ်"





"အင်းဗျာ ... ဟုတ်ပါတယ်လေ၊ ချမ်းမြေ့ ပြောတာမှန်ပါတယ်"

ချမ်းမြေ့က ချွေးလေးတောင် ပြန်လာကာ ရှေ့မှာ ထားပေးတဲ့ လိမ္မော်ရည်ဖန်ခွက်ကို ကောက်ယူပြီး တဂွပ်ဂွပ် သောက်လိုက်ပါသည်။ ချမ်းမြေ့ စိတ်ကျဉ်းကျပ်နေဆဲပင် ခန်းကူး ထောင့်ချိုးလေးတစ်ခုမှ မစပယ် ထွက်လာပါသည်။ ကတည်းက ထိုနေရာမှာ ရှိနေကာ ပြောစကားတို့ကို နားထောင် လိမ့်မည်လို့ပဲ ချမ်းမြေ့ ထင်မိသည်။

"ညီမလေး ချမ်းမြေ့ ... ကားရပ်တဲ့နေရာ နေပူနေတယ် လာရွှေ့ထားလိုက်ပါလား"

"ရှင် ... ဟုတ်ကဲ့ ... မမစပယ်"

ထင်တဲ့အတိုင်းပင် ကားနားထိ မမစပယ် ပါလာ သာ မျက်စိမျက်နှာပျက်ပျက် မျက်ရည်လည်လည်လေးနှင့် ...

"အလွှမ်း အခြေအနေ ဘယ်လိုလဲဟင် ညီမ၊ မမ လာချင်တယ်၊ သတင်းမေးချင်တယ် ခွင့်ပြုပါနော်၊ ရိုးရာကိုတော့ သူ ဘာပြောပြော လုံးဝခေါ်မသွားပါနဲ့နော် ညီမ"

ချမ်းမြေ့ကလည်း မျက်ရည်လည်လည်နှင့်သာ ခေါင်းညိတ်ပြလိုက်မိပါသည်။

❃ ❖ ❃



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ် လေသာဆောင်ကျယ်ကြီးမှာ မှိုလျှော့သော ဒရင်းမ်ဘက်ဒ်တစ်ခု သယ်ချပေးပြီး အလွှမ်းကို ချမ်းမြေ့နှင့် ဒေါ်နုနုငယ်က တွဲလာပါသည်။ ခုံမှာနေသားတကျ မှီထိုင်စေပြီးတဲ့အခါ ချမ်းမြေ့က မာမီ့ပခုံးလေးကို တယုတယဆုပ်ကိုင်လိုက်ရင်း ခပ်တိုးတိုးနှင့် ...

"မာမီ ... အလွှမ်းနားမှာ ချမ်းစောင့်နေမယ်၊ မာမီ ခဏသွားနားလိုက်ပါနော်"

"မာမီ မနားချင်ပါဘူး သမီးရယ်၊ သူ့ ဒီက ဖော်တော်နဲ့ မဝင်မှာစိုးလို့၊ အအေးပတ်မှာစိုးတယ်"

"ချမ်း ခဏနေရင် အထဲပြန်ပို့ပါ့မယ်၊ မာမီ စိတ်ချပါ၊ မာမီ ညညတွေလည်း မအိပ်ရဘဲ အိပ်ရေးပျက်ရတာ ဘယ်နှညတောင် ရှိနေပြီလဲ၊ စိတ်ဆောင်နေလို့သာ မာမီ ခေါင်းထူနိုင်နေတာ၊ ခဏလေး နားလိုက်ပါနော် မာမီ၊ မာမီ လဲသွားလို့ ဘယ်ဖြစ်ပါ့မလဲ"

ဒေါ်နုနုငယ်၏ မျက်ဝန်းအိမ်မှ မျက်ရည်ပေါက်ကြီးနှစ်သွယ်က လိမ့်လျှောကာ ကျလာသည်။ အသံလုံးဝမထွက်ဘဲ မျက်ရည်သာ တုတ်တုတ်ကျ၍ ငိုတာတ်နည်း၌ အသားတောင်ကျ





ပါပြီ။ ဘာသံမှ မထွက်ပါ။ ရှိုက်သံလေးပင် မလွှတ်ပါ။ မျက်ရည်ကိုသာ အဆက်မပြတ် လျှောခနဲ လျှောခနဲ သွယ်ကျနေသည်။

ချမ်းမြေ့လည်း မျက်ရည်မထိန်းနိုင်ခဲ့။ အလွှမ်းရဲ့ နှာကွယ်ရာဘက်မှာ တစ်ယောက်ကိုတစ်ယောက်ဖက် တစ်ယောက်မျက်ရည် တစ်ယောက်သုတ်ရသည်။ အခန်းထဲကထွက်လာကာ အလွှမ်းကို ခဏရပ်ကြည့်ငေးနေသော ဒက်ဒီက မာမီ့ပခုံးကို တယုတယ ဖက်လိုက်ပါသည်။

"မာမီ ... လာ၊ ခဏလေး လှဲနေလိုက် ခဏလေးပဲ၊ မင်း အိပ်ပျော်သွားရင် မင်းကို ဒက်ဒီ ပြန်နှိုးမှာပေါ့၊ သမီး ... ချမ်းမြေ့၊ အလွှမ်းနားပဲ နေနော်"

"ဟုတ်ကဲ့ ဒက်ဒီ"

မာမီက ဒက်ဒီ ဖက်တွဲခေါ်ရာနောက် ပါသွားလျှင် ချမ်းမြေ့က အလွှမ်းရဲ့နံဘေး ခြေရင်းကျောက်ပြားခင်းပေါ် သွားထိုင်လိုက်ပါသည်။

"ချမ်း ... နှင်က အောက်ကြီးမှာဟာယ်"

အလွှမ်း အသံလေးက ဖျော့တိမ်လှသည်။

"ဘာဖြစ်လဲ အောက်မှာ အလွှမ်းရယ်၊ အရေးမကြီးတာတွေ ပြောမနေနဲ့၊ ဒီမှာ နည်းနည်းတော့ အေးတယ်ဟ၊ နှင် သိုးမွေးခေါင်းစွပ် စွပ်ပါလားဟာင်၊ ဒီဦးထုပ်က ပါးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပါးပါစေ ဒါ ... အစ်ကိုဝယ်ပေးထားတဲ့ ဦးထုပ်လေ"

"ငါသိပါတယ် အလွမ်းရာ၊ ဒါပေမဲ့ ..."

"ချမ်းမြေ့ ... နင့်ကိုလေ ငါ တောင်းပန်ပါတယ်ဟာ"

"နင့်မှာ ငါ့ကို တောင်းပန်စရာ ဘာအကြောင်းမှ မရှိတာ၊ ဘာမှမတောင်းပန်နဲ့"

"နင် ကိုရာဇာ့ကို ရွေးချယ်ခဲ့ပေမယ့် အစ်ကို့ကို ချစ်တယ် မဟုတ်လားဟင်"

"အလွမ်း ... နင်ယုံအောင် ငါ ဘယ်နှခါ ပြောပြရမလဲ ဟင်၊ ငါ သူ့ကို စဉ်းစားခဲ့ပါတယ်၊ သံယောဇဉ်လည်းဖြစ် ဖူးတယ်၊ ရင်လည်း မသိမသာ ခုန်ခဲ့ပါတယ်၊ ဒါပေမဲ့ ငါ သူ့ကို သိပ်ချစ်နေတာမျိုးတော့ မဟုတ်ခဲ့ဘူး၊ နင် စိတ် ချမ်းသာအောင် လျှော့ပြောနေတာ မဟုတ်ဘူး၊ ငါတကယ် ကို အသည်းထဲ နှလုံးထဲက နှစ်နှစ်ကာကာ ချစ်ကိုမချစ်မိ သေးတာပါ၊ ငါ ကိုရာဇာ့ကို ခေါင်းညိတ်ခဲ့ပြီးလည်း သူ့ ကို သတိရ တမ်းတမနေဘူး၊ လွမ်းမနေဘူး၊ သူ နေမ ကောင်းတာကို စိတ်မကောင်းဘူး ဒီလောက်ပဲ အဲဒါအမှန် ပါဟာ"

"အဲလို ပြောပေးတာ ကျေးဇူးတင်ပါတယ်ဟာ"

"ငါ အမှန်အတိုင်း ပြောနေတာပါ အလွမ်းရာ"





"ဘာပဲဖြစ်ဖြစ် နင်လည်း အစ်ကို့ကို ချစ်ခဲ့ဖူးတယ်လို့ ငါ ထင်နေ ယုံနေရင်းနဲ့ကို အစ်ကို့ကိုချစ်တဲ့စိတ်ကို ငါမရပ် နိုင်ခဲ့ဘူး ချမ်း၊ ငါ သူ့ကိုသိပ်ချစ်တယ်၊ သနားလည်း သနားတယ်၊ ငါသေရမှာ မကြောက်ဘူး ချမ်း၊ သူ့ကိုထား ခဲ့ရမှာ သနားတယ်"

အလွမ်းရဲ့မျက်ဝန်းအိမ် ထောင့်စွန်းနှစ်ဖက်မှ မျက် ရည်ကြောင်းလေး စီးကျလာလျှင် ချမ်းမြေ့သည် ပခုံးလေး တဆတ် ဆတ်တုန်ကာ နှုတ်ခမ်းနာနာဖိကိုက်၍ ငိုမိလေပြီ။

"သူ့ကိုလေ သူ့အဖြစ်သူ မယုံနိုင်ဘဲ ပေါက်ကွဲကြေကွဲနေ တဲ့ ပထမဆုံး မြင်မြင်ချင်းမှာတင် သိပ်သနားပြီး သိပ်ချစ် မိခဲ့တယ်၊ သူ့အပေါ် ငါ့လောက် ကိုယ်ချင်းစာနိုင်သူ ဘယ်မှာရှိပါ့မလဲ ချမ်း၊ ငါကိုယ်တိုင် လ,ပေါင်းများစွာ ကြိုးစားဆောက်တည်ပြီး တည်ငြိမ်မှုကို မွေးယူခဲ့ရတာပဲ၊ ငါ့ကိုယ်ငါ ဆောက်တည်နိုင် တည်ငြိမ်နိုင်လာတဲ့အချိန်မှာ ခုမှ သိသိချင်း ဆောက်တည်ရာမရ ဖြစ်နေတဲ့ သူ့ကိုတွေ့ ရတာ ငါ သနားလိုက်တာဟာ ...

သူ့ကို ဖြေသိမ့်နိုင်စေချင်တယ်၊ သူ့ကို အားပေးချင် တယ်၊ သူ ပြုံးလာတာမြင်ရရင် ငါ အရမ်းဝမ်းသာတာပဲ၊ အရမ်းကြည်နူးတာပဲ၊ ငါလေ သူ့ကို သိပ်ချစ်လွန်းလို့ သူ့ကိုတောင် အရင်ထွက်ခွာသွားရစေချင်မိတယ်၊ သွားရတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူက ပြီးဆုံးသွားတာလေ အားလုံးချုပ်ငြိမ်းသွားတာလေ၊ ကျန်ခဲ့ရတဲ့သူက တောက်လောင်ပြီး ကျန်ခဲ့ရမှာလေ ...

မာမီ့ကို ဒက်ဒီ့ကို နင့်ကို ကလေးတွေကို ထားခဲ့ရမှာ ငါကြေကွဲတာထက်ကို သူ့ကို ပိုသနားတယ်၊ ဘာလို့လဲဆိုတော့ သူက အခု ငါခံစားရသလို မကြာခင် ခံစားရတော့မယ့်သူမို့ပါ"

ချမ်းမြေ့သည် မျက်ရည်တွေ သုတ်မနိုင်အောင်ဖြစ်ကာ ဝတ်ထားတဲ့ဂါဝန်ပေါ် တပေါက်ပေါက် ပြုတ်ကျနေတဲ့အတိုင်းသာ ထားရတော့သည်။ မျက်ရည်သုတ်ရလွန်း၍ မျက်ခွံတွေကျိန်းစပ်လှပြီမို့ပါ။

"သူနဲ့စကားပြောတိုင်း ငါ သေခြင်းတရားကို ဘယ်တော့မှ ရှောင်လွှဲမပြောခဲ့ဘူး၊ မကြာခင် သေရမယ်ဆိုတာကို တည်တည်ငြိမ်ငြိမ် လက်ခံနိုင်လာအောင် ရိုးလာအောင် ငါအမြဲပြောခဲ့တယ်၊ မလွဲမသွေ လက်ခံရမယ့် အမှန်တစ်ခုကို တည်တည်ငြိမ်ငြိမ် လက်ခံနိုင် ရင်ဆိုင်နိုင်တာကမှ သတ္တိတစ်ခုကို မွေးဖွားပေးမှာလို့ ငါယုံတယ် ...

အခုလည်း အဲလိုပဲ ချမ်း ...

ငါ့အခြေအနေကို သူ့ဆီမှာ ငါ ဖုံးမထားချင်ဘူး၊ သူနဲ့ ငါတစ်ယောက်မျက်နှာ တစ်ယောက် နောက်ဆုံးမြင်ခွင့်ရမသွားတော့ပဲနဲ့လည်း ငါ သူ့ကို ထားမသွားချင်ဘူး၊





အဲဒါက သူ့ကို ပိုနာကျင်စေလိမ့်မယ်၊ ငါ သူ့ကိုနှုတ်ဆက်ချင်တယ်၊ သူ့ရှေ့မှာ ငါ အပြုံးမပျက်ဘဲ နောက်ဆုံးထွက်သက်ကို ရှူရှိုက်သွားချင်တယ် ...

ဒါပေမဲ့ မပြောရက်ဘူး၊ ငါ မပြုံးနိုင်မှာ ကြောက်တယ်၊ ငါ မျက်ရည်ကျမိမှာ ကြောက်တယ်၊ ငါ ဘာလုပ်ရမလဲ ချမ်းရယ်၊ ငါ ဘယ်လိုလုပ်ရမလဲဟင်"

"........."

မဖြေနိုင်ပါ။

မဖြေတတ်ပါ။ ချမ်းမြေ့သည် တသိမ့်သိမ့်သာ အသံတိတ် ငိုနေမိလျက်သား။ အလွမ်းကို သနားသည်။ ချစ်သည်။ ဆယ့်ငါးနှစ်ကျော် ခပ်စိမ်းစိမ်း နေခဲ့ကြပါလျက် ရင်ထဲပျိုးထောင်ပြည့်ပင်လျက်ရှိသော ချစ်ခြင်းသံယောဇဉ်သည် အလွမ်း ဗိုက်ခွဲကာ အူအစိတ်အပိုင်းတချို့ ဖြတ်တောက်ထုတ်ပယ်ရပြီး ဆေးရုံက ဆင်းလာရတဲ့နောက် အလွမ်းရဲ့အူမှာ နောက်ဆုံးဆင့် စွဲကပ်ဖြင်မာနေသော ကင်ဆာဆဲလ်များ ပျံ့နှံ့နေပြီကို သိရပြီးတဲ့နောက် ထိန်းသိမ်းမရအုံကြွကာ တစ်နေကုန် နှစ်ရက်ဆက်တိုက် အခန်းပိတ်၍ ငိုနေမိခဲ့လေသည်။

သူ ဒီလိုဖြစ်နေတာကို အလွမ်းက အရင်သိသွားပြီး သူ့အခန်းတံခါးကို အရင်လာခေါက်ခဲ့တာ။ ငိုနေတဲ့ သူမကို အလွမ်းက ကျပ်ကျပ်ထွေးဖက်ကာ နှစ်ဦးအတူတကွ ငိုကြွေးခဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြရတာ။ အဲဒီအချိန်ကစလို့ အလွမ်းကိုချစ်ဖို့ အလိုလိုက်ဖို့ စိုက်ဖို့ အလွမ်းပျော်အောင်ထားဖို့သာ ချမ်းမြေ့ အချိန်တိုင်း စိတ်ထဲမှာရှိသည်။

ခုလည်း အလွမ်း စိတ်ချမ်းသာစေချင်သည်။ အလွမ်းဆန္ဒ မှန်သမျှ ပြည့်ဝစေချင်သည်။ ဖြည့်လည်း ဖြည့်ဆည်းပေးချင်ပါသည်။ သို့ပေမဲ့ ဘယ်ဟာသည် အလွမ်းအတွက် ကောင်းမယ် စိတ်သက်သာရာ ရစေမလဲဆိုတာတော့ ချမ်းမြေ့ မဝေခွဲနိုင်။

"ငါ အစ်ကို့ကို တွေ့ချင်ပါသေးတယ်"

"နင် တကယ်တွေ့ချင်တာလား အလွမ်း၊ တကယ်ပဲတွေ့ရလို့ နင်စိတ်ချမ်းသာမှာဆိုရင် ငါ ဖြစ်နိုင်အောင် ကြိုးစားပေးမှာပေါ့၊ မာမီ့ကို ပြောပေးရမလား သူ့အိမ်ကိုတောင် ပန်ပေးရမလား၊ ဘာပဲလုပ်ပေးရ လုပ်ပေးရပါ့ဟာ"

"မငိုပါနဲ့ ချမ်းရယ်"

"နင် စိတ်ချမ်းသာရင် ပြီးရော၊ နင် ပျော်ရင် ပြီးရော"

"နင် ငါ့ကိုချစ်တာ ငါသိပါတယ်"

"........"

"ချမ်း"

"ဟင်"

"ငါ အမြဲရေးတဲ့ ဒိုင်ယာရီစာအုပ်ရှိတယ်"

"နင်ရေးရေးနေတာ ငါတွေ့ပါတယ်"





"အနည်းဆုံးတော့ အချိန်မမီတော့ရင်တောင် ငါရေးထားတဲ့စာအုပ်ကို အစ်ကို့ကို ပေးဖတ်ချင်တယ် သိလား၊ ဟိုးရှေ့ပိုင်းတုန်းက ကိုယ့်ကိုယ်ကိုယ် ဆုံးမဆောက်တည်တဲ့စာတွေ၊ သူနဲ့ဆုံတွေ့ပြီးကတည်းက သူနဲ့ပတ်သက်တာတွေချည်းပဲ၊ သူ့ကိုသိလည်း သိစေချင်တယ် သိပြီးတဲ့အခါ သူ သိပ်ခံစားရမလားလို့လည်း ငါစိုးရိမ်တယ် ...

တကယ်လို့များ ငါနဲ့ အစ်ကို နောက်ဆုံးတစ်ကြိမ်တွေ့ဖို့ အခွင့်မသာဘဲ ငါ ထွက်သွားခဲ့ရရင် ငါ ဒီစာအုပ်ကို နင့်ကိုအပ်ခဲ့ပါတယ်၊ သူ့အတွက်လည်း စဉ်းစားပြီး နင် ကောင်းမယ်ထင်သလို လုပ်ပေးပါ ချမ်း"

အလွမ်းရယ် ...

ငါ ဘာလုပ်ရမှာလဲ၊ ငါ မဆုံးဖြတ်တတ်ပါဘူး။

ဖြစ်များ ဖြစ်နိုင်ရင် ခုချက်ချင်းတောင် ကိုရိုးရာကို ခေါ်ပြီး အလွမ်းနား ပို့ပေးချင်သည်။ ဟိုတစ်ဖက်က ဘာမှ အကြောင်းစုံမသိတဲ့ သူသည်လည်းပဲ အလွမ်း သူ့အနားက ပျောက်ကွယ်နေတာအပေါ် အလူးအလဲ ခံစားနေရတာ ချမ်းမြေ့ အသိဆုံးပဲ မဟုတ်လား။

"အခုမှ ငါ တွေးမိတယ်"

"........"



www.burmeseclassic.com

www.burmeseclassic.com



"အစကတည်းက သူ့အနား သွားနေပြီး သူ့ကိုစိတ်ဓာတ်တွေ ပြန်တက်လာအောင် စိတ်အပြောင်းအလဲဖြစ်အောင် စိတ်တည်ငြိမ်လာနိုင်အောင် ရင်ဆိုင်ဖို့ သတ္တိရှိလာအောင် ငါ သွားမပတ်သက်ခဲ့မိရင် ကောင်းမလား်လို့လေ"

"နင် စေတနာမေတ္တာ အပြည့်နဲ့ လုပ်ပေးခဲ့တာပဲ အလွမ်းရယ်"

"ငါဆိုတာ သူ့ဘဝထဲ ရောက်မလာခဲ့ရင် ငါထွက်သွားတာဟာလည်း သူ့အတွက် ဆုံးရှုံးမှုမဖြစ်တော့ဘူး မဟုတ်လား"

"နင်တို့ချင်း ချစ်ခင်နားလည် ဖေးမပြီး သံယောဇဉ်ဖြစ်ခဲ့ရတဲ့ အချိန်ကာလလေးက ဘယ်လောက်ပဲ တိုတောင်းတိုတောင်း အဲဒီအချိန်လေးမျိုးကို နင်ရော ကိုရိုးရာရော အတူတူ ပိုင်ခဲ့ဖူးတာက အမြတ်ပဲ မဟုတ်လား အလွမ်း"

"ဟုတ်လား ချမ်း"

"ဟုတ်တယ် ... အဲဒါ အမြတ်ပဲ၊ နင်တို့ရဲ့ အရှုံးထဲက အမြတ်လို့ စဉ်းစားပါ"

"အရှုံး ! ဟုတ်လား ! "

"ဟင့်အင်း ... မဟုတ်ဘူး၊ ငါ အဲလို ဆိုလိုတာ မဟုတ်ဘူး"

"ငါတို့နှစ်ယောက်လုံး သေလူဖြစ်နေခဲ့တာ၊ ၁ အရှုံးဆိုရင် အဲဒီအရှုံးကြောင့် ငါတို့ ဆုံစည်းခဲ့ရတာ၊ အဲဒီအရှုံးကိုလည်း





ငါ ချစ်ပါတယ်၊ အဲဒီအရှုံးသာ မရှိခဲ့ရင် ငါတို့ရဲ့သံယောဇဉ်တွေ နားလည်မှုတွေ အကြင်နာတရားတွေ ပိုင်ဆိုင်ခဲ့ရတဲ့ အချိန်လေးတွေ အားလုံးပေါင်းထားတဲ့ "အမြတ်"ကိုလည်း ငါတို့ရမှာ မဟုတ်တော့ဘူးလေ ...

နောက်ဆုံးအချိန်တွေမှာ ငါ မြတ်မြတ်နိုးနိုး ချစ်တဲ့ ချစ်သူတစ်ယောက်ကို ရှာဖွေတွေ့ရှိခဲ့တဲ့အတွက် ဒီအချိန်တွေကို ငါ ဘယ်တော့မှ တန်ဖိုးမဖြတ်နိုင်ဘူး သိလား ချမ်း၊ နောက်ဘဝကိုအထိ မက်မက်မောမော ငါသယ်ယူသွားဦးမှာပါ"

အလွမ်းရေ ...။

တော်ပါတော့ အလွမ်းရေ။ သေးလူအဖြစ်နဲ့တောင် ခံစားနိုင်စွမ်းမရှိတော့လို့ပါ အလွမ်းရယ်။ နောင်ဘဝဆိုတာတွေများ ဘကယ်ရှိခဲ့ရင် နင် ဘယ်တော့မှ ဒီလိုမကြုံကြိုက် မခံစားရပါစေနဲ့တော့။ ချစ်တဲ့သူနဲ့ နင် ဘဝတိုင်း ဆုံစည်းပါစေဟာ။ နင် အမြဲစိတ်ချမ်းသာပါစေ။ အမြဲ ပျော်ရွှင်ပါစေ။ အမြဲ ပြီးပြည့်စုံပါစေ။

ချမ်းမြေ့က ပါးစပ်ကို လက်ဝါးလေးနှင့် ဖိအုပ်ကာ ခုရင်းမ်ဘက်ဒ်လက်တန်းပေါ် နဖူးမှီ၍ တသိမ့်သိမ့် ငိုရှိုက်နေမိသျှင် အလွမ်းလက်လေးတစ်ဖက်က ချမ်းမြေ့ဆံပင်လေးများကို ကြင်ကြင်နာနာ ပွတ်သပ်ပေးကာ နေလေသည်။

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

"နုနုရယ် ဒီမနက်မှ ချမ်းမြေ့ ဖုန်းဆက်လို့ သိရတယ်"

မျက်ရည်တွေ စီးဆင်းကျလာသော ဒေါ်ယဉ်ယဉ်ကို ဒေါ်နုနုငယ်က လက်မောင်းလေး အသာအယာ ပွတ်ပေးလိုက်ရင်း ...

"မယဉ် အိမ်ပြန်နားလိုက်ပါ၊ ပြန်ပါ၊ မယဉ် နှစ်မျိုးခံစားရမှာ နားလည်တယ်၊ မလာဘဲနေရောပေါ့ မယဉ်ရယ်"

"မလာဘဲ နေနိုင်ပါ့မလား နုရယ်"

"မနေ့က ဆေးရုံခေါ်လာရတယ်၊ အိမ်မှာထားဖို့ မသင့်တော့ဘူးလေ၊ အလွမ်းက စိတ်သိပ်ဆောင်လို့ စိတ်သိပ်ခိုင်လို့သာ ခုလောက်ထိတောင် သူ့ကို အိမ်မှာပဲ ထားနိုင်ခဲ့တာ။ ခုတော့ ဆရာဝန်က အချိန်မရွေး အရေးပေါ်ဖြစ်နိုင်လို့ ဆေးရုံရွှေ့ပါတော့ဆိုလို့ ဆေးရုံတင်ထားလိုက်ရတာပါ။





သမီးလေးက ကုသိုလ်ကံနည်းလို့ ဒီလောက်ပဲ နေခွင့်ရပေမယ့် သူနေခွင့်ရသလောက် သူနေရကျိုးနပ်ရှာပါတယ်၊ လူကြီးလေးလို ဖြေတတ်တယ်၊ ဒီအချိန်မှာ သူနှောင်ကြိုးတွေ စိတ်မပြတ်မှာစိုးလို့ နုလည်း မျက်ရည်မကျအောင် ကြိုးစားနေပါတယ်၊ သတ္တဝါတစ်ခု ကံတစ်ခုလို့ပဲ ဖြေရမှာမဟုတ်လား မယဉ်ရယ်"

မကြာခင်သော တစ်ချိန်မှာ သူ ကြုံကြိုက်ရတော့မယ့် ခြအနေတစ်ခုလို့ စဉ်းစားမိလေ ဒေါ်ယဉ်ယဉ် ဆို့နစ်ဖြေသိမ့်လေ။

"စပယ်လည်း မေမေ့ကို နေခဲ့ဖို့ ပြောပါတယ် အန်တီ၊ မေမေက မနေခဲ့ပါရစေနဲ့ ဆိုလို့ပါ"

"မေမေ့ကို ပြန်ခေါ်သွားလိုက်ပါ စပယ်ရယ်၊ သမီးလည်း ပြန်နော်၊ သမီးတို့ကို အလွမ်းလည်း မြင်ရ နှုတ်ဆက်ရပြီပဲ၊ ကြာကြာမနေနဲ့တော့နော်၊ မယဉ် အိမ်ပြန်နားလိုက်နေကောင်းအောင် နေဦးနော်"

ဒေါ်နုနုငယ်ကပင်လျှင် တစ်ပြန်စီး ဖျောင်းဖျနေရသည်။ ဒေါ်ယဉ်ယဉ် တစ်ယောက် ဖြေမဆည်နိုင်အောင် ဖြစ်ရှာပါသည်။ ရိုးရာအကြောင်း သိခဲ့ကြကတည်းက အလွမ်းလေးတိုဝင်ထွက်ကာ ရိုးရာကို မေးမအဖော်ပြုဖို့ သူတို့ဘက်က



www.burmeseclassic.com

www.burmeseclassic.com



စ,ကမ်းလှမ်းကတည်းက အလွမ်းရဲ့အကြောင်း အလွမ်းရဲ့အခြေ အနေကို ဒေါ်နုနုငယ်က ဒေါ်ယဉ်ယဉ်တို့ မိသားတစ်စုလုံးအား ဖွင့်ပြောပြခဲ့ပါသည်။ အားလုံး အံ့အားတသင့် ဖြစ်ကြရလျှက် ရီးရာရဲ့အဖေက အရင်ဆုံး ခေါင်းညိတ်သဘောတူလိုက်တာ။ အဲဒီကတည်းက တည်ငြိမ်နိုင်လွန်းကြတဲ့ အလွမ်းတို့သားအမိအား ဒေါ်ယဉ်ယဉ်ရော စပယ်ပါ မယုံနိုင်အောင် အံ့ဩချီးကျူးခဲ့မိတာ ပါ။

"အန်တီ … စပယ်လေ ရီးရာကို ပြောသင့် မပြောသင့် ဆိုတာ ခေါင်းပူလောက်အောင် စဉ်းစားနေမိတယ်၊ အန်တီ ဘယ်လိုသဘောရပါသလဲ၊ အန်တီ့ဆန္ဒကို ပြောပါဦးနော်"

"အန်တီက လာစေချင်တယ် မလာစေချင်ဘူး၊ သိစေချင် တယ် မသိစေချင်ဘူး ဘာမှ ဆန္ဒအထူး မရှိပါဘူး စပယ်၊ ရီးရာရဲ့အခြေအနေကို ကြည့်ပြီးတော့သာ အဆင်ပြေသလို ဆုံးဖြတ်ပါ၊ သမီးလေး အလွမ်းက အန်တီ့ကို ဘာမှမပြော ပေမယ့် ချမ်းမြေ့က ပြောတော့ အလွမ်းက တွေ့ချင်နေ ရှိတယ်လို့တော့ ပြောပါတယ်၊ ဒါပေမဲ့ ခုချိန်မှာ အလွမ်း သတိဝင်တစ်ချက် သတိမဝင်တစ်ချက်ဆိုတော့ အလွမ်း ကို ဦးစားမပေးပါနဲ့တော့၊ ရီးရာ အဆင်ပြေဖို့ပဲ ကြည့်ပါ"

"သမီး ရီးရာကို ပြောချင်တယ်"





"ဖြစ်ပါ့မလား သမီးရယ်၊ သမီးမောင် ခံနိုင်ရည်ရှိပါ့မလား ဟင်"

"မေမေရယ် … မေမေ စဉ်းစားကြည့်ဦး၊ ဒီအခြေအနေကို မှ စပယ်တို့ ဖုံးထားကြရင် မောင်လေး ပိုခံစားရမယ်၊ အရမ်းစိတ်ဆိုး စိတ်နာလိမ့်မယ်၊ သူက ဒီအခြေအနေမပြော နဲ့ ဘာတစ်ခုမှကို သိမထားတဲ့သူလေ၊ အလွမ်းက ဒီလို ပါလားဆိုတာလည်း သူ မသိဘူး၊ အလွမ်း နီမိုဆေးသွင်း လို့ ဆေးရုံတက်ရတဲ့ရက်တွေဆို မအားဘူး ဘာဘူးပဲ အကြောင်းပြခဲ့တယ်၊ တစွန်းတစလေးတောင် ရိပ်မိခဲ့တာ မဟုတ်ဘူး …

သူ အလွမ်းကို မတွေ့လိုက်ရရင် သမီးတို့တွေကို အရမ်းစိတ်နာလိမ့်မယ် မေမေ၊ မောင်လေး အလွမ်းကို ဘယ်လောက်သံယောဇဉ်ကြီးလဲ၊ ဘယ်လောက်ချစ်ခင်သလဲ မေမေလည်း အသိဆုံးပဲလေ"

"ဘယ်လိုလုပ်ရင် ကောင်းမလဲ မတွေးတတ်တော့ပါဘူး ကွယ်"

"ပြောမှဖြစ်မယ် မေမေ၊ ပြောကိုပြောပြမှ ရမယ်၊ မပြော ရင် စပယ်တို့ မတရားရာကျမယ်"

"ပြောမယ်ဆိုတောင် ဘယ်ကစပြီး ဘယ်လိုပြောမလဲ သမီး၊ မေမေ့ပါးစပ်က ထွက်တောင်မထွက်ရဲ မထွက်ရက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"စပယ်လည်း မပြောရက်ဘူး မေမေ၊ ဘယ်ကစ,ပြောရမယ် မသိဘူး"

အလွမ်းရဲ့ အခန်းပြင်မှာ ထွက်စကားပြောနေကြတာ ဖြစ်၍ မလှမ်းမကမ်းလေးမှာ နံရံကိုမှီပိုင်ကာ ရပ်နေသော ချမ်းမြေ့က ...

"လိုအပ်ရင် ချမ်း ပြောပေးပါ့မယ် မမစပယ်"

"ဟင် ... ညီမလေး ပြောပေးမလား"

"ဟုတ်ကဲ့ ... ပြောပေးဖို့ အဆင်ပြေမှာ ချမ်းပဲရှိမလား လို့ပါ"

"ပြောပေးရင်တော့ ကျေးဇူးတင်ပါတယ် ချမ်းမြေ့ရယ် သူ့ကို နားခံသာအောင် ပြီးတော့ သိပ်မပေါက်ကွဲမသွားအောင်၊ သက်သောင့်သက်သာ အဖြစ်ဆုံး ကြည့်ပြောပေးပါ ညီမလေးရယ်"

"မာမီ ... ချမ်း အခုပဲ မမစပယ်တို့အိမ် လိုက်သွားလိုက်မယ်နော်"

"လိုက်သွားလေ သမီး"

စပယ်တို့အပြန်မှာ ကားပေါ် ချမ်းမြေ့ ပါလာခဲ့ပါသည်။ အလွမ်းကလည်း ချမ်းမြေ့ကို ပြောပေးစေချင်တဲ့ ဆန္ဒမျိုး ရှိခဲ့တာ သိထား၍သာပင်။ တကယ်တမ်း နှုတ်ကထွက်ရမှာ ဝန်လေးပင်ပန်း စိတ်ဆင်းရဲလှသည်။ ချမ်းမြေ့ လွယ်ထားတဲ့အိတ်





လေးထဲမှာတော့ အလွမ်းရဲ့ဒိုင်ယာရီစာအုပ်လေးပါ ငြိမ်သက်စွာ ပါလာပါသည်။

ချမ်းမြေ့တို့ အိမ်ရောက်ချိန်တွင် ရိုးရာက ထမင်းစားပွဲမှာ ထမင်းစားနေပါသည်။ မင်းထိုက် ရောက်နေကာ အနားမှာ အတူရှိနေ၍ ချမ်းမြေ့ နည်းနည်းအားတက်သလို ရှိရသည်။ ဒေါ်ယဉ်ယဉ်နှင့် မမစပယ်တို့ကတော့ ငိုထားတာ သိသာလှတဲ့ မျက်နှာတို့ကို ရိုးရာ မြင်မှာလည်းစိုး ဒီစကားတွေ ပြောဆိုစဉ်မှာလည်း အနားမှာ မရပ်တည်နေချင်သော ဝမ်းနည်းမှုတို့နှင့် ကိုယ့်အခန်းကိုယ် အလျှိုလျှို ဝင်ရောက်ကုန်ကြပါသည်။

"ချမ်းမြေ့ ဘယ်က ရောက်လာတာလဲ"

"အန်တီတို့နဲ့ ပါလာတာပါ ကိုရိုးရာ"

"ဟင် ... မေမေတို့နဲ့ ဘယ်မှာဆုံလာလဲ"

"ဟို ... ဆေးရုံမှာပါ"

"ဩော် ... မေမေတို့က ဆေးရုံသွားကြတာလား၊ ဘယ်ကိုလို့ ပြောမသွားလို့ မကြည်တို့ကိုတောင် မေးမရဖြစ်နေတာ၊ ကြည့်ရတာ ကျွန်တော် ခီမိုသွင်းရဖို့ ရက်များနီးပြန်ပြီလား မသိဘူး၊ အဲဒီကိစ္စ သွားကြတယ် ထင်ပါရဲ့"

ရိုးရာ မျက်နှာကချောင်ကာ ပါးရိုးအနည်းငယ်ပေါ်နေသည်။ ခီမိုတွေ သွင်းလာရတဲ့ အကြိမ်အရေအတွက်ကြောင့် ရိုးရာ ကိုယ်တိုင်လည်း ဆေးဒဏ်နှင့် ဆံပင်တွေတောင် အနည်း



www.burmeseclassic.com

www.burmeseclassic.com



ငယ် ပါးလျှော့စပြုပြီ။ ချမ်းမြေ့ ရင်နာနာနှင့် ရိုးရာကို ငေးကြည့်မိပါသည်။ မင်းထိုက်က ချမ်းမြေ့ကို အကဲခတ်ကာ ...

"ချမ်းမြေ့ မျက်နှာသိပ်မကောင်းပါလား၊ လာ ... ထိုင်လေ၊ ခုပဲ ဒီကောင် ပြောနေတာ၊ ခုတလော ချမ်းမြေ့လာလာ စကားပြောပေးနေတာတဲ့"

"ဟုတ်ကဲ့"

ရိုးရာက ထမင်းလက်စသတ်ကာ ရေဖန်ခွက်ယူသောက်ရင်း ...

"ချမ်းမြေ့ တစ်ခုခု ဖြစ်လို့လားဟင်။ နေကောင်းရဲ့လား၊ မျက်နှာတွေကျနေပါလားဗျာ"

"ချမ်း နေကောင်းပါတယ် ကိုရိုးရာ"

"ဘာဖြစ်လို့လဲဟင်၊ ချမ်းမြေ့ တစ်ခုခု ပြောစရာရှိသလိုပဲ"

"ကိုရိုးရာ ထမင်းစားပြီးပြီလား"

"ပြီးပြီလေ"

"ချမ်းမြေ့ စကားနည်းနည်းလေး ပြောချင်လို့ပါ"

"ပြောလေ ချမ်းမြေ့၊ စကားနိဒါန်းခံနေစရာ မလိုပါဘူးဗျာ"

ချမ်းမြေ့က ရိုးရာကိုတစ်ချက် မင်းထိုက်ထံတစ်ချက် ကြည့်လိုက်ပြီး မျက်လွှာလေးချလိုက်ကာ ...

"ကိုရိုးရာ ... ချမ်းမြေ့က အလွှမ်းနဲ့ ညီအစ်မပါ"





"ဗျာ"

"ချမ်းမြေ့က ဒက်ဒီ့သမီး၊ အလွှမ်းက မာမီ့သမီး၊ အဲသလို ညီအစ်မ တော်ကြတာပါ"

"ဟင်"

ရိုးရာရော မင်းထိုက်ပါ အံ့အားသင့်နေမိကြပါသည်။

"ဘာ ... ဘာဖြစ်လို့ အဲဒါကို ဖုံးထားကြတာလဲ၊ ဘာဖြစ်လို့လဲ၊ ဘာကိစ္စကြောင့်လဲ"

"ပထမက ဖုံးထားတာ မဟုတ်ပါဘူး ကိုရိုးရာ၊ ချမ်းမြေ့နဲ့ ကိုရိုးရာ သီးသန့်သိကျွမ်းခင်မင်မှုကို အလွှမ်း မသိသလို အလွှမ်း သွားသွားပြီး အဖော်လုပ်ပေးနေတဲ့ နေမကောင်းတဲ့ ယောကျ်ားလေးတစ်ယောက်ဟာ ကိုရိုးရာမှန်း ချမ်းမြေ့ မသိခဲ့ပါဘူး။ ကိုရိုးရာ UFL မှာ ချမ်းမြေ့ကို အလွှမ်းနဲ့ တူတူ လာကြည့်တဲ့နေ့ကမှ အလွှမ်းက စ,သိသွားပြီး ချမ်းမြေ့ကို ပြောပြတာပါ"

ရိုးရာရဲ့မျက်လုံးများက ရှုးရဲတောက်လက်လာကာ [illegible]နေတဲ့ စကားတွေနောက်မှာ အရေးတကြီး စကားတစ်ခွန်းလာ[illegible]မှာကို ကြိုရိပ်မိလာသော အကြည့်နှင့် ချမ်းမြေ့ကို စိုက်ကြည့်နေပါသည်။

"အ ... အခု ... ကို ... ကိုရိုးရာကို ချမ်း ... ချမ်းမြေ့ အလွှမ်းရဲ့ဒိုင်ယာရီလေး ပေးဖတ်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အလွမ်းရဲ့ ဒိုင်ယာရီ ! "

"ဟုတ် ..."

ရီးရာ မျက်နှာက ဖော်မပြတတ်အောင် ထိတ်လန့်စရာ စိုးရိမ်စရာ ကောင်းလှသော နာကျင်ကြေမွမှုနှင့် ပျက်ယွင်းသွားကာ ထိုင်ရာမှ ချည့်နဲ့ယိမ်းယိုင်စွာ ထရပ်လိုက်ပါသည်။

"အလွမ်း ဘာဖြစ်လဲ၊ အလွမ်း အခု ဘယ်မှာလဲ ချမ်းမြေ့"

"အ ... အလွမ်း ..."

"အလွမ်း ... ဘာဖြစ်လဲ"

ဟိန်းခနဲ ဟစ်အော်လိုက်သော ရီးရာအသံနောက်တွင် ချမ်းမြေ့ မျက်ဝန်းမှ မျက်ရည်တို့ ပိုးပိုးပေါက်ပေါက် အလုအယက် ပြုတ်ကျရင်း ...

"အ ... အလွမ်း ... ရှိ ... ရှိပါတယ်၊ အလွမ်းက ရှင့်ကို သူ့ဒိုင်ယာရီလေး ဖတ်ရစေချင်တယ် ကိုရီးရာ"

ချမ်းမြေ့က တုန်တုန်ရီရီ ထုတ်ယူလိုက်သော ဒိုင်ယာရီစာအုပ်ကို ရီးရာက ဖျတ်ခနဲ ဆွဲလုယူလိုက်ပါသည်။

✻ ❖ ✻





"ခေါင်းဖြီးလိုက်တိုင်း အထွေးလိုက် ကျွတ်ပါလာတတ်တဲ့ ဆံပင်တွေကို ငါကြောက်တယ်၊ တဖြည်းဖြည်းနဲ့ ဘိုကေသာသာပဲ ကျန်တော့တဲ့ ဆံပင်တွေကို ဖွက်ထားဖို့ ဦးထုပ်ကလေးတွေ ဒီနေ့ ဝယ်ခဲ့တယ် ...၊

မနှစ်က ထူမည်းအုပ်ခဲနေတဲ့ ငါ့ဆံပင်တွေ ဘယ်ရောက်ကုန်တာလဲ ...၊

နောက်ဆုံး ဆံပင်ညှပ်ခဲ့တဲ့နေ့ (၇–၁၁–၂၀၁၁)တနင်္လာနေ့ အဲဒီနောက်မှာ ငါ တစ်ခါမှ ဆံပင်မညှပ်ရတော့ဘူး ...

................ "

✻ ❖ ✻

"ဗိုက်ထပ်မခွဲပါရစေနဲ့တော့ ... မာမိ ...

မလိုအပ်တော့ဘူး မဟုတ်လား ...

ထူးလည်း မထူးတော့ပါဘူး မဟုတ်လား ...

................ "

✻ ❖ ✻



www.burmeseclassic.com

www.burmeseclassic.com



"ဘဘကြီး ဦးအောင်မြင့်နဲ့တူတူ မိဘမဲ့ဂေဟာမှာ အလှူလာလုပ်တယ် ...

ဘဘကြီးကပြောတယ် ... သမီး ကံကောင်းတယ်၊ မိဘတွေရှိတယ်တဲ့ ...

ဟုတ်တယ် ... ငါ ကံကောင်းတယ်၊ ငါ့မှာ မာမီရှိတယ် ဒက်ဒီလည်းရှိတယ် ...

ချမ်းမြေ့ရှိတယ် ... မိုးဥရှိတယ် ... ဘုံဘုံရှိတယ် ...

သူတို့အားလုံး ငါ့ကိုချစ်ကြတယ် ...၊ ငါ့လောက်ကံကောင်းတဲ့သူရှိလား ... ဟား ဟား"

❋ ❖ ❋

"ပထမတော့ သူ့ကိုကြောက်တယ်၊ နောက်တော့ နာကျင်နေတဲ့ သူ့မျက်လုံးတွေကို သနားတယ်၊ ဘာကြောင့်တစ်ခါတည်း အသေတိုက်မသတ်လိုက်တာလဲတဲ့ ...

လူဆိုတာ ကိုယ်သေချင်တိုင်းလည်း မဆိုင်းမတွ သေလို့ရတာမှ မဟုတ်တာလား အစ်ကို ...

အစ်ကို ဘယ်လိုခံစားနေရမယ်ဆိုတာ အလွမ်းရင်နဲ့အမျှ နှလုံးသားနဲ့အမျှ ...

နားလည်တယ် ... 'အလွမ်း ခံစားဖူးတယ်လေ အစ်ကို"

❋ ❖ ❋





"မမစပယ် လျှောက်ပြောတာ ရယ်ရတယ် ...

စိတ်ဓာတ်မြင့်တင်ရေးနဲ့ ပြန်လည်ထူထောင်ရေးသင်တန်းတက်ထားတာတဲ့ ...

အစ်ကိုက ဘာကြီးတွေလဲဆိုတော့ အလွမ်းတောင် ရယ်ချင်မိတယ် ...

ဟုတ်ပါရဲ့ ... ဘာကြီးတွေလဲနော် ...

သေရမှာ ကြောက်နေတယ်လို့ သူ့ကို စွပ်စွဲလို့ အစ်ကို ဒေါသတွေ ထွက်နေလိုက်တာ ...

အစ်ကိုက သနားဖို့လည်း ကောင်းတယ်၊ ချစ်ဖို့လည်း ကောင်းလိုက်တာ"

❋ ❖ ❋

"မင်းဘဝမှာ ဆုံးရှုံးမှုဆိုတာမျိုးကို ကြုံဖူးရဲ့လားတဲ့ ...

စိတ်ဓာတ်တွေ စုတ်ပြတ်ကျဆင်းဖူးသလားတဲ့ ...

ဘယ်လိုများ မေးလိုက်ပါလိမ့် အစ်ကိုရယ် ...

အစ်ကို အလွမ်းကို ဘယ်လိုပဲပြောပြော ငေါက်ငေါက်အော်အော်ပါ ...

ဒီနေ့ အစ်ကို ထမင်းစားဝင်တယ် ... အလွမ်း ကျေနပ်တယ် အစ်ကို ...

❋ ❖ ❋



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်မှာ တင်းတင်းကျပ်ကျပ် ပိုက်ထားမိတဲ့ ဒိုင်ယာရီစာအုပ်ကို သူ ဆုံးအောင်မဖတ်နိုင်ခဲ့ပါ။ လောကကြီးဟာ သူ့ကို ဤမျှအထိတ်တလန့် ဖောက်ထိုးမိုးမျှော် ကလူကျီစယ် ပြက်ရယ်ပြုလိမ့်မည်လို့ သူ ဘယ်လိုမှ မတွေးခဲ့မိပါလား။

ဒီလောက် လ,ပေါင်းများစွာ အတူအနီးကပ်တွေ့ ဆုံစကားတွေ ပြောဆိုနေခဲ့ပါလျက် သူ နည်းနည်းကလေးမှကို မရိပ်မိခဲ့။ မရိပ်မိခဲ့လောက်အောင်လည်း အလွမ်းက အေးချမ်း တည်ငြိမ်စွာ ရင်ဆိုင်နိုင်စွမ်း သတ္တိတွေ ကောင်းလွန်းခဲ့သည်ပဲ။ ခုချိန်မှာတော့ အလွမ်း စကားတစ်လုံးချင်းစီရဲ့ အဓိပ္ပာယ်တွေကို သူ ပြန်တွေးတော့ သရုပ်ခွဲရင်း ရင်မှာထိခိုက် နာကျင်လွန်းလှသည်။

အလွမ်း ...

အလွမ်းရယ် ... ပြောပြခဲ့ရောပေါ့။ မင်း နေနိုင်လိုက်တာ။ မင်း နေနိုင်လွန်းလိုက်တာ။ ခုတော့ ငါ ရင်နှစ်ခြမ်းကို ဓားထက်ထက်နဲ့ ဖြန်းခနဲ ခွဲချလိုက်သလိုပါပဲ။ ရက်စက်လိုက်တာ အလွမ်းရယ်။

ရိုးရာက ပါးပြင်ပေါ် တိတ်ဆိတ်စွာ စီးလိမ့်ကျလာသော မျက်ရည်တို့ကို ဖြည်းဖြည်းချင်း သုတ်ဖယ်ရပါသည်။ မျက်ရည်တို့ မကျပါနဲ့တော့။ အလွမ်းလေးရှေ့မှာ မျက်ရည်မကျရက်လို့ပါ။ သူ့မျက်ရည်ကို အလွမ်း မမြင်စေရက်လို့ပါ။





မမ ... မင်းထိုက် ... ချမ်းမြေ့နှင့် သူ အားလုံး အခန်းတံခါးရှေ့ ညင်သာစွာ ရပ်မိကြသည်။ ချမ်းမြေ့က သူ့ကို လှည့်ကြည့်၍ ရိုးရာက ခေါင်းညိတ်ပြလိုက်ပါသည်။ လက်ကိုင်ဘု လှည့်တွန်းကာ သူတို့ အခန်းထဲ လှမ်းဝင်ချိန်တွင် ခုတင်ထက်၌ ဈက်လုံးများမှေးမှိတ်လျက် ငြိမ်သက်နေတဲ့ အလွမ်းကို မြင်ရသည်။ အလွမ်း ဦးခေါင်းထက်မှာတော့ သူ့လက်ဆောင် ဦးထုပ်ကလေး နှင့်ရယ်ပင်။

အလွမ်းနံဘေးနား တိတ်ဆိတ်စွာရပ်ရင်း သူ စိတ် ထိန်းနိုင်၍ နဖူးကလေးကို နာကျင်စွာ ဆို့နစ်စွာ တစ်ချက်ငုံ့ မွှေးလိုက်ခဲ့မိပါသည်။ အလွမ်းနဖူးလေးက အေးစက်လို့ ...။

❋ ❖ ❋

- ဟိုး ... ကောင်းကင်ပေါ်က ...
  ကြယ်ကလေးတွေကို ကြည့်လိုက်စမ်းပါ အစ်ကို ...
  အဲဒီကြယ်ကလေးတွေကိုကြည့်ရင်း ...
  တစ်ခုခုကို အစ်ကို မတွေးမိဘူးလား ...
- ဒီဘက်က တည်တည်ငြိမ်ငြိမ် လင်းလက်တောက်ပနေတဲ့ ကြယ်က ...
  အစ်ကို့မျက်နှာ ကြည်ကြည်လင်လင် ပြုံးနေတဲ့အခိုက်နဲ့ တူတယ် ...



www.burmeseclassic.com

www.burmeseclassic.com



- ဟိုးဘက်က မှိတ်တုတ်မှိတ်တုတ်ဖြစ်နေတဲ့ ကြယ်လေးကို မြင်လား ...
  အဲဒီကြယ်လေးက စိတ်ဓာတ်ကျ ဝမ်းနည်းနေတဲ့ အစ်ကိုလေ ...
- ဟော ... ကြည့်စမ်း ...
  မှိတ်တုတ်မှိတ်တုတ် ကြယ်ကလေး ကြွေကျသွားပြီ ...
  ဒီဘက်က တောက်ပနေတဲ့ ကြယ်လေးကတော့ လင်းလက်မြဲ လက်နေလျက်ပဲ ...
- စိတ်မညစ်ပါနဲ့ အစ်ကို ...
  စိတ်ဓာတ်လည်း မကျပါနဲ့နော်
  အစ်ကို မြန်မြန်ကြွေသက်မှာစိုးတယ် ...

......................

❋ ❖ ❋

လမင်းမိုမို

BURMESE CLASSIC .com

www.burmeseclassic.com